www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် ➤ ၅၀၁၁၂၄၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ➤ ၅၀၁၃၈၇၁၁၀၇

❖

ပုံနှိပ်ခြင်း

ပထမအကြိမ် ➤ (၂၀၀၈၊ ဖေဖော်ဝါရီလ)

အုပ်ရေ ➤ (၅၀၀)

❖

မျက်နှာဖုံး ➤ နိုင်ဦး

ကွန်ပျူတာစာစီ ➤ *Quality*

အတွင်းဖလင် ➤ *Quality*

❖

ပုံနှိပ်သူ

နော်ဆဲနေမူး(ချာလီပုံနှိပ်တိုက်)၊ (၀၈၂၇၇)၊

အမှတ် ၁၂၁၊ အလုံလမ်း၊ အလုံမြို့နယ်။

❖

ထုတ်ဝေသူ

ဦးမြင့်ထွန်း(မြဲ) (၀၃၉၀၆)၊

၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

❖

တန်ဖိုး ➤ ၁၅၀၀ - ကျပ်


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စိတ်မှန်းသူ | ၁ |
| ၂။ | သူ့ထိကိုယ့်မိ | ၁၃ |
| ၃။ | ငါးစိမ်းမြင် ငါးကင်ပစ် | ၂၉ |
| ၄။ | ကောင်းကျိုးမပြု ရာဇဝတ်မှု | ၄၄ |
| ၅။ | ချစ်ပန်းပွင့်ချိန် | ၆၀ |
| ၆။ | ကြွက်ခေါင်းဖြူ | ၇၃ |
| ၇။ | ကြောင်နက်ရန်စွယ် | ၈၆ |
| ၈။ | ကြွက်ဖူးစာ | ၁၁၄ |
| ၉။ | ရွှေခြေချင်းဖူးစာ | ၁၂၆ |

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# စီမီနိုးလူ

အောက်တွင်ဖော်ပြအံ့သော "ဖြစ်ရပ်မှန်" ဇာတ်လမ်းကလေးမှာ "အမေရိကန်ပြည်တွင်းစစ်"အတွင်းက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ခုကို ပြန်လည်ရေးသားထားခြင်းဖြစ်သဖြင့် ဇာတ်လမ်း၏ အရသာကို စာဖတ်သူများ အပြည့်အဝ ခံစားနိုင်စေရန် အမေရိကန်ပြည်တွင်းစစ်အကြောင်းကို အနည်းငယ် ရှေးဦးစွာ တင်ပြထားဖို့ လိုအပ်ပေသည်။

၁၈၆၀ ပြည့်နှစ်တွင် "အီဘရာဟင်လင်ကွန်း"သည် သမ္မတအဖြစ် အရွေးခံရ၏။ ၁၈၆၁ ခုနှစ်မတ်လထဲတွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို၍ ရာထူးလက်ခံဆောင်ရွက်လေသည်။ ထိုအချိန်က အမေရိကန်တောင်ပိုင်းတွင် ကျေးကျွန်စနစ်သည် အားကောင်းလျက်ရှိရာ ထိုစနစ်အရ ကပ္ပလီအသားမည်းများကို ကျွန်များအဖြစ် အကြီးအကျယ် ရောင်းဝယ်ဖောက်ကားလျက်ရှိကြလေသည်။

သမ္မတလင်ကွန်းသည် လူနှင့်လူချင်း အရောင်းအဝယ်ပြုသော ဤကျွန်စနစ်ကို မနှစ်သက်ပေ။ ထို့ကြောင့် ၁၈၆၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကျွန်အဖြစ်မှ လွတ်လပ်ခွင့်ပေးသော ကြေညာချက်ကို ထုတ်ပြန်လိုက်လေသည်။ ထိုအခါ ထုံးစံအတိုင်း တောင်ပိုင်းပြည်နယ်များက သမ္မတလင်ကွန်းအား မကျေမနပ်ဖြစ်ကြလေသည်။ ဤအတွင်း တောင်ပိုင်းပြည်နယ်များသည် ပြည်ထောင်စုအတွင်းမှ တသီးတခြား ခွဲထွက်၍ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်ဖြင့် ရပ်တည်ရန်ပြင်ဆင်လျက်ရှိကြကုန်၏။

ရှေးဦးစွာ "တောင်ကရိုလိုးနား"ပြည်နယ်သည် ပြည်ထောင်စုမှ ပထမ ဆုံးခွဲထွက်လေသည်။ ထို့နောက် တောင်ပိုင်းပြည်နယ် (၁၁)နယ်သည်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



အလားတူ ခွဲထွက်တာ သီးခြားအုပ်ချုပ်ရေး ထူထောင်ကြလေသည်။ သို့နှင့် မြောက်ပိုင်းအစိုးရနှင့် တောင်ပိုင်းအစိုးရတို့သည် တစ်ဖက်နှင့်တစ်ဖက် ရန်စောင် လျှက် ရှိနေကြကုန်၏။

ကြောဒ် "ချာလက်စတန်" ဆိပ်ကမ်းရှိ "ဆန်တာခံတပ်" ကို တောင်ပိုင်း အစိုးရစစ်တပ်များက စတင်တိုက်ခိုက်ကြရာမှ "အမေရိကန်ပြည်တွင်းစစ်ကြီး" စတင်ဖြစ်ပွားလေတော့၏။ မြောက်ပိုင်းအစိုးရက တောင်ပိုင်းစစ်တပ်များအား "ကွန်ဖီဒရိတ်" (သူပုန်) ဟု ကင်ပွန်းတပ်၍ တောင်ပိုင်းကလည်း မြောက်ပိုင်း သားတို့အား "ယန်းကီး" ဟုခေါ်လေ့ရှိကြ၏။ မြောက်ပိုင်းစစ်တပ်များ၏ ယူနီဖောင်း မှာ အပြာရောင်ဖြစ်၍ တောင်ပိုင်းစစ်တပ်များ၏ယူနီဖောင်းမှာ မီးခိုးရောင်ဖြစ် လေသည်။

၁၈၆၅ ခုနှစ် နွေရာသီတွင် တောင်ပိုင်းစစ်တပ်များ လက်နက်ချအရှုံး ပေးလိုက်သဖြင့် အမေရိကန်ပြည်တွင်းစစ်ကြီး ပြီးဆုံးလေသည်။ စစ်ပြီးသောအခါ အသားမည်း ၄ သန်းခန့် ကျွန်အဖြစ်မှ လွတ်မြောက်ကြလေသတည်း။ ။

◈ ◈ ◈

ကျွန်မ၏ စားပွဲသောင်ကျပ်နိုးစင်ပေါ်တွင် ရွှေပေါင်းကော်ပီမှုန့် ကြိတ်စက်ကလေး တစ်လုံးရှိ၍ ထိုစက်ကလေးကို ဗာဂျီးနီးယားပြည်နယ်ရှိ အိမ် အိုကြီးတစ်လုံးအတွင်းမှ ရရှိခဲ့၏။ ၎င်း၏ အောက်ခြေခံခုက်အတွင်း၌ကား မှုန်မွှား သောလက်ရေးဖြင့် ရေးသားထားသည့် စာတစ်စောင်ရှိလေသည်။

ရေးထားသောသမင်မှာ ဘယ်ရီသီးကို ဖျော်စပ်သည့်မင်ဖြစ်သည့်ပြင် စာ ရွက်မှာလည်း ကြေမွနေလေပြီ။ ဤသို့ကြေမွရသည့်အကြောင်းမှာ ထိုစာကို လူတစ်ယောက်၏ အကျီကြယ်သီးတစ်လုံးအတွင်းတွင် ဝင်အောင်ထည့်၍ ယူလာ ရသဖြင့် အထပ်ထပ်ခေါက်ထားရသောကြောင့် ဖြစ်၏။ သို့သော် စာတ်နိုင်သ လောက် ဖတ်၍ရသလောက်ဆိုသော် စာရွက်တွင် ပါရှိသည့် ရက်စွဲမှာ ၁၈၆၄- ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်ဖြစ်၍ အောက်ပါစာနှစ်ကြောင်းကို အနည်း ငယ်ဖတ်၍ ရသေး၏။

"မောင့်အချစ် ဗက်တီ့ . . . ယန်းကီးကောင်တွေ မသိအောင် အလျှော့ ဝှက်၍ ဤစာကို ပေးပို့လိုက်ပါတယ်"

စာမှာ သုံ့ပန်းစခန်းတစ်ခုတွင် ဖမ်းဆီးခြင်းခံနေရသော 'ကွန်ဖီဒရိတ်' ခေါ် သူပုန်ဘက်အရာရှိကလေးတစ်ဦးထံမှ ဗာဂျီးနီးယားနယ်တွင် ကျန်ရစ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



၎င်း၏ ဇနီးထံသို့ ရေးလိုက်သောစာဖြစ်၏။ ထိုစာကို ခံဝန်ချက်ဖြင့် လွတ်လာသော စစ်သားတစ်ယောက်က ခေါက်ဂျုံကြယ်သီးတစ်လုံးအတွင်း ဝှက်၍ လျှို့ဝှက်စွာ ယူဆောင်လာခဲ့ပြီးနောက် ဒေရာရှီကလေး၏ ဇနီးဖြစ်သူ အသက် ၂၀ ရွယ် မိန်းမချောကလေးတစ်ဦး လက်သို့ပေးအပ်ခဲ့ခြင်းဖြစ်လေသည်။

မိန်းကလေး၏ အမည်မှာ "ဗက်တီဗန်မီတာ" ဖြစ်၍ ကမ္ဘာ့လီ အသိုးကြီး လင်မယားကိုသာ အဖော်ပြုနေထိုင်ခဲ့ရရှာ၏။ ထိုမိန်းကလေးသည်ကား နောက်နှစ်လများအကြာတွင် အမေရိကန်ပြည်ထောင်စု စစ်သမိုင်းတွင် ထင်ရှားသော ဇာတ်ကောင်တစ်ကောင် ဖြစ်လာမည့်သူပေတည်း။ မိန်းကလေးမှာ (ယခုစာရေးသူ)၏ ချစ်လှစွာသောအဒေါ်ဖြစ်၍ သူသည် အသက် ၈၀ ကျော်အထိ နေသွားခဲ့လေသည်။

"အဒေါ်ဗက်တီအိမ်သို့ နေ့တိုင်းသွား၍လည်းတိုင်း ၎င်း၏ ငယ်စဉ်က အဖြစ်အပျက်ဇာတ်လမ်းကလေးကို တင်ပြရန် ကျွန်ုပ်က နားပူနားဆာ လုပ်ခဲ့၏။ ထိုအခါတွင် အဒေါ်ဗက်တီက "ယန်းကီးတွေကို ငါမမုန်းပါဘူးကွယ်၊ အမုန်းဆုံးက စစ်ပဲ" ဟု အစချီပြီးလျှင် ပြောပြလေသည်။

ဂျင်းနစ်ကေဆာ လက်စတာ
(အတ္တုပ္ပတ္တိတင်ပြသူ)

◆ ◆ ◆

သူ့တွင် စစ်ကိုမုန်းတီးရသည့် အကြောင်းရှိ၏။ ဂက်တီးစဘတ်တွင် သူ၏ မောင်တစ်ယောက် ကျဆုံးခဲ့၍ အခြားတစ်ယောက်မှာ အဖမ်းခံခဲ့ရ၏။ ထို့နောက် သူ၏ယောက်ျားဖြစ်သူ "ဂျိမ်း" မှာလည်း အဖမ်းခံခဲ့ရပြန်လေသည်။ လင်ဖြစ်သူထံမှ လျှို့ဝှက်ပေးပို့လိုက်သောစာမှာ ၎င်းမှာ နာမကျန်းဖြစ်နေကြောင်း၊ ကြမ်းတမ်းစွာ နှိပ်စက်ခြင်းခံရသည့်အကြောင်းနှင့် အစားအစာမှာလည်း ဝေတံစ လှည့် ပြတ်တစ်ခါ ဖြစ်နေရသည့်အကြောင်းများကို သိရှိရလေသည်။ ထို့ပြင် သူသည်မည်သည့်အရပ်၌ ရှိနေသည်ကိုလည်း မသိရပေ။ အထက်က ဖော်ပြခဲ့သော စာရွက်ကလေး၌မူ ထိုအကြောင်းများကို ဖတ်၍မရတော့ချေ။

အထက်ပါအမျိုးသမီးကလေး၏ အိမ်ရှိရာ သာယာသော "ရှိုနန်ဒိုး" မြစ်ဝှမ်းလွင်ပြင်၌ကား တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်တိုက်ပွဲများ ၃ နှစ်ကြာ မျှဖြစ်ပွားပြီးနောက် လှသူဆိတ်သုဉ်းသည့် လယ်တောနှင့် လုယက်ဖျက်ဆီးထားသည့် မြေယာအိုးအိမ်တို့သာ ကျီးနှင့်ဖုတ်ဖုတ်ဖြစ်၍ ကျန်ရစ်ခဲ့တော့၏။ မိုးရောင်



www.burmeseclassic.com

www.burmeseclassic.com



ယူနီဖောင်းဝစ်တပ်နှင့် အပြာရောင်ယူနီဖောင်းဝတ် စစ်တပ်တို့သည် ထိုအချိန်ထိ ကြောက်ခမန်းလိလိ တိုက်ခိုက်လျက်ရှိကြရာ ခြေဦးတည့်ရာ ထွက်ပြေးလှည့်လည်နေကြသော တပ်ပြေးအုပ်စုများနှင့် ပြောက်ကျားများကလည်း ခံဝင်းရဲသားများအား လုယက်သတ်ဖြတ်လျက်ရှိကြ၏။ ဖက်တီမှာ ထိုအချိန်က အထည်ချုပ်လုပ်ငန်းနှင့်သူနာပြုတပ်တွင် နေ့စဉ်နှင့်အမျှ မအားမလပ်အောင် တာဝန်ထမ်းဆောင်လျက် ရှိခဲ့လေသည်။ သူနှင့်အတူနေသော ကပ္ပလီအဘိုးကြီးလင်မယားအမည်မှာ ဦးလေး "ခစ်ရန်နား" နှင့် ၎င်း၏ ဇနီး "ဂျင်နီ"တို့ဖြစ်၍ တစ်ဖက်သားအပေါ်ကြင်နာသနားတတ်သူများ ဖြစ်၏။ ကူညီဖေါ်မတတ်၏။

မှလောင်းအိုက်စပ်သော ဂက်တင်ဘာလကုန်ခါနီး နေ့တစ်နေ့တွင် "ဖက်ဒရယ်" ခေါ်တပ်တစ်တပ်သည် ဖက်တီဒိဒ်မှ မိုင်ဝက်အကွာရှိ တဲတစ်လုံးအနီးတွင် စခန်းချလာ၏။ ထိုအချိန် သူနာတင်မြင်းလှည်းတစ်စီးအတွင်းမှ လူနာတစ်ယောက်အား သွေးစွန်းသော ထမ်းစင်တစ်ချပြင့် ချီမကာ မြေပေါ်သို့ ချထားလိုက်၏။ လွန်ခဲ့သော ၃ ရက်ခန့်က ဖြစ်ပွားသော ကြောက်မက်ဖွယ်တိုက်ပွဲတစ်ခုတွင် သူ့ပုန်ဘက်မှ ပစ်လွှတ်လိုက်သော အမြောက်ဆန်တစ်ခုသည် အသက် ၃၀ အရွယ်ခန့်ရှိ စစ်ဗိုလ်ကလေး "ဟင်နရီဗီဒယ်" အနီးတွင် ကပ်၍ ကျရောက်ပေါက်ကွဲခဲ့၏။ စစ်ဗိုလ်ကလေးမှာ အမှတ် ၁၁ "မာမွန်" အမျော်ထမ်းတပ်လက်အောက်ရှိ တပ်ခွဲ(ဃ)မှ စစ်ဗိုလ်တစ်ဦးဖြစ်၏။ အမြောက်ဆန်အစိတ်အပိုင်းတစ်ခုသည် ၎င်း၏ ညာဘက်လက်အတွင်းသို့ ဖောက်ဝင်၍ ကြေမွသွား၏။ အခြားအပိုင်းအစတစ်ခုမှာ ၎င်း၏ လက်ဝဲခြေထောက်ကို ပြင်းထန်စွာ ထိမှန်သဖြင့် ပေါင်ရင်းမှနေ၍ ဖြတ်တောက်ပစ်လိုက်ရလေသည်။

ဒဏ်ရာရသူအားလုံးအား "ဟာပါး" ကူးတို့ဆိပ်သို့ ယူဆောင်သွားမည်ဖြစ်သောအခါ ဗီဒယ်မှာ ဝေဒနာခံစားရင်း မိုင် ၂၀ ခရီးကို လိုက်ပါနိုင်လိမ့်မည် မဟုတ်ကြောင်းဖြင့် ဆရာဝန်များက သိရှိနားလည်ထားကြ၏။ သို့နှင့် သူ့အား မလိုအပ်ဘဲ ဒုက္ခခံစားရခြင်းမှ သက်သာလွတ်ကင်းစေခြင်းငှာ လယ်တဲတစ်ခု၌ အစောင့်စစ်သားတစ်ဦးနှင့်အတူ ထားရစ်ခဲ့ရန် ဆုံးဖြတ်လိုက်ကြ၏။ ထိုအချိန်က လယ်တဲပိုင်ရှင်များမှာ ၎င်းတို့၏တဲများကို စွန့်ခွာထွက်ပြေးသွားကြပြီဖြစ်၍ ယခုတက်ရောက်နေထိုင်လျက်ရှိသူမှာ အကျင့်မကောင်းသော မိန်းမပျက်တစ်ယောက်ဖြစ်ရာ ထိုမိန်းမသည် တစ်စုံတစ်ရာဝေဖန်တောကြောခြင်း မပြုဘဲ ငွေကိုလက်ခံပြီးလျှင် စစ်ဗိုလ်လူနာအား သူ၏တဲတွင် နိုလှုံခွင့်ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗားမွန့်နယ်သားဖြစ်သူ လူနာစစ်ဗိုလ်ကလေးသည် ကြံ့ခိုင်သန်မာ၍ ရဲရွမ်းသတ္တိနှင့် ပြည့်စုံသူလည်းဖြစ်၏။ သူသည် ဆရာဝန်များထွက်ခွာမသွားမီ ဗားမွန့်နယ် ဝက်စဗီးမြို့ရှိ သူ၏ဇနီးထံသို့ နောက်ဆုံးစာတစ်စောင်ကို ၎င်းတို့အား ရေးသားစေပြီးလျှင် သူ၏အနီး၌လည်း၊ စက်သေနတ်တစ်လက် ထားခဲ့ရန် တောင်းပန်ပြောဆိုလေသည်။ သူ၏ ရည်ရွယ်ချက်မှာ အကယ်၍ ရန်သူတပ်များ မတော်တဆ ရောက်ရှိလာက ထိုအချိန်တွင် မိမိကိုယ်တိုင် အသက်ရှင်လျက် သတိရှိနေခဲ့ပါမူ ထိုစက်သေနတ်ဖြင့် ခုခံပစ်ခတ်ရန်ဖြစ်၏။ သို့နှင့်သူ့အား တဲခေါင်မိုးနှင့် ကပ်လျက်ရှိသော အထပ်ခိုးကလေးပေါ် ဝှက်ထားခဲ့ကြလေသည်။ ထို့နောက် သူနာပြုတပ် လှည်းတန်းရှည်ကြီးသည် ရှေ့သို့ဆက်လက်ထွက်ခွာသွားတော့၏။

အစောင့်စစ်သားနှင့် မိန်းမကြီးတို့သည် နှစ်ရက်တိုင်တိုင် အရက်သေစာများ သောက်စားကာ ပျော်ရွှင်မြူးထူးနေကြ၏။ လူနာစစ်ဗိုလ်သည် ဝေဒနာခံစားလျက် မည်းမှုဲ ညည်းညူနေသော်လည်း ၎င်းတို့သည် သူ့အနီးသို့ မကပ်ကြချေ။ တတိယနေ့၌ကား သူတို့သည် လူနာစစ်ဗိုလ် သေမည့်အချိန်ကို ဆက်လက် သည်းခံစောင့်စားမနေနိုင်တော့ဘဲ စွန့်ခွာထွက်သွားကြလေတော့၏။ သို့သော် ကပ္ပလီကြီး "ဒစ်ရမ်နား"သည် ဒဏ်ရာရထားသော စစ်ဗိုလ်တစ်ဦးအား လယ်တဲအတွင်းသို့ သွင်းသွားစဉ်က တွေ့မြင်လိုက်ရသဖြင့် ယခုကဲ့သို့ အစောင့်စစ်သားနှင့်မိန်းမကြီးတို့ စွန့်ခွာသွားကြလေသောအခါ ဗက်တီထံပြေး၍ အကူအညီတောင်းလေသည်။

ဗက်တီသည် ဦးလေးညွှန်ပြသည့်အတိုင်း သွားရောက်ကြည့်ရှုသောအခါ သွေးအလိမ်းလိမ်းပေကျံလျက် ပတ်တီးများစည်းထားသည့် ယူနီဖောင်းအပြာဝတ်စစ်ဗိုလ်ကိုတွေ့ရသည်။ ၎င်းမှာ မုတ်ဆိတ်မွေး ဗရပျစ်နှင့် အလွန်ပိန်ချုံးချည်နွဲ့နေပြီးလျှင် ဝေဒနာကို ပြင်းစွာ ခံစားလျက်ရှိနေ၏။

သူငယ်စဉ်က ဖြစ်ပျက်ခဲ့သည့် ယင်းအဖြစ်အပျက်များကို ပြောပြစဉ် ဤနေရာသို့ရောက်သောအခါ အန်တီ"ဗက်တီ"သည် နှာခေါင်းရှုံ့လျက် "အဲဒီတုန်းက အန်တီ့မှာ ထမင်းလုံးတစ္ဆေ အချောက်ခံရသလိုပါပဲ။ သွေးစွန်းတဲ့ပတ်တီးတွေ၊ အနံ့ဆိုးကြီးတွေ၊ အို စစ်ဆိုတာဒါပဲပေါ့ တူမရယ်၊ ချောမွတ်တာနဲ့ အလှတလူလူလွင့်တာစစ်မဟုတ်ဘူး။ စစ်ဆိုတာ နာကြည်းဖွယ်၊ စက်ဆုပ်ဖွယ်၊ ညည်းအနီးသေဆုံးကြရခြင်းပဲကွယ်" ဟု ရှုံ့ရှာမုန်းတီးသည့် ဟန်ဖြင့်ပြောလေ့ရှိ၏။

ဗက်တီ၏အမြင်တွင် ထိုလူနာသည် ရန်သူမဟုတ်ပါချေ။ သူသည်

www.burmeseclassic.com



ဝေဒနာခံစားနေရသော လူသားတစ်ဦးမျှသာဖြစ်သည်ဟု ယူဆ၏။ ထို့ကြောင့် သူသည် လူနာအားရေတိုက်၏။ အနာများကိုလည်း ဆေးကြောသန့်စင်ပေး၏။ ဤသို့ ပြုလုပ်ပေးပြီးသောအခါ လေကောင်းလေသန့် ရစေရန် အပြင်သို့ ထွက်ခဲ့ပြီးနောက် အိမ်နံရံကို ခေတ္တမျှမှီ၍နေလိုက်ရသော် မိမိကိုယ်ပိုင်များနာသလို ဝင်ဖြစ်လာသဖြင့် အတော်အားတင်း၍ ထားလိုက်ရလေသည်။

ပြည်ထောင်စုတပ်မှ စစ်ဗိုလ်တစ်ဦးရောက်ရှိနေကြောင်း "ကွန်မီဒရိတ်" အာဏာပိုင်များထံ သတင်းပို့ရမည်ကို ဇက်တီကိုယ်တိုင် ကောင်းစွာသိပြီးဖြစ်၏။ သို့သော် ဤကဲ့သို့ မပြုလုပ်သင့်သည်ကိုလည်း ကောင်းစွာ နားလည်ပေသည်။

"သူ့မှာ မိန်းမတော့ ရှိမှာပဲလို့ ငါတွေးကြည့်မိတယ်။ သူ့မိန်းမဟာ ဒို့လိုပဲ သူ့ခင်ပွန်းဘယ်ရောက်နေတယ်ဆိုတာ သိရှာမှာမဟုတ်ဘူး။ သူ့မိန်းမဟာ ဒို့လိုပဲ သူ့ခင်ပွန်းကို စောင့်မျှော်နေရှာလိမ့်မယ်လို့ ကိုယ်ချင်းစာမိတယ်တူမရယ်။ ငါ့အဖို့ အရေးအကြီးဆုံးကတော့ သူ့ခင်ပွန်းကို သူ့ဆီအရောက်ပို့ပေးဖို့ပဲကွယ်" ဟု အန်တီဇက်တီသည် ထိုအချိန်က သူ၏ စိတ်တွင် ခံစားရပုံများကို ပြောပြ၏။

သို့နှင့်သူသည် ဒဏ်ရာရထားသူ ဟင်နရီဗီဒယ်၏ ချုပ်ငြိမ်းတော့မည့် အသက်ငွေ့ငွေ့ကလေးကို ပြန်လည်ရှင်သန်လာစေရန် မိမိတတ်စွမ်းသမျှ စိတ်ရှည်လက်ရှည်ဖြင့် ပါးနပ်လိမ္မာစွာ ဆောင်ရွက်ပြုစုလေတော့၏။ ဇက်တီသည် တစ်နေ့လျှင် သုံးကြိမ်မျှ အထပ်ခိုးပေါ်သို့ တက်ပြီးလျှင် မိမိရှာဖွေ ရတတ်သမျှ အစားအစာကလေးများကို ပို့၍ပေး၏။ ဆေးဝါးဟူ၍ကား လုံးဝမရှိချေ။ ကွန်မီဒရိတ်ဆေးရုံမှလည်း ယူလိုစိတ်မရှိပေ။ သို့သော် မိမိအိမ်နေဖြင့် ဤအခြေအနေသို့ရောက်ပြီးမှ နောက်သို့ပြန်ဆုတ်ရန်လည်း မဖြစ်နိုင်တော့ပေ။ စစ်ဗိုလ်ကလေး ဗီဒယ်ကမူ "ကျွန်တော်ဘယ်ဘက်လက်နဲ့ သေနတ်ပစ်လို့ရသေးတယ် ခင်ဗျ။ ဒါကြောင့် အသက်ရှင်လျက်နဲ့တော့ ဘယ်တော့မှ အဖမ်းမခံဘူး" ဟု စိတ်အားမလျှော့ဘဲ ပြောပြဖူးလေသည်။

အားအင်ပြည့်တင်းလာသောအခါ "ဝက်စဗီး"မြို့တွင် ကျန်ရစ်ခဲ့သည့် သူ၏ ဇနီးနှင့်သားသမီးများအကြောင်းကို စစ်ဗိုလ်ကလေး ဗီဒယ်က ပြောပြလေရာ ဇက်တီကလည်း သူ့မောင်နှစ်ယောက်နှင့် လင်ဖြစ်သူ "ဂျိမ်း" တို့အကြောင်းကိုပြန်ပြောင်းပြောပြမိလေသည်။

ဤနေရာတွင် အန်တီဇက်တီက "ငါက ငါ့ယောက်ျားဂျိမ်းကို သတိတ ပြီး သူ့အတွက် မသေမပျောက်အောင် ဆုမှန်တောင်းနေသလို သူ့ဇနီးကလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် နေ့စဉ်ဆုတောင်းနေမှာပဲ"လို့ အန်တီက ပြောပြလေသည်။

ဤတောင်ကြား မြေပြန့်ဒေသတွင် အောက်တိုဘာလညဉ့်များသည် တဖြည်းဖြည်း အအေးပိုရှိလာတော့၏။ စစ်ဗိုလ်ကလေး၏ အနာများမှာနာနိုးဝင်လာမည်ကို စိုးရိမ်ရ၏။ အပူပေးရန် မီးဖိုမရှိသော ဤတဲငယ်အတွင်း၌ လူနာမှာ အအေးမိ၍ အဆုတ်ရောင်အအေးမိခြင်း ရောဂါဝင်၍လာတတ်၏။ သို့နှင့် ဖက်တီသည်လူနာအား မိမိအိမ်သို့ပြောင်းရွှေ့ရန် ဆုံးဖြတ်လိုက်လေသည်။

ထိုနေ့ညတွင် ဖက်တီသည် "ခစ်"နှင့် ဖနီးတို့၏ အကူအညီဖြင့် လူနာအား တိတ်တဆိတ်ထုတ်ယူသယ်ဆောင်ကာ သူ၏အိမ်အထပ်ခိုးပေါ်ရှိ ခုတင်ပေါ်တွင် အသာအယာသိပ်၍ ထားလိုက်လေသည်။ အထပ်ခိုးကလေးမှာ ပူနွေးသော မီးဖိုပေါ်တွင်ရှိ၏။ သို့သော် အားမရှိသော လူနာမှာ လှုပ်ရှားလွန်ခြင်း အကာအကွယ်ကင်းမဲ့သည့် နေရာတွင် ကြာမြင့်စွာ နေခဲ့ရခြင်းတို့ကြောင့် နံနက်မကူးမီပင် အပြင်းဖျားလေတော့၏။ နေ့လယ်ဘက်တွင် သွေးလေချောက်ချားကာ ကယောင်ကတမ်း ဖြစ်လာ၏။ ညဉ့်အချိန်သို့ ရောက်သောအခါ ဖက်တီမှာ မနေသာတော့ချေ။ တစ်ယောက်ယောက်ထံမှ အကူအညီတောင်းမှဖြစ်တော့မည်။ သို့မဟုတ်က လူနာမှာကြာရှည်ခံတော့မည် မဟုတ်ပေ။ ထို့ကြောင့် မိမိ၏ မိသားစုဆရာဝန်လည်းဖြစ်၊ မိတ်ဆွေဟောင်းတစ်ယောက်လည်း ဖြစ်သူ "ဒေါက်တာဂရာဟမ်"ဆိုသူထံသို့ စာတစ်စောင်ရေး၍ အကြောင်းကြားလိုက်လေသည်။

ဒေါက်တာဂရာဟမ်မှာလည်း လူတို့ကျင့်ဝတ်ကို ခံယူသိရှိပြီး ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည့်အတိုင်း အချိန်ဖြုန်း၍ မနေဘဲ ချက်ချင်းပင် လိုက်လာခဲ့လေသည်။ သူသည် ဒီဇယ်အား သေချာစွာ စမ်းသပ်စစ်ဆေးကြည့်ရှုပြီးနောက် ဦးခေါင်းကို ညင်သာစွာ ခါယမ်းလိုက်၏။ စနစ်တကျ ဆေးဝါးကုသခြင်း မခံရသော လူနာမှာ မျှော်လင့်ချက်အနည်းငယ်သာ ရှိတော့၏။ ကွန်ဖီဒရိတ် အုပ်ချုပ်ရေးနယ်အတွင်း၌ကား ဤကဲ့သို့ စနစ်တကျ ဆေးဝါးကုသမှုမျိုးကို ထိုအချိန်အခါမျိုးတွင် ရနိုင်မည် မဟုတ်ပေ။

ဆရာဝန်ရောက်လာသောအခါ ဖက်တီက "ကောင်းပါပြီဆရာ၊ ဒါပေမဲ့ ဘာပါးကျူးတို့ဆိပ်မှာရှိတဲ့ ယန်းကီးတွေဆီကို ကျွန်မသွားပြီး လိုအပ်တဲ့ဆေးတွေ တောင်းယူပေးပါမယ်"ဟု ပြောလိုက်၏။

ဆရာဝန်ကမူ အမျိုးသမီးမှာ စိတ်မှန်ပါလေစဟု သံသယဖြစ်မိ၏။ ယူနီယံစစ်ဌာနချုပ်မှာ ဤနေရာမှ ၁၀ မိုင်နီးပါးမျှကွာဝေးရာ အကယ်၍ သွား



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည့်တိုင် ယန်းကီးများသည် ၎င်း၏စကားကို ယုံကြည်မည်မဟုတ်ပေ။

"အင်း–ဒီလိုဆိုရင် သက်သေခံပစ္စည်းတစ်ခုခု ယူသွားဦးမှပဲ"

ဤသို့စဉ်းစားပြီးနောက် ဗိုဒယ်၏အခန်းထဲမှ စစ်ရုံးတံဆိပ်ခတ်နှိပ်ထားသော သွေးစွန်းသော စာရွက်တစ်ရွက်ကို ယူလိုက်ပြီးနောက် "ဒီဟာက သူ့ကို နောက်ဆုံးရောထူးတိုးမြှင့်ပေးတဲ့ မှတ်တမ်းစာရွက်ပဲ။ ဒီဟာကိုပြရင် သူတို့ယုံကြည်ပါလိမ့်မယ်" ဟု တစ်ကိုယ်တည်းပြောသကဲ့သို့ ပြောလိုက်ပြီးလျှင် စာရွက်ကို ယူခဲ့လေသည်။ လူနာအတွက်လိုအပ်သော ဆေးဝါးအမျိုးအမည်များကို ဒေါက်တာ ဂရာဟမ်အား ရေးသားပေးပြီးလျှင် ဗက်တီသည် နောက်တစ်နေ့နံနက် ခပ်စောစောအချိန်၌ မြင်းလှည်းကလေးတစ်စီးဖြင့် စတင်ခရီးထွက်ခဲ့လေတော့၏။

မြင်းများကို အနားပေးရန် အချိန်အနည်းငယ် ရပ်တန့်သည်မှ တစ်ပါး ဗက်တီသည် မြင်းလှည်းကို ၅ နာရီကြာမျှ ခပ်သုတ်သုတ်မောင်းနှင်လာခဲ့၏။ တစ်နေရာတွင် လမ်းဘေးရှိမြောင်းထဲတွင် အဝတ်အစားစုတ်ပြတ်နေသည့် လူတစ်ယောက်ရုတ်တရက်ထွက်ပေါ်လာပြီးလျှင် မြင်းဇက်ကြိုးကို ဆွဲရန်ကြိုးစားလေရာ ဗက်တီသည် ထိုသူမျက်နှာကို ကြာပွတ်နှင့် တအားရိုက်ချလိုက်၏။ သို့နှင့် သူစီးလာသောမြင်းသည် အလန့်တကြားဖြစ်ကာ နောက်သို့ရုန်းကန်ပြေးသဖြင့် လူဆိုးလည်း မြင်းလှည်းကို မီအောင်မလိုက်နိုင်တော့ဘဲ ကျန်ရစ်ခဲ့လေသည်။

ဤသို့ဖြင့် ခရီးပြင်းမောင်းနှင်လာရာ နေဝင်ချိန်လောက်တွင်မှ "ဗက်ခရယ်" တပ်မှူး၏ ရှေ့သို့ရောက်သွားတော့၏။ ထိုအချိန်တွင် ဗက်တီသည် အားအင်ကုန်ခန်းလျက် ဗိုလ်မှူးရှေ့တွင် တုန်တုန်ယင်ယင် ရပ်လျက်ရှိလေသည်။

ဗိုလ်ချုပ်ကြီး ဝှန်ဒီစတီဗင်ဆင်သည် ဗက်တီ၏ စကားများကို မယုံသင်္ကာဟန်ဖြင့် နားထောင်လျက်ရှိရာမှ "ဒီမယ် မိန်းကလေး၊ ဗိုဒယ်ကို အစောင့်နိုင်းထားပစ်ခဲ့တဲ့ တပ်သားကလေးက ဗိုဒယ်ဆုံးသွားပြီးလို့ သတင်းပို့ပြီးပြီ"ဟု မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်၏။ "သူမသေသေးပါဘူးရှင်၊ အသက်ရှက်လျက် ရှိနေပါသေးတယ်။ ဒါပေမဲ့ ဒီစာရင်းမှာပါတဲ့ ဆေးတွေ မရရင်တော့ သူကြာကြာနေရမယ် မဟုတ်တော့ပါဘူး"

ပထမ၌ ဗိုလ်ချုပ်ကြီးသည် ချိတုံချတုံဖြစ်နေသေးသည် "အင်း–ခင်ဗျား ပြောတာ ဟုတ်မဟုတ်သိရအောင် တိုက်ကင်းတွေဘာတွေလွှတ်ပြီး စုံစမ်းရင်လည်း၊ နောက်ထပ်လူ့အသက်တွေ အလဟဿဖြုန်းရာ ရောက်တော့မှာပဲ။ ပော့–ဒီမှာ၊ မစ္စဗက်တီကို သူလိုချင်တဲ့ ဆေးဝါးတွေရအောင် ကြည့်ပံ့ပိုးပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ခင်းပါကွယ်” ဟု သူ၏ ကိုယ်ရံတော်စစ်ဗိုလ်တစ်ဦးအား အမိန့်ပေးလိုက်လေသည်။

ဗိုလ်ချုပ်ကြီးက ဤသို့အမိန့်ပေးလိုက်သည့်တွင် ဗက်တီသည် အလွန်ကျေးဇူးတင်ကြောင်း ပြန်ပြောသော်လည်း ဗိုလ်ချုပ်ကမူ သူ၏ ကျေးဇူးတင်စကားများကို လက်ခံလိုဟန် မတူချေ။

“ခင်ဗျားဟာ လိမ်ပဲပြောပြော အမှန်အတိုင်းပဲပြောပြော တကယ့်သတ္တိခဲအမျိုးသမီးတစ်ယောက်ပဲဗျို့၊ ကဲ ကဲ သွားပေတော့”

ဤသို့ဖြင့် ဒေါက်တာဂရာဟမ်သည် ဗက်တီယူဆောင်လာသော ဆေးဝါးများဖြင့် ဗီဒယ်အားပြုစုကုသကာ အကျဉ်းအတည်းမှ လွန်မြောက်စေခဲ့လေသည်။ နောက်(၁၀)ရက်ခန့်အကြာတွင် ဗီဒယ်သည် ဦးလေး“ဒစ်”ပြုလုပ်ပေးသော ချိုင်းထောက်ကြီးကို အားပြုကာ ခုန်ဆွခုန်ဆွ လမ်းလျှောက်နိုင်လေပြီ။

ထိုအခါတွင်မှ ဗက်တီအိမ်တွင် ယူနီဖောင်းအပြာဝတ် လူစိမ်းတစ်ဦးရောက်ရှိနေကြောင်း ကောလာဟလသတင်းများသည် ပြန့်ပွားလာတော့၏။ ထိုသတင်းသည် ဒေါက်တာဂရာဟမ်ထံသို့ ရောက်သွားရာ နောက်တစ်ကြိမ်အလာ၌ သူသည် ခရီးရောက်မဆိုက်ပင် ဗက်တီအား အောက်ပါစကားများကို တုံးတိတိပြောလိုက်လေသည်။

“အင်း–ဗက်တီ၊ ခင်ဗျားတော့ ကောင်းကောင်းကြီး ဒုက္ခရောက်တော့မယ်”

“ဟုတ်ပါတယ်ခင်ဗျား၊ ကျွန်တော့်အတွက် ခင်ဗျား ဒုက္ခရောက်ပါလိမ့်မယ်။ ခင်ဗျားတို့ကို ကျွန်တော်ရှေ့ဆက်ပြီး ဒုက္ခပေးမနေချင်တော့ပါဘူး။ အခု ကျွန်တော်ခရီးသွားနိုင်လောက်အောင် ကျန်းမာလာပါပြီ။ ပြီးတော့ ကျွန်တော့်မှာ အကြံတစ်ခုလည်း ရှိပါတယ်”

သို့နှင့် စစ်ဗိုလ်ကလေး ဗီဒယ်က သူ၏အကြံကို အောက်ပါအတိုင်း ပြောပြလေသည်။

ထိုအချိန်၌ ၎င်းတို့နှင့် အိမ်နီးချင်းဖြစ်သူ လယ်သမားကြီး မစ္စတာ‘ဆမ်း’ဆိုသူမှာ ၎င်းပိုင်လားအချို့ကို ယူနီယံ(ပြည်ထောင်စု)တပ်သားများက ခိုးယူသွား ခြင်းခံရကြောင်း။ ဤသို့ဖြင့် အဘိုးကြီး‘ဆမ်း’မှာ ပျောက်ဆုံးသွားသော လားများအတွက် နမြောတသ ပူဆွေးလျက်ရှိနေကြောင်း။ သို့တွင် သူ့တွင် လှည်းတစ်စီးနှင့် လားတစ်ကောင်ကျန်ရစ်ခဲ့သေးကြောင်း။ အကယ်၍ လယ်သမားကြီးဆမ်း



www.burmeseclassic.com

www.burmeseclassic.com



သည်သူ့အလုပ်ဖြင့် မိမိအား ဟားပါးကျူးတို့ဆီဝိ၌ ယူနီယံစစ်ဌာနချုပ်သို့ ပို့ဆောင်ပေးပါက ပျောက်ဆုံးသွားသော လားများကို ခြေကျိုးနေသော ယန်ကီးအရာရှိတစ်ဦးဖြစ်သူ မိမိနှင့် လဲယူနိုင်ကြောင်း၊ ဤသို့လျှင် လယ်သမားအဘိုးကြီးမှာ ပျောက်ဆုံးသွားသော လားများကို ပြန်ရမည်ဖြစ်ပြီး မိမိမှာလည်း ယူနီယံစစ်ဌာနချုပ်သို့ရောက်ရှိသွားမည်ဖြစ်၍ နှစ်ဦးနှစ်ဖက် အကျိုးရှိပြီးလျှင် အဆင်ပြေနိုင်ကြောင်း၊ အဘိုးကြီးမှာ ကောင်းစွာစိတ်မပါလှသော်လည်း ယခုအခါ သဘောတူညီမှု ရရှိပြီဖြစ်ကြောင်းဖြင့် ထုတ်ဖော်ပြောပြလေသည်။

ထို့နောက် ဗက်တီအား နောက်ဆုံးအကြံတစ်ခုကို ပြောပြရာ ထိုအကြံမှာ ပျောက်ဆုံးနေသော ဗက်တီယောက်ျားကို ရှာဖွေရန် မိမိနှင့်အတူ ဗက်တီကိုယ်တိုင် လိုက်ပါစေလိုခြင်းပင်ဖြစ်၏။

"ဒီမယ် ဗက်တီ၊ စစ်က ပြီးသလောက်နီးနီးဖြစ်နေပြီဆိုတော့ ကျွန်တော်ဟာ ခင်ဗျားယောက်ျားကို မတွေ့တွေ့အောင်ရှာပေးပါမယ်။ ဒါကြောင့် ခင်ဗျားပါတစ်ခါတည်း ကျွန်တော်နဲ့လိုက်ခဲ့ပါ"

ဗက်တီမှာ ရုတ်တရက်ဝေခွဲမရနိုင်ဘဲ အတန်ကြာစဉ်းစားလျက်နေပြီးမှ နောက်ဆုံးသဘောတူလိုက်လေသည်။

ကပ္ပလီကြီး ဦးလေးဒစ်သည် လှည်းတွင် မြင်းနှစ်ကောင်တပ်ဆင်နိုင်ရန် စီမံပြုလုပ်လေသည်။ လယ်သမားကြီးဆမ်း၏ လားတစ်ကောင်နှင့် ဗက်တီပိုင်သော မြင်းမကလေးကို နှစ်ကောင်တွဲ၍ လှည်းတွင် တပ်ဆင်လိုက်၏။ စစ်ဗိုလ်ကလေးဗီဒယ်မှာ ထင်းရှူးသေတ္တာကြီးအတွင်းသို့ဝင်ကာ အပေါ်မှကောက်ရိုးများဖုံး၍ လိုက်ပါလာရာ သူနှင့်အတူ သူ၏ချိုင်းထောက်ကြီးနှင့် သေနတ်လည်း ပါလာလေသည်။

လမ်းခရီးမှာ အလွန်ပင်ကြမ်းတမ်းသဖြင့် ဖင့်နွှေးကန့်လန့်၏။ မြင်းလှည်းလေးသည် ခလုတ်ကန်သင်းများကို ကျော်ဖြတ်ကာ ခရီးပြင်းနှင်ခဲ့ရာ ယူနီယံရှေ့တန်းစစ်ကြောင်းရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်လာမိလေပြီ။ သို့သော်ထိုနေရာသို့ မရောက်မီ တစ်နာရီခန့်အလိုတွင် မြင်းကိုယ်စီစီးနှင်းလာသော လူနှစ်ယောက်ပေါ်ပေါက်လာပြီးနောက် တစ်ယောက်က ပစ္စတိုသေနတ်ပြင့်ချိန်ကာ ခရီးသည်များထံမှ ပါသမျှငွေများကို ထုတ်ပေးရန် တောင်းဆိုလေ၏။ အခြားတစ်ယောက်ကမူ လယ်သမားအဘိုးကြီးမစ္စတာဆမ်းအား မြင်းလှည်းပေါ်မှ ဆွဲချလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗက်တီသည် အံ့အားသင့်ကာ မလှုပ်မယှက် ကြက်သေသေလျက် ရှိစဉ် ၎င်း၏နောက်ဘက်မှ "ဒိုင်း" ခနဲသေနတ်သံတစ်ချက်ထွက်ပေါ်လာရာ ၎င်းကိုယ်တိုင်မှာ ပြောင်းဝနှင့် နီးကပ်လွန်းသဖြင့် မူလောင်သော ယမ်းငွေ့အရှိန် ကိုပင် ထိတွေ့ခံစားလိုက်ရ၏။ မြင်းစီးတစ်ပြုသည် မြေပေါ်သို့ ကျွမ်းပြန်ကျသွား ပြီးနောက် ဒုတိယထွက်ပေါ်လာသော သေနတ်သံတစ်ချက်သည်လည်း အခြား တစ်ယောက်အား ထိမှန်ကာ ထိုသူလည်း မြေပေါ်သို့တလိမ့်ခေါက်ကွေး ကျသွား ပြန်လေသည်။ ဗက်တီသည် လှည့်၍ ကြည့်လိုက်ရာ သေနတ်ပြောင်းကို အောက် သို့နှိမ့်ချကာ ခေါင်းပေါ်မှ ကောက်ရိုးနှင့် မြက်ခြောက်များကို ဖယ်ရှား၍ ထွက်လာ သော ဗီဒယ်ကို တွေ့လိုက်ရလေသည်။

"ကဲ–လူဆိုးတွေကိစ္စချောပါပြီ။ ကျွန်တော်တို့ရှေ့ကိုခရီးဆက်ကြပါစို့"

❖ ❖ ❖

မြင်းလှည်းကလေးသည် ခရီးဆက်လက်ထွက်ခွာလာရာ မကြာမီ ယူနီယံ ရှေ့တန်းစစ်မျက်နှာသို့ ရောက်ရှိသွားလေသည်။

စစ်သားများသည် လယ်သမားအသွင်ရှိနေသော အဘိုးကြီးတစ် ယောက်နှင့် ပင်ပန်းနွမ်းနယ်နေသည့် ရုပ်ရည်ချောမောသော အမျိုးသမီးတစ်ဦး ကိုတွေ့မြင်ရသောအခါ အံ့အားသင့်ကာ ငေးမောကြည့်ရှုလျက်ရှိနေကြ၏။ ထို အချိန်တွင် ကောက်ရိုးသေတ္တာကြီးအတွင်းမှ လက်ကျိုးခြေကျိုးနှင့် ယူနီယံစစ်ဗိုလ် တစ်ဦးထွက်လာသောအခါ ယခင်ကထက် ပို၍အံ့အားသင့်ကြလျက်ရှိကြကုန်၏။

စစ်ဗိုလ်ကလေး ဗီဒယ်၏ မျက်လုံးများမှာ သူ့အမှုထမ်းသော စစ်တပ် မှ နိုင်ငံတော်အလံကို မြင်လိုက်ရသည်နှင့် သူ၏ မျက်လုံးများမှာ ဝမ်းမြောက်ခြင်း မြိုင်းစွာဖြင့် ဝင်းထိန်တောက်ပ၍ သွားလေသည်။

စစ်ဗိုလ်ကလေး ဗီဒယ်အား ဝါရှင်တန်မြို့သို့ ပို့လိုက်၏။ ထိုမြို့သို့ ရောက်၍ စစ်အတွင်းဝန် အက်ဒွင်အမ်စတန်တွန်အား သူ၏အဖြစ်အပျက်များကို ပြန်ပြောပြလေရာ အတွင်းဝန်သည် ဗက်တီထံသို့ ကျေးဇူးတင်ကြောင်း စာတစ်စောင်ကို ချက်ချင်းရေးသားလိုက်၏။ ထို့ပြင် သူ၏ခင်ပွန်းဖြစ်သူ ဂျိမ်း ကိုလည်း လွှတ်ပေးရန်အမိန့်ထုတ်လေသည်။ သူ၏ယောက်ျားဂျိမ်းကို ရှာဖွေရန် အတွက် ဗက်တီထံအထူးမိန့်ရထားတစ်စင်းလည်း စေလွှတ်ပေး၏။ ထို့မှသာ စစ်ဗိုလ်ကလေး ဗီဒယ်ကိုလည်း ဗက်တီနှင့်အတူ လိုက်ပါကူညီရန် စီစဉ်ပေးလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်သုံ့ပန်းများထဲတွင် ပျောက်ဆုံးနေသော သူတစ်ယောက်ကို ရှာဖွေရန်ကား မလွယ်ကူလှချေ။ မှတ်တမ်းများကို ကြည့်ရှုသောအခါ ဂျိမ်းဗန်မီတာ ဆိုသူတစ်ယောက်အား အိုဟိုင်းယိုနယ်မှ သုံ့ပန်းစခန်းတစ်ခုသို့ ပို့ထားကြောင်း တွေ့ရှိရ၏။ သို့သော် ထိုစခန်းတွင် ဖက်တီရှေ့၌ လူစီတန်းပြစေသောအခါ မတွေ့ရချေ။ နောက်တစ်ဖန် အခြားသုံ့ပန်းစခန်းတစ်ခု၌ ထပ်မံရှာဖွေပြန်ရာ ထိုနည်းအတူပင် မတွေ့ရချေ။

မိမိယောက်ျားမှာ တစ်နေ့ရာတွင် သေလေပြီလောဟု ဖက်တီတွေးမိ၏။ သို့သော် အားမလျှော့ဘဲ "ဒီဝလ်"ခံတပ်စခန်းသို့ရောက်၍ လူများကိုတန်းစီပြသောအခါ တန်း၏အဆုံးမှ အသားအရေ ပိန်ချုံးလျက်မျက်လုံးဟောက်ပက်နှင့် လူတစ်ယောက်သည် လူတန်းထဲမှပြေးထွက်လာပြီးလျှင် ဖက်တီ၏ ရင်ခွင်ထဲသို့ တိုးဝင်လာပြီးနောက် ပျော့ခွေလဲကျသွားလေသည်။ ဖက်တီသည် မျက်ရည်အသွယ်သွယ်ကျဆင်းလျက် ထိုသူအားကိုင်တွယ်ဖေးမ ယုယလျက်ရှိရာ အနီးတွင် ရှိုင်းထောက်ကိုထောက်ကာ ရပ်၍စောင့်နေသော စစ်ဗိုလ်ကလေး ဟင်နရီဗီဒယ် ကိုယ်တိုင်ပင် မျက်ရည်များကျမိရှာ၏။

ထို့နောက် သုံးဦးသားတို့သည် မီးသဘော်ဖြင့် ပြန်လည်ရောက်ရှိလာကြပြီးလျှင် ထိုမှတစ်ဆင့် ဟားမွန်မြို့ရှိ ဗီဒယ်၏ အိမ်သို့ မီးရထားဖြင့် လာခဲ့ကြလေသည်။ မိသားစုနှစ်စုအကြားတွင် ခိုင်မြဲနက်ရှိုင်းသော ခင်မင်ရင်းနှီးမှုသည် တစ်နေ့ထက်တစ်နေ့ ကြီးမားလာတော့၏။ အချိန်အတန်ကြာသောအခါ ဗီဒယ်ဇနီးမောင်နှံတို့တွင် နောက်ထပ်ကလေးနှစ်ယောက်ဖွားမြင်ရရှိခဲ့၏။ ထိုအချိန်မှစ၍ နှစ်ပေါင်း ၅၀ ခန့်မျှ ကြာသည့်တိုင်အောင် မိသားစုနှစ်စုသည် ဆွေမျိုးရင်းခြာတမျှ တစ်ဖက်နှင့်တစ်ဖက် အလွန်ရင်းနှီးချင်ခင်လျက် ရှိကြလေသည်။

မှတ်ချက်။ ။ ၁၉၆၉ ခု၊ ဇန်နဝါရီလထုတ် ရီးဒါးဒိုင်ဂျက်မှ "ဂျင်းနှစ်ကောဆာလက်စတာ" ရေးသော အဖြစ်အပျက်မှန်ကို ဆီလျော်အောင် ဘာသာပြန်သည်။ နီဒါနီးကိုရှာဖွေပြုစု တင်ပြသည်။

([illegible])

www.burmeseclassic.com

www.burmeseclassic.com

# ဂျူးထိုက်ယှိမ်

ရန်ကုန်အနောက်ပိုင်း လမ်းမတော်တွင် အနီရောင်ဆေးသုတ်ထားသော ၄ ထပ်တိုက်တစ်လုံးရှိ၏။ တစ်ထပ်တွင် အခန်း ၄ ခန်းရှိသဖြင့် တစ်တိုက်လုံးတွင် ၁၆ ခန်းရှိလေသည်။

တရုပ်သူဌေးတစ်ဦးပိုင် တိုက်ဖြစ်သဖြင့် အခန်းများမှာလည်း အလွန်သန့်ရှင်းသပ်ရပ်လှ၏။ ရေစက်၊ ဓာတ်မီး၊ ပန်ကာမှစ၍ လိုလေသေးမရှိ တပ်ဆင်ထားပြီးလျှင်နံရံနှင့် မျက်နှာကြက်များကို ဆေးဖြူသုတ်ထား၍ စားဖိုဆောင်တွင်လည်း ရေနံဆီဖြင့် ချက်နိုင်သည့် ဓာတ်းမီးဖိုတစ်လုံးစီ ထားရှိလေသည်။ သို့ဖြစ်၍လည်း အိမ်ခန်းခမှာ အနီးအနားရှိ တိုက်များထက် တစ်ဆခွဲခန့်မျှ ဈေးကြီး၏။

အခန်းတိုင်း အားလပ်သည့်ဟူ၍မရှိဘဲ အိမ်ငှားများပြည့်လျက်ရှိရာ တိုက်ရှင်ကလည်း အကယ်၍ အခန်းတစ်ခန်း လွတ်လပ်စေကာမူ ရုတ်တရက် မငှားသေးဘဲ အိမ်ငှားသူ၏ အလုပ်အကိုင်၊ အခြေအနေ၊ အကျင့်သိက္ခာစသည်တို့ကို အတော်အတန် ထိးခေါက်စုံစမ်းပြီးမှသာ ငှားရမ်းလေ့ရှိ၏။ ဤသို့ဖြင့် ထိုလေးထပ်တိုက်ကြီးရှိ အခန်းများ၌ နေထိုင်သူများမှာ လူကုံထံများဖြစ်ကြောင်း မြင်ပတ်ဝန်းကျင်က အသိအမှတ်ပြုလေသည်။

ရုံးအုပ်စာရေးကြီး ဦးစိန်ဒွန်းဆိုသူမှာ တိုက်၏မြောက်ဘက်အစွန်ဆုံး သုံးထပ်၌ နေထိုင်သူဖြစ်၏။ လွန်ခဲ့သော ၃ နှစ်ကျော်လောက်ကပင် နေထိုင်ခဲ့သူဖြစ်၍ လခ ၃၀၀ ကျော်မျှ ရသူဖြစ်ပြီးလျှင် အိမ်လခနှင့် ဓာတ်မီးမီတာခများကိုသည်း လစဉ်အချိန်မှန်ပေးသော သူတစ်ယောက်ဖြစ်လေသည်။

ဦးစိန်ဒွန်းမှာ အလုပ်အကိုင်၌လည်းကောင်း၊ အသွားအလာ အနေ



www.burmeseclassic.com

www.burmeseclassic.com



အထိုင်၌လည်းကောင်း လွှန်စွာသစ်ရပ်သေချာသူဖြစ်၏။ ကျစ်လျစ်သိပ်သည်း၏။ နှုတ်ချို၏။ ဇနီးဖြစ်သူနှင့်မှ မကြာခဏစကားများတတ်၏။ ဤသို့လျှင် ဦးစိန်ဒုန်း ၏အကြောင်းကို အထက်အောက် တိုက်ခန်းရှိ လူများနှင့် အိမ်နီးပါးချင်းများက အကဲခတ်မိလေသည်။

ဦးစိန်ဒုန်း၏ ဇနီးဖြစ်သူ မခင်ကျော့ ၃၈ နှစ်သည်နောက်ဖေးစားဖိုဆောင် ပြတင်းပေါက်တစ်ပေါက်မှလိမ့်ကျသေဆုံးသွားသည်မှာတစ်လမျှသာ ရှိသေး၏။

တစ်နေ့သော ညနေစောင်း ၅ နာရီသာသာအချိန် ဦးစိန်ဒုန်းသည် အလုပ်မှ မောပန်းစွာပြန်လာပြီးနောက် ဖိနပ်စင်အနီးရှိ ကြိမ်ကုလားထိုင်ပုကလေး တစ်လုံးပေါ်တွင်ထိုင်ကာ နောက်ပိတ်ဖိနပ်ကို ချွတ်လျက်ရှိ၏။ ဖိနပ်မှာအသစ်ဖြစ် သည့်ပြင် ၂ လမ်းခွဲခန့်မျှ ခြေကျင်လျှောက်ခဲ့ရသဖြင့် ခြေတစ်ဖက်မှာ သွေးကျ သဖြင့် အတန်ငယ်ယောင်ယမ်းလျက်ရှိသောကြောင့် ရုတ်တရက် ချွတ်၍မရချေ။ ထိုအခိုက်စားပွဲပေါ်မှ တယ်လီဖုန်းခေါင်းလောင်းသံကို ကြားရ၏။

ဦးစိန်ဒုန်းသည် လက်ဝဲခြေထောက်ကို ချွတ်၍မရနိုင်သဖြင့် စိတ်တို လျက်ရှိရာ ထိုအတွင်းမှာ ခေါင်းလောင်းမှာ အဆက်မပြတ်မြည်လျက်ရှိသော ကြောင့်ပို၍ စိတ်တိုလာ၏။

“အရေးထဲကွယ် ဘယ်ကများ”ဟု ရေရွတ်လျက်ရှိရာမှ ခြေထောက် ကို ဖိနပ်ထဲမှ နုတ်ရပြီးဖြစ်၍ တယ်လီဖုန်းထဲရှိရာသို့ “ခြေထောက်ကြွ”နှင့် သွား ရောက်လေသည်။

ထို့နောက် တယ်လီဖုန်းလက်ကိုင်ကိုကောက်ယူကာ နားကြပ်ကို နားတွင်ကပ်လိုက်၏။

စိန်။ ။“ဟုတ်ပါတယ်... ”

“ဩော်... ဦးစိန်ဒုန်း ကျွန်မခင်စောလှိုင်လေ”

ဦးစိန်ဒုန်းသည် ခင်စောလှိုင်ကိုလည်း မသိ၊ ထိုနာမည်ကိုလည်း ဂရုမ စိုက်အမှတ်မထားချေ။

စိန်။ ။“မခင်စောလှိုင် ဟုတ်လား... ဘာလိုချင်လို့လဲခင်ဗျာ။ ကျွန်တော်ဘယ်လို ကူညီနိုင်ပါသလဲ မခင်စောလှိုင်”

လှိုင်။ ။“ရှင် ကျွန်မကိုမှတ်မိမှာပေါ့။ ရှင်နေတဲ့အခန်းအထက်ထပ်ကသည် တည်မှာနေတာလေ။ ရှင့်မိန်းမဆုံးတုန်းက အသုဘကို ကျွန်မပို့ပါသေးတယ်”

ထိုအခါမှ ဦးစိန်ဒုန်း၏ စိတ်ထဲတွင် မကြာမီက အပေါ်ထပ်သို့ ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေလာသော မုဆိုးမတစ်ယောက်ကို သတိပြုမိ၏။ မိမိနေသော အခန်းအပေါ်ထပ်မှာ ၁၀ ရက်၊ ၁၅ ရက်ခန့် ခေတ္တအားနေပြီးနောက် အသက် ၄၀ ကျော်ခန့် ရုပ်ရည်အသင့်အတင့် မှန်မှန်ရည်ရည် မိန်းမတစ်ယောက်ပစ္စည်းအနည်းငယ်နှင့် ပြောင်းရွှေ့လာသည်ကိုပြန်၍ စဉ်းစားမိ၏။ ထိုမိန်းမမှာ တစ်ခါတစ်ရံမှသာ အောက်ထပ်သို့ဆင်းတတ်၍ ၂ ကြိမ်လောက်သာ မိမိမြင်ဖူးသည်ကို အမှတ်ရမိ၏။ မခင်စောလှိုင်အခန်း၌လည်း မိမိကဲ့သို့ တယ်လီဖုန်းတပ်ဆင်ထား၏။

စိန်။ ။"ဟုတ်ကဲ့–ကျွန်တော်မှတ်မိပါပြီ။ ဘာပြောချင်လို့လဲ မခင်စောလှိုင်"

လှိုင်။ ။"ရှင် ခဏလောက် အပေါ်ထပ်တက်လာနိုင်မယ်ဆိုရင် လာခဲ့ပါလားရှင်။ အရေးကြီးတဲ့ ကိစ္စမို့ပါ။ ပြီးတော့ မကြာပါဘူးရှင့်"

"ကျွန်တော်အခုပဲ အလုပ်က ပြန်ရောက်လာပါတယ် ဒီတော့"

"ယုံပါတော့ရှင်၊ မကြာစေရပါဘူးလို့ပြောတာပဲ။ အရေးကြီးလို့ပါ ..."

သို့နှင့် ဦးစိန်မှုန်းသည် မကြာမီလာခဲ့ပါမည်အကြောင်း ပြောဆိုပြီးလျှင် တယ်လီဖုန်းကိုချလိုက်လေ၏။

ဦးစိန်ခုန်းအိမ်သို့ ပြန်ခဲ့ရသော်လည်း မိမိနေသောအခန်းထဲတွင် အချိန်ကြာမြင့်စွာမနေလိုချေ။ အခန်းတွင်းရှိ စားပွဲကုလားထိုင် ဗီရိုမှအစ ဖနီးသည် မခင်ကျော့နှင့် ယှဉ်တွဲအိပ်ခဲ့သော နှစ်ယောက်အိပ်ခုတင်ကြီးကိုပင် ရှုံ့ရှာမုန်းတီးမိ၏။ အခြားအိပ်ရန်နေရာမရှိသဖြင့် ထိုခုတင်ကြီးပေါ်၌ပင် အိပ်ရလေရာ မခင်ကျော့သည် ခုတင်ကြီးအနီးသို့လည်းကောင်း၊ နောက်ဖေးစားဖိုဆောင် ပြတင်းပေါက်အနီးသို့လည်းကောင်း မကြာခဏလာရောက်သည်ကို အိပ်မက်ထဲတွင် တွေ့မြင်ရ၏။ မကြာမီ အိမ်ထောင်ပရိဘောဂအားလုံးကို ရောင်းချ၍ ဗဟန်းမှ ခြံတစ်ခြံတွင် သူငယ်ချင်းတစ်ယောက်နှင့်အတူ သွားရောက်နေထိုင်တော့မည်ဟု စိတ်ကူးထား၏။

အတွင်းခန်းရှိ အိပ်ရာခုတင်ကြီးကိုကြည့်ရင်း ဦးစိန်ခုန်းသည် ရေစက်ထဲမှ ရေတစ်ဖန်ခွက်ကိုယူ၍ အမောပြေသောက်လိုက်၏။ ထို့နောက် ဖိနပ်စင်မှ ညှပ်ဖိနပ်တစ်ရန်ကို စွပ်ပြီးလျှင် တံခါးရွက်ကို အသာစေ့ထားခဲ့ပြီးနောက် အပေါ်ထပ်သို့တက်သွားလေသည်။

တံခါးခေါက်လိုက်သောအခါ အတွင်းမှ အသံကြားရ၏။

"ဝင်ခဲ့ပါရှင်"

တံခါးဖွင့်ပေးသူမှာ မခင်စောလှိုင်ပင်ဖြစ်လေသည်။ မခင်စောလှိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



အသက် ၄၀ ကျော် ၅၀ ခန့်ရှိမည်ဟု ခန့်မှန်းရ၍ အသားမဖြူမညို့ရှိပြီးလျှင် တောင့်တောင့်တင်းတင်းသွယ်သော ကိုယ်လုံးကိုယ်ပေါက်ရှိ၏။ အဝတ်အစားများမှာလည်း အလွန်ခန့်ညားသော အဆင်အသွေးများကို ဝတ်ထား၍ မိမိကိုယ်မိမိ နုနယ်အောင် ဆင်တတ်သူတစ်ယောက်ဟု ခန့်မှန်းနိုင်၏။

ဦးစိန်ဒုန်းသည် စိတ်ထဲတွင် ခေတ္တမျှ ဇဝေဇဝါရှိနေပြီးနောက် မခင်စောလှိုင်နောက်မှ လိုက်ပါသွားလေသည်။

မခင်စောလှိုင်၏ တိုက်ခန်းမှာ အိမ်ထောင်ပရိဘောဂနည်းပါးလှသည်မှတစ်ပါး မိမိအခန်းနှင့် "ချွတ်စွပ်" ထားသကဲ့သို့ တူလှပေ၏။ ညှော်ခန်းတွင် လိနိုလွင်ဖယောင်းပုဆိုးတစ်ချပ် ခင်းထား၍ မဟောင်းမသစ်ကြိမ်ကုလားထိုင်တစ်ခုချထား၏။ အတွင်းဘက်၌ တစ်ယောက်အိပ်ခုတင်နှင့် အလှပြင်မှန်တင်ခုံတစ်ခုကို ခန်းဆီးမှကျော်၍ မြင်ရ၏။ ဦးစိန်ဒုန်းသည် မခင်စောလှိုင်ညွှန်ပြသော ကုလားထိုင်တွင် ဝင်၍ထိုင်လိုက်လေသည်။

မခင်စောလှိုင်က ပြုံးရွှင်ဖော်ရွေသောမျက်နှာဖြင့်–

"ကျွန်မ လက်ဖက်ရည်တစ်ခွက်ဖျော်မယ်နော်"

စိန်။ ။"ဟုတ်ကဲ့"

မခင်စောလှိုင်သည် နောက်ဖေးမီးဖိုဘက်သို့ ဝင်သွား၏။ စားပွဲဆောင်ပြတင်းပေါက်တစ်ခုအနီးသို့ ရောက်သောအခါ ရေနံဆီမီးဖိုကိုဖွင့်၍ မီးခြစ်ဖြင့် မီးရှို့ပြီးနောက် သံကရားတစ်လုံးကို တည့်လိုက်လေသည်။ ဦးစိန်ဒုန်းသည် မခင်စောလှိုင်အခန်းနှင့်တကွ သူ့လုပ်ပုံကိုင်ပုံ အမူအရာများကို အကဲခတ်လျက်ရှိ၏။

မခင်စောလှိုင်မှာ သွက်လက်ဖျတ်လတ်သော အမူအရာရှိ၍ ပြုံးရွှင်ချိုသာစွာပြောတတ်သော်လည်း သူ၏အပြုံးမှာ လှိုက်လှိုက်လှဲလှဲ စိတ်ထဲကပါသော အပြုံးမျိုးမဟုတ်ဘဲ တစ်စုံတစ်ခုကို အပြင်မှနေ၍ ကွယ်ဝှက်ဖုံးအုပ်ထားသော အပြုံးမျိုးဖြစ်လေသည်။

ကိုယ်လုံးကိုယ်ပေါက်မှာ အတော်အတန် အချိုးအချိတ်တည့်သော်လည်းဘေးတိုက်မြင်ရသောအခါ ပါးရိုးများသည် ရှေ့သို့အနည်းငယ် ငေါထွက်နေသဖြင့် တစ်ကိုယ်လုံးခြုံ၍ ကြည့်သောအခါ မခင်စောလှိုင်မှာ ယောကျာ်း၏စွဲမက်လောက်သည် ရုပ်မျိုးမဟုတ်ချေ။ ထို့ပြင် အရွယ်ကလည်းအတော်အောက်လှနေပြီဖြစ်သဖြင့် သာမန်မိန်းမတစ်ယောက်ထက်ပို၍ လှပသူတစ်ယောက် မဟုတ်ပေ။ မုဆိုးမတစ်ယောက်သည် ဤကဲ့သို့ ဓာတ်မီး, ပန်ကာ, မီးဖို တယ်လီဖုန်းမှ



www.burmeseclassic.com

www.burmeseclassic.com



စ၍ ပရိဘောဂအပြည့်အစုံတပ်ဆင်ထားသည့် အထက်တန်းစား အခန်းတစ်ခန်းကို လာရောက်နေထိုင်ခြင်းကိုပင် အံ့သြမိ၏။

စားပွဲဘေးတွင်မှာ ညည်ခန်းနှင့်များစွာမဝေးလှသဖြင့် ဦးစိန်ခွန်းသည် မခင်စောလှိုင်၏ အပြောကို စောင့်၍နေ၏။

လှိုင်။ ။"ဦးစိန်ခွန်းက မနက်စောစောထတတ်တယ် ထင်တယ်"

စိန်။ ။"ဟုတ်ပါတယ်၊ အဲဒါကျွန်တော့်အကျင့်ပဲ။ မနက်ဖြေနာရီဆိုရင် နိုးပြီ"

"ကြမ်းတစ်ခုထဲခြားနေတော့ ရှင်တရှပ်ရှပ်သွားနေတာ အပေါ်က အတိုင်းသားကြားနေရတာပေါ့ရှင်။ အဲဒီတော့ အိမ်ပေါ်ကလူ ဘယ်အိပ်လို့ရနိုင်တော့မလဲ၊ ကျွန်မလည်း နိုးရတာပေါ့"

"အို–ဒီလိုမှန်းမသိလို့ပါခင်ဗျာ၊ အားနာစရာကြီးပဲ ဒီလိုဆိုရင်. . ."

"မဟုတ်ပါဘူးရှင်၊ ဒါ အားနာစရာ မဟုတ်ပါဘူး။ တိုက်က နံရံတွေကလည်းပါးပါး၊ ကြမ်းပြင်ပေါ်ကလည်း ပါးပါးမို့ အကြောင်းကို ကျွန်မပြောပြတာပါ။ တစ်ခန်းကလုပ်တာ တစ်ခန်းက သိနေတာပဲ ဟုတ်တယ်မဟုတ်လား"

သို့ပြောရင်း မခင်စောလှိုင်သည် ထူးခြားသော အပြုံးမျိုးဖြင့် ဦးစိန်ခွန်း မျက်နှာကိုစေ့စေ့ကြည့်ရင်းလျှင် ပြုံးလိုက်၏။ ဦးစိန်ခွန်းကလည်း သဘောတူသည့်ဟန်ဖြင့် ဦးခေါင်းကို ညိတ်လိုက်လေသည်။ သို့သော် စိတ်ထဲ၌ကား အနေရခက်သကဲ့သို့ ရှိနေလေသည်။

"ဪ . . . လက်ဖက်ရည်ကို ခပ်လေးလေးဖျော်လိုက်မယ်နော်။ ကြိုက်တယ် မဟုတ်လား။ တချို့အိမ်များရှင် လက်ဖက်ရည်သောက်ရတာ ပေါ့လို့ ရွတ်လို့ ရေလိုပါပဲ"

သို့ပြောရင်း မခင်စောလှိုင်သည် လက်ဖက်ရည်ပန်းကန်လုံး ၂ လုံးကို စင်ပေါ်မှယူပြီးလျှင် ထမင်းစား စားပွဲပေါ်၌တင်ကာ လက်ဖက်ရည်ဖျော်လျက် ရှိလေသည်။

လှိုင်။ ။"ဪ–ဒါထက် မနက်တိုင်း ရှင်တစ်ယောက်တည်း အိမ်ရာထ လက်ဖက်ရည်ဖျော်စရာရှိဖျော် အနေအထိုင် သိပ်ဆင်းရဲမှာပဲနော်။ အင်း– မခင်ကျော့မရှိတော့ ဒီလိုနေရမှာပေါ့လေ. . ."

မခင်စောလှိုင်၏အသံမှာ မူလအသံမှ ကရုဏာသံသို့ပြောင်းလဲသွားသကဲ့သို့ ထင်ရ၏။

စိန်။ ။"ဟုတ်တာပေါ့။ အနေအထိုင် ဆင်းရဲပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်မိန်းမဟာ သနားစရာပဲရှင့်၊ ရဲဘက်ကစစ်တော့ သူကိုယ်တိုင်တမင်သေအောင် တိုက်ပေါ်က ခုန်ချတယ်ဆိုပြီး အမှုကိုပိတ်လိုက်တယ်မဟုတ်လား။ ရှင့်အလုပ်ကပြန်မလာခင်ကလေး ခုန်ချလိုက်တယ်ထင်ပါရဲ့ . . . "

"ဟုတ်ပါတယ်"

ဦးစိန်ဒုန်း အနီးပတ်ဝန်းကျင်ကို လှည့်၍ကြည့်လိုက်၏။ ထို့နောက်ခြေချင်းလိမ်၍ ထိုင်လိုက်လေသည်။

ထိုအချိန်တွင် မခင်စောလှိုင်သည် လက်ဖက်ရည်နှစ်ခွက်ကို လက်တစ်ဖက်စီဖြင့်ကိုင်ကာ ညော်ခန်းသို့ယူလာခဲ့လေ၏။ ထို့နောက် ဦးစိန်ဒုန်းအား လက်ဖက်ရည်တစ်ခွက်ကို လှမ်း၍ပေးလိုက်လေသည်။

"သောက်ပါရှင့် . . . ပူတုန်းသောက်လိုက်ပါ . . . "

သို့ပြောရင်းဆိုရင်း သူကိုယ်တိုင်လက်ဖက်ရည်ကို နှုတ်ခမ်းဖြင့် တဖြည်းဖြည်းစစ်၍ သောက်လျက်ရှိလေသည်။

လှိုင်။ ။"ရှင်တို့ လင်မယားက တစ်ယောက်နဲ့တစ်ယောက် အင်မတန်ငြင်းကြခုံကြတာကိုးရှင့်။ ဟုတ်တယ် မဟုတ်လား။ အပေါ်က ကျွန်မအားလုံးကြားနေရတာပဲ၊ ရန်ဖြစ်လိုက်ကြ၊ သတ်လိုက်ပုတ်လိုက်ကြ . . . "

စိန်။ ။"ဟုတ်တယ်၊ တစ်ယောက်နဲ့တစ်ယောက် မတည့်ကြဘူး။ ဒါကြောင့် သူလည်း ဒီလိုလုပ်လိုက်သလား မပြောတတ်ဘူး . . . "

ဦးစိန်ဒုန်းက သောက်လက်စ လက်ဖက်ရည်ပန်းကန်ကို ချွေ့ချထားလိုက်ပြီးနောက်–

"နေပါဦးဗျ ဒါဟာ ခင်ဗျားအလုပ်"

(ပြုံးလျက်)"ဟုတ်ပါတယ်။ ကျွန်မအလုပ်မဟုတ်ဘူးဆိုတာ သိပါတယ်။ နို့ပေမဲ့ ကျွန်မက တစ်ယောက်တည်းနေတော့ အိမ်မှာပေျာ့ဝစ္စ နည်းနည်းပါးပါး လုပ်စရာရှိတာလုပ်ပြီး မကောင်းတဲ့ အကျင့်တစ်ခုပေါ်လာတာပါပဲရှင်။ အဲဒါက တခြားအခန်းက လူတွေဘာလုပ်တယ်ဆိုတာ ကျွန်မကရှုစိုက်ကြည့်တယ်။ သူတို့ဘာတွေပြောတယ်ဆိုတာ ချောင်းနားထောင်တယ်"

စိန်။ ။"ပွင့်ပွင့်လင်းလင်း ပြောစမ်းပါမခင်စောလှိုင်"

လှိုင်။ ။"ကျွန်မအခန်း နောက်ဖေးမီးဖိုဆောင် ပြတင်းပေါက်က ကျွန်မဘာမြင်ရတယ်ဆိုတာ ပြောရင်ရှင်အံ့ဩသွားမလား မပြောတတ်ဘူး။ အဟုတ်ပဲ၊ နောက်ဖေးကွက်လပ်ကျော်ပြီး ဟိုဘက်တန်းက မိုက်ခန်းတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်နေတယ်ဆိုတာ ကျွန်မသိတယ်။ ကွက်လပ်မှာ ဘာဖြစ်နေတယ်၊ ဟိုဘက်လမ်းပေါ်မှာ ဘာဖြစ်နေတယ်ဆိုတာ ကျွန်မမြင်ရတယ်။ ဒါနဲ့ လွန်ခဲ့တဲ့တစ်လလောက်က နောက်ဖေးပြတင်းပေါက်က တံခါးရွက်အစွန်းပေါ်မှာ ကြိုးတွေတင်နေလို့ ကျွန်မ တံမြက်စည်းနဲ့ခတ်နေတုန်း... ''

ဦးစိန်ဒုန်းသည် ဖျတ်ခနဲနေရာမှထလိုက်ပြီးနောက် ခါးထောက်လိုက်၏။

စိန်။ ။"ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ အစီပွာယ်မရှိဘူး"

လှိုင်။ ။"ထိုင်ပါဦးလေ... လက်ဖက်ရည်တွေ အေးကုန်ပြီ၊ သောက်လိုက်ပါဦး"

မခင်စောလှိုင်၏အသံမှာ အေးဆေးလှ၏။ မျက်နှာထားမှာလည်း တစ်စုံတစ်ရာပြောင်းလဲခြင်းမရှိချေ။

သို့နှင့် ဦးစိန်ဒုန်းမှာ ကုလားထိုင်တွင် ပြန်၍ထိုင်လိုက်ပြီးလျှင် မခင်စောလှိုင်အား အကဲခတ်လျက်ရှိလေသည်။

လှိုင်။ ။ ''ရှင်တို့နောက်ဖေးခန်း ပြတင်းပေါက်ကို ကျွန်မမီးဖိုကနေပြီး မြင်ရတယ်လို့ပြောတော့ ရှင့်မိန်းမကျသွားတာကို ကျွန်မတကယ် မြင်ရတယ်ဆိုတာ ရှင်သိရောပေါ့။ ကိုင်း–ကျွန်မပြောတာ စိတ်ဝင်စားစရာ မကောင်းဘူးလားရှင့်"

ဦးစိန်ဒုန်းသည် ငြိမ်သက်လျက်ရှိ၏။

လှိုင်။ ။"အဟုတ်ပဲ ဦးစိန်ဒုန်း သိပ်ကြောက်စရာကောင်းတာပဲ။ သူအော်လိုက်တဲ့အသံကြီးကို ကျွန်မအခုထက်ထိ ကြားနေတုန်းပဲ။ အိပ်မက်ထဲမှာလည်းကြားနေရတာပဲ။ ရှင်ကတော့ကြားမယ် မဟုတ်ဘူး။ ဒီအချိန် ရှင်က အိမ်မှာမရှိဘဲကိုး"

စိန်။ ။"ကောင်းပြီလေ၊ ဒီမှာ မခင်စောလှိုင်၊ ခင်ဗျားဘာလိုချင်တယ်ဆိုတာ ပြောစမ်းပါ"

မခင်စောလှိုင်သည် မသိမသာ ပြုံးလိုက်၏။ ထို့နောက် လက်ဖက်ရည်ကိုတဖြည်းဖြည်းသောက်ကာ ပန်းကန်နှုတ်ခမ်းကို မျက်လုံးဖြင့် ကပ်ပြီးလျှင် ဦးစိန်ဒုန်း၏ မျက်နှာကို စေ့စေ့ကြည့်လျက် ရှိလေသည်။

လှိုင်။ ။"ဒီအခါတုန်းက ရှင်အိမ်မှာရှိတယ်ရှင့်၊ ကျွန်မမြင်တယ်။ ပြီးတော့ ရှင့်မိန်းမတိုက်ပေါ်က ခုန်ချတာမဟုတ်ဘူး။ ရှင်က နောက်ကနေပြီး တွန်းချလိုက်တာပဲ"

www.burmeseclassic.com



ဦးစိန်ခုန်းမှာ ထိုကဲ့သို့ပြောမည်ကို ရေးမဆွကပင် မျှော်လင့်လျက်ရှိ၏။ ငြိမ်သက်စွာ ဣန္ဒြေဆောင်၍ ထိုင်နေရသော်လည်း ကုလားထိုင်လက်ကိုင်ပေါ်၌ တင်ထားသော လက်များမှာ တုန်ယင်လျက် ချွေးများပင် စို့၍လာလေသည်။

စိန်။ ။"ခင်ဗျား ဘာပြောနေတယ်ဆိုတာ ကျုပ်မသိဘူး"

မခင်စောလှိုင်သည် ဦးစိန်ခုန်းပြန်၍ ပြောသောစကားများကို မကြားသကဲ့သို့ ရှိနေ၏။ လက်ချောင်းများသည် လက်ဖက်ရည်ပန်းကန်လက်ကိုင်ကို ကစားလျက်ရှိ၏။

လှိုင်။ ။"ကျွန်မပြောရင် ရှင်အံ့အားသင့်သွားမယ်။ ကျွန်မ မီးဖိုပြတင်းပေါက် တံခါးရွက်ကကြပ်နိုးတွေကို တံမြက်စည်းနဲ့လှမ်းပြီး ဆွဲယူနေတုန်းလူနှစ်ယောက်သား ဆွဲလားငင်လား တွေးလုံးနေတာ မြင်ရတယ်။ ဒီနောက် ယောကျ်ားက နောက်ကနေတွန်းလိုက်တော့ မိန်းမဟာ တံခါးပေါင်ပေါ်က အားလွန်ပြီးကျသွားတာပဲ။ အမှန်တော့ ကျွန်မဟာ ကိုယ်နဲ့မဆိုင်တဲ့ သူများရဲ့အရေးအရာကို ဝင်မစွက်ဖက်ချင်ပါဘူး။ ဒါကြောင့် ဘယ်သူမှမပြောဘဲ ရေငုံနေပါတယ်။ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေးချင်ပါဘူး"

သို့ပြောရင်း မခင်စောလှိုင်သည် အောက်သို့မျက်လွှာချလိုက်၏။ ထို့နောက်ဆက်လက်၍–

"ကျွန်မဟာ ရိုးဖြောင့်တဲ့မိန်းမတစ်ယောက်ပါ ဦးစိန်ခုန်းရဲ့၊ နို့ပေမဲ့ မိန်းမတစ်ယောက်ကို အစဉ်ရိုးဖြောင့်နေအောင် ငွေကြေးကုန်ကျဖို့လိုတယ်။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ငွေဟာအသုံးကျတာပဲ မဟုတ်လား... ဘယ့်နှယ်လဲ။ ဦးစိန်ခုန်းကော ဘယ်လိုသဘောရသလဲ။ ကျွန်မမှာ စားစရိတ်၊ အခန်းခ၊ ဓာတ်မီးမီတာခ တယ်လီဖုန်း... "

စိန်။ ။"ဘာအရှုပ်စကားတွေ လျှောက်ပြောနေတာလဲ။ ခင်ဗျား ကျုပ်ကို ငွေညှစ်နေတာပေါ့လေ"

မခင်စောလှိုင်ကမူ ဣန္ဒြေမပျက် ဆက်လက်၍"အဝတ်အစား၊ ဒိုဘီခ၊ ဆေးဖိုး၊ ဆရာဝန်ခ၊ ပြီးတော့ အလှူအတန်း။ သာရေးနာရေး လူမှုရေး–အိုစုံလို့ လို့ ... ဒီတော့ ရှင်က ယောကျ်ားရင့်မကြီး လက်ရှိအလုပ်နဲ့ လုပ်ခလည်း ကောင်းတယ်။ ဘဏ်မှာ အိုစာမင်းစာစုဆောင်းထားတာတွေတောင်ရှိသေး... ရှင်တတ်နိုင်ပါတယ်။ ဒီတော့ ကျွန်မအကူအညီ နည်းနည်းလောက် တောင်းချင်တာပါပဲ"

ဦးစိန်ခုန်းသည် နေရာမှပျတ်ခနဲထလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ရှုံးတာ . . . ရှုံးတာ၊ ဒီဟာတွေ ကျုပ်နဲ့ဘာမှမဆိုင်ဘူး။ ခင်ဗျားလည်း ဘာတစ်ခုမှ သက်သေမပြနိုင်ဘူး။ ကျုပ်သွားမယ်"

မခင်စောလှိုင်သည် လက်ဝဲဘက်လက်လှမ်းမီတွင် ရှိသောတယ်လီဖုန်း လက်ကိုင်ကိုကောက်ယူလိုက်လေ၏။

"ဟုတ်ပါတယ်။ ဒီဟာတွေ ရှင်နဲ့ဘာမှမဆိုင်ဘူး။ ကျွန်မအိမ်မက်တာ တွေများလားမှ မသိဘဲ။ နို့ပေမဲ့ ဘာပဲဖြစ်ဖြစ်ပုလိပ်ကိုတော့ အကြောင်းကြား ဦးမှပဲ။ ဒါက မြို့ကြီးသူ မြို့ကြီးသားတို့ရဲ့ ဝတ္တရားပေးကိုး . . . "

သို့ပြောရင်း မခင်စောလှိုင်သည် တယ်လီဖုန်းနံပါတ်တစ်ခုကို လက်ညှိုး တလေးဖြင့် ထောက်၍လှည့်လိုက်လေသည်။

ဦးစိန်ဒုန်းသည် မျက်လုံးများပြူးသွားကာ မခင်စောလှိုင်၏ လက်ကို ချုပ်ကိုင်တားဆီးလျက်–

"ကောင်းပြီ၊ ခင်ဗျားဘာလိုချင်သလဲပြောစမ်း"

ထိုအခါမှ ဦးစိန်ဒုန်း၏ မျက်စိထဲတွင် ဖနီးသည် မခင်ကျော့၏ ဖြစ်ပုံ ရုပ်လုံးပေါ်လာတော့၏။ သေဆုံးသွားသော မိမိ၏ဖနီးသည်မှာ စိတ်ကိုသာ ဒုက္ခ ပေးတတ်၍ ယခုရင်ဆိုင်နေရသော မိန်းမမှာ စိတ်ကိုသာမက လူကိုပါဒုက္ခပေး မည့် တစ်ယောက်ဖြစ်ကြောင်း ကောင်းစွာသိရတော့၏။ မိန်းမများကား ချစ်စရာ ကောင်းသလောက် သူတို့စိတ်အခန့်မသင့်က ကြောက်မက်ဖွယ်ကောင်းသည့် သတ္တဝါများဖြစ်ကြောင်း စဉ်းစားမိတော့၏။

လှိုင်။ ။"များများမဟုတ်ပါဘူး။ တနင်္ဂနွေတစ်ပတ် အစိတ်လောက် ဆိုရင်တော်ပါပြီ။ တစ်လမှ တစ်ရာကျပါတယ်။ ရှင်ပေးနိုင်လောက်ပါတယ်"

ဦးစိန်ဒုန်းသည် အံကြိတ်ကာ စဉ်းစားလျက်ရှိ၏။ မခင်စောလှိုင်ကဲ့သို့ မိန်းမမျိုးသည် လောဘကိုသတ်မည့် မိန်းမမျိုးမဟုတ်ချေ။ အစိတ်မှသုံးဆယ်၊ သုံးဆယ်မှလေးဆယ်၊ ငါးဆယ်အထိ တဖြည်းဖြည်းဈေးတက်၍လာမည် မဟုတ် ပါလော။ ဤမိန်းမအသက်ရှင်နေသမျှ မိမိ၏လည်ပင်းမှာ "ကြိုး"နှင့်နီးလှ၏။ မိမိတွင် ခွန်အားဗလနှင့် သန်မာသောလက်နှစ်ဖက်ရှိလျှင် မခင်ကျော့၏ ပြဿနာ ကိုဖြေရှင်းခဲ့သည့်အတိုင်း လွယ်ကူစွာ ဖြေရှင်းနိုင်မည်ဖြစ်၏။

စိန်။ ။"ကောင်းပြီလေ ပေးမယ်"

သို့ပြောရင်း ဦးစိန်လှိုင်သည် နောက်သို့လှည့်၍မျှပင် မကြည့်တော့ဘဲ အခန်းထဲမှာ ထွက်သွားလေ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဦးစိန်ခွန်းအဖို့ကြောက်မက်ဖွယ်ကောင်းသော ညဉ့်များသည် တဖြည်းဖြည်း ကုန်လွန်လာခဲ့လေ၏။ ပြတင်းပေါက်မှ မိမိတွန်းချလိုက်သော မခင်ကျော့၏ မျက်နှာကို အိပ်မက်များထဲတွင် ရှေးဦးစွာ မြင်ရ၍ ထိုနေရာတွင် မခင်ကျော့၏ မျက်နှာအစား ခင်စောလှိုင်၏ မျက်နှာကြီးပေါ်၍လာတတ်၏။ မိမိလျှို့ဝှက်စွာပြုကျင့်ခဲ့သော ရဲကပင်အလျှော့ပေးရသည့် ရာဇဝတ်မှုကြီးမှာ လူတစ်ဦးတစ်ယောက်ထံမှ တိတ်တဆိတ်ပေါ်ပေါက်လာလျက် မိမိအသက်သည် မခင်စောလှိုင်၏ လျှာဖျားတွင်တည်ရှိနေသည် မဟုတ်ပါလော။

ပထမစိတ်အားငယ်မိသော်လည်း "အို–ဒီကောင်မ၊ ငါဘာဖြစ်လို့ ကြောက်နေရမှာလဲ သူ့ပါအစတုံးပစ်မှ ငါအေးမယ်။ လုပ်လက်စနဲ့ လုပ်ဦးမှပဲ သို့သော်. . . "

ကြောက်မက်ဖွယ်ကောင်းသော စက္ကန့်များ၊ မိနစ်များသည် ဦးစိန်ခွန်း၏ ဘဝအချိန်ကိုတဖြည်းဖြည်း ဆွဲယူ၍လာခဲ့လေ၏။

ဤသို့ဖြင့် ၆ ရက်မြောက်သောနေ့၌ ဦးစိန်ခွန်းသည် တရုတ်ဟိုတယ်တစ်ခုမှပို့သော နံနက်စာကို စားသောက်လျက်ရှိစဉ် မိမိမကြားလိုသော ခင်စောလှိုင်၏အသံသည် တယ်လီဖုန်းမှ ပေါ်လာပြန်လေသည်။

လှိုင်။ ။"ဟဲလို ဟုတ်ပါတယ်။ ကျွန်မခင်စောလှိုင်ပါ၊ ဒါနဲ့ ကျွန်မရဲ့ ပထမရမယ့်ငွေကို ဘယ်နေ့လောက်"

ဦးစိန်ခွန်းက စိတ်တိုဟန်ဖြင့် "အို–၁ ရက်, ၂ ရက်အတွင်းရမှာပေါ့။ ဒီလောက်တောင် လောဘဇောမတိုက်စမ်းပါနဲ့"

"ဟား ဟား။ ကျွန်မက လောဘဇောတိုက်တယ်ဟုတ်စ၊ ဒါဟာ အလုပ်ရှင့်၊ လောကကြီးမှာ အလုပ်ဆိုတာအလုပ်နဲ့တူအောင် လုပ်ကြရမယ် မဟုတ်လား။ တစ်ရက်, နှစ်ရက်အတွင်း ရမယ်ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့်–ဒီနေ့ကစပြီး ဒီလိုလုပ်ကြပါလားရှင်၊ ကျွန်မအတွက် တထည့်ဖို့ စာတိုက်သေတ္တာတစ်လုံး အောက်ဆုံးထပ်မှာ ရှိပါတယ်။ လှေကားနံဘေးနံရံမှာကပ်လို့ ကျွန်မနာမည်ရေးထားပါတယ်၊ အဲဒီအထဲ စာအိတ်နှင့်ထည့်ထည့်လိုက်ရင်ပြီးတာပဲ"

"အို–ကျုပ်ကိုယ်တိုင် အပေါ်ထပ်ယူလာပါ့မယ်"

"ဒီလိုဖြင့်လည်း ကောင်းပါလေရဲ့ရှင်၊ ကျေးဇူးတင်ပါတယ်။ ခြောက်-



www.burmeseclassic.com

www.burmeseclassic.com



ဒါထက် ရှင့်ကို ကျွန်မတစ်ခုပြောရဦးမယ်။ ရှင့်မိန်းမဘာယ်လိုသေရတယ်ဆိုတာ လွန်ခဲ့တဲ့ ၃-၄ ရက်လောက်က ကျွန်မစီကာပတ်ကုံး ရေးထားတယ်ရှင့်"

"ဘာပြောတယ်၊ ခင်များ ဘာဖြစ်လို့ရေးရတာလဲ။ သူများတွေ မြင်သွားရင် ဘယ့်နှယ်လုပ်မလဲ"

"အို မမြင်ပါဘူး... ကျွန်မသိပါတယ်။ အဲဒီစာရေး၊ စာအိတ်တစ်လုံးထဲထည့်ပြီး ကျွန်မရဲ့မိတ်ဆွေချစ်တစ်ယောက် လက်ထဲပေးထားတယ်ဆိုပါတော့ရှင်။ ကျွန်မတစ်ခုခုဖြစ်ရင် သူက ဒီစာကို စာတိုက်က ထည့်လိုက်ဖို့ပဲ။ ရန်ကုန်ရဲလိပ်မင်းကြီးဆီကို လိပ်တတ်ထားတယ်"

"ခင်ဗျား တယ်အကြံပိုင်ပါလား ဟင်"

"ဟုတ်ကဲ့ ပြောပါတော့၊ ကိုယ့်အသက်ကိုယ်ကာကွယ်ဖို့ လုပ်ရတာကိုးရှင်။ ကျွန်မက မခင်ကျော့လို သုံးထပ်တိုက်ပေါ်က ကျမသေချင်ဘဲကိုး"

"ဟား ဟား ဟား တော်တယ်ဗျာ။ ဉာဏ်ကောင်းပါပေတယ်"

ဦးစိန်ဒုန်းသည် တယ်လီဖုန်းလက်ကိုင်ကိုချထားပြီးနောက် တစ်ယောက်တည်း ပြုံးလိုက်၏။ ခင်စောလှိုင်ကား ဦးစိန်ဒုန်းအတွက် ထောင်ထားသောထောင်ချောက်ကို ပြထားလေသည်။

"ဩော် ခင်စောလှိုင်-ခင်စောလှိုင်၊ သူ့အသက်ကလေးထိမှာစိုးလို့ ဉာဏ်ထုတ်ရှာတာပဲ။ နို့ပေမဲ့ ဒီစာလောက်များတော့ အရေးလုပ်စရာလားကွယ်၊ အသက်မက ဟာတွေတောင်ကျော်လွှားလာတဲ့ အကောင်ပဲ"

ထိုနောက် ဦးစိန်ဒုန်းသည် ရှုံ့ချိန်းနီးပြီဖြစ်၍ တံခါးကိုအပြင်မှ သော့ခတ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

ထိုည၌ ဦးစိန်ဒုန်းသည်ဝက်နံကင်နှင့် ကြက်ပေါင်များကို ဘီယာဖြင့် မြည်းမြည်းမြည်းကာ စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်သောက်ရင်း အကြံထုတ်နေခဲ့ရှိလေသည်။

"အင်း-အတော်ဉာဏ်သွားတဲ့ မိန်းမ၊ သူ့အသက်ကို ကာကွယ်ဖို့ အကြောင်းစာရေးပြီး အကြောင်းရှိရင် ရဲမင်းကြီးဆီပို့ဖို့ စီမံထားသတဲ့။ ဟိဟိ-ရယ်ချင်လိုက်လေကွယ်။ ဒီတော့ ဘယ်လိုကြံမလဲတဲ့။ မခင်ကျော့သေတာ တစ်လတောင်မပြည့်သေးဘူး။ တိုက်တစ်တိုက်ထဲက မိန်းမ ၂ ယောက်တစ်လအတွင်းမှာ သေသတယ်ဆိုတာ ယုတ္တိမရှိဘူး။ ဒီတော့ ... "

ထိုအချိန်နောက်ပေး ရေနံဆီမီးဖိုတွင်တည်ထားသော ရေနွေးကရား



www.burmeseclassic.com

www.burmeseclassic.com



မှာဆူလာပြီဖြစ်၍ ရေနွေးဆီပိုက်မှ ရေနွေးငွေ့များသည် တထောင်းထောင်းထွက်လျက် ရှိလေ၏။ သို့ဖြင့် ဦးစိန်ဒုန်းလည်း ဘီယာသောက်နေရာမှထ၍သွားကာ ရေနွေးဆီ မီးဖိုကို ပိတ်လိုက်လေသည်။

နောက်ထပ်ဘီယာတစ်ပုလင်းကုန်အောင် သောက်ပြီးနောက် စီးကရက် ၃ လိပ် ဆက်၍ရှူနေ၏။

ဦးစိန်ဒုန်းသည် အကြိုတစ်ခုရသည့် လက္ခဏာဖြင့် အင်္ကျီအိတ်အတွင်းသို့ မိမိအလိုရှိသော ပစ္စည်းအချို့ကို ထည့်ယူခဲ့ပြီးလျှင် တံခါးကိုဖွင့်လေ၏။ ထို့နောက် အပေါ်ထပ်သို့ ခြေသံမကြားအောင် တက်ခဲ့ပြီးလျှင် မခင်စောလှိုင်နေသော အခန်းတံခါးကို ညင်သာစွာ ခေါက်လိုက်လေသည်။

"ဘယ်သူလဲ တံခါးခေါက်တာ"

(တီးတိုးလေသံဖြင့်) "ကျုပ်ပါဗျ"

"ဦးစိန်ဒုန်းလား"

"ဟုတ်ပါတယ်"

အိပ်ရာခုတင်ပေါ်မှာထသ်၊ ဖိနပ်မစီးဘဲ ကြမ်းပေါ်သို့ ရှပ်တိုက်လျှောက်လာသံများကို အခန်းတွင်းမှကြားရ၏။ ထို့နောက် တံခါးပွင့်လာလေသည်။

"ရှင် ဘယ်လိုလုပ်လဲ၊ ကျွန်မအိပ်တော့မနေပြီ"

"ဒုက္ခပေးရတော့ အားနာပါတယ်ဗျာ... ကျုပ်အပြင်ထွက်ဦးမယ်လို့ ပါကြောင့်လာတာ"

ဦးစိန်ဒုန်းသည် ဖွင့်ထားသော တံခါးရွက်တစ်ချပ်အပေါက်မှ မခင်စောလှိုင်၏ ကိုယ်ကိုပွတ်တိုက်ကာ အခန်းတွင်းသို့ ဝင်သွားရာ မခင်စောလှိုင်သည် တံခါးကို ပိတ်လိုက်ပြီးနောက် ဦးစိန်ဒုန်းနောက်မှ လိုက်ပါလာခဲ့လေ၏။

"ရှင့်ကိုပြောသားပဲ၊ ကျွန်မရဲ့စာတိုက်သေတ္တာကလေးထဲ ထည့်ပေးပါလို့၊ ကိုင်း–ရှင်ပေးစရာရှိတာပေးပါ။ နောက်တစ်ခါတော့ ဒီလိုမလုပ်ပါနဲ့၊ စာတိုက်သေတ္တာထဲထည့်ထားရင် ကျွန်မရတာပဲ"

"နောက်တစ်ခါ ဟုတ်စ၊ ဟီး ဟီး ဟီး"

ဦးစိန်ဒုန်းသည် နောက်ဖေးမီးဖိုဘက်သို့စွတ်၍ ဝင်သွားလေ၏။ ရေနွေးဆီမီးဖိုပေါ်၌ ကရားတစ်လုံးတည်ထားရာ မီးဖိုမှာ မိမိအခန်းထဲမှာ မီးဖိုနှင့်အတိုင်း ဖြစ်လျက် ရေနွေးဆီငွေ့များသည် မီးဖိုမှတထောင်းထောင်းထွက်၍ နေလေသည်။

"ရှင်ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မီးဖိုကိုကြည့်တာပါ"

"ပေးစရာရှိရင်ပေးပါ ဦးစိန်ဒုန်။ ပြီးတော့ သွားပါတော့"

ဦးစိန်ဒုန်းသည် လက် နှစ်ဖက်လုံးကို လက်အိတ်စွပ်လိုက်ပြီးနောက် မိမိယူလာခဲ့သော ပိုးလက်ကိုင်ပဝါဖြင့် လက်ဝဲဘက် လက်သီးဆုပ်ကို ရစ်ပတ်လိုက်၏။ ထို့နောက် လက်ကိုင်ပဝါအစကို လက်ဖဝါးအတွင်းဘက်သို့သွင်းကာ လက်ချောင်းများဖြင့် ညှပ်ထားလိုက်လေသည်။

"ခင်ဗျား ကျုပ်ကိုသိပ်ကြောက်နေတယ်ထင်တယ်"

"ရှင့်ကို ဟုတ်စ၊ ဟား ဟား ဟား ရယ်ချင်သေးကွယ်။ ဘယ်သူက ကြောက်ရမှာလဲ၊ ကြောက်ရမှာက ရှင် ရှင့်"

"ဘာဖြစ်လို့"

"ကျွန်မပြောတဲ့ စာမရေးဘူးများထင်နေသလား။ ကျွန်မလိမ်တာ မဟုတ်ဘူး။ အဟုတ်ကို ရေးပေးထားပြီးပြီ။ ကျွန်မမိတ်ဆွေကကော ဒီစာကို မထည့်ဘူးထင်သလား။ ကျွန်မညာတာ မဟုတ်ဘူး. . . "

"ခင်ဗျား မညာဘူးဆိုတာ ကျုပ်သိပါတယ်။ နို့ပေမဲ့ ဒါအရေးမကြီး ပါဘူး. . . "

ဦးစိန်ဒုန်းသည် လက်ကိုင်ပဝါချည်ထားသော လက်သီးဆုပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။ ထို့နောက် လက်သီးဆုပ်ကိုနောက်သို့ ဝှက်ကာ မခင်စောလှိုင်အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်သွားလေသည်။

မခင်စောလှိုင်သည် မျက်နှာကိုလက်ဝါးဖြင့် ကွယ်ကာ "မလုပ်နဲ့နော် ဦးစိန်ဒုန်။ ကျွန်မတစ်ခုခုဖြစ်ရင် ရှင်မသက်သာဘူးမှတ်ထား။ ရှင် မသက်သာ ဘူးနော်" ဟုပြောရင်း နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်၏။

ထိုခဏ၌ပင် ဦးစိန်ဒုန်း၏ လက်ဝဲဘက်လက်သီးသည် မခင်စောလှိုင် ၏ မေးရိုးပေါ်သို့ ကျသွားလေရာ နေရာ၌ပင် သတိမေ့ကာလဲကျသွားလေ၏။ သို့သော် ကြမ်းပြင်ပေါ်သို့ မကျမီ ဦးစိန်ဒုန်းက ပွေ့၍ထားလိုက်လေသည်။ ဦး စိန်ဒုန်းသည် သတိမေ့နေသော ခင်စောလှိုင်၏ မျက်နှာတွင် ဒဏ်ရာအမှတ်အသား များကျန်ရစ်လေသလောဟု စစ်ဆေးလျက်ရှိ၏။ ဒဏ်ရာဒဏ်ချက်ဟူ၍ကား မတွေ့ရပေ။

ဦးစိန်ဒုန်းသည် ခင်စောလှိုင်အား ခုတင်ပေါ်၌ ခေတ္တတင်ထားပြီးလျှင် အပြင်ခန်းမှ ကုလားထိုင်တစ်လုံးကို မီးဖိုခန်းထဲသို့ သွင်းခဲ့လေ၏ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်ကို မီးဖိုနှင့်ကပ်၍ထားပြီးလျှင် သတိမေ့နေသော ခင်စောလှိုင်အား ကုလားထိုင်တွင်မှီ၍ထားလိုက်လေသည်။

ထိုအချိန်၌ကား မှာတ်မီးဖိုမှ အငွေ့များသည် အတော်များများပင် ထွက်နေပြီဖြစ်၍ တစ်ခန်းလုံးမွှန်လျက်ရှိနေပြီဖြစ်ရာ ဦးစိန်ခုန်းလည်း နောက်ဖေး ပြတင်းပေါက်ကို ပိတ်လိုက်၏။ ထို့နောက် ခြေရာလက်ရာအားလုံးကို ဖျက်ပြီးသော် တံခါးကို အပြင်မှစေ့ခဲ့လေသည်။

ဦးစိန်ခုန်းသည် ထိုညဉ့်အိမ်တွင် မအိပ်ဘဲ ဗဟန်းရှိသူငယ်ချင်း တစ်ယောက်အိမ်သို့ သွား၍အိပ်၏။ နောက်ည၌လည်း အိမ်သို့မပြန်ချေ။

ထိုနေ့ထုတ် နံနက်သတင်းစာများ၌ကား မခင်စောလှိုင်သေဆုံးသွားပုံကို ဓာတ်ပုံများနှင့်တကွ ရေးသားဖော်ပြကြ၏။ ၎င်း၏ ရာဇဝင်မှာ မခင်စောလှိုင်သည် ဝန်ထောက်ကတော်မုဆိုးမတစ်ယောက်ဖြစ်၍ ဘိုကတော်ကျတစ်ယောက်လည်းဖြစ်ကြောင်း။ စိန်ပွဲစား, ရွှေပွဲစားအလုပ်ကို လုပ်ကိုင်ခဲ့ရာ လွန်ခဲ့သော ၁၉၃၇ ခုနှစ်က လိမ်လည်မှုဖြင့် ထောင် ၁ နှစ်ကျဖူးကြောင်း။ မြို့ပေါ်တွင် နေရာအတည်တကျမနေဘဲ ဟိုမှသည်မှ ပြောင်းရွှေ့နေထိုင်တတ်ပြီးလျှင် သားနားသပ်ရပ်သော အဖိုးတန်အခန်းများ၌သာ ငှားရမ်းနေထိုင်တတ်ကြောင်း။ မကြာသေးမီက မခင်စောလှိုင်သည် မကိုလမ်းရှိ စိန်ဘာဘူတစ်ဦးထံမှာ စိန်ထည်ရွှေထည် ပစ္စည်းများကို ရောင်းချရန် ယူသွားရာ ယခုတိုင်ပြန်၍မအပ်သေးကြောင်း။ ယခု သေဆုံးရပုံမှာ မခင်စောလှိုင်သည် ယင်းပစ္စည်းများကို အလွဲသုံးစားပြုလုပ်ပြီးနောက် ပြန်မပေးနိုင်သဖြင့် ရေနံဆီတတ်ငွေ့များကိုရှူ၍ကာ မိမိကိုယ်ကို မိမိသတ်သေသည်ဟု ယူဆရကြောင်း။ အခန်းထဲတွင် ယင်းပစ္စည်းများကို အစအနမျှ မတွေ့ရကြောင်း။ သို့သော် တိုက်ခိုက်ယှဉ်ငင်သွားသည့် လက္ခဏာမရှိ။ အခန်းမှာ လည်းခြေရာလက်ရာ မပျက်ရှိနေကြောင်း။ သို့သော် အမှတ်မဲ့အိပ်ပျော်သွားစဉ် လုံခြုံသောအခန်းဖြစ်၍ ဓာတ်ငွေ့များမွှန်ကာ သတိမေ့လျော့သွားပြီးနောက် သေဆုံးသွားခြင်းလည်းဖြစ်နိုင်ကြောင်းဖြင့် ရေးသားဖော်ပြထားကြ၏။

ဦးစိန်ခုန်းသည် သတင်းစာ ၂ စောင်၊ ၃ စောင်ကိုဝယ်၍ သတင်းစာချင်း တိုက်ဆိုင်ဖတ်ကာ မိမိခြေရာဖျောက်လုပ်ခဲ့သည့် အကြံ ပီပြင်သပ်ရပ်မှုကို ပီတိဖြစ်လျက်ရှိလေသည်။

စိုးရိမ်ရန်တစ်ခုကား ကျန်သေး၏။ ၎င်းမှာ အခြားမဟုတ်၊ မိမိအား မခင်စောလှိုင် မသေမီက ငြိမ်းခြောက်ပြောဆိုခဲ့သော “တ” အကြောင်းပင်

www.burmeseclassic.com



ဖြစ်ပေသည်။ သို့သော် ထိုစာအတွက် များစွာအရေးမကြီးလှချေ။

ရဲမင်းကြီး ဦး. . . . ၏သို့ တိုက်ရိုက်ပေးစာများမှာ မိမိလက်အောက် စာပေးစာယူမောင်အုန်းမောင်ထံ တစ်ဆင့် သွားရမည်ဖြစ်သောကြောင့်ပေတည်း။

ထိုနေ့၌ ဦးစိန်ဒုန်းသည် ရုံးသို့စောစောတက်ခဲ့လေသည်။

စာပေးစာယူစာရေး မောင်အုန်းမောင်ထိုင်သော စားပွဲမှာ မိမိစားပွဲမှ မြင်နိုင်၍ ဦးစိန်ဒုန်းသည် မောင်အုန်းမောင်အလစ်ကိုသာ စောင့်ကြည့်လျက်ရှိလေ၏။

၁၀ နာရီခွဲခန့်အချိန်တွင် မောင်အုန်းမောင်သည် ထိုနေ့အဖို့ ရဲမင်းကြီး ထံပို့ရန် စာများနှင့်တကွ တင်ပြရန်ဖိုင်တွဲများကို လက်ယာဘက်အံဆွဲတွင် ခေတ္တ ထည့်ထားခဲ့ပြီးနောက် အချိန်လိုသေးသည်နှင့် လက်ဖက်ရည်သောက်ရန် ခေတ္တ ဆင်းသွားလေ၏။ ထိုအခါ ဦးစိန်ဒုန်းလည်း မောင်အုန်းမောင်စားပွဲရှိရာသို့ ထ လာခဲ့ပြီးလျှင် အလုပ်နှင့် ပတ်သက်သည့်စာရွက်များ လိုက်လံရှာဖွေသည့်ဟန် ဖြင့် အခြားအံဆွဲများကို ပထမရှာဟန်ဆောင်ပြီး ထိုနေ့တင်ပြရမည့်စာများကို လှန်လှော ရှာဖွေလေ၏။ သို့ ရှာဖွေရာ စာ ၃-၄ စောင်အောက်၌ မိန်းမလက်ရေး ဖြင့် ရဲမင်းကြီးထံ နာမည်တပ်ထားသော စာအိတ်တစ်လုံးကို တွေ့ရ၏။ စာအိတ် လက်ဝဲဘက်၌လည်း K.S.H ဟုရေးသားထားလေသည်။

သို့နှင့် အခြားစာရေးများ မမြင်စေရန် တစေ့တစောင်းကြည့်ပြီးနောက် အလစ်တွင် ထိုစာအိတ်ကို မိမိအင်္ကျီအိတ်ထဲသို့ထည့်၍ ယူခဲ့လေ၏။ ထို့နောက် စာကိုအေးအေးဆေးဆေးစွာဖတ်ရန် ထိုနေ့အဖို့ နေ့ဝက်အခွင့်ယူပြီးလျှင် မိမိတိုက်ခန်းသို့ ပြန်ခဲ့လေသည်။

မိမိအခန်းသို့ရောက်၍ စာအိတ်ကိုကပျာကယာဖွင့်ပြီးလျှင် ဖတ်ကြည့်ရာ စာမှာ ရဲမင်းကြီး ဦး . . . ၏ ဇနီးဟောင်း အင်းစိန်မြို့နေ ခင်စောလှဆိုသူ မိန်းမတစ်ယောက် ငွေကြေးထောက်ပံ့ရန် တောင်းခံစာဖြစ်ကြောင်း အံ့ဩစွာ တွေ့ရှိရလေသည်။

ဦးစိန်ဒုန်းသည် မျက်လုံးများပြူးသွား၏။ လက်များတဆတ်ဆတ်တုန် အာ သောက်နေသော စီးကရက်ပင် လက်ထဲမှ လွတ်ကျသွားလေသည်။

သို့ရှိစဉ် အပြင်မှ တံခါးခေါက်သံကြားရသဖြင့် ဦးစိန်ဒုန်းသည် တုန် ဆင်သောလက်များဖြင့် တံခါးကိုဖွင့်ပေးလေရာ ရဲအုပ်တစ်ယောက်နှင့် ရဲသား တစ်ယောက်တို့သည် အခန်းတွင်းသို့ ဝင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်သည် ဦးစိန်ဒုန်းလက်ကို ဆုပ်ကိုင်လိုက်ပြီးနောက်–

"ခင်ဗျားမိန်းမ မခင်ကျော့ကို သတ်တဲ့အမှုနဲ့ဖမ်းတယ်"

ဟုပြောကာ ရဲသားက လက်ထိတ်ခတ်လိုက်၏။

စိန်။ ။"ဘာဖြစ်လို့လဲ ခင်ဗျာ၊ ကျွန်တော်မသတ်ရပါဘူးခင်ဗျာ"

"ဒီဟာတော့ ရုံးကျမှရှင်းရုံပေါ့။ ရဲမင်းကြီးအမိန့်နဲ့ ကျုပ်တို့ကတော့ ဝတ္တရားအတိုင်း ဆောင်ရွက်ရတာပဲ. . . "

ဘားလမ်းအချုပ်ထောင်သို့ ရောက်ပြီးနောက် ညနေခင်း၌ ဦးစိန်ဒုန်းသည် စာပေးစာယူ စာရေးမောင်အုန်းမောင်ထံမှ သတင်းတစ်ခုကြားသိရလေရာ ထိုသတင်းမှာ ထိုနေ့ရဲမင်းကြီးထံသို့ မခင်စောလှိုင်အမည်ဖြင့် ရောက်ရှိလာသော လျှို့ဝှက်စာတစ်စောင်အတွက် ဖမ်းဆီးခြင်းဖြစ်ကြောင်းဖြစ်လေသည်။

ကံကြမ္မာကား ရှောင်လွှဲ၍မရပေ။ မကောင်းမှုသည် မကောင်းကြံစည်သူထံခြေရာခံ၍ လိုက်တတ်လေသည်။

အမှန်သော် ထိုနေ့က ရဲမင်းကြီးထံသို့ မိန်းမလက်ရေးဖြင့် စာ ၂ စောင်ရောက်ရှိလာရာ တစ်စောင်မှာ ရဲမင်းကြီး၏ ဇနီးဟောင်း မခင်စောလှထံမှ စာဖြစ်၍ အခြားတစ်စောင်မှာ သေသူမခင်စောလှိုင်ထံမှ စာဖြစ်၏။ ကံဆိုးသော ဦးစိန်ဒုန်းမှာ ရဲမင်းကြီး၏ ဇနီးဟောင်းထံမှစာကို မိမိအလိုရှိသော ခင်စောလှိုင်၏စာ ထင်မှတ်သဖြင့် ယူခဲ့ခြင်းဖြစ်လေသည်။

([illegible])

www.burmeseclassic.com

www.burmeseclassic.com

# ငါးမိမ်းမြင့် ငါးကင်းပစ်

ပြည်မြို့တောင်ဘက်ရှိ "မင်းကြီးတောင်"၏အောက်ခြေတွင် ပြည်-ရန်ကုန်လမ်းမကြီးသည် ဝိုင်းပတ်ကွေ့ကောက်၍ သွားလေရာ အနောက်ဖက်တွင် နက်မှိုင်းသော ချောက်ကမ်းပါးကြီးသည် ဧရာဝတီမြစ်ချေပြင်သို့ တောက်လျှောက်ကျဆင်းသွားလေသည်။ ထိုလမ်းကိုပင် ပြည်မြို့ကမ်းနားလမ်းဟု ခေါ်တွင်၏။ အချို့နေရာများ၌ အရှေ့ဘက်တွင် မြင့်မားသော တောင်ကမ်းပါးပြတ်နှင့် အနောက်ဘက်တွင် ဧရာဝတီမြစ်အတွင်းသို့ ဒုတ်ဒုတ်ထိရောက်ရှိသည့် ချောက်ကမ်းပါးတည် ရှိလေရာ အလယ်၌ရှိသော လမ်းမှာ ၁၅ ပေ ၁၆ ပေမျှသာ အနိုင်နိုင်ရှိ၏။ သို့ဖြစ်၍လည်း လမ်းသွားလမ်းလာများနှင့်တကွ မော်တော်ကား ယာဉ်ရထားတို့၏ ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် လမ်း၏ အနောက်ဘက်တစ်လျှောက်တွင် (၃)ပေခန့် မြင့်သော ဝိုင်းတန်များကို အကာအကွယ်အဖြစ် အစိုးရကဆောက်လုပ်ပေးထား၏။ ညနေစောင်းများတွင် မြို့နှင့်နီးသော အချို့နေရာများ၏ ဝိုင်းတန်များပေါ်တွင် လူရွယ်လူငယ်တို့သည် အချို့မြစ်ဘက်သို့ မျက်နှာမူလျက်၊ အချို့လမ်းဘက်သို့ လှည့်လျက်၊ အချို့တစောင်းတင်ပလွဲထိုင်လျက် အေးအေးဆေးဆေး စကားစမြည် ပြောဆိုနေတတ်ကြလေသည်။

ဝိုင်းတန်များမှာ (၄)ပတ်လည် ပျဉ်းကတိုးတိုင်ကြီးများဖြင့် နိုင်ခန့်စွာ ဆောက်လုပ်ထားပြီးလျှင် ညဉ့်အခါများ၌ အလွယ်တကူမြင်နိုင်စေရန် ဆေးဖြူများပင် သုတ်ထားသေး၏။ ညနေစောင်းတွင် လေပြည်လေညင်းကလေးများသည် ပြာလဲ့သောဧရာဝတီမြစ်၏ ရေပြင်ကို တိုက်ခတ်ဖြတ်သန်းလာသဖြင့် [illegible]ကြောင်း မြစ်အနောက်ဖက်ကမ်းရှိ တောင်တန်းများပေါ်မှ ဝင်လုဆဲဆဲသော နေရောင်သည် မြေနီပြင့်ရောစပ်လျက်ရှိသော တောင်ခြေလမ်းပေါ်သို့ မှေးမှိန်စွာ ကျရောက်လျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသဖြင့်တကြောင်း ထိုလမ်းတစ်လျှောက်မှာ လွန်စွာပင်သာယာလျက် အချို့ လူပြတ်သော လမ်းကြော့များတွင် "လမ်းလျှောက်ရန်"ထက် သမီးရည်းစား စကား ပြောရန်ကောင်းသောနေရာများဖြစ်သည်ဟု မြို့သားများက ဆိုကြလေသည်။

မှုံ့အိုက်သောနွေရာသီ၏ တစ်နေ့သော ညနေစောင်း၌ လူပြတ်သော လမ်းကြော့တစ်ခုနှင့် မျက်နှာချင်းဆိုင်ဘက်တွင် အပြာနုရောင် ဖောက်ဖော်ကား ကလေးတစ်စီးရပ်ထားရာ ဒရိုင်ဘာ၏ ထိုင်ခုံတွင် မိန်းမပျိုတစ်ယောက်ဝင်၍ ထိုင်ပြီးနောက် စက်ကိုနှိုးလေ၏။ ထိုအချိန်၌ ကားနံဘေး တောင်ခါးပန်းရှိ လူသွား လမ်းကလေးပေါ်တွင် သူငယ်လေးတစ်ယောက်သည် လေချွန်ရင်း လမ်းပေါ်မှ ကျောက်ခဲများကို ခြေဖြင့်ကန်ကျောက်၍ လာသဖြင့် ကျောက်ခဲကလေးများသည် ကားနံဘေးသို့ ကျလာ၏။ မိန်းမပျိုသည် အပေါ်သို့မော်ကြည့်ရင်း စက်ကိုအသာ အယာပြန်၍ ပိတ်လိုက်လေသည်။ လူသွားလမ်းကလေးမှာ ၂ ပေခန့်ကျယ်ဝန်း၍ ကျောက်စရစ်ခဲများ၊ မြေစာလုံးများဖြင့် ဖုံးအုပ်လျက်ရှိရာ နံဘေးတွင် လူတစ်ရပ် ခန့်မြင့်သော ချုံပုတ်ကလေးများရှိသဖြင့် အချို့နေရာများ၌ကား ကမ်းနားလမ်းဘက် သို့မြင်ရ၏။ သူငယ်လေးသည် တေးတစ်ပုဒ်ကို လေချွန်ရင်း တောင်ဘက်မှ မြောက်ဘက်သို့ လျှောက်သွားပြီးမှ တစ်ဖန် တောင်ဘက်သို့ ပြန်လာပြန်၏။ သို့သော် လေချွန်သံကား မရပ်ချေ။ လူကို သဲကွဲစွာ မမြင်ရဘဲ ချုံတစ်ခုနှင့် တစ်ခုကြားပြတ်သွားသည့်အခါ၌သာ ရိပ်ခနဲမြင်လိုက်ရသော်လည်း လေချွန်သံကို မူ အဆက်မပြတ်ကြားနေရ၏။ သူငယ်မှာ အသက် (၁၃)နှစ်ထက် ကြီးဟန်မတူ သေးဘဲ အင်္ကျီလက်တိုကွက်ကျားနှင့် ဘောင်းဘီရှည်ကို ဝတ်ထား၏။

ကားနှင့်တည့်တည့်နေရာသို့ရောက်လျှင် သူငယ်လေးသည် ကားဘက် သို့လှမ်းကြည့်နေသည်ကို ချုံများအကြားမှ တစ်ခါတစ်ရံ ရိပ်ခနဲမြင်လိုက်ရသဖြင့် မသိန်းနွဲ့သည် စိတ်ကိုမလုံသကဲ့သို့ ရင်များတဆတ်ဆတ်ခုန်လျက်ရှိသောကြောင့် လက်ဝဲဘက် လက်ကလေးဖြင့် မို့မောက်သောရင်အုံကို အသာအယာဖိထားလိုက် ရ၏။ သူငယ်သည် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်နှင့်အမျှ ကျောက်ခဲ ကလေးများသည် ကားနံဘေးသို့ ကျလာပြီးလျှင် လေချွန်သံကိုလည်း အဆက် မပြတ်ကြားနေရလေသည်။ ထို့နောက် သူငယ်သည် မြောက်ဘက်သို့ လျှောက် သွားရာ လေချွန်သံသည်လည်း တဖြည်းဖြည်းဝေးသွားသဖြင့် ထိုအခါ မသိန်းနွဲ့ သည် အတန်ငယ် စိတ်သက်သာရာရပြီးလျှင် စီးကရက်တစ်လိပ်ကို မီးညှိ၍

www.burmeseclassic.com



သောက်လိုက်လေသည်။

အထက်ပါအကြောင်းများမှာ ၂ မိနစ်ခန့်မျှသာ ကြာသော်လည်း မသိန်းနွဲ့စိတ်ထဲတွင် ၂ နာရီခန့်ကြာသည်ဟု ထင်ရ၏။

"ဟင်-ငါလည်း ငိုင်ပြီးနေလိုက်တာ ဒီနေရာမှာ ကြာကြာနေလို့ မတော်ဘူး။ သွားမှ သွားမှ၊ အင်း- အိမ်ကငနဲတော့ ကိစ္စချောပေပြီ။ ပေ (၅၀)လောက်မြင့်တဲ့ကမ်းပါးပေါ်ကနေပြီး ဝဲထဲတစ်ခါတည်းကျသွားတာ ဘယ်နှိုင်မလဲ။ ပြီးတော့ သူ့ရေကူးတတ်တာလဲ မဟုတ်ဘူး"

မသိန်းနွဲ့သည် တစ်ကိုယ်တည်းပြောသကဲ့သို့ စိတ်တွင်ပြောရင်း စဉ်းစားလိုက်ပြီးနောက် စက်ကိုနှိုးလိုက်၏။ အပြာရောင် ကားကလေးသည် ရွှံ့နွံများရှိရာ နေရာမှ မြေ့အာပေါ်သို့ ခုန်၍တက်ကာ ဝူးခနဲဆောင့်၍ထွက်သွားလေသည်။

မသိန်းနွဲ့သည် တစ်ကိုယ်တည်း ပြောသကဲ့သို့စိတ်တွင်ပြောရင်း စဉ်းစားပြီးနောက် ကားကိုစက်နှိုးလိုက်၏။ အပြာရောင်ကားကလေးသည် ရွှံ့နွံများရှိရာ နေရာမှ မြေမာပေါ်သို့ ခုန်၍တက်ကာ ဝူးခနဲဆောင့်ထွက်သွားလေသည်။

မသိန်းနွဲ့သည် ကားကိုမြို့ဘက်သို့ ခပ်ဖြည်းဖြည်းပင် ဦးခေါင်းမှပျက်မောင်းလာခဲ့၏။ ထိုအချိန်၌ မှောင်စပြုပြီဖြစ်သဖြင့် မြို့ထဲတွင် ထွန်းညှိထားသော ဓာတ်မီးများကို အဝေးမှ လှမ်းမြင်ရ၏။ လမ်းဘေးတစ်ဖက်တစ်ချက်၌ကား မှောင်လျက်ရှိလေသည်။ လွန်ခဲ့သော ၁၅ မိနစ်ခန့်က မိမိသည်ကိုသိန်းထွန်းနှင့် ခါးချင်းဖက်ကာ ငိုင်းတန်းပေါ်၌ထိုင်၍ စကားပြောနေခဲ့သည်များကို ပြန်၍ သတိရမိ၏။

"အို-ငါဟာ ကိုသိန်းထွန်းအကြောင်းဘာမှပြန်စဉ်းစားနေစရာ မလိုဘူး။ အခုလောက်ဆိုရင် သူ့အလောင်းဟာ ဝဲထဲလှည့်ပြီး တော်တော်ကြာ မျောနေတော့မှာပဲ"

ဤသို့ စဉ်းစားလိုက်မိသည့်အခိုက်၌ ကားရှေ့တွင် ကျရောက်လျက်ရှိသော အမှောင်ထုအတွင်းမှာ ကိုသိန်းထွန်း၏ မျက်နှာပေါ်လာ၏။ ကိုသိန်းထွန်းသည် မျက်ရည်များတဖြိုင်ဖြိုင်ကျကာ သနားဖွယ်ကောင်းသော မျက်လုံးများဖြင့် မိမိအားမလွှဲမယှက်ကြည့်နေသည်ကို မြင်ရ၏။

"အို-ငါစိတ်က ထင်တာပါ။ မဟုတ်နိုင်ပါဘူး"

မသိန်းနွဲ့သည် အဝတ်တစ်ခုကိုယူ၍ လက်ဝဲဘက်လက်ဖြင့် ကားရှေ့၌ရှိသောမှန်ကို ပွတ်တိုက်သေး၏။ သို့သော် ကိုသိန်းထွန်း၏ မျက်နှာကား မပျောက်



www.burmeseclassic.com

www.burmeseclassic.com



၌ မသွားချေ။ သို့နှင့် မသိန်းနွဲ့သည် ကားကို လမ်းဘေးသို့ ရှတ်တရက်ထိုးရပ်လိုက်ပြီးလျှင် မိမိ၏မျက်နှာကို စတီယာရင်ကိုင်သော လက်နှစ်ဖက်ပေါ်သို့ တင်မှှောပ်၍ ထားလိုက်၏။ သို့သော် ကိုသိန်းထွန်း၏ မျက်နှာကား မိမိ၏ မျက်လုံးထဲမှ မထွက်ချေ။

"အို–ငါဒီလိုရပ်နေလို့ မဖြစ်သေးပါဘူး။ ဆင်စုတောင်ဘက်က လက်ဖက်ရည်ဆိုင်ထဲမှာ ကိုမြခင်နဲ့တွေ့ဖို့ ချိန်းထားတာပဲ။ အခုလောက်ရှိရင် သူစောင့်များနေမလား မပြောတတ်ဘူး"

မသိန်းနွဲ့သည် ကားကို ဆက်လက်မောင်းပြန်လေသည်၊ သို့သော် ကိုက် ၂၀ မရောက်မီ ကိုသိန်းထွန်း၏ မျက်နှာပေါ်လာပြန်သဖြင့် "ရှင်သေပြီးချောက်ထဲကျသွားပြီး ဝဲထဲကျသွားပြီ မဟုတ်လား"

မသိန်းနွဲ့သည် ပါးစပ်မှအသံကလေးများပင် ထွက်မိ၏။ ကိုသိန်းထွန်းအကြောင်းကို မစဉ်းစားမိအောင် ကြိုးစား၏။ ကိုသိန်းထွန်းကား လူရိုးလူအတစ်ယောက်ဖြစ်၏။ မယားကိုပင် တွေးတွေးနွေးနွေး, ယုယုယယမချော့တတ်။ မချစ်တတ်၊ ကိုမြခင်မှာမူ ကြမ်းကြမ်းတမ်းတမ်းနှင့် မိမိအား ဆွဲလားငင်လား၊ ပုတ်လားခတ်လား ရက်ရက်စက်စက်ချစ်တတ်၏။ (မိန်းမများသည် တစ်ခါတစ်ရံ စိတ်ဖောက်ပြန်လျက် နုနယ်ယုယသော အချစ်မျိုးကို တွန်းပြန်၍ မချစ်လိုပဲ ကြမ်းတမ်းရက်စက်၍ ပိုင်ပိုင်နိုင်နိုင်, ရဲရဲဝံ့ဝံ့အချစ်မျိုးကိုပို၍ စွဲမက်တတ်၏။) ယင်းသည်ကား မ,သဘာဝ၏ ဖောက်ပြန်တတ်သောဓမ္မတာတစ်မျိုးဖြစ်သဖြင့် ဆန်းကြယ်လှပေ၏။

မသိန်းနွဲ့သည် မိမိလင်ကြီးဖြစ်သော ကိုသိန်းထွန်းအပေါ်တွင် စိတ်ကိုဖြတ်ရန်နှင့် အချစ်သစ်ကိုမြခင်အကြောင်းကိုသာ စဉ်းစားရန် ကြိုးစားလျက်ရှိ၏။

"အမှန်တော့ ကိုမြခင်ကမှာ အားကိုးရတဲ့လူ။ ငါ့အပေါ်မှာ ချစ်တာကလည်း ကိုသိန်းထွန်းထက်တောင် ပိုသေးတယ်။ ရုပ်ချောတယ်၊ သဘော,ကောင်းတယ်၊ အကြံဉာဏ်ကောင်းတယ်။ ဘာလိုသေးလဲ၊ အခုဟာလည်း သူပေးတဲ့အကြံဉာဏ်အတိုင်းပဲ။ သဘော်ဆိပ်ရောက်မှ ညောင်ပင်ကြီးအောက်မှာ ကားရပ်ပြီး လင်မယားနှစ်ယောက် ရေချိုးချင်ယောင်ဆောင်၊ တော်တော်ကလေးကြာတော့ ကိုသိန်းထွန်းဟာ ရေနက်ထဲကျသွားလို့ မြုပ်သွားတာ မြင်လိုက်ရတယ်ဆိုပြီး အမယ်လေး၊ လာကြပါဦး။ ကျွန်မယောက်ျားရေနစ်နေပါတယ်လို့ နှစ်ခွန်းသုံးခွန်းအသံကုန်အော်လိုက်ရင် လူတွေလာမှာပဲ။ နို့ပေမဲ့ မှောင်ခါစအချိန်ဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့မှလိုက်ပြီးဆယ်ဝံ့မယ် မဟုတ်ပါဘူး။ ဆယ်လိုကော တွေ့မှာတဲ့လားလို့"

သို့စဉ်းစားရင်း မသိန်းနွဲ့သည် ကားကလေးကို လက်ဖက်ရည်ဆိုင်ရှိရာသို့ မောင်းနှင်ခဲ့လေ၏။

◆ ◆ ◆

အလုပ်သမားအရာရှိကလေး ကိုသိန်းထွန်းသည် ဇနီးသည် မသိန်းနွဲ့အားလွန်စွာယုယကြင်နာခဲ့၏။ အခြားသူများထက်ပို၍ အလိုလိုက်ခဲ့၏။ အားလပ်သောနေ့များ၌ မသိန်းနွဲ့ သွားလိုသောနေရာများကို မိမိကိုယ်တိုင် ကားမောင်း၍ပို့ခဲ့၏။ ကိုသိန်းထွန်းနှင့်မရမီက မသိန်းနွဲ့မှာ သဲကုန်းမြို့ ဈေးထဲတွင် အထည်အလိပ်များ ရောင်းချသော ဈေးသည်မကလေး တစ်ယောက်ဖြစ်ခဲ့ရာ ပြည်မြို့သို့ မကြာခဏလာရောက်၍ မိမိအဒေါ်ကြစ်သူ အထည်ရောင်းချသော လက်ကားဆိုင်ကြီးတွင် ပထမစ၍ တွေ့ခဲ့ရ၏။ ထိုအချိန်မှစ၍ ကိုသိန်းထွန်းသည် မသိန်းနွဲ့အပေါ်တွင် မျက်စိကျလျက် စွဲစွဲလမ်းလမ်း ချစ်ခင်မိရာမှအစ အဒေါ်ဖြစ်သူ၏ စေ့စပ်ချက်အရ အကြောင်းပါခဲ့ခြင်းဖြစ်လေသည်။ ထိုအချိန်က ကိုသိန်းထွန်းမှာ မသိန်းနွဲ့၏ ဖျတ်လတ်သွက်လက်ခြင်းကိုလည်းကောင်း၊ ရိုးသားဖြောင့်မတ်ခြင်းကိုလည်းကောင်း၊ အထူးသဖြင့် အသားဖြူ၍ ကြွေရုပ်ကလေးတမျှ မသိန်းနွဲ့၏ လှပသော ရုပ်အဆင်းကို မျက်စိကျ၍ စွဲမက်ခဲ့ခြင်းဖြစ်၏။ မသိန်းနွဲ့ကမူ အတန်ငယ်အသားညိုသော ကိုသိန်းထွန်းအား ပိုက်ဆံငွေကြေးနှင့် ပြည့်စုံသော အရာရှိကလေးဖြစ်သည်ဟူသော အချက်ကိုသာ မှတ်ည်ပြီးလျှင် လက်ထပ်ခဲ့ခြင်းဖြစ်လေသည်။

လက်ထပ်ပြီးနောက် ၆ လခန့်မျှ ကြာရှိသောအခါ လူကြီးမိဘများပေးစားသော လင်မယားတို့သည် လက်ထပ်ပြီးနောက် ရက်လအတော်ကြာမှ တစ်ယောက်အကြောင်း တစ်ယောက်ကောင်းစွာ သိရှိနားလည်တတ်ကြသည့်အတိုင်း မသိန်းနွဲ့က ကိုသိန်းထွန်းအပေါ်တွင် ပို၍သိရှိနားလည်လာတော့၏။ ကိုသိန်းထွန်းသည် လက်အောက်ငယ်သားများအပေါ်တွင် ကြင်နာခြင်း၊ ဖြောင့်မတ်ခြင်းရှိ၏။ လာဘ်သပ္ပကာများကို ရွံရှာမုန်းတီး၏။ တာဝန်ရှိသူစာချီလက်အောက်ငယ်သား အလုပ်သမားမကျန် အခါကြီးရက်ကြီးများ၌ မိမိအား ကန်တော့သောပစ္စည်းများ၊ လက်ဆောင်ပဏ္ဏာများကိုပင် လက်မခံတတ်ခြင်းပယ်တတ်၏။ တစ်ကြိမ်တွင် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့၌ အောက်တန်းစာရေးကလေး

www.burmeseclassic.com



တစ်ယောက်က ပလောက်ပုံချည်တစ်ထည်ဖြင့် လာရောက်နေတော့ရာ ကိုသိန်းထွန်းက "ဟော့ ဒီဟာတွေ မလုပ်စမ်းပါနဲ့ကွယ်။ မင်းလုံချည်ပြန်ယူသွားပါ။ မင်းကုန်တော့ ချင်ရင် ဖယောင်းတိုင် တစ်ထုပ်ဝယ်ခဲ့တော်ပြီ" ဟုပြောလိုက်၏။

ယင်းကဲ့သို့ ကိုသိန်းထွန်း၏ အပြုအမူများကို မြင်ရသောအခါ လောဘကြီးသော အထည်သည်ဘဝမှတက်လာသော မသိန်းနွဲ့သည် ယောက်ျားအပေါ် အားမလိုအားမရဖြစ်မိ၏။ "ကိုသိန်းထွန်းဟာ သိပ်ရိုးတာပဲ၊ ရိုးတော့ အတယ်။ အတွဲလူဟာ ဘယ်တော့မှမကြီးပွားနိုင်ဘူး။ သူများအရာရှိများ ဒီလိုမဟုတ်ပေါင်" စသည်ဖြင့် တစ်ခါတစ်ရံ မိတ်ဆွေသူငယ်ချင်းများကိုပင် ဖွင့်၍ပြောတတ်၏။

ခရိုင်နယ်ပယ်များတွင် ရန်ကုန်မြို့ကြီးလောက်"ဆိုရှယ်" ကိစ္စများနှင့် အပျော်အပါးမများသော်လည်း အထိုက်အလျောက် ရှိကြသေးရာ အငှားအတန်း ပွဲလမ်းသဘင်ပျော်ရွှင်မှု အခမ်းအနားများသို့ ကိုသိန်းထွန်းလိုက်ပို့သည်နှင့်ပင် မကျေနပ်သေးဘဲ မိမိအလိုအလျောက် အပေါင်းအသင်းများနှင့် ထွက်စပြု၍လာ၏။ ထိုအခါ အခြားအရာရှိကတော်ကြီးများ ဝတ်ဆင်ထားသည့်နည်းတူ စိန်ရွှေလက်ဝတ်လက်စားများသာမက ခေတ်အဆန်ဆုံးသော နိုင်လွန်၊ ဘရိုကိတ်၊ ရေမွှေး၊ ပေါင်ဒါများကလည်း လို၍လာတော့ရာ ကိုသိန်းထွန်း၏ လခမှာ တစ်လနှင့်တစ်လ အလျှံမမီနိုင်သည့် ဘဝသို့ရောက်ရှိလာတော့၏။ ဖခင်ကြီးဝယ်ပေးထားသော ကားကလေးကိုထိန်းသိမ်းရန်ပင် အနိုင်နိုင်ဖြစ်လာရတော့၏။ ဤသို့ဖြင့် လခမလောက်သည့်အခါများ၌ ကိုသိန်းထွန်းမှာ တစ်ခါတစ်ရံ ဖခင်ကြီးထံမှလည်းကောင်း၊ တစ်ခါတစ်ရံ မိတ်ဆွေသူငယ်ချင်းများထံမှလည်းကောင်း ချေးငှားရရှာလေသည်။

ယင်းကဲ့သို့ အပျော်အပါး အပေါင်းအသင်းများလာသောအခါ မသိန်းနွဲ့သည် တနင်္ဂနွေနေ့များသာမက အခြားအလုပ်ရက်များ၌ပင် မင်းကတော်၊ စိုးကတော်၊ အရာရှိကတော်များအိမ်သို့ သွားရောက်လည်ပတ်ကာ ထမင်းမြိန်စားမိတ်၍သွားခြင်း၊ လက်ဖက်ရည်သောက်မိတ်၍ သွားခြင်းမှအစ ဖိုကာဒေါင်းခြင်း၊ တွင့်တီဝမ်းဆွဲခြင်းများအထိ ခရီးရောက်၍လာခဲ့၏။ အပျော်အပါးကစားရာမှ အနိုင် ၁ဝိ ထိကစားဝံ့သော ဘဝသို့ တစ်စတစ်စ ရောက်လာခဲ့လေသည်။

အထက်တန်းလွှာ ကစားဝိုင်းများမှာ ပိုက်ဆံကြေးငွေလေး တစ်ဦးနှင့်တစ်ဦး မိတ်ဖွဲ့ခြင်း၊ အဝတ်အစားပြိုင်ခြင်း၊ ယောက်ျားနှင့်မိန်းမပိုးပန်းခြင်း၊ မြ



www.burmeseclassic.com

www.burmeseclassic.com



ရွယ်ခြင်း၊ ခွေးရောယှက်တင်၊ နေထိုင်ခြင်းတို့ကများရာ မသိန်းနွဲ့မှာ ဤကိစ္စမျိုးကို မကြားခဲ့ဖူး တွေ့ဖန်များလာသောအခါ တစ်စတစ်စ စိတ်ပါဝင်စားရှိလာတော့၏။

ဤကဲ့သို့ အထက်တန်းလွှာ ကစားဝိုင်းတစ်ဝိုင်းမှ မြခင်ဆိုသူအား တွေ့ရခြင်းဖြစ်လေသည်။ ကိုမြခင်မှာ ပွဲစားယောင်ယောင်၊ နိုင်ငံရေးသမားယောင်ယောင် တစ်ယောက်ဖြစ်၍ မြို့ပေါ်ရှိကုန်သည်ကြီးများ၊ ပွဲစားကြီးများနှင့် အစိုးရအရာရှိကြီးများထံ ကပ်ရပ်ကာ အလုပ်အကိုင်ကို အလျဉ်းသင့်သလို လုပ်ကိုင်စားသောက်နေထိုင်သူတစ်ယောက်ဖြစ်၏။ ရုပ်ရည်အားဖြင့်လည်း သနားကမားရှိသူတစ်ယောက်ဖြစ်သည့်အတိုင်း ဝတ်ကောစားကော ကြော့ကြော့မော့မော့နေတတ်သူတစ်ယောက်ဖြစ်ရာ သာမန်မိန်းမများကို မဆိုထားဘိဦး၊ သဘောထားနှုန်းသော အချို့မင်းကတော် စိုးကတော်အရာရှိကတော်လေးများ၏ အထင်အမြင်ကြီးခြင်းကို ခံရသူတစ်ယောက်ဖြစ်လေသည်။ မသိန်းနွဲ့သည် မင်းကတော်တစ်ယောက်က မိတ်ဖွဲ့ပေးသဖြင့် ကိုမြခင်နှင့် သိကျွမ်းခဲ့ရာမှအစ ကစားဝိုင်းများတွင် ၄-၅ ကြိမ်မျှ တွေ့ဆုံမိကြသောအခါ အပေါင်းအဖော်ဝင် ဖြစ်လာကြ၏။ တစ်နေ့တွင် မသိန်းနွဲ့မှာ အိမ်မှယူခဲ့သည့်ငွေ တက်တက်ပြောင်သည့်အပြင် အကြွေးလေးငါးဆယ်ပင် တင်ရှိနေသဖြင့် မနေတတ်မထိုင်တတ်ဖြစ်နေရာ ကိုမြခင်က ထိုအကြွေးများကို စိုက်၍ဆပ်လိုက်၏။ ထိုအခါမှစ၍ ကိုမြခင်အပေါ် ချစ်သခင်ကထက် အထင်အမြင်ကြီးလာပြီးလျှင် ကြည်ညိုလေးစား၍လာခဲ့ရာ ကိုမြခင်ကမူ နုပျိုလှသော သားကောင်အသစ်ကလေး တစ်ကောင်သည် မိမိထောင်ထားသော ထောင်ချောက်အတွင်းသို့ ဝင်ရောက်လာလေပြီဟု သဘောပိုက်မိလေသည်။

ဤသို့ဖြင့် မသိန်းနွဲ့မှာ အပြောကောင်း၊ အဆိုကောင်း၊ အကြံကောင်းသော ရုပ်လည်းကိုမြခင်ဘက်သို့ တစ်နေ့တခြား မေတ္တာစိတ်များ ယိုင်လာပြီးနောက် အသိုင်းဖြစ်သူ ကိုသိန်းထွန်းအားမဟုတ်ဘဲ ကိုမြခင်နောက်သို့ တစ်ခါတည်း လိုက်ပါသွားမည်ဟု စိတ်ကိုပိုင်းဖြတ်လိုက်လေသည်။ ထိုအခါ၌ကား မသိန်းနွဲ့နှင့် ကိုမြခင်တို့ နှစ်ယောက်ချင်းတွေ့ဆုံခဲ့ကြသည်မှာ ၄-၅ ကြိမ်မျှပင် ရှိခဲ့လေပြီ။

သို့သော်မသိန်းနွဲ့သည် မိမိ၏ မလွတ်လပ်သော ဘဝကိုလည်းကောင်း၊ မြခင်ဘက်ကလည်း ရာဇဝတ်ဖြစ်မှုမကင်းဘဲ အနှောင့်အယှက်ရှိမည့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



များကိုလည်းကောင်း အသီးသီးစဉ်းစားမိကြ၏။ သို့ဖြစ်၍ နောက်ဆုံးတွင် လင်ကြီးဖြစ်သူ ကိုသိန်းထွန်းအား ကိစ္စတုံးပျောက်ဖျက်ပစ်မှသာ မိမိတို့ရွှေရေးအတွက် အေးချမ်းတော့မည့်အကြောင်းကို နှစ်ယောက်စလုံး သဘောပေါက်ကြလေသည်။

သို့သော် ဤအကြံမှာ ခဲခဲယဉ်းယဉ်း ကြံစည်ရမည့်အကြံဖြစ်သဖြင့် ကိုမြခင်သည် သူကိုယ်တိုင် ကိုယ်ထိလက်ရောက်မလုပ်ဘဲ အကြံဉာဏ်မျှသာ ပေးပြီးလျှင် မသိန်းနွဲ့အား တာဝန်လွှဲအပ်ခဲ့၏။ ပထမ၌ မသိန်းနွဲ့သည် အတော်ပင်ငြင်းပယ်လျက်ရှိသော်လည်း ကိုမြခင်က "ဘာကြောက်စရာရှိသလဲနွဲ့ရဲ၊ လူပြတ်တုန်း မြှုန်းခနဲတွန်းချလိုက်ပြီးတဲ့နောက် ကားကလေးကို သင်္ဘောဆိပ် ရောက်အောင် မောင်းလာခဲ့ပေါ့။ ပြီးတော့ သင်္ဘောဆိပ်မှာ ခါတိုင်းလိုနှစ်ယောက်သားရေချိုးချင်ယောင်ဆောင် ငါတကြာတော့ ကိုသိန်းထွန်း ရေနစ်နေပြီလို့ အော်ရုံပေါ့၊ ဒီအခါ လူတွေဝိုင်းလာပြီး ထုံးစံအတိုင်းရှာဖွေကြမှာပဲ။ နောက်တစ်ရက်နှစ်ရက်ကြာတော့ အောက်ဆီမှာ သူ့အလောင်းကိုတွေ့မှာနဲ့ ကျုပ်တို့ကြံထားတဲ့အကြံနဲ့ မကိုက်ဘူးလား။ နွဲ့တစ်ခုသတိထားဖို့က နွဲ့နဲ့အတူ ကိုသိန်းထွန်း ရေချိုးတယ်ဆိုတာ ယုတ္တိရှိအောင် ကိုသိန်းထွန်းရဲ့ ခြေညှပ်ဖိနပ်ရယ်၊ သူ့မျက်နှာသုတ်ပဝါရယ်၊ ချည်လုံချည်တစ်ထည်ရယ်၊ ဆပ်ပြာခွက်ရယ် ယူခဲ့ဖို့ သတိမမေ့နဲ့နော်၊ အဲဒါအရေးကြီးဆုံးပဲ။ ခါတိုင်းလည်း လေညင်းခံပြီးပြန်အလာ သင်္ဘောဆိပ်မှာ ဆင်းပြီးရေချိုးနေကျဆိုတော့ ဘယ်သူက လာပြီးသံသယဖြစ်ဦးမှာလဲ။ သည်နောက်တော့ နွဲ့နဲ့အစ်ကိုကြီးနဲ့ စိတ်ထင်သလို တော်တဲ့နေရာသွား။ အားရပါးရချစ်ဘဝသစ်နဲ့ လောကနိဗ္ဗာန်ထူထောင်ရုံပေါ့"ဟုအကြံပေးခဲ့သည်အတိုင်း မသိန်းနွဲ့ကနောက်ဆုံးသဘောတူပြီးလျှင် ယခုကဲ့သို့ကြံစည်ခြင်းဖြစ်လေသည်။

မသိန်းနွဲ့သည် ကားကလေးကို အခြားသူများမမြင်စေရန် လက်ဖက်ရည်ဆိုင်၏ နောက်ဖေးဘက်ကျကျတွင် ရပ်မည်ပြုလေ၏။ သို့သော် ဆိုင်ဘေးသစ်ပင်အောက်သို့ ရောက်သည်နှင့်တစ်ပြိုင်တည်း ကားရပ်သွားရာ ထိုအခါမှ ကားတွင် ဓာတ်ဆီကုန်နေကြောင်း သိရတော့၏။ သို့သော် ထိုရပ်သွားသော နေရာမှာလည်း သစ်ပင်ရိပ်ကျသဖြင့် တော်သေး၏ဟု အောက်မေ့မိလေသည်။

မသိန်းနွဲ့သည် ကိုမြခင်နှင့်ချိန်းထားသော လက်ဖက်ရည်ဆိုင်ထဲ ခပ်သုတ်သုတ်ဝင်သွားရာ ဆိုင်ပြင်သို့ ထွက်လာသော ကိုမြခင်နှင့် ရင်ဆိုင်တိုးမိလေသည်။ ထိုအချိန်၌ မသိန်းနွဲ့မှာ တုန်တုန်ယင်ယင်ရှိနေပြီးလျှင် အတော်ပင်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပျက်နေသဖြင့်–

မြ။ ။"မျက်နှာမပျက်စမ်းပါနဲ့ မျက်နှာတင်းတင်းထားစမ်းပါ။ ဘယ်သူမှသိတဲ့အလုပ်မဟုတ်ပါဘူး။ နွဲ့နဲ့ကိုယ်နဲ့ နှစ်ယောက်တည်းသိတယ် မဟုတ်လား"

မသိန်းနွဲ့သည် မျက်နှာကိုအောက်ချကာ ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်လိုက်ရာ ကိုမြခင်က လိမ္မော်ရည်နှစ်ခွက်မှာလိုက်လေသည်။

မြ။ ။"အားလုံးချောချောမောမောပဲ မဟုတ်လား"

မသိန်းနွဲ့မှာ ရုတ်တရက်စကားပြန်မပြောနိုင်သေးဘဲ ဦးခေါင်းကို ညိတ်လိုက်ပြီးနောက်–

"ဪ–ဒါထက် ဓာတ်ဆီ ဓာတ်ဆီ ဓာတ်ဆီနည်းနည်းသွားဝယ်ပေးပါဦး အစ်ကိုကြီး။ အရေးထဲ ကားဓာတ်ဆီကုန်နေပြီ"

"အို–ဟုတ်လား။ ဒီလိုဆိုရင် သွားဝယ်ဦးမှပေါ့"

"ဓာတ်ဆီဆိုင် ဘယ်လောက်ဝေးလဲ၊ ဟိုရှေ့နားမှာ တစ်ဆိုင်မြင်မိသလားလို့"

"ဟုတ်တယ် သိပ်မဝေးပါဘူး။ အစ်ကိုကြီးသွားဝယ်ပေးမယ်"

"ဒီက ပိုက်ဆံယူသွားလေ"

"အို–ကိစ္စမရှိပါဘူး"

"မြန်မြန်ပြန်ခဲ့နော် အစ်ကိုကြီး"

"စိတ်ချ ဆယ်မိနစ်အတွင်း ပြန်ရောက်အောင်လာခဲ့မယ်"

သို့နှင့် ကိုမြခင်သည် ဆိုင်ထဲမှလျင်မြန်စွာ ထွက်သွားလေရာ မသိန်းနွဲ့မှာ ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ် ငေးမောကျန်ရစ်ခဲ့လေသည်။ ထို့နောက် အတန်ငယ်ကြာမှ သတိရလာပြီးလျှင် မိမိ၏လက်ဆွဲအိတ်ထဲမှ တို့ဖတ်ပဝါနှင့် နှုတ်ခမ်းနီဆိုးဆေးကို ယူလာပြီးလျှင် အလှပြင်ဆင်ရန် မှန်ဝိုင်းကလေးထဲတွင် မိမိ၏မျက်နှာကိုကြည့်လိုက်၏။ ပင်ပန်းကြီးစွာ လုပ်ရသောအလုပ်ပင် မဟုတ်သော်လည်း ကြောက်မက်ဖွယ်ကောင်းသောအလုပ်၊ သစ္စာဖောက်ရသောအလုပ်၊ မိမိတစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ မလုပ်ဘူးဘဲ စွန့်စွန့်စားစား လုပ်ခဲ့ရသဖြင့် မျက်နှာမှာချွေးများစို့နေရုံမျှမက အဆော်ပင်ညှိုးနွမ်းနေသည်ကိုလည်းကောင်း၊ မျက်တွင်းကလေးများမှာ အတန်ငယ်ညို၍နေသည်ကိုလည်းကောင်း တွေ့ရသည်။ သို့နှင့် ပေါင်ဒါထည့်ထားသော တို့ဖတ်ပုဝါကလေးဖြင့် မျက်နှာကို ခြယ်မှုန်းကာ



www.burmeseclassic.com

www.burmeseclassic.com



ဖြူရော်သောနှုတ်ခမ်းများကို နှုတ်ခမ်းဆိုးဆေးဖြင့် ဆိုးလျက်ရှိလေသည်။

သို့ရှိစဉ် မိမိဆောင်ရွက်ရမည့် ဒုတိယကဏ္ဍကို စဉ်းစားမိသောအခါ အတော်ပင် စိတ်မကောင်းဖြစ်မိ၏။ မည်သို့ပင်ဖြစ်စေ ၄ နှစ်ခန့် ပေါင်းသင်းခဲ့သော လင်ကြီးကိုသိန်းထွန်း၏ မျက်နှာကိုမြင်ယောင်ကာ မိမိအပေါ်တွင် သဘောကောင်းခဲ့ပုံများကို ပြန်၍သတိရမိ၏။ သို့သော် ယခုမူကား လက်လွှန်ခဲ့လေပြီ။ နောက်သို့ဆုတ်၍မဖြစ်၊ ရှေ့သို့တိုးရန်သာရှိတော့၏။

သဘောဆိပ်တွင် ရေဆင်းချိုးရန် ကိုသိန်းထွန်းရေနစ်သွားဟန်ဆောင်ရမည့်ဒုတိယကဏ္ဍကို မလုပ်လျှင်မပြီးချေ။ အဘယ်ကြောင့်ဆိုသော် ဒုတိယကဏ္ဍကိုပိရိစွာ ဆောင်ရွက်နိုင်မှသာ ပထမကဏ္ဍကို ကောင်းစွာဖုံးအုပ်နိုင်ပေမည်။

မသိန်းနွဲ့သည် လက်ဖက်ရည်ဆိုင်မှ ထွက်ခဲ့ပြီးလျှင် မှောင်ရိပ်တွင် ရပ်ထားသော မိမိကားကလေးပေါ်သို့ တက်၍ထိုင်လိုက်ပြီးနောက် ကိုမြခင်အား စောင့်ဆိုင်းလျက်ရှိလေ၏။ သို့ရှိစဉ် မိမိအနီးမှောင်ရိပ်ထဲမှ လေချွန်သံတစ်သံကို ကြားလိုက်ရပြီးလျှင် ပုံသဏ္ဌာန်တစ်ခုသည် ကားအနီးသို့ချဉ်းကပ်လာသည်ကို မသဲမကွဲမြင်လိုက်ရ၏။ ပုံသဏ္ဌာန်မှာ သူငယ်လေးတစ်ယောက်၏ ပုံသဏ္ဌာန်ဖြစ်ပြီးလျှင် လေချွန်သံမှာလည်း ပိုင်းတန်အနီးတွင် ကားရပ်ထားစဉ်က တောင်ကမ်းပါးပေါ်တွင် လမ်းလျှောက်နေသော သူငယ်၏ လေချွန်သံပင် ဖြစ်လေသည်။ ထိုသဏ္ဌာန်သည် ကားအနီးသို့ချဉ်းကပ်လာပြီးနောက် "အစ်မ အစ်မ" ဟု ခပ်တိုးတိုးခေါ်သံကြားလိုက်ရလေရာ စိတ်ထဲတွင် ဒိတ်ခနဲဖြစ်သွား၏။

"ဟဲ့ ဘယ်သူတုံး"

(အလန့်တကြားထိတ်ထိတ်ပျာပျာ အမူအရာဖြင့်)

"ကျွန်... ကျွန်တော်ပါအစ်မ"

"ဘယ်က ကျွန်တော်တုံး။ မင်းကိုငါမသိပါလား"

ထိုအချိန်၌ ဘောင်းဘီဝတ်ထားသော အသက် (၁၃)နှစ်ခန့်ရှိ အသားမည်းမည်း၊ မျက်နှာပြားပြား ဆံပင်စုတ်ဖွားနှင့်သူငယ်သည် ကားနံဘေးသို့ ရောက်လာပြီးလျှင် မသိန်းနွဲ့အား ရဲရဲတင်းတင်းကြည့်လျက်ရှိနေလေသည်။

"အစ်မက မသိပေမဲ့ အစ်မကိုကျွန်တော်သိပါတယ်။ အစ်မနဲ့ အစ်ကိုတစ်ယောက်နဲ့ စောစောက ဟိုတောက်ဘက်ကွေ့ကပိုင်းတန်းပေါ်မှာ ဖြစ်ဘက်လှည့်ပြီး အတူတူထိုင်နေကြတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ–ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ အဲဒါအစ်ကိုကြီးကို အစ်မက တစ်ခါတည်းချောက်ထဲ တွန်းချလိုက်တယ်၊ အောက်မှာ ရေနက်ကြီးဝဲလည်းရှိတယ်။

"အို မဟုတ်မဟုတ်တွေ၊ ဘာလာရှုပ်နေတာလဲ သွား–သွား။ ဘာ မဟုတ်မဟုတ်တွေ လာပြောနေသလဲ၊ သွားပါကွယ်၊ ရှုပ်မနေစမ်းပါနဲ့ ငါသွားစ ရာရှိသေးတယ်။ မင်းလူမှားလို့ဖြစ်ပါလိမ့်မယ်"

"ကျွန်တော်လူမမှားဘူးအစ်မ၊ ဟောဒီနိုင်လွန်အကျီအပြာ၊ ကားက လည်း အပြာရောင်၊ မျက်နှာကလည်း ဟောဒီအစ်မမျက်နှာ၊ ကားနံပါတ်တောင် ကျွန်တော်မှတ်ထားပြီးပြီ။ ကဲလေ–အစ်မဘာပြောဦးမလဲ၊ အစ်မတွန်းလိုက်တာ ကျွန်တော်မျက်စိနဲ့ မြင်ရတယ်။ ကျွန်တော်တောင်ခါးပန်းပေါ်ကနေပြီး ချုံကွယ် ကချောင်းကြည့်နေတာ။ ဒီနေရာက ညနေတိုင်းသမီးရည်းစားတွေလာပြီး စကား ပြောနေကျမို့ ကျွန်တော်ချောင်းကြည့်နေကျ နေရာပဲ၊ ငွေ ၂၀၀ ဆိုရင်တော်ပါ ပြီ။ ကျွန်တော့်ပါးစပ်ကလေးကို တစ်ခါတည်းပိတ်ထားလိုက်မယ်"

"အလိုလေး၊ အို–ကိုမြခင်ကလည်း ခုထက်ထိမလာသေးဘူး"

"ဒါဟာ လူသတ်မှုပဲအစ်မ၊ ကျွန်တော်သက်သေခံရင် အစ်မလည်ပင်း ကို... "

သူငယ်လေးသည် ထိုနေရာ၌ သူ၏လည်ပင်းကို ကြိုးဖြင့်ရစ်ပတ်သကဲ့ သို့ရစ်ပတ်၍ပြလေသည်။ မသိန်းနွဲ့သည် မိမိ၏နုနယ်သော လည်ပင်းကလေးကို လက်ဖြင့်စမ်းသပ်ကာ ကျောရိုးတစ်လျှောက် စိမ့်၍သွားလေ၏။

"အစ်မလည်ပင်းကို ကြိုးကွင်းစွပ်နိုင်တယ်အစ်မ၊ အစ်မအသက်ကို ငွေ ၂၀၀ နဲ့လဲမလား"

မသိန်းနွဲ့သည် ခေတ္တမျှတွေဝေစဉ်းစားလျက်ရှိ၏။ လက်ဖက်ရည်ဆိုင် ကလေးမှာ မြို့အစွန်တွင်ရှိသဖြင့် လူသွားလမ်းနှင့်လည်း အတန်ငယ်ဝေးပြီးလျှင် ထိုအချိန်၌ လူသွားလူလာပြတ်လျက်ရှိ၏။ လက်ဖက်ရည်ဆိုင်၏ နောက်ဘ...နှင့် အားဘက်၌လည်း ဘုန်းကြီးကျောင်းဝင်းတစ်ခုနှင့် တောစပ်ကလေးတစ်ခုရှိရာ–

"အစ်မမှာ ဒီလောက်များများ ဘယ်ငွေပါမလဲကွယ်။ ကဲပါလေ–အစ်မ မှာပါသမျှတော့ပေးရမှာပေါ့၊ နောက်ကိုမင်းနည်းနည်းဆုတ်စမ်း၊ အစ်မပိုက်ဆံက နောက်ထိုင်ခုံပေါ်မှာထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်သည် နောက်သို့အတန်ငယ် ဆုတ်ပေးလိုက်ရာ မသိန်းနွဲ့သည် ဒယိုင်ဘာရေရာမှ ဆင်းလာပြီးလျှင် နောက်ဘက်မှတံခါးကို ဖွင့်လေ၏။ ထို့နောက် သားရေအိတ်ငယ်တစ်ခုကို ဆွဲယူပြီးလျှင် အိတ်ထဲမှ ၁၀ တန်နှင့် ၅ ကျပ်တန်များပါသော ငွေစက္ကူတစ်ထပ်ကို ကားရှေ့သို့ပေါက်၍ ချလိုက်၏။ "တယ်-ဒီကောင်လေး၊ ငွေစက္ကူကောက်နေတုန်း ကားနဲ့တိုက်သတ်ရရင် ကောင်းမှာပဲ" ဟု စိတ်ကူးမိသေး၏။ သို့သော် ထိုခဏ၌ သူငယ်သည် မသိန်းနွဲ့၏အကြံကို သိသကဲ့သို့ ဖျတ်ခနဲမတ်တပ်ရပ်လိုက်ပြီးလျှင် ခက်ထန်သောမျက်နှာဖြင့်-

"ဒီလိုမလုပ်ပါနဲ့ မမရဲ့၊ ကျွန်တော့်ကိုယ်းတီးယားတား လုပ်မယ်တော့ မကြံနဲ့နော်၊ ကျွန်တော့်အိတ်ထဲမှာ ချိန်းကြိုးပါတယ်။ တစ်ခါတည်းသေသွားမယ်၊ နားလည်လား"

သို့ပြောရင်း သူငယ်သည်နောက်ဘက်သို့ လှည့်ကြည့်လိုက်၏။ မသိန်းနွဲ့သည် သူငယ်ကြည့်သောဘက်သို့ မျှော်ကြည့်လိုက်ရာ ဘုန်းကြီးကျောင်းဝင်းဘက်မှ ဦးထုပ်ဆောင်းထားသော လူတစ်ယောက်၏ မည်းမည်းပုံသဏ္ဌာန်တစ်ခုသည်မှိမှိတို့ရှိရာသို့ လာနေသည်ကိုတွေ့ရ၏။ မသိန်းနွဲ့၏ စိတ်တွင် မိမိအားငွေညှစ်လျက်ရှိသော ငွေစက္ကူများကို ကုန်း၍ကောက်ယူလျက်ရှိနေရာ ထိုအချိန်၌ မည်းမည်းပုံသဏ္ဌာန်သည်လည်း ကားအနီးသို့ ရောက်လာခဲ့လေပြီ။

ထိုခဏ၌ လမ်းမကြီးပေါ်တွင် မြောက်ဘက်မှတောင်ဘက်သို့ လာနေသော ဆိုက်ကားတစ်စီးကိုမြင်လိုက်ရပြီးလျှင် ဆိုက်ကားပေါ်၌ ကိုမြခင်၏ မျက်နှာကို လှမ်း၍မြင်လိုက်ရ၏။ ထိုအခါ မသိန်းနွဲ့က-

"ကိုမြခင်-ကိုမြခင်၊ ဟောဒီမှာလာပါဦး ကိုမြခင်"ဟု လှမ်း၍ခေါ်လိုက်၏။ သို့သော် ကိုမြခင်သည် ဆိုက်ကားပေါ်မှာ ဆင်းမည်ပြုပြီးမှ တစ်စုံတစ်ရာ ကိုမြင်လိုက်ရသည့်ဟန်ဖြင့် ဆိုက်ကားကို မြောက်ဘက်သို့ ပြန်ကွေ့စေပြီးလျှင် ဆိုက်ကားသမားက တအားကုန်နင်း၍သွားလေ၏။

"ကိုမြခင်၊ အို-ကိုမြခင် ဘယ်လိုလုပ်တာပါလိမ့်၊ ကြည့်ပါလား"

မသိန်းနွဲ့က အသံကုန်ဟစ်ခေါ်သော်လည်း မရတော့ချေ။ ထိုအချိန်၌ ကိုမြခင်၏ ဆိုက်ကားမှာအတော်ဝေးဝေးပင် ရောက်၍သွားခဲ့လေပြီ။ မသိန်းနွဲ့သည် ကိုမြခင်ကိုခေါ်ရင်း လမ်းမကြီးဘက်သို့ မျက်နှာလှည့်လျက်ရှိရာမှ မိမိလည်ခုံးကို နောက်ဘက်မှအသာအယာ ဆုပ်ကိုင်လိုက်သည်ကို ခံစားလိုက်ရ၏။ သို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ခနဲလန့်၍ သွားပြီးလျှင် နောက်သို့လှည့်၍ ကြည့်လိုက်လေသည်။

ထိုခဏ၌ တောင်ဘက်လမ်းကွေ့တစ်ခုမှ ကွေ့၍လာသော လော်လီကားကြီးတစ်စီး၏ ဓာတ်မီးရောင်တွင် မိမိအားနောက်မှနေ၍ ကိုင်လိုက်သူ၏ မျက်နှာကို အနီးမှကပ်၍မြင်လိုက်ရတော့၏။

"အလိုလေး–ကိုသိန်းထွန်းပါကလား"

မသိန်းနွဲ့သည် ကိုသိန်းထွန်း၏ မျက်နှာကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် တစ္ဆေသရဲကို မြင်လိုက်ရသကဲ့သို့ ငယ်သံပါအောင် အော်ဟစ်ပြီးလျှင် လမ်းမကြီးဘက်သို့ တရကြမ်းထွက်ပြေးလေ၏။ ထိုအချိန်၌ တောင်ဘက်မှ အပြင်းမောင်းနှင်လာသော ကားကြီးသည် ရှေ့တည့်တည့်သို့ ရောက်လာခဲ့ပြီဖြစ်၍ လမ်းကိုဖြတ်၍အတင်းပြေးသွားသော မသိန်းနွဲ့၏လက်ဝဲဘက်ခြေထောက်သည် ကားကြီး၏လက်ဝဲဘက် ရှေ့ဘီးနှင့်မလွတ်ဘဲကြိတ်၍ သွားလေသည်။ မသိန်းနွဲ့သည်လည်းကားကြီး၏ဝဲဘက်သို့ တစ်ပတ်နှစ်ပတ်မျှ လိမ့်၍သွားပြီးလျှင် သတိလစ်၍သွားတော့၏။

◈ ◈ ◈

ကောက်ကျစ်စဉ်းလဲသော ဖနီးသည်၏ဉာဏ်ဖြင့် ချောက်ကမ်းပါးအောက်သို့တွန်းချခြင်း ခံခဲ့ရသော ကိုသိန်းထွန်းသည် ကျောက်တုံးကျောက်ခဲများနှင့် ချုံနွယ်ပိတ်ပေါင်းများအကြားမှ ကျလာခဲ့ပြီးနောက် ရေပြင်အထက် လက်ခုပ်တစ်ဖောင်သာသာခန့်သာ ဝေးသောကျောက်တုံးတစ်တုံးပေါ်တွင် ကံအားလျော်စွာတင်၍နေခဲ့သည်။ ညာဘက်လက်မောင်းသည် ကျောက်စွန်းခြစ်မိသော ဒဏ်ရာတစ်ခုနှင့် လက်ဝဲဘက်ချိုင်းစောင်းတွင် အနည်းငယ်ပေါက်၍သွားသော ဒဏ်ရာတစ်ခုမှတစ်ပါး အခြားကြီးကြီးကျယ်ကျယ် ဒဏ်ရာမရခဲ့ပေ။ (၂) မိနစ်ခန့်မျှ သတိမေ့နေပြီးနောက် သတိရသည်နှင့် တစ်ပြိုင်နက်ချုံပုတ်များနှင့် ကျောက်တုံးများကို တွယ်ကာပ်ပြီးလျှင် အပေါ်သို့ပြန်၍တက်ခဲ့ရာ ကားထွက်သွားသည့်နောက်သို့ပြေးလိုက်သွားသော လမ်းသရဲကလေးကို မြင်လိုက်ရသဖြင့် သက်ာမကင်းဖြစ်ပြီးလျှင် ၎င်းနောက်သို့ခြေရာခံ၍ လိုက်ခဲ့ခြင်းဖြစ်လေသည်။

မသိန်းနွဲ့အား လော်လီကားတိုက်သွားသည်ကို မြင်ရသောအခါ ကိုသိန်းထွန်းသည် "အမယ်လေး သေပါပြီ"ဟုအော်လိုက်ပြီးလျှင် လမ်းကိုဖြတ်၍ သွားကာ သတိမေ့လျက်ရှိသော မသိန်းနွဲ့အား ယုယစွာပွေ့ယူလျက် "ဖြစ်ရလေ



www.burmeseclassic.com

www.burmeseclassic.com



နွဲ့ရယ်၊ အမှန်တော့ မြန်းခနဲကိုယ်က မျက်နှာပြလိုက်တော့ လန့်ပြေးလို့ ဒီလိုဖြစ်ရတာပါကွယ်။ တခြားလူအပြစ်မဟုတ်ဘူး။ ကိုယ့်အပြစ်,ကိုယ့်အပြစ် အခုတော့ ကောင်းသေးရဲ့လားမျှာ၊ ခြေတစ်ဖက်ပြတ်သွားပြီ" ဟု သနားစဖွယ် ငိုကြွေးလျက်ရှိရှာလေ၏။ ကိုသိန်းထွန်းသည် ထိုအခါမှ လော်လီကားကြီးကို သတိရပြီးလျှင် ကားနောက်သို့ ပြေးလိုက်ရန်ကြံမိသေး၏။ သို့သော် နောက်ကျခဲ့ချေပြီ။ ကားကြီးသည်လူကိုတိုက်မိကြောင်းသိသည်နှင့် တစ်ပြိုင်နက်မီးများကို ငြိမ်းလိုက်ပြီးလျှင် မြို့ဘက်သို့ တရကြမ်းမောင်းနှင်သွားတော့၏။

လမ်းသရဲကလေးသည် ငွေစက္ကူများကို ကောက်ယူပြီးနောက် ထွက်မသွားသေးဘဲ လမ်းကိုဖြတ်၍လာပြီးလျှင် မိမိအားကူညီလျက်ရှိသည်ကို တွေ့ရသဖြင့် ကိုသိန်းထွန်းကိုယ်တိုင် အံ့ဩလျက်ရှိလေ၏။ ကိုသိန်းထွန်းမှာ မြစ်ကမ်းနဖူးပေါ်မှာ လိမ့်ကျသောဒဏ်ဖြင့် တစ်ကိုယ်လုံးရိုက်နှက်ထားသကဲ့သို့ နာကျင်နေသဖြင့်တစ်ကြောင်း၊ အချစ်စိတ်မွှန်နေသဖြင့် တစ်ကြောင်း လမ်းသူရဲကလေးကို ယခုမှသတိရမိသည်။

ရဲ၊ ။"အစ်ကိုကြီး ဒီငွေတွေပြန်ယူပါ။ ကျွန်တော့်ကို ထမင်းဖိုးတစ်ကျပ်ပဲပေးပါတော့ အစ်ကိုကြီးရယ်"

ထွန်း။ ။"ဟော–မင်းဘာဖြစ်လာတာလဲ၊ မင်းဘာဖြစ်လို့ ထွက်မပြေးသေးလဲဟင်"

"အစ်ကိုကြီးကို ကျွန်တော်သနားလွန်းလို့ပါ အစ်ကိုကြီးရယ်။ အခု အစ်မကြီးဖြစ်တာ မြင်ရပြန်တော့ ကျွန်တော်ဒီငွေမယူရက်တော့ပါဘူး"

ထိုအချိန်တွင် ရဲသားတစ်ယောက်နှင့် ရဲအုပ်နှစ်ယောက်တို့ ရောက်လာသဖြင့် လမ်းသရဲကလေးနှင့် စကားလက်စပြတ်သွားလေ၏။ မကြာမီ သူနာတင်ယာဉ်တစ်စီးရောက်လာရာ ကိုသိန်းထွန်းသည် သတိမေ့လျက်ပင်ရှိသေးသော မသိန်းနွဲ့အား ကားပေါ်သို့ ပွေ့ချီတင်ရလေသည်။ သူငယ်ကလေးသည် ကိုသိန်းထွန်းအား ကူညီလျက်ပင်ရှိနေသေး၏။

ကိုသိန်းထွန်းသည် လက်ဖက်ရည်ဆိုင်ဘေးတွင် မသိန်းနွဲ့ရပ်ထားခဲ့သော ကားကလေးကို ဓာတ်ဆီများဖြည့်ပြီးလျှင် ဆေးရုံကြီးသို့မောင်းခဲ့ရာ လမ်းသရဲကလေးကိုပါ ၎င်းနှင့်အတူ ခေါ်ခဲ့လေသည်။ ကားဆီဖြည့်ပြီးနောက် လမ်းတွင် ကိုသိန်းထွန်းက–



www.burmeseclassic.com

www.burmeseclassic.com



"နွဲ့သီက မင်းမွေ့ဘယ်လောက်ညှစ်လို့ရလိုက်သလဲ"

"တစ်ရာခြောက်ဆယ် အစ်ကိုကြီး"

"အေး-အေး။ ဒီငွေကောင်းကောင်းသိမ်းထား။ ပြန်မပေးနဲ့တော့၊ နောက်ကိုလည်း ဒီအလုပ်မျိုး မလုပ်နဲ့တော့ကြားလား"

"မလုပ်တော့ပါဘူး အစ်ကိုကြီးရယ်။ ကျွန်တော်နောင်တရပါပြီ၊ မမ အဖြစ်ကိုမြင်ရတာ ကျွန်တော်စိတ်မကောင်းပါဘူး ခင်ဗျာ"

"အေးလေ-သနားတော့ သနားစရာပေါ့။ နို့ပေမဲ့ ဒီလိုဖြစ်ရတာ သူ့အပြစ်လဲပါတယ် မဟုတ်လားကွယ့်။ အစ်ကိုကြီးကို အခုလိုတွန်းမချရင် ဒီလို ဖြစ်ပါ့မလား"

ကားကလေးသည် လမ်းမတော်တစ်လျှောက် မောင်းနှင်လာပြီးလျှင် လက်သမားလမ်းဘက်သို့ ကွေ့မိသောအခါ ကိုသိန်းထွန်းသည် လမ်းသရဲကလေး အားဆင်းရန်ကားကိုခေတ္တ ရပ်ပေးလိုက်ရ၏။ သူငယ်သည် မြေပေါ်တွင်ရပ်ထောက် ကာ ကိုသိန်းထွန်းအား ၃ ကြိမ်ဝတ်ချလေသည်။

"အစ်ကိုကြီးကျေးဇူး ကျွန်တော်ဒီတစ်သက် ဘယ်တော့မှမမေ့ပါဘူး အစ်ကိုကြီးရယ်"

"ငါ့ကျေးဇူးကို မမေ့ရင် ငါပြောတဲ့စကားနားထောင်ကြားလား။ ကဲ သွားပေတော့"

ကားကလေးသည် ဆေးရုံကြီးဘက်သို့ လျင်မြန်စွာ မောင်းနှင်သွား သတည်း။

နောက် (၃)လခန့်ကြာသောအခါ ခြေတစ်ဖက်ကို ဖြတ်ပစ်ရသဖြင့် ချိုင်းထောက်နှင့် သွားရရှာသော ဒုက္ခသည်မလေး မသိန်းနွဲ့အား သဘောထား ကြီးလှသော ကိုသိန်းထွန်းသည် အချစ်မပြယ်ဘဲ ယခင်ကကဲ့သို့ပင် ချစ်မြဲချစ်လျက် အချစ်စိတ်တွင် အသနားစိတ်စွက်ဖက်ကာ ပေါင်းသင်းနေထိုင်ကြလေ၏။ ကိုမြခင် ဆိုသူမှာ ပြည်မြို့မှ တစ်ခါတည်းပျောက်ကွယ်သွားပြီးလျှင် ယခင်က လမ်းသရဲ ဖြစ်ခဲ့ဖူးသော "ပိတာသောင်းရွှေ"မှာ နောင်တတရားရကာ ကိုသိန်းထွန်းရုံးတွင် စာရေးအလုပ်ကို ရရှိလုပ်ကိုင်လျက်ရှိနေလေသည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကျိုးမပြု ရာဇဝတ်မှု

ဆရာဝန် ဦးခန့်ကြီးသည် စားပွဲအနီးရှိ နောက်မှီကုလားထိုင်တွင် ထိုင်နေရာမှ လက်ကြားတွင် ညှပ်ထားသော စီးကရက်မှပြာကို ငွေလင်ပန်းကလေးထဲသို့ ခြွေ၍ချလိုက်၏။ မနီးမဝေးတွင် သူ၏ကျွန်ယုံကြီးမောင်မြဘူးသည် သားရေအိတ်အတွင်းသို့ အဝတ်အစားများကို ထည့်လျက်ရှိလေသည်။

"မြန်မြန်လုပ်လေ ကိုမြဘူး။ မီးရထားမမီဘဲနေမယ်"

"ဟုတ်ကဲ့ ဆရာ၊ အချိန်နည်းနည်းလိုပါသေးတယ်"

လက်ပတ်နာရီကိုကြည့်လျက်–

"ခင်ဗျားလော်ကယ်နဲ့ လိုက်မလို့လား"

"ဟုတ်တယ်ဆရာ၊ နောက်ဆုံးအင်းစိန် လော်ကယ်က ၈နာရီ မိနစ် ၄၀ မှာဆိုက်တယ်"

"ဒီလိုဆိုရင် သွားမှာပေါ့ဗျ၊ နောက်ထပ် ခင်ဗျားပြင်ဆင်မှာက ၅ မိနစ်၊ ဘူတာရုံလျှောက်မှာက ၅ မိနစ်၊ လိုလိုမည်မည်က ၃ မိနစ် အားလုံးပေါင်းလိုက်ရင် ၁၃ မိနစ်ဆိုတော့ ကိုက်ရုံပဲ။ အခု ၈နာရီနဲ့ ၂၇ မိနစ်ရှိနေပြီ"

ဦးခန့်ကြီးက အလုပ်လုပ်ရာတွင် အချိန်နာရီနှင့် မိနစ်ပိုင်းအထိ သေချာသူဖြစ်၏။ သူ၏တပည့်အား လူမသိစေလိုသော အလုပ်ကိစ္စတစ်ခုနှင့် ပြည်မြို့သို့စေလွှတ်ခြင်းဖြစ်၍ မောင်မြဘူးသည် ရန်ကုန်ဘူတာကြီးမှ ၉ နာရီတိတိတွင် ထွက်မည့် ပြည်စာပို့ရထားနှင့်လိုက်ရမည်ဖြစ်၏။ စကားပြောနေသောနေရာမှာ သမိုင်းဘူတာနှင့် များစွာမဝေးလှသော ဦးခန့်ကြီးပိုင်ခြံဝင်းအတွင်းရှိ အိမ်ကလေးအတွင်း၌ဖြစ်ရာ ကိုမြဘူးမှာရန်ကုန်ဘူတာကြီးသို့ရောက်ရန် အင်းစိန်လော်ကယ်ကို စီးမည်ဟု တင်ကြိုစီမံထားခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ် ဘာများမှာစရာရှိသေးသလဲ ဆရာ"

"မရှိပါဘူး"

မောင်မြဘူးသည် လက်တွင်ညှပ်ထားသော ဆေးပြင်းလိပ်တိုကို ဦးခန့်ကြီးစားပွဲပေါ်ရှိ ဓာတ်မီးခြစ်နှင့် မီးညှိ၍သောက်လေ၏။

"ဆရာကော ပြန်မယ်မဟုတ်လား"

"ခင်ဗျားသွားရင် ကျုပ်ပြန်မှာပေါ့၊ ကျုပ်မှာကားအပါသားပဲ"

ထို့နောက် ကိုမြဘူးသည် ဦးခန့်ကြီးအား နှုတ်ဆက်ကာ ဘူတာရုံဘက်သို့ထွက်သွားလေ၏။

◈ ◈ ◈

မောင်မြဘူးထွက်သွားသောအခါ ၈ နာရီ ၃၃ မိနစ်ရှိခဲ့လေပြီ။

"ဘာပဲပြောပြော မြဘူးဟာ အင်မတန်အကင်းပါးတဲ့ အကောင်တစ်ကောင်ပဲ။ ဒါကြောင့်လဲ အစေခံဆိုပေမဲ့ အစေခံလို သဘောမထားဘဲ တစ်လဆဝ ပေးထားရတာပေါ့လေ။ မြည်ကို အခုလွှတ်တာတောင် မျက်နှာမငယ်ရအောင် ဒုတိယတန်းစီးပြီး အသွားခိုင်းတယ်။ ဟိုမှာတစ်ရက်နေဖို့ အသုံးစရိတ်လည်း ငွေအစိတ်ပေးလိုက်သေးတယ်။ လောကမှာ အကြံအဖန်နဲ့ လူလုပ်လာရင် ဒီလိုတပည့်ကောင်း တစ်ယောက်လောက် မွေးထားဦးမှပဲ။ အခု သူ့ကို လွှတ်လိုက်တာတစ်ချက်ခုတ် နှစ်ချက်ပြတ်၊ မြည်ကကိစ္စလည်းပြီးရော၊ ဒီကနေ့ ငါကြံမယ့်အကြံလည်း အထမြောက်ရော၊ တယ်ကောင်း။ တယ်အကြံပိုင်ကွယ်"

ဆရာဝန်ဦးခန့်ကြီးသည် မောင်မြဘူးထွက်သွားပြီးနောက် အထက်ပါအတိုင်းတစ်ယောက်တည်း စဉ်းစားလျက်ရှိလေသည်။

အချိန်မှာ ၈ နာရီခွဲမျှပင် ရှိသေးသော်လည်း သမိုင်းရွာကလေးမှာ အတော်ပင် တိတ်ဆိတ်လျက် တစ်ခါတစ်ရံ မီးရထားဘူတာဘက်မှမီးရထားကြီးသံနှင့် ရွာအစွန်ဆီမှ ခွေးဟောင်သံများသာလျှင် ဆိတ်ငြိမ်လျက်ရှိသော [illegible]အတွင်းသို့ ဝင်လာ၏။

ဦးခန့်ကြီးသည် စားပွဲနှင့် မျက်နှာချင်းဆိုင်ပြတင်းပေါက်ကို ထ၍ပိတ်[illegible] တစ်ခြမ်းသာဟလျက်ရှိသော နံဘေးပြတင်းပေါက်ရှိရာသို့သွားကာ အပြင်[illegible]ကြည့်လျက်ရှိ၏။ လပြည့်ကျော် (၇)ရက်နေ့ဖြစ်သဖြင့် ကောင်းကင်ပြင်[illegible] ညိုမှောင်လျက်ရှိသော်လည်း ကြယ်ကလေးများ၏ အလင်းရောင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ခပ်မှိန်မှိန်ရှိနေသော မီးမီးအိမ်ခြံစည်းရိုးများကိုလည်းကောင်း၊ မျက်နှာချင်းဆိုင်ဘက်တွင် ရှိနေသည့် အခြားခြံတစ်ခုအတွင်းမှ တိုက်ပျက်ကြီး၏ မည်းနက်သောပုံသဏ္ဌာန်ကိုလည်းကောင်း ခပ်ရေးရေးမျှ တွေ့မြင်ရ၏။ ဦးခန့်ကြီးသည် ညဥ့်၏သာယာခြင်းကို တစ်ခဏမျှ ငေးမောကြည့်ရှုနေ၏။ ထိုအချိန်မှာ ၈ နာရီ ၄၀ မိနစ်ရှိပြီဖြစ်၍ ဘူတာရုံဘက်မှ ဥဩမှုတ်သံတစ်ခုကြားရပြီးလျှင် ငှင်းနှင့် မရှေးမနှောင်းပင် မီးရထားခုတ်သံကို ကြားရသဖြင့် လော်ကယ်ရထားသည် ရန်ကုန်ဘက်သို့ ထွက်ခွာသွားပြီဖြစ်ကြောင်းသိရ၏။ မောင်မြဘူးမှာ ထိုရထားနှင့်ပါသွားပြီဖြစ်၍ တစ်စုံတစ်ရာ စိုးရိမ်ရန်မရှိတော့ချေ။

သို့နှင့် ပြတင်းပေါက်ဆီမှ ပြန်နှဲခဲ့၍အရက်ပုလင်းနှင့် ဖန်ခွက်များ တင်ထားသော စင်ကလေးဆီသို့လာခဲ့ပြီးလျှင် စင်ပေါ်မှ ဖန်ခွက်တစ်လုံးကိုယူ၍ စားပွဲရှိရာသို့ လာခဲ့၏။ ထို့နောက် စားပွဲ၏ လက်ယာဘက်အံဆွဲကိုဆွဲကာ အတွင်းမှလက်မလေးသစ်ခန့်ရှိ ပုလင်းငယ်တစ်လုံးကို ဆွဲထုတ်လေသည်။

ပုလင်းထဲတွင် ဖြူသောအရည်များရှိ၍ ဦးခန့်ကြီးသည် သွေ့ခြောက်သောဖန်ခွက်ထဲသို့ အရည်တစ်စက်လောင်းထည့်၏။ အရည်မှာ ဖန်ခွက်၏ဖင်ကို တစ်စုံတစ်ရာ စွန်းထင်းခြင်း မဖြစ်စေဘဲ တစ်မိနစ်အတွင်းတွင် သွေ့ခြောက်သွားလျက် ဖန်ခွက်မှာ နဂိုပကတိအတိုင်း ရှိနေလေသည်။ ထိုအခါသူသည် ဖန်ခွက်ကို အသေအချာမှတ်သားထားလျက် လက်ဝဲဘက်က တင်ထားလိုက်လေသည်။

အချိန်မှာ ၉ နာရီထိုးရန် ၁၅ မိနစ်လိုသေး၏။ ဦးခန့်ကြီးသည် အတွင်းခန်းသို့ဝင်သွားပြန်၏။ ထိုအခန်းမှာ မောင်မြဘူးအိပ်သောအခန်းဖြစ်၍ တစ်ယောက်အိပ်ခုတင်တစ်လုံးရှိ၏။ ဦးခန့်ကြီးသည် နောက်ဖေးတံခါးကိုဖွင့်လျက် ကားဂိုထောင်ဆီသို့သွားပြီးလျှင် ကားထဲတွင် မောင်မြဘူးမမြင်အောင် ဖွက်ယူခဲ့သော သံသေတ္တာလွတ်တစ်လုံးကို ယူခဲ့ပြီးလျှင် ခုတင်အောက်တွင် ချထား၏။ သံသေတ္တာကြီးမှာ အလျား ၃ ပေခွဲ၊ အနံ ၂ ပေ၊ စောက် ၁ ပေခွဲရှိ၍ အလွန်ကြီးသော သေတ္တာကြီးဖြစ်လေသည်။

သူသည်အိမ်ရှေ့စားပွဲသို့ ပြန်လာခဲ့ပြီးလျှင် ဖယောင်းတိုင် ၁၀၀ အားရှိသော မီးလုံးကိုပိတ်ကာ ၂၅ တိုင်အားရှိသော အပြာနုရောင် မီးလုံးကို ဖွင့်လိုက်၏။ ထို့နောက် စီးကရက်တစ်လိပ်ကို မီးညှိ၍အားပါးတရ ရှူရှိုက်လေသည်။ ၉ နာရီထိုးရန် ၅ မိနစ်မျှလိုတော့၏။

"အင်း-လူများဟာ လူကိုတော့ သတ်ချင်ကြရဲ့၊ မပေါ်အောင်တော့



www.burmeseclassic.com

www.burmeseclassic.com



လုပ်တတ်ကြဘူး။ ခြေရာလက်ရာတယ်လိုဖျောက်ဖျက်ရမယ် မသိဘူး။ သက်သေခံကိုဘယ်လိုဖျောက်ဖျက်ရမယ်ဆိုတာကို နားမလည်ဘူး။ ဒါပေမဲ့ ငါက လူဆိုးမဟုတ်ဘဲ လူကြီးလူကောင်း ဆရာဝန်တစ်ယောက်ဖြစ်နေလို့ တော်သေးရဲ့ ဒါထက်လောကမှာ လူတစ်ယောက်ရဲ့ နှုတ်ကိုပိတ်ဖို့ရန် အကောင်းဆုံးနည်းကတော့ ဒီဟာပဲ''

သို့ စဉ်းစားရင်း ဦးခန့်ကြီးသည် ဆေးရည်အဖြူများပါသော ပုလင်းကလေးကိုလက်ထဲတွင် ကစားလျက်ရှိရာမှ အံဆွဲအတွင်းသို့ ပြန်သွင်းလိုက်လေ၏။

''ဒါထက် မချောက ခါတိုင်းတယ်ပြီး အချိန်မှန်ပါတယ်... အခုတော့''

အချိန်မှာ ၉ နာရီထိုးရန် ၁ မိနစ်မျှသာ ကျန်တော့၏။

ဦးခန့်ကြီးသည် လက်ဝဲဘက်အံဆွဲတွင်ထည့်၍ထားသော တစ်ရာတန်ငွေစက္ကူငါးချပ်ကို လက်ဖြင့်ကိုင်ကြည့်ပြီးသော် အံဆွဲကို တစ်ဖန်ပြန်၍ ပိတ်ထားလိုက်ပြန်၏။

လက်ယာဘက်နံရံရှိ တိုင်ကပ်နာရီကြီးမှာ ၉ နာရီထိုးသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဦးခန့်ကြီးသည် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီးနောက် သက်များမှာ ကတုန်ကယင်ဖြစ်နေ၏။ တစ်စုံတစ်ယောက်သောသူကို မျှော်လင့်နေသကဲ့သို့ တံခါးဆီသို့ မကြာမကြာလှမ်း၍ ကြည့်မိ၏။ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်လျက်ရှိသဖြင့် နောက်ဖေးဘက်ရှိ ဝါးရုံပင်ချုံပုတ်များအတွင်းမှ ငှက်ကလေးများ အော်သံကိုပင် သဲကွဲစွာ ကြားရလေသည်။

၉ နာရီ ၂ မိနစ်ခန့်ရှိသော်လည်း ခြံကြီးမှာ ငြိမ်သက်လျက်ပင်ရှိသေး၏ သို့ရှိနေသည့်အတွင်း ကျောက်စရစ်လမ်းကလေးပေါ်မှ ကျောက်စရစ်ခဲကလေးများကို နင်းလာသည့် ခြေသံကိုသဲ့သဲ့ကလေးကြားရရာမှ အသံမှာတဖြည်းဖြည်းနီးကပ်လာပြီးလျှင် နောက်ဆုံး၌ တံခါးခေါက်သံကိုကြားရ၏။ ဦးခန့်ကြီးသည် တံခါးကိုထ၍ဖွင့်ပေးရာ အသက် ၂၅ နှစ်ခန့်ရှိ ရုပ်ရည်သနားကမားရှိသော မိန်းမတစ်ယောက်အိမ်ထဲသို့ ဝင်လာလေသည်။ မိန်းမပျိုမှာ အရပ် ၅ ပေခန့်မြင့်၍ အပြာနုရောင် နိုင်လွန်လက်တိုအင်္ကျီ၊ အပြာနုရောင် ဖိုးတွန့်လုံချည်ကို ဝတ်ထား၏။ ဆံပင်ကိုနောက်တွဲထုံးကာ အပြာရောင်ပိုက်ကလေးဖြင့် ဖုံးအုပ်ထားသေး၏။ ကြော့ရှင်းသောလည်တိုင်တွင် ပုလဲပုတီးကလေးတစ်ကုံးဖြင့်ရစ်ပတ်ထားရာ ညိုစိမ့်စိမ့်ရှိသော အသားကိုအဆက်အကွင်းကျစွာ ခြားနား၍ ပေးသကဲ့,

www.burmeseclassic.com



သို့ထင်ရ၏။ အလုံးစုံခြုံ၍ကြည့်သော် ဝတ်စားထားပုံမှာ ခပ်ယဉ်ယဉ်နှင့် အဆင် ပြေလှပေ၏။ မျက်လုံးမှာ နက်မှောင် တောက်ပလျက်ရှိသော်လည်း တစ်ချက် တစ်ချက် စောင်း၍ကြည့်လိုက်ပုံကို နီးကပ်စွာအကဲခတ်က ရက်စက်ခြင်း၊ မုန်းတီး ခြင်း၊ ရန်ငြိုးသိုတတ်ခြင်း၊ အရိပ်အယောင်များ ပေါ်ထွက်နေသည်ကို တွေ့ရ လေသည်။

ကိုယ်လုံးကိုယ်ပေါက်မှာ လုံးကြီးပေါက်လှပဟု မဆိုစေနိုင်စေကာမူ ကျစ် လျစ်သော ကိုယ်လုံးရှိ၍ မျက်နှာပေးနှင့် ဟန်ပန်အမူအရာတို့ကို ပေါင်းစပ်ကြည့် လိုက်သောအခါ ယောကျ်ားတစ်ယောက်၏ ကိုယ်တွင်းမှသန့်ရှင်းသော မေတ္တာကို ထုတ်ယူနိုင်သည်ထက် ညစ်ညမ်းသော တဏှာရာဂတက်ကြွစေသည့် စိတ်ဓာတ် ကို ပို၍လှုပ်ရှားစေနိုင်စွမ်းရှိသော ရုပ်မျိုးဖြစ်လေသည်။

"အစ်ကိုကြီး... ရောက်နေမှကိုး"

"ရောက်ရတာပေါ့ မပြွေးရယ်။ ကြိမ်စကြောနဲ့ရိုက်ခေါ်တော့ မလာဘဲ နေဝံ့ပါ့မလား"

"ဟုတ်ပါတယ်၊ အစ်ကိုကြီးက သိပ်စကားတတ်တာပဲ၊ ဒါထက် မြမှာ တဲ့ ဟာကလေးကော ပါရဲ့နော်"

"ပါရတာပေါ့ဗျာ၊ မပါလို့ဖြစ်ပါ့မလား။ ဒါထက် မြမှာ အစ်ကိုကြီးကို ချစ်ပါတယ် ခင်ပါတယ်ဆိုပြီး တကယ်ဆိုတော့ သိပ်ရက်စက်တာပဲနော်"

"ဘာရက်စက်တာလဲ"

"အခုလုပ်နေပုံက မရက်စက်ဘူးလား"

"တစ်လ ၅၀၀ လောက်ပေးရတာများ ရက်စက်တယ် ခေါ်သလားရှင်၊ တစ်ဖက်သားမှာ အပျိုရည်လည်းအပျက်ခံရသေးတယ်။ တိတ်တိတ်ပုန်းမယား လည်းဖြစ်ရသေးတယ်။ ဂုဏ်ပျက်မှာစိုးတယ်ဆိုပြီး ဘယ်သူ့မှဖွင့်မပြောဝံ့ဘဲ တစ် သက်လုံးလည်း မြိုနေခဲ့ရသေးတယ်။ ဒီဟာတွေနဲ့ စာကြည့်ရင် နည်းတောင်နည်း သေးတယ်"

"ဒါပေမဲ့ မင်းအကျင့်စာရိတ္တကိုလည်း ကြည့်ဦးလေ"

"ဘာလဲ၊ ဘာစာရိတ္တလဲ"

"ငါက ငါ့ဆေးခန်းထဲမှာ ဆေးစပ်နေပေမဲ့ မင်းအကြောင်းကို အကုန် လုံးကြားတယ် မပြွေး"

"ရှင် မည်မည်ရရပြောနော်၊ မရမ်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မည်မည်မပြောနိုင်လို့ ခက်နေတာပေါ့ မမြသွေးရဲ့ . . . ဒါတွေအား လိုက်စမ်းပါအချစ်ရယ်၊ ကိုင်း–စကားကိုကောင်းကောင်းပြောကြရအောင်"

"ဘယ်သူကစပြီး မကောင်းတာကိုပြောလို့လဲ"

"အစ်ကိုကြီးက စတယ်ပဲထားပါတော့မြရယ်"

ဦးခန့်ကြီးမှာ စကားပြောရာတွင် အလွန်လိမ်မာပါးနပ်သူတစ်ယောက် ဖြစ်ပေ၏။ ရုတ်တရက် မိမိစိတ်တွက်သွားမိသည်ကို သိသဖြင့် ပြန်၍ အချိုသတ်လိုက် ၏။ မိန်းမတို့မည်သည် မည်မျှလောက်စိတ်ဆိုးစိတ်ကောက်စေကာမူ အစာဖြင့် သော်လည်းကောင်း၊ အဝတ်ဖြင့်သော်လည်းကောင်း၊ ငွေဖြင့်သော်လည်းကောင်း၊ အချစ်ဖြင့်သော်လည်းကောင်း ချော့မော့က မီးနှင့်တွေ့သောဖယောင်းကဲ့သို့ အရည် ပျော်တတ်စမြဲဖြစ်၏။

ဦးခန့်ကြီးသည် ဤအကြောင်းကို သုခမ်းသေးအတတ်ကဲ့သို့ ကောင်းစွာ ကျွမ်းကျင်လေသည်။

"အစ်ကိုကြီးပြောတာ စိတ်ဆိုးသလားမြရဲ့"

"မဆိုးပါဘူး။ အစ်ကိုကြီးကစတော့ ကျွဲမြီးတိုမိတာပေါ့"

"မြမကြိုက်ရင် မပြောတော့ပါဘူးဗျာ။ အစ်ကိုကြီးက လူနာတစ် ယောက်ဆီ အရည်နေ ငွေ ၂၀၀ တောင်းတာ ၁၀၀ တည်းပေးလိုက်လို့ စိတ်ဆိုး ဘာတာ၊ အခုထက်ထိ အလိုမကျမပြေနိုင်အောင်ရှိနေလို့ပါ။ စီးကရက်များ သောက်ပါ ဦး မြရဲ့"

ငါးသုံးလုံး ဘီမြူတာကို လှမ်း၍ပေးသဖြင့် မမြသွေးသည် တစ်လိပ်ကို ထုတ်၍မီးညှိပြီးလျှင် ကျွန်ုပ်ပေါ်တွင် မှယန်ကြီးအကောင်းမှဲ့ဆုံးမျက်နှာဖြင့် ကုလားထိုင် နောက်မှီပေါ်သို့ ဦးခေါင်းကိုတင်ကာ စီးကရက်ကို အားပါးတရ ဖွာရှိုက်လျက် ရှိနေလေ၏။

ဦးခန့်ကြီးကလည်း မိမိတို့အဖြစ်အပျက်ကို ပြန်ပြောင်းစဉ်းစားကာ ရှိနေ ၏။ လွန်ခဲ့သော ၂ နှစ်ခန့်က မမြသွေးအား စိန်ပွဲစားအဖြစ် တွေ့ဆုံခဲ့ရာမှ တစ်စတစ်စ နီးစပ်အောင်ပြုလုပ်ကာ နောက်ဆုံးတိတ်တဆိတ်လက်ထပ်ခဲ့၏။ ထိန်ကြာသောအခါ မိဘများက ဝန်ထောက်သမီးတစ်ယောက်နှင့် စေ့စပ် ပေး၏။ ပထမအပျော်မယားအဖြစ် ထားခဲ့သော်လည်း မမြသွေးမှာ မဟုတ်မခံနိုင် သော စိတ်ရှိ၍ ဆတ်ဆတ်ကြဲ မိန်းမတစ်ယောက်ဖြစ်သည့်အတွက် ဦးခန့် ကြီး လက်ထပ်တော့မည်ကြားသည်နှင့်တစ်ပြိုင်နက် ဒေါသတိုက်သို့ ကိုယ်တိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လာ၍ မိမိအားထောက်ပံ့ကြေးအဖြစ်ဖြင့် ယခင်က ပေးနေကျဖြစ်သော စားစရိတ်ငွေ ၂၀၀ အပြင်၊ နှုတ်ပိတ်ခအဖြစ်ဖြင့် ငွေ ၃၀၀၊ စုစုပေါင်း ငွေ ၅၀၀ ကို လစဉ်မှန်မှန်မပေးက အကျိုးအကြောင်းကို ဦးခန့်ကြီး၏ ဇနီးနှင့်တကွ မိဘဆွေမျိုးများအား ထုတ်ဖော်ပြောလိုက်မည်ဖြစ်ကြောင်း။ မိမိလက်တွင် ဦးခန့်ကြီးလက်ရေးဖြင့် စာ ၃ စောင်၊ နှစ်ယောက်တွဲရိုက်ထားသည့် ဓာတ်ပုံတစ်ခု၊ ဦးခန့်ကြီး နာမည်အတိုကောက် ရေးထိုးပေးထားသည့် မဟူရာ လက်စွပ်တစ်ကွင်းစသော သက်သေခံများရှိကြောင်းဖြင့် ခြိမ်းခြောက်တော့၏။ ထိုအခါမှ မမြသွေးသည် မိမိအပေါ်တွင် အကယ်စင်စစ် မေတ္တာရှိသည် မဟုတ်ဘဲ ငွေကိုမက်မောသော "ပိုင်းလုံးမ" တစ်ယောက်ဖြစ်ကြောင်း သိရ၏။

ဦးခန့်ကြီးမှာ ထိုအခါက ဝင်ငွေကောင်းခဲ့သူဖြစ်၏။ မင်္ဂလာမ်းရှိ မိမိဆေးတိုက်မှ ဆရာမများ၊ ဒရဝမ်များ၊ မိမိလက်ထောက်များကို ပေးရသည့်လခအပြင် မိမိအတွက် တစ်လလျှင် အနည်းဆုံး ၁၅၀၀ ခန့် ဝင်ငွေရှိသဖြင့် မိမိဂုဏ်ကို ဆည်ရမည့်ကိစ္စတစ်ခုအတွက် တစ်လလျှင် ၅၀၀ ဆိုခြင်းကား မများလှချေ။ သို့သော် ရက်ရှည်လများ ပေးနိုင်ပါမည်လောဟု မျှော်တွေးကာ ထိုကိစ္စကို ၅၀၀၀နှင့် တစ်ခါတည်း အပြီးသတ်စေလိုက်၏။ နောင်ကိုလည်း တစ်လလျှင် ငွေ ၁၀၀ အမြဲထောက်ပံ့သွားပါမည့်အကြောင်းနှင့်လည်း တောင်းပန်စေ့စပ်၏ သို့သော် မမြသွေးက မလိုက်လျောချေ။ ငွေ ၅၀၀၀ ကိုတစ်ခါတည်း ယူလိုက်က သူ၏အသုံးအဖြုန်းနှင့် တွက်လိုက်သော် အများဆုံး ၆ လခန့်သာခံမည်၊ သို့ဖြစ်၍ ဦးခန့်ကြီးမသေမချင်း "ရွှေအိုးအတွင်းမှ အချိန်မှန်နှိုက်ယူသည့်နည်း"ကို လိုက်တော့မည်ဟု စိတ်ကူးပေါက်မိ၏။ သို့နှင့်နောက်ဆုံးတွင် အင်္ဂလိပ်လဆန်း ၁၀ ရက်အတွင်း ဦးခန့်ကြီးက မမြသွေးအား လစဉ်ငွေ ၅၀၀ မှန်မှန်ပေး သဘောတူညီခဲ့ကြလေသည်။

ပထမ သုံးလေးလတွင် ငွေ ၅၀၀ မှာ ဦးခန့်ကြီးအတွက် မဖြစ်လော သော်လည်း (၆)လမျှ ရှိသောအခါ အတော်ပင် တာဝန်လေး၍လာကြောင်း သိရတော့၏။ ဗရေဇာလမ်းရှိ အခန်းကျဉ်းကလေးတစ်ခုတွင် ပထမနေရာမှ သ မယားနှင့် ဖြစ်လာသောအခါ ပန်းဆိုးတန်း တိုက်ခန်းတစ်ခုသို့ ပြောင်းခဲ့ ထိုအခန်းရရှိရေးအတွက် ငွေ ၂၀၀၀ သလာမီပေးရ၏။ တစ်ပတ်ရစ်ကားက တစ်စီးကို ၆၅၀၀ ပေး၍ဝယ်လိုက်ရပြန်၏။

အလုပ်မှာ တိုးတက်ခြင်းမရှိဘဲ မိမိဆေးတိုက်အနီးတွင် မိမိထက်



www.burmeseclassic.com

www.burmeseclassic.com



ထူး ဒီဂရီသာသော ကုလားဆရာဝန်များသည် ဆေးတိုက်များကိုချဲ့ကာ လူနာများ အဖိုးသားနားသက်သာစွာဖြင့် လက်ခံလျက်ရှိကြ၏။ မြန်မာဆရာဝန်များကဲ့သို့ အပြင်ပကာသန အပျော်အပါးဖြင့် ကြွားဝါမည့်အစား သူတို့၏ ဆေးတိုက်များကို ခန့်ညားထယ်ဝါစွာ ချဲ့ထွင်ကြ၏။ အလုပ်ကို အချိန်ရှိသလောက် စိတ်ရောကိုယ်ပါလုပ်ကိုင်ကြ၏။ သို့ဖြစ်ရကား ဝတ်ကောင်းစားလှနှင့် အပြင်ပန်းပျော်ရွှင်မှုကိုသာလိုက်ကာ ငွေကို ထင်သလိုသုံးနေသော ဦးခန့်ကြီးမှာ ဒိုတီကိုဝတ်၍ ပဲကိုစားကာ အလုပ်လုပ်နေသော ကုလားဆရာဝန်များနှင့် ရေရှည်ကြိတ်လာသည့်အခါတွင် မနိုင်တော့ချေ။ သို့ဖြစ်၍ လက်ထောက်ဆရာဝန်တစ်ယောက်နှင့် ဆရာမတစ်ယောက်ကို ထုတ်ပစ်လိုက်ရသဖြင့် ဆေးတိုက်မှာ ယော်၍သွားသည်နှင့်အမျှ ဝင်ငွေလည်းလျော့ပါးလာတော့၏။ ယခင်က လစဉ် ၁၅၀၀ ထက်မနည်းခဲ့သော ဝင်ငွေမှာ မိမိအတွက် ၁၀၀၀ ပင်မပြည့်တော့။ စားစရိတ်နှင့် ကားစရိတ်များကလည်း တိုး၍လာသေး၏။ ဤအထဲမှ မမြသွေးအား ၅၀၀ မှန်မှန်ဖဲ့၍ပေးရပေဦးမည်။

မမြသွေးကား တောင်းပန်၍ရမည့်မိန်းမတစ်ယောက် မဟုတ်ကြောင်း ဦးခန့်ကြီးသိ၏။ လွန်ခဲ့သော (၆)လ လောက်ကလည်းတစ်ကြိမ်၊ ဤကိစ္စကိုငွေ ၆၀၀၀ နှင့် တစ်ခါတည်း အပြီးသတ်ပါမည့်အကြောင်း၊ မမြသွေးမှာလည်း မိမိနှင့်ကွာပြီးနောက် သဘောအတိုင်း လက်ထပ်နိုင်ကြောင်း၊ ထို့ပြင်ငွေ ၁၀၀ ကိုလည်း လစဉ်မှန်မှန်ထောက်ပံ့ပါဦးမည့်အကြောင်းနှင့် တောင်းပန်ဖူးသေး၏။

သို့သော် မမြသွေးသည် လုံးခနဲရရှိခြင်းကို သဘောမကျဘဲ ဦးခန့်ကြီးထံမှချင်း လစဉ်မှန်မှန် ၅၀၀ ရရှိခြင်းသာလျှင် မိမိနေထိုင်စားသောက်ရေးအတွက် အမြဲမပျက်ရသော နည်းလမ်းဖြစ်သည်ဟု စိတ်ကိုပိုင်းဖြတ်ထားသည့်အတိုင်းခေါင်းမာလျက်ပင် ရှိခဲ့လေသည်။

ဦးခန့်ကြီးလည်း စီးကရက်ကို ဖွာရင်း အထက်ပါယခင်က ရှေးဟောင်းအကြောင်းဖြစ်များကို ပြန်ပြောင်းစဉ်းစားလျက်ရှိလေသည်။

◆ ◆ ◆

"ဘယ်မလဲ အစ်ကိုကြီး မြကိုပေးမယ့် ငွေ"

"ရော့ပါဗျာ... ယူပါ"

ဦးခန့်ကြီးသည် လက်ဝဲဘက်အံဆွဲထဲမှ အထပ်လိုက်အသင့်ထားသော



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာတန်စက္ကူ (၅)ချပ်ကို မမြသွေးလက်ထဲသို့ ထည့်လိုက်ရာ မမြသွေးသည် ငွေစက္ကူများကို လှမ်းယူလိုက်ပြီးနောက် မိမိ၏ ပလတ်စတစ်လက်ဆွဲအိတ်ကလေးထဲသို့ ထည့်လိုက်လေ၏။

"အစ်ကိုကြီး–ဘာများသည်လောက် စဉ်းစားနေတာလဲ"

"မြနဲ့အရင်တုန်းက ချစ်ကြိုက်ခဲ့မိတာတွေပြန်ပြီး စဉ်းစားမိလို့ပါ... မြကော ဘာစဉ်းစားနေသလဲ"

"ကျွန်မကတော့ ဘာမှမစဉ်းစားပေါင်။ ပျော်မယ်၊ ပါးမယ်၊ ဝတ်မယ်စားမယ်။ ကိုယ့်ကိုကိုယ်လှအောင်ဆင်မယ်၊ ဒါပါပဲ။ ဒါထက် ဒီမြို့မှာစောင့်တဲ့လူကြီးမမြင်ပါကလား"

"ပြည်ကို ရထားနဲ့လိုက်သွားတယ် မြရဲ့၊ ဒီကနေ့ည ၁၂ နာရီအထိနော် မြ ဒါပဲ"

"အစ်ကိုကြီးသဘောရှိ။ ဒါပေမဲ့ မြကိုတော့ ပြန်ပို့ရလိမ့်မယ်နော်"

"ပို့ပါမယ်ဗျာ အစ်ကိုကြီးမှာ ကားပါပါတယ်။ ဒါမျိုးဆိုတာ နှစ်ယောက်ထဲအေးအေးဆေးဆေးနေရတာ အကောင်းဆုံးမဟုတ်လား မြရယ်"

ဦးခန့်ကြီးမှာ မိမိ၏အကြံအစည်ကို တစ်စိတ်တစ်ဒေသ ဖော်ပြသောစကားအစ်ပွာယ်မျိုးသက်ရောက်သဖြင့် စိတ်မလုံသည့်ဟန်ဖြင့် မမြသွေးကို မော်၍ကြည့်လိုက်၏။ သို့သော် မမြသွေးမှာ ထိုစကားသည် တိတ်တဆိတ်တွေ့ဆုံကြသော ယောကျ်ားမိန်းမတို့အတွက် ရိုးရှင်းနေသော စကားမျိုးဖြစ်သဖြင့် ဂရုမစိုက်ဘဲ စီးကရက်ကို ဖွာမြဲတိုင်ဖွာ၍နေလေသည်။

ဦးခန့်ကြီးသည် ငွေစက္ကူများကို ပေးပြီးနောက် မတ်တပ်ရပ်လိုက်ပြီးလျှင် စားပွဲနံဘေးတွင် ခင်း၍ထားသော ကုလားထိုင်ခုံမှ နှစ်ယောက်ထိုင်ဆိုဖာပေါ်သို့ပြောင်း၍ထိုင်လိုက်၏။ မိမိအပေါ်အင်္ကျီကိုလည်း ချွတ်လိုက်ပြီးလျှင် အင်္ကျီချိတ်၌ ချိတ်ထားလိုက်လေ၏။

"မြနဲ့ မတွေ့ရတာ ၂ ပတ်လောက်ရှိသွားပြီနော် ဒီကိုလာပါမြရဲ့"

မမြသွေးသည် စားပွဲရှေ့ရှိ ကုလားထိုင်ပေါ်မှ ဆိုဖာပေါ်သို့ပြောင်းကာ ဦးခန့်ကြီးနှင့် ယှဉ်၍ထိုင်လိုက်လေသည်။

"မြဟာ ဘယ်တော့မှအလှမပျက်ဘူး။ လှလည်းသိပ်လှတာပဲ"

"လှကိုသည်လောက်မပြောက်ပါနဲ့ ရှင့်အိမ်ကမဟာလောက်မလှပါဘူး"

"အိမ်ကမဟာကြီးလောက်မလှရင် ဒီကိုလာပါ့မလား မြရယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့ပင်ပြောရသော်လည်း မေတ္တာနှင့်ပြောခြင်းမဟုတ်။ ဟန်ဆောင်၍ ပြောရသော စကားလုံးများဖြစ်သဖြင့် ပါးစပ်မှ ချောချောမောမော မထွက်ဘဲ သွေ့ခြောက်ခြောက်နိုင်လှ၏။

ဦးခန့်ကြီးသည် မိမိ၏လက်ဝဲဘက်တွင် ထိုင်နေသော မမြသွေး၏ ကိုယ်ကလေးကို ခါးမှခပ်တင်းတင်းဖက်ထားရာ မမြသွေးသည် ခပ်ယိုင်ယိုင်ပါလာလျက် မိမိ၏လက်ဝဲဘက် ပခုံးစွန်းပေါ်သို့ သူ၏ဦးခေါင်းခပ်မှီမှီရှိနေသည်ကို တွေ့ရှိရ၏။

"မြ-အစ်ကိုကြီးကို အဟုတ်ချစ်ရဲ့လား"

မျက်လုံးကလေး ခပ်မှေးမှေးထားလျက်–"အို–အစ်ကိုကြီးကလည်း ဘယ့်နှယ်မေးပါလိမ့်၊ မြအဟုတ်မချစ်ဘဲ ဒီကိုလာပါ့မလား"

"အစ်ကိုကြီးအရင်တစ်ခါပြောတာ အမှတ်ရသေးသလား"

"ဘာလဲ ငွေ ၆၀၀၀ အပြီးယူရမယ်ဆိုတာလား"

"ဟုတ်တယ်၊ ဒီဟာတောင်အစ်ကိုကြီးဆီမှာ ရှိတာမဟုတ်ဘူး။ သူငယ် တစ်ယောက်ဆီက သူ့မိန်းမစိန်နားကပ်ကို လှည့်ပြီးရောင်းပေးရမှာမြရဲ့"

ဦးခန့်ကြီးက နောက်ဆုံးစမ်းသပ်ခြင်း ဖြစ်လေသည်။ ထိုစကားကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက်မမြသွေး၏ ပျော့ပျောင်းသော ကိုယ်ကလေး သည်တောင့်တင်း၍ သွားပြီးလျှင် မမြသွေးသည် ဦးခန့်ကြီးရင်ခွင်မှဆတ်ခနဲထွက် လိုက်လေ၏။

"အစ်ကိုကြီး–ဒီစကားလာပြန်ပလား။ ဒီတစ်ခါပဲ ဒီစကားကြားပါရစေ။ အစ်ကိုကြီးရယ်–မြကိုယ်ကို ခြောက်ထောင်နဲ့ တစ်ခါတည်းရောင်းရမှာလား"

"ရောင်းတယ် ဘယ်ဟုတ်မလဲမြရဲ့၊ မြလည်းတစ်ခါတည်း လုံးလုံးခဲ ခဲရသွားရော။ အစ်ကိုကြီးလည်း ဒီအပူလုံးကြီးကျသွားရော... ပြီးတော့"

စကားမဆုံးမီကြားဖြတ်လျက်– "တော်ပါ အစ်ကိုကြီး။ ဒီစကားဒီတင် ခဲရပ်စမ်းပါ။ မြပါးစပ်က ထွက်မိတဲ့စကားကို မြဘယ်တော့မှ အလျှော့မပေးဘူး မှတ်ထားပါ"

တောင်းပန်၍ မရမှန်းသိပြီဖြစ်၍ မျက်နှာကိုချိုသာစွာ ပြောင်းလိုက်ပြီး နောက်– "မြဟာလေ–ဒီစကားပြောလိုက်ရင် စိတ်ဆိုးတာချည်းပဲ"

"စိတ်မဆိုးစေချင်ရင် မပြောဘဲနေပါ့လား"

"ကိုင်း–မပြောတော့ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ကြီးသည် မမြသွေးအား ပြန်၍ချော့မော့ကာ သေးသွယ်သော ခါးကရလေးကို ဖက်လိုက်ပြန်၏။ သို့သော် ထိတွေ့ခြင်းအရသာကို မတွေ့ရဘဲ တောင့်တင်းလျက်ရှိသော ကိုယ်ကိုသာတွေ့ရ၏။ မွှန်ပိယာပေါင်ဒါတို့ဖြင့် လိမ်းကျံထားသည့် နှုတ်ခမ်းပြင်ကို ခပ်မော့မော့ရှိနေသော နှမ်းရှုပ်လိုက်၏။ သို့သော် ယခင်ကကဲ့သို့ ရာဂစိတ်ကို နိုးဆွပေးသည့် အနံ့အရသာအမွှေးအကြိုင်တို့ကို မတွေ့ရဘဲ ပေါက်ပန်းပွင့်ကို ရှူရဘိသကဲ့သို့ရှိ၏။ မေတ္တာစိတ်သည်သာလျှင် အာရုံငါးပါးကို အသေးစိပ်၍ နူးနယ်စွာခံစားနိုင်ပြီးလျှင် ဒေါသစိတ်မှာမူ အာရုံငါးပါးလှည့်စားကာ တစ်မျိုးတစ်ဖုံ ချောက်ချား၍သွားစေတတ်၏။ ဤအာရုံပြောင်းလဲမှုကို အဖိုဓာတ်၌သာမဟုတ်၊ အမဓာတ်၌လည်း ခံစားရဟန်လက္ခဏာရှိလေသည်။

"အစ်ကိုကြီး လက်ကလည်း တောင့်တောင့်ကြီးတကတည်း"

"မြစိတ်ထင်လို့ပါ"

"အစ်ကိုကြီး နှာခေါင်းက နံ့လိုက်တာ"

"မြ ထင်လို့ပါကွယ်"

ဦးခန့်ကြီးသည် မမြသွေး၏ မျက်လုံးများနှင့်တကွ တစ်ကိုယ်လုံးကို ခြုံ၍ကြည့်နေသည်။ မမြသွေး၏ မျက်လုံးများမှာ နက်မှောင်လှပသည်ဟု ယခင်ကထင်ခဲ့သော်လည်း ယခုအချိန်၌မူ မြွေဟောက်တစ်ကောင်၏ မျက်လုံးများကဲ့သို့ မီးတဖျတ်ဖျတ်ထွက်နေသည်ဟု ထင်မိ၏။ မိမိ၏အခြေအနေနှင့်တကွ မိမိ၏အလုပ်အကိုင် ကျဆင်းလာပုံ မိမိအမေါ်တွင် ကြွေးမြီများပုံတို့ကို စဉ်းစားမိ၏။ လက္ခုန်၍ မိမိလက်အောက် လခစားများအား ရှင်းလင်းပြီးနောက် အိမ်ခန်းစရိတ်အတွက် မစဉ်းစားနိုင်သေးပီ ငွေ ၅၀၀၀ ကိုမည်သို့မည်ပုံ ကြံဖန်ပေးရမည်အကြောင်းကို တွေး၍ပူပန်ရပုံများကို အောက်မေ့မိ၏။ မိမိတစ်သက်တွင် ဤမျှလောက်ဒုက္ခပေးမည့်သတ္တဝါ၊ မိမိ၏ ပျော်ရွှင်မှုကို ဤမျှလောက် နှောင့်ယှက်ဖျက်ဆီးနေသည့် မိန်းမကို မည်ကဲ့သို့အစတုံးအောင် ပြုလုပ်ရပါအံ့နည်း။ ဦးခန့်ကြီး၏ မျက်လုံးများသည် အရက်ပုလင်းနှင့် ဖန်ခွက်များတင်ထားသော စင်ကလေးဆီသို့နောက်ဆုံးရောက်သွားတော့၏။

အချိန်မှာ ၁၀ နာရီထိုးရန် ၅ မိနစ်မျှသာလိုတော့၏။

"နေဦး၊ ညည့်နက်တော့ နည်းနည်းတောင်အေးလာတယ်။ အစ်ကိုကြီး ဖန်ခွက်သွားယူဦးမယ်"

"သောက်ရဦးမှာလား အစ်ကိုကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခါတိုင်းလိုပေါ့ မြရယ်... မမှုပါဘူး။ နည်းနည်းပါ။ ဒါမှလည်း အရက်တန်ခိုးနဲ့ ပျော်ချင်တိုင်းပျော်နိုင်တာပေါ့"

ဦးခန့်ကြီးသည် ဖန်ခွက်နှစ်လုံးကို စားပွဲဝိုင်းကလေးပေါ်သို့ ရွှေဦးစွာယူလာခဲ့ပြီးလျှင် ဆေးရည်တစ်စက်ထည့်ထားသည့် လက်ဝဲဘက်ဖန်ခွက်ကို မမြသွေးဘက်၌ချ၍ အခြားဖန်ခွက်ကို မိမိဘက်၌ ချထားလိုက်၏။ ထို့နောက် အရက်ပုလင်းကို ယူလာ၍ ဖော့ဆို့ကိုဖွင့်ကာ ဖန်ခွက်များထဲသို့ အရက်ကို လက်လေးသစ်ခန့်စီလောင်းထည့်လိုက်လေသည်။

"ဆော်ဒါမထည့်တော့ဘူးလား အစ်ကိုကြီး"

"ရှန်ပိန်ပါမြရဲ့၊ မပြင်းပါဘူး။ မြအရင်တစ်ခါ သောက်ဖူးသားနဲ့"

ထို့နောက် တစ်ယောက်ခါးကိုတစ်ယောက်ဖက်ကာ ဖန်ခွက်များကို မြှောက်လျက် ဦးခန့်ကြီးက "ကျုပ်ရဲ့အချစ်ဆုံးမြအတွက်"ဟုပြော၍ သောက်လေရာ မမြသွေးကလည်း "ကျွန်မရဲ့အချစ်ဆုံးရွှေတွင်းကြီးအတွက်" ဟု ရေရွတ်ပြီးနောက် ဖန်ခွက်ထဲမှ အရက်များကို မော့ချလိုက်ကြလေ၏။

◈ ◈ ◈

ဖန်ခွက်ကိုစားပွဲပေါ်သို့ ပြန်၍ချထားလိုက်ပြီးနောက် တစ်မိနစ်အတွင်း၌ပင် မမြသွေး၏ မျက်နှာမှာ ကြောက်မက်ဖွယ်ရာ ရုတ်တရက်ပြောင်းသွားတော့၏။ မေးရိုးများ အောက်သို့ကျဆင်းလျက် မျက်လုံးများသည်လည်း မျက်တွင်းထဲသို့ နိမ့်ဝင်သွားပြီးလျှင် အသွေးအရောင်ဟူ၍ မရှိတော့ချေ။ ဦးခန့်ကြီးသည် မမြသွေး၏ မျက်နှာကို ကြောက်မက်ဖွယ်ကောင်းသော ပြုံးခြင်းမျိုးဖြင့် ပြုံး၍ ခါးထောက်ကြည့်ရှုလျက်ရှိ၏။

"အစ်ကိုကြီး အ ကို ကြီး ဟာ... "

စကားကို တစ်လုံးချင်းမျှဆုံးအောင်ပင် မပြောနိုင်ရှာဘဲ မမြသွေးသည် သူ၏ လည်မျိုကို လက်နှစ်ဖက်ဖြင့် ဖျစ်ကာ ဆိုဖာပေါ်သို့ တစောင်းလဲကျသွားပြီးလျှင် အသက်ပျောက်၍ သွားရှာလေ၏။

"အင်း–ကိုယ့်ကိုကိုယ် အင်မတန်ပါးလှပြီ၊ နပ်လှပြီဆိုပြီး ငါ့အသွေးအသားကို စုပ်နေတဲ့ မြွေပေါက်မတော့ ကိစ္စချောရှာပြီ။ ဩော်–အနိစ္စ အနိစ္စ အင်မတန်မွေ့ကြိုင်ပြီး ပွေ့ချင်ပိုက်ချင် နမ်းချင်ရှုပ်ချင်စရာ ကောင်းတဲ့ကိုယ်ကလေးဟာ မကြာခင်ပိုးလောက်တို့ အစာဖြစ်ရတော့မှာပဲ။ ဒါထက် နေ့ရာကျုံ့က



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို ဘယ်လိုပဲခွဲကြည့်ကြည့် အဆိပ်ကိုမတွေ့ရတဲ့ အချက်ကလေးတာ အနိုင့်ဆုံးပဲ။ ဒီအဆိပ်မျိုးဟာ ကိုယ်ထဲမှာ ၆ နာရီကြာတာနဲ့ တစ်ပြိုင်နက်ပြေသွားတဲ့အဆိပ်မျိုးပေကိုး။ တယ်နေရာကျသကွယ်။ ဆရာဝန်မို့လား မပြောတတ်ဘူး။ ငါလုပ်လိုက်သမျှ သပ်သပ်ရပ်ရပ်ချည်းပဲ။ ဒါနဲ့ ဒီလိုနေလို့ မပြီးသေးဘူး။ လုပ်စရာတွေကျန်သေးတယ်''

ဦးခန့်ကြီးသည် ဆိုဖာပေါ်တွင် တစောင်းလဲကျလျက်ရှိသော မမြသွေးကိုယ်ကလေးကိုကြည့်ရင်း စဉ်းစားလျက်ရှိရာမှ နောက်ခန်းသို့ ဝင်သွားလေ၏။ ထို့နောက် သေတ္တာကြီးကိုဖွင့်ပြီးလျှင် အိပ်ရှေ့ဧည့်ခန်းသို့ပြန်၍ထွက်လာလေသည်။

အလောင်းကိုချီမတော့မည်ပြုရာ တစ်ခြမ်းဟ၍နေသော နံဘေးပြတင်းပေါက်မှာ လေကလေးတစ်ချီသုတ်၍ လာသဖြင့် ထိုလေသည် မိမိ၏ ရိုးတွင်းခြင်ဆီအတွင်းသို့ဝင်ရောက်ကာ ကျောရိုးတစ်လျှောက် စိမ့်၍သွားသည်ဟု အောက်မေ့မိ၏။ သို့နှင့် ပြတင်းပေါက်ဆီသို့ ထ၍လာခဲ့ရာ ပြတင်းခန်းဆီး လှုပ်၍သွားသကဲ့သို့စိတ်ထဲတွင်ထင်လိုက်မိ၏။ သို့သော် ပြတင်းပေါက်ရှိရာသို့ရောက်၍ ခန်းဆီးကိုဖယ်ရှားကာ ပြန်၍ပိတ်ရာတွင် တစ်စုံတစ်ရာ မတွေ့သောအခါမှ စိတ်အေးသွားလေသည်။

ဦးခန့်ကြီးသည် တုန်ယင်လျက်ရှိသော လက်များဖြင့် မမြသွေး၏အလောင်းကို ချီမကာ အတွင်းခန်းသို့ ယူသွားလေ၏။ ထို့နောက် အနေတော်မျှရှိသော ကိုယ်ကလေးကို သံသေတ္တာကြီးအတွင်းသို့ ခပ်ကွေးကွေးသွင်းလိုက်၏။ ထို့နောက် အပြင်ခန်းသို့ ထွက်လာခဲ့ပြီးလျှင် စားပွဲပေါ်တွင် တင်ထားသော မမြသွေး၏ ပလတ်စတစ်လက်ဆွဲအိတ်ကလေးထဲမှ မိမိပေးသောငွေ ၅၀၀ ကို နှိုက်ယူပြီးလျှင် ပြန်ပိတ်ပြီးနောက် သေတ္တာကြီးအတွင်းသို့ ထည့်လိုက်၏။ တံခါးဝအနီးတွင် ချွတ်ထားသော ကတ္တီပါဖိနပ်ကလေးကိုပင် အလောင်း၏ခြေတွင် သပ်ရပ်စွာစွပ်ပေးလိုက်သေး၏။

''အင်း–ဒီအလုပ်မျိုးဆိုတာ စေ့စပ်မှ တန်ရုံကျတယ်'' ဟုပြောကာ ဤသို့သပ်သပ်ရပ်ရပ် ပြင်ဆင်ပြုလုပ်ပြီးလျှင် သေတ္တာကြီး၏အဖုံးကိုချ၍ သော့ခတ်ပြီးနောက် အပြင်သို့ထွက်ခဲ့လေ၏။

''အခုမှတော့ လွယ်ပါပြီ၊ ညမှာအခုအချိန် ဘီအေဂရောင်းနံဘေးမှာ လူပြတ်တယ်။ အဲဒီနေရာသွားပြီးချထားရင် ဒီမိန်းမနဲ့ငါနဲ့ ဘယ်သူမှဆက်သွယ်ပြီး မကြည့်နိုင်ဘူး။ သူ့အကျင့်စာရိတ္တကလည်း ဟိုတယ်တက်ရောက်၊ ကမ္ဘဲ



www.burmeseclassic.com

www.burmeseclassic.com



တကာရောက်နေတဲ့ မိန်းမတစ်ယောက်ဆိုတော့ ငါနဲ့ အရင်က ဖြစ်ဖူးတယ်ထား ဦး။ အလွှတ်ကြီးပဲ။ ကောင်းတယ်–ကောင်းတယ်၊ ဒီအကြံသိပ်ကောင်းတယ်" ဟု ဦးခန့်ကြီးသည် စိတ်ထဲက ရေရွတ်မိပြန်၏။

ဖန်ခွက်လက်ရာများကို ဖျောက်ဖျက်ရန် ကျန်သေးသဖြင့် ဦးခန့်ကြီး သည် မပြေသွားသေးသောဖန်ခွက်ကို နောက်ဖေးမီးဖိုခန်းသို့ ယူခဲ့ပြီးလျှင် ဆပ်ပြာနှင့် အကြိမ်ကြိမ်ဆေးကြောပစ်ပြီးနောက် အဝတ်ဖြင့် သွေ့ခြောက်သည် အထိ ပွတ်တိုက်ထားလိုက်၏။ ထို့နောက် အရက်ပုလင်းတင်သော စင်ကလေး သို့သွားပြီးလျှင် ဝီစကီပုလင်းအသစ်တစ်လုံးကိုဖောက်၍ အနည်းငယ်မျှသာ ထည့်ပြီးလျှင် ရေနှင့်ရောစပ်သောက်ချလိုက်ပြန်၏။ အရက်တန်ခိုးသည် အကြောက်နှင့်အချမ်းကို အတော်ပင်ကာကွယ်၍ ပေးလေသည်။

ထို့နောက် စားပွဲတွင်ပြန်၍ထိုင်ကာ ဦးခန့်ကြီးသည် စီးကရက်တစ်လိပ် ကိုမီးညှိ၍ သောက်ပြန်လေသည်။

အချိန်မှာ ၁၀ နာရီ မိနစ် ၂၀ ရှိပြီဖြစ်၍ ဦးခန့်ကြီးသည် သေတ္တာကြီးကို ကားပေါ်သို့တင်ရန်သာ ရှိတော့သဖြင့် အတွင်းခန်းသို့ဝင်တော့မည်ပြုစဉ် ကျောက် ချစ်လမ်းပေါ်မှ ခြေသံကြားရသဖြင့် တန့်ခနဲဖြစ်၍သွားလေ၏။ မရှေးမနှောင်းမှင် တံခါးခေါက်သံ ကြားရလေသည်။

"ဘယ်သူလဲဟေ့"

"ကျွန်တော်ပါဆရာ"

"ဟိုက်–မောင်မြဘူးပါလား"

ဦးခန့်ကြီးသည် တစ်ခဏမျှစဉ်းစားလျက်ရှိရာမှ တံခါးကိုဖွင့်၍ ပေးလိုက် ရာ၏။

"ဟုတ်တယ်–မီးရထားလက်မှတ် မေ့ကျန်ရစ်ခဲ့လို့ ကျွန်တော်ပြန်လာ တယ်ဆရာ"

"မင်းနှယ်–ဖြစ်မှဖြစ်ရလေကွယ်"

"ကျွန်တော်မနေ့ကတည်းက ဆရာပြောတဲ့အတိုင်း တင်ကြိုပြီး ဒုတိယ တန်းလက်မှတ်ယူထားတာကလား ဆရာရဲ့။ ဒီလက်မှတ် ကျွန်တော့်အကျီအိတ် ထဲမှာကျန်ရစ်လို့"

ဦးခန့်ကြီးသည် စကားပြန်၍မပြောချေ။ အကြံထုတ်ရင်း စီးကရက်ကို သာ ဖွာမြဲဖွာလျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ... ဒါထက် ဒီမှာဆရာ"

"ဘာလဲဟေ့ မောင်မြဘူး"

"ဒီကနေ့ညကစပြီး ကျွန်တော်အလုပ်က ထွက်လိုက်ပြီ"

"ဟင်... "

"အကြောင်းက ဒီလိုဆရာရဲ့၊ လက်မှတ်မေ့ကျန်ရစ်လို့ ကျွန်တော် ပြန်လာတာ။ လမ်းမှာ သူငယ်ချင်းတွေတွေ့တာနဲ့ ခေါက်ဆွဲဆိုင်ခေါ်သွားကြတယ်။ ဟိုကျတော့ နည်းနည်းပါးပါး သောက်မိတာပေါ့ဆရာရယ်"

"အင်း"

"ဒါနဲ့ စားသောက်ပြီး ဒီပြန်ရောက်လာတော့ ၁၀ နာရီမထိုးတတ်သေးဘူး။ အိမ်ထဲမှာ မီးမှိန်မှိန်ကလေးထွန်းထားတာ မြင်ရတော့ ကျွန်တော့်က ဆရာပြန်သွားပြီးတဲ့နောက် အလစ်မှာ သူခိုးဝင်နေပြီလို့ အောက်မေ့တာကိုး ဆရာရဲ့၊ ဒါနဲ့ နံဘေးပြတင်းပေါက်ကလေးကလည်း ပွင့်နေလေတော့ ကျွန်တော်အထဲကို ချောင်းကြည့်မိတယ်"

"အလို ဘုရား ဘုရား"

"ကျွန်တော်အားလုံး မြင်ပြီးပါပြီဆရာ။ ဒီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆရာနဲ့ကျွန်တော် ဘယ်လိုက ဘယ်လိုနားလည်မှုယူကြမယ်ဆိုတာ နက်ဖြန် ၁၀ နာရီလောက် ဒီအိမ်မှာပဲ စကားပြောကြတာပေါ့၊ ဟုတ်လားဆရာ"

ဦးခန့်ကြီးသည် မောင်မြဘူးအား သေနတ်နှင့်တစ်ခါတည်း ပစ်သတ်လိုက်၏။ သို့သော် သေနတ်ကား ပါမလာချေ။ မော်တော်ကားထဲတွင် ကျန်ရစ်ခဲ့၏။ လူနှင့်လူချင်းအံတုရန်မှာလည်း လူဖလံကလေးသာသာမျှသာရှိသော ဦးခန့်ကြီးသည် အရပ် ၅ ပေ၊ ၉ လက်မမြင့်၍ ရင်အုပ် လက်မ ၄၀ ရှိရသော မောင်မြဘူးအား အနိုင်မတုနိုင်ချေ။ သို့နှင့်သူသည် အံကြိတ်လျက်သာရှိတော့၏။ မှင်တက်မိ၍နေသော လူတစ်ယောက်ကဲ့သို့ ဦးခန့်ကြီးသည် သူ၏ခြေလက်များကိုပင် ရွေ့၍မရသကဲ့သို့ ရှိတော့၏။

ထို့နောက် မောင်မြဘူးသည် တစ်စုံတစ်ရာမပြောဘဲ စားပွဲ၏ လက်ယာဘက်အံဆွဲကို ဆွဲထုတ်ကာ အဖြူရည်များထည့်ထားသော ပုလင်းကလေးကို ထုတ်ယူလိုက်ပြီးလျှင် သူ၏အင်္ကျီအတွင်းအိတ်ထဲသို့ ထည့်လိုက်လေ၏။

မောင်မြဘူးသည် စီးကရက်သံဘူးထဲမှာ စီးကရက်တစ်လိပ်ကိုယူ၍ အလွန်အေးဆေးသော အမူအရာဖြင့် မီးညှိ၍ သောက်ပြီးနောက်–



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောတာ နားလည်ပြီမဟုတ်လားဆရာ၊ ဒီလိုပဲ အပေးအယူဆိုတာ ရှိကြမှပေါ့ဆရာရဲ့။ ကျွန်တော်လည်း အခုညဒီကိုပြန်မလာတော့ပါဘူး။ ဆရာလုပ်စရာရှိတာသာ စိတ်အေးလက်အေးလုပ်ပေတော့။ မိန်းကလေး မရှိပေမဲ့ ဒီမိန်းကလေးရဲ့နေရာကို ကျွန်တော်ရောက်ပြီဆိုတဲ့ အမိပွာယ်ပေါ့ဆရာ၊ ကိုင်း– ကျွန်တော်သွားလိုက်ပါဦးမယ်"

ဦးခန့်ကြီးသည် "တယ်လူပါးဝတဲ့ခွေးကောင်" ဟု ရေရွတ်ကာ သူ၏ အောက်နှုတ်ခမ်းများကို ကိုက်ရင်းကျန်ရစ်ခဲ့လေတော့၏။

အိမ်မှထွက်သွားသောအခါ မောင်မြဘူးသည် တစ်ကိုယ်တည်း ပြောတိုသကဲ့သို့ "သူ့အလုပ်ကထွက်၊ တစ်လကို နှုတ်ပိတ်ခ ၅၀၀ တောင်။ နှစ်လသုံးလကြာလို့ သူကတစ်ခါတည်း ယတိပြတ်ယူပါဆိုရင် ၅၀၀၀ လောက်ရအောင်ယူ၊ ပုလိပ်ကိုတစ်ဖက်လှည့် စာနဲ့ရေးပြီး တိုင်ချက်ပေးလိုက်ပေါ့။ ဒီလောက်ရက်စက်တဲ့ လူမျိုးတော့ ကမ္ဘာပေါ်မှာ ထားလို့မကောင်းဘူး။ အင်း–ဒီအကြံကောင်းလေကွယ်။ ဩော်... မြဘူး... မြဘူး။ မြင်းပွဲကလေးတော့ လက်ကိုင်ကလေးခပ်ရွှင်ရွှင်နဲ့ မှန်မှန်သွားနိုင်ချေသေးရဲ့ကွယ်" ဟု ရေရွတ်ပြောဆိုရင်း မှောင်ထဲတွင် ပျောက်ကွယ်သွားလေသတည်း။

(၁၉၅၂ ဇွန် [illegible])

www.burmeseclassic.com

www.burmeseclassic.com

# ချစ်ပန်းပွင့်ချိန်

သတ္တဝါတို့မည်သည် အချိန်အရွယ်ရောက်လာသည်နှင့် တစ်ပြိုင်နက် အချစ်၏ နယ်ပယ်အတွင်းသို့ ခြေဖုံးပစ်၍ ဝင်လာခဲ့ကြပြီဖြစ်ရာ ပထမဦးစွာ အနီးဝင် ဆုံးသောသူကို မျက်မှန်းတန်းမိတတ်ကြလေသည်။

ဖိုဓာတ်သည် အနီးဆုံးမဓာတ်ကိုလည်းကောင်း၊ မဓာတ်သည် အနီး ဆုံးဖိုဓာတ်ကိုလည်းကောင်း ငြိတွယ်လိုသောစိတ်များ အလိုအလျောက် ဖြစ်ပေါ် လာတတ်၏။

ကျွန်ုပ်တို့ မြန်မာလူမျိုးများတွင် အများအားဖြင့် မိန်းကလေးများသည် ယောကျ်ားကလေးများကဲ့သို့ အပြင်အပသို့ ထွက်ခွင့်နည်းပါးကြလေရာ ၎င်းတို့ နှင့် ရှေးဦးစွာတွေ့ဖူးသော ယောကျ်ာကလေးများ၊ ၎င်းတို့ရှေးဦးစွာ မြင်ဖူး စကားပြောဆိုဖူးသော ယောကျ်ားကလေးများကို အတော်ပင်အထင်အမြင်ကြီး တတ်လေသည်။

ဤသို့ အထင်အမြင်ကြီးခြင်းပင်လျှင် "အချစ်" စခန်းသို့ ပို့ဆောင်မည့် လမ်းစဖြစ်ကြောင်းကို အပျိုဖော်ဝင်စ မိန်းမကလေးများသည် မသိရှာကြချေ။

ယောကျ်ားများသည် မိမိတို့ချစ်ကြိုက်သော မိန်းမများရှေ့တွင် မိမိတို့ ကိုယ်ကို တစ်နိုင်သမျှ အထင်အမြင်ကြီးစေရန် ပြုလုပ်ခြင်းဖြင့် သွေးဆောင် တတ်ကြလေသည်။ ဤနည်းအားဖြင့် အချစ်ပျို၏ အချစ်ပေါက်စမှစ၍ နုနယ် သောအချစ်ဓာတ်ခံရှိသူများသည် ထိုသွေးဆောင်ခြင်းကို မလွန်ဆန်နိုင်တဲ့ ယိမ်း ယိုင်ပါ သွားတတ်ကြလေသည်။

သို့ဖြစ်ရကား အထက်ပါ "အချစ်၏ သဘာဝ" ကို ကောင်းစွာသိရှိလာ ခဲ့သော သူရှေးဦးသာခွန်းသည် မိမိ၏ဖနီးဒေါ်ရှင်အား အပျိုပေါက်စ သမီးမတင် မေကို နည်းလမ်းပြသည့်ညွှန်ကြားရန် တီးတိုးသင်ကြားထားပြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## (၂)

မတင်မေမှာ အသက် (၁၄) နှစ်မျှသာရှိသေး၏။ အင်္ဂလိပ်ကျောင်းတွင် (၇)တန်းမျှ အောင်မြင်ပြီးနောက် မိဘများသည် စိတ်မချမှုကြောင့် ကျောင်းမှ ထွက်ခဲ့ရ၏။ မိန်းကလေးများသည် ယောကျ်ားကလေးများနှင့် ရောနှော၍စာသင် ရသျှင်ပင် မိန်းကလေးများမှာ ပျက်စီးရတော့မလောက် ဒေါ်ရှင်သည် ထင်မှတ် ခဲ့သူတစ်ယောက်ဖြစ်လေသည်။ ချုပ်တည်း၍ထားသောမြင်းသည် ကွင်းပြင်၌ လွှတ်ပေးထားသော မြင်းထက်ပင် တစ်ခါတစ်ရံ ဆိုးဝါးတတ်ကြောင်းကိုကား ဒေါ်ရှင်သည်ကောင်းစွာ စဉ်းစားမိဟန်မတူချေ။

ဒေါ်ရှင်သည် သမီးတင်မေအား ဝတ္ထုစာအုပ်များကိုပင် အလျှင်းမ တပ်ရန် ပညတ်ထား၏။ သို့သော် ဦးသာဒွန်းမှာ အချစ်အကြောင်းကောင်းစွာ ဆင်ခြင်သည့်အားလျော်စွာ ဝတ္ထုများကို ရွေးချယ်ပြီးလျှင် အကျင့်စာရိတ္တထိခိုက် ပျက်ပြားစေမည့်ဝတ္ထုများ၊ ကာမစိတ်ကို လှုံ့ဆော်အားပေးမည့်ဝတ္ထုများကို မဖတ် ဘဲ အကျင့်စာရိတ္တတိုးတက်ကောင်းမွန်စေမည့် ဝတ္ထုများကိုသာ ရွေးချယ်ဖတ် စေ၏။

ဦးသာဒွန်းသည် အားလပ်သောအချိန်များ၌ တစ်ခါတစ်ရံ ဒေါ်ရှင်အား "မရှင်… ဟိုတက်က မပုအိမ်များ တင်မေကို သိပ်မသွားစေနဲ့နော်"

"မပုက သဘောကောင်းပါတယ်တော်။ တစ်နေ့ကတောင် ထော နံ့သီးတွေရလာတယ်ဆိုပြီး အိမ်လာပို့သေးတယ်။ ပြီးတော့ ကျုပ်တို့ ဘုရား ကိုးဆူကပ်တုန်းက အိမ်နီးချင်းတွေထဲက ဘယ်သူလာပြီး ကူညီဖော်ရသလဲ မှုံ ပဲ မုန့်ဟင်းခါးပန်းကန်တွေလာဆေး ထင်းခွဲရေခပ်၊ အိမ်က ကောင်မလေးတွေ ဆောင် လုပ်ရတယ်မရှိဘူး။ သိပ်ပြီးအဖော်အလျော်ရတယ်"

"မင်းက ကြည့်တာက ဒါလောက်ပဲ ကြည့်တာကိုးကွ"

"မပုတို့အိမ်ကို မြို့ထဲက ကောင်လေးတွေဝင်ထွက်နေတာ မင်းမသိ ဘူးလား။ တင်မေတို့အရွယ်ဆိုတာ ဟုတ်တယ်မရှိဘူး။ နီးနီးစပ်စပ် တွေ့သွားမယ် ဆိုရင်… "

(စကားမဆုံးမီ) "ကိုယ်ကလည်း မဟုတ်တာတွေ"

"သမီးရှင်ဆိုတာ ဒီလိုမဖြစ်ခင်က တင်ကြိုပြီးတားဆီးထားတာ ကောင်းဆုံးပဲ"

"ကိုင်းပါ–ကိုယ်ဖတ်မယ့် သတင်းစာသာ အေးအေးဖတ်စမ်းပါ သမီး ကိစ္စဆိုတာ အဖေနဲ့မဆိုင်ပါဘူး။ ကျုပ်တစ်ယောက်လုံးရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးသာဒွန်းသည် ပက်လက်ကုလားထိုင်၌ သတင်းစာကို ဆက်လက်ဖတ်ရှုလျက်ရှိလေရာ ဒေါ်ရှင်သည် မီးဖိုချောင်သို့သွား၍ အစေခံမလေး ၂ ယောက်အား စီမံလျက်ရှိလေ၏။ မတင်မေသည် ဧတိုးလျက်ရှိရာမှ ဧတိုးအပ်နှင့်ချည်လုံးများကို ငွေသေတ္တာကလေးထဲ၌ သိမ်းထားပြီးသော် စာအုပ်တစ်အုပ်ကို ဖတ်ရှုလျက်ရှိလေ၏။

◆ ◆ ◆

အချစ်ပျိုးစအချိန်အရွယ်သည်ကား . . .

မြှောက်ပင့်တတ်သော ယောကျ်ားကလေးများ၏ အသံကို ကြားလို၏။ အလိုက်သင့်တိုက်တွန်းတတ်သော သူများ၏ စကားကို ယုံကြည်လွယ်၏။ သို့ဖြစ်၍လည်း မတင်မေသည် ဒေါ်ပုကဆွယ်သော ကားပွဲစားမောင်စိန်ထွန်းဆိုသော သူငယ်နှင့် ဒေါ်ပုအိမ်တွင် နှစ်ကြိမ်မျှ တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းတွေ့ဆုံပြီးနောက် မောင်စိန်ထွန်းထံမှ စာတစ်စောင်ကို လက်ခံရရှိပြီဖြစ်လေသည်။

မောင်စိန်ထွန်းမှာ အသက် ၂၀ မျှသာရှိသေး၍ ရုပ်ရည်သနားကမားရှိသော လူလည်တစ်ယောက်ဖြစ်လေသည်။ မိဘနှစ်ပါး မသေဆုံးမီက ကားပိုင်တစ်စီးရှိခဲ့ရာ မိဘများသေဆုံးသောအခါ ကားကလေးသည် ပရိုက်ဗိတ်ဘဝမှ အငှားပြေးရသော တက္ကစီမော်တော်ဘတ်စ်အဖြစ်သို့ ရောက်ခဲ့၏။ ၆ လခန့်မျှကြာရှိသောအခါ ကားကို ၁၀၀ဝီနှင့် ပေါင်နှံထားရပြီးလျှင် ထိုငွေမှာလည်း မိမိသုံးစားရသည်မရှိဘဲ ကားဘီးများဝယ်ရခြင်း၊ ဘော်ဒီအိမ်ပြင်ရခြင်း၊ ဝက်ဆီစိုးအကြွေးဆပ်ရခြင်း၊ ဓာတ်ဆီဝယ်ရခြင်း အစရှိသည်တို့ဖြင့် ကုန်ခန်းခဲ့၏။ တစ်နေ့အတွက် ရဖောင်းရရှိသော ကားခများမှာလည်း ကားပျက်စီးသည်နှင့်မျှ မကာမိဘဲ ဒရိုင်ဘာ၊ စပယ်ယာတို့နှင့်သာကုန်ခဲ့ပြီးလျှင် ၁၀ ရာခိုင်နှုန်းမျှသာ မိမိအိတ်ထဲသို့ အနိုင်နိုင်ရောက်ခဲ့၏။

သို့ပင်ဖြစ်လင့်ကစား မောင်စိန်ထွန်းသည် ဒေါ်ပုအိမ်သို့ အလည်ရောက်သောအခါများ၌ ၇၅ ကျပ်မျှတန်သော မန္တလေးဘန်ကောက်ညွှန့်လုံချည်၊ ၄၀ တန် မန္တလေးပိုးအကျီ၊ ၁၅၀ တန် ရွှေလက်ပတ်နာရီ၊ ၃၅ ကျပ်တန် သားရေပြောင်ဖိနပ်စသည်တို့ဖြင့် သားနားစွာ ဝတ်စားဆင်ပြင်၍ လာတတ်ရကား တွေ့မြင်သူများအပေါ်တွင် သူဌေးကလေးတစ်ယောက်ကဲ့သို့ အထင်ရောက်စေ၏။

ဒေါ်ပုသည် မောင်စိန်ထွန်း၏ မိဘများရှိစဉ်က ရပ်ကွက်တစ်ကွက်တွင် အိမ်နီးချင်းအဖြစ်ဖြင့် နေခဲ့ဖူးသဖြင့် ဒေါ်ပုအိမ်သို့ မကြာမကြာ လာတတ်သော မတင်မေကို ဒေါ်ပုမှတစ်ဆင့် ချိတ်ဆက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပထမဦးမတင်မေကို ဂရုမစိုက်ဟန်ဖြင့် မိမိ၏အလုပ်အကိုင် အကြောင်းနှင့်တကွ မိမိကားကို မည်သူ့အားအငှားမည်မျှနှင့် ရောင်းလိုက်ကြောင်း၊ သူငွေ ချည်သူ့ထံမှကားကို မည်သည့်ဈေးပေး၍ ဝယ်လိုက်ကြောင်း၊ မည်သည့်ကုမ္ပဏီက ကား (၁)စီးကိုရောင်း၍ ပေးသဖြင့် တစ်ထိုင်တည်း၌ ပွဲမည်မျှရှိကြောင်းများကို အရိုးမိုးဟိတ်ထုတ်လျက်ရှိရာ ဒေါ်ပုကိုယ်တိုင်ပင် အတော်အတန် ယုံကြည်ခဲ့၏။

သို့သော်အမှန်အားဖြင့်ကား မောင်စိန်ထွန်းမှာ အင်းစိန်လမ်းသို့ပြေးနေသော ဘတ်စ်ကားတစ်စင်းတွင် ရှယ်ယာ အစုငွေ ၁၀၀၀ မျှသာပါ၍ ၎င်း၏ဝင်ငွေမှာ တစ်နေ့အတွက် ၃ိ ထက်မပိုချေ။

ကျောက်လက်စွပ်၊ ရွှေလက်ပတ်နာရီနှင့် မန္တလေးပိုးလုံချည်များမှလွှင် ၂၄ နာရီအတွင်း ပြန်ပေးရန်ကတိနှင့် ငှားရမ်းခဲ့သော ပစ္စည်းများဖြစ်လေသည်။

ပထမဦးတင်မေသည် မောင်စိန်ထွန်းအား ဂရုမစိုက်သော်လည်း ၂ ကြိမ်၊ ၃ ကြိမ်မျှမြင်ရ၍ ၎င်း၏လေသံများကို ကြားရသောအခါ "ကြီးကြီး သူက ဘယ်သူလဲ" ဟူသော မေးခွန်းများကို စ၍မေး၏။

မောင်စိန်ထွန်းမှာ ဒေါ်ပုအား မိမိကိုယ်တိုင် မရှိမဲ့ရှိမဲ့စု၍ထားသော ငွေ ၅၀ အနက်မှာ ငွေ ၂၀ ကိုချေး၍ထားခြင်း၊ အိမ်သို့လာသောအခါ ဒေါ်ပုစားရန် ခေါက်ဆွဲကြော်ထုပ်ကလေးများကို ဝယ်၍လာတတ်ခြင်းများဖြင့် "မှူး" ခဲ့ရကား၊ ဒေါ်ပုသည် မောင်စိန်ထွန်း၏အကြောင်းကို မိမိယုံကြည်သည် ထက်ပို၍ မတင်မေအား ပြောလေ့ရှိလေသည်။

တစ်လခန့်မျှကြာလတ်သော် ဒေါ်ပုက မတင်မေအား "မောင်စိန်ထွန်း ကတော့ဖြင့်ပေါ့ မတင်မေချောကြောင်း, လှကြောင်းကိုလာတိုင်းပြောနေတာပဲ ညည်းလိုချောတာ သူတစ်ခါမှ မမြင်ဖူးဘူးတဲ့"

"ယောကျ်ားဆိုတာ ဒီလို မြှောက်ပင့်ပြောတတ်တာချည်းဆို မဟုတ်လား ကြီးကြီးရဲ့"

"ယောကျ်ားတိုင်းလည်း မဟုတ်ပါဘူး တင်ရယ်။ ဒီသူငယ်က နိုးပါ ဘယ်။ ကြည့်ပါလား။ မိဘနှစ်ပါးသေပြီးတဲ့နောက် ကျန်ရစ်ခဲ့တဲ့ ပစ္စည်းဥစ္စာကလေး မပျောက်ပျက်ရအောင် ဘတ်စ်ကားတွေထောင်၊ သူကိုယ်တိုင် ကားပွဲစားလုပ်နဲ့ အရိုးမျိုးဘက်က စင်ငွေရတာပဲ။ နို့ပေမဲ့ ခုထက်ထိ သားမယားမယူသေးဘူး ကြီးကြီးရယ်တဲ့၊ သားမယားယူတယ်ဆိုတာ လွယ်ပါတယ်တဲ့၊ အိမ်ထောင်ကို အုပ်စီးနိုင်တဲ့ဟာနဲ့တွေ့မှဖြင့် တစ်ကိုယ်တည်းနေတာထက် ခုက္ခရောက်တော့ မယ်။ ဒါကြောင့် ကျွန်တော်ဖြင့်တစ်ကိုယ်တည်းနေရတာက အေးအေးသားတယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်း နေသေးတာပဲဆိုတဲ့အကြောင်း ပြောသွားရှာတယ်"

ထိုစကားများကိုကြားရသောအခါ မတင်မေသည် စိတ်ထဲ၌ တစ်မျိုး တစ်မည်ဖြစ်သွားသကဲ့ အောက်မေ့မိ၏။ "ချစ်သည်" ဟူသောစကားကို ကောင်း စွာနားမလည်သေးသော်လည်း မောင်စိန်ထွန်းအပေါ်တွင် အတန်ငယ်ညွတ်၍ လာသော အသိတတ်တစ်မျိုး၏ အာရုံကိုခံစားမိလေ၏။

တစ်ပတ်ခန့်မျှ ကြာလတ်သော် ဒေါ်ပုသည် စာရွက်ခေါက်ကလေး တစ်ခုကိုကိုင်ကာ "တင်မေရေ–ဟောဒီမှာ မောင်စိန်ထွန်းက ညည်းချောကြောင်း၊ လှကြောင်းတွေ စီကုံးပြီး ရေးသားထားတဲ့စာ ဖတ်ကြည့်ပါလားအေ"

"ဘာလဲ ရည်းစားစာဆိုတာလား"

"မပြောတတ်ပါဘူးအေ၊ ညည်းကိုကြည့်ရတာသူ့မျက်စိထဲမှာ သိပ်ပြီး ချောတာ လှတာပဲတဲ့။ ဒါကြောင့် ညည်းဘယ်လောက်ချောတယ်ဆိုတာ ဖွဲ့နွဲ့ပြီး စာစီကုံး ထားတယ်ဆိုထင်ပါရဲ့။ ရော့လေ ဖတ်ကြည့်"

"အို–ဒေါ်ဒေါ်ကလည်းရှက်စရာကြီး သူ့စာကို ယူမိရင် စာပြန်နေရမှာ"

"ဒါတော့ ကိုယ်ပြန်ချင်မှ ပြန်ရတာပါအေ"

"ဟင်–ကြီးကြီးကလည်း"

မတင်မေသည် နှုတ်ဖြင့်သာ ငြင်းဆန်သော်လည်း စာကိုကား ယူပြီး ဖြစ်လေသည်။

အိမ်ဘက်သို့ အပြန်ကူးခဲ့ပြီးနောက် အပေါ်ထပ်သို့တက်ပြီးလျှင် အခန်း တံခါးကိုပိတ်၍ ဒေါ်ပုပေးလိုက်သောစာကို ဖတ်လေ၏။ စာထဲ၌ကား မောင်စိန် ထွန်းက မိမိ၏အလှကို နတ်သမီးနှင့် နှိုင်းယှဉ်ထားခြင်း၊ မျက်လုံးကို သမင်မ ငယ်နှင့်လည်းကောင်း၊ ဆံပင်၏အရောင်ကို ပိတုန်းနှင့်လည်းကောင်း၊ မျက်ခုံး ကို လဆန်း (၃)ရက်နေ့ထွက်သောလမင်းနှင့်လည်းကောင်း၊ နှုတ်ခမ်းကို အရောင် တောက်သော ပတ္တမြားဖြင့်လည်းကောင်း နှိုင်းယှဉ်ထားသည်ကို တွေ့ရ၏။

နောက်ဆုံးစာ (၃) (၄)ကြောင်းမှာ ဤမျှလောက်လှပသူတစ်ယောက် နှင့်မေတ္တာမျှရက လူဖြစ်ကျိုးနပ်မည်ဖြစ်ကြောင်းများ ပါရှိလေသည်။

မတင်မေ၏ စိတ်များမှာ မောင်စိန်ထွန်းနောက်သို့ ယိုင်လဲလျက်ရှိ လေ၏။

တစ်နေ့သော နေ့လယ်အချိန်လောက်၌ ဦးသာခွန်း–ဒေါ်ရှင်နှင့် သမီး မတင်မေတို့သည် လက်ဖက်ရည်စားပွဲ၌ထိုင်ကာ လက်ဖက်ရည်များကို သောက် လျက်ရှိစဉ် ဆလွန်းကားတစ်စီးသည် တိုက်ရှေ့သို့ထိုး၍ ရပ်ပြီးလျှင် ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



မောင်းလာသော အသက် ၂၂ နှစ်အရွယ်ရှိ သူငယ်တစ်ယောက်သည် ကားပေါ်မှ ဆင်းလာပြီးနောက် တိုက်ထဲသို့ ဝင်ခဲ့လေ၏။

ဦးသာဒွန်းသည် တိုက်ထဲသို့ဝင်လာသော သူငယ်အား ပျာပျာသလဲ နှုတ်ဆက်ခေါ်ငင်ပြီးနောက် "သူပေါ့ကွယ်၊ စက်သူဌေးဦးဘသွယ်သား မောင်တင် မောင်ဆိုတာ၊ စစ်ပြေးတုန်းက စစ်ကိုင်းကိုပြေးနေပြီး အခုရန်ကုန်ပြန်ရောက်လို့ အလုပ်လုပ်တာ ဘာကြာသေးသလဲ၊ သုံးလလောက်ပဲရှိဦးမယ်" ဟု ဒေါ်ရှင် အားလှည့်၍ ပြောပြီးနောက်–

"ကိုင်း လက်ဖက်ရည်လုပ်ကွယ် မောင်တင်မောင်ဖို့"

"ကျွန်တော်သောက်ခဲ့ပြီးပါပြီ ဦး"

"အို–သောက်ခဲ့ပြီးတော့ ဘာဖြစ်သလဲကွယ့်၊ လက်ဖက်ရည်သောက် တာပဲ။ သူ့ကိုပေါ့ကွယ့် ည(၁)နာရီလောက် မတင်မေကို အင်္ဂလိပ်စာလာပြပြဖို့ စိတ်ကူးထားတယ်။ ဘယ့်နှယ်လဲဟေ့ မောင်တင်မောင် ၁ နာရီလောက်တော့ဖြင့် အချိန်ကုန်ခံနိုင်မယ် မဟုတ်လား"

"ဦး အမိန့်ရှိရင် လာရတာပေါ့ဦးရယ်"

"ကလေးမက (၇)တန်းအောင်ပြီး ကျောင်းကနုတ်ထားရတော့ သင် ပြီးသား အင်္ဂလိပ်စာတွေတောင် မေ့ကုန်မှာစိုးလို့ ကျုပ်က စိမ်ရတာပဲ"

"ဟုတ်ပါတယ်ခင်ဗျား၊ စာဆိုတာ နေ့စဉ်ကျက်နိုင်ဖတ်နိုင်မှ တန်ခိုး ကျပါတယ်"

"ကိုင်း–ဘယ်နေ့လောက်စမလဲ"

"ကျွန်တော်ကတော့ အားပါတယ်။ ဘယ်အခါမဆို လာနိုင်ပါတယ်"

"နေဦးကွဲ့–ဒီကနေ့ ဗုဒ္ဓဟူးမဟုတ်လား။ နက်ဖြန် နေ့ကောင်းတယ် ကြားသေးတယ်။ နက်ဖြန်ညကစကြစို့။ မတင်မေကလည်း နင်ကျောင်းတုန်းက သင်တဲ့ စာအုပ်ကလေးတွေဘာတွေ စုဆောင်းထားကြားလား"

"ဟုတ်ကဲ့ ဖေဖေ"

ထိုနောက် ဒေါ်ရှင်ပါရောနှောပြီးလျှင် မောင်တင်မောင်အား ညှိခံ ဘောပြောဆိုလျက်ရှိကြရာ မတင်မေသည် အခန်းထဲသို့ ဝင်သွားလေ၏။

မောင်တင်မောင်သည် ကောလိပ်ကျောင်းထွက်တစ်ယောက်ဖြစ်သည့် အတိုင်း ပန်းရုပ်ရောင် ဘန်ကောက်လုံချည်၊ မန္တလေးပိုးသားအပြူအကျီ ယားရေ အညိုရောင် ဖိနပ်စသည်တို့ဖြင့် သပ်ရပ်စွာဝတ်စားလျက် ဆံပင်ကို နောက်သို့ သေသပ်စွာ လှန်၍ဖြီးထားရာ ရုပ်ရည်မှာ သနားကမားမျှသာ ရှိသော်လည်း

Quality Publishing House

www.burmeseclassic.com



တောင့်တင်း၍ပြောင့်စင်းသော ကိုယ်လုံးကိုယ်ပေါက်ရှိရကား အဆင်ကိုပို၍ပြေ ပေ၏။

နောက်တစ်နေ့မှစ၍ မောင်တင်မောင်သည် မတင်မေအား အင်္ဂလိပ် စာကိုသင်ကြားပြသလျက်ရှိလေ၏။

နေ့ရက်များသည် တဖြည်းဖြည်းကုန်လွန်၍ လာလေရာ မောင်တင် မောင်နှင့် မတင်မေတို့သည် အတော်ပင် ရင်းရင်းနှီးနှီး ရှိခဲ့ကြကုန်၏။ မောင် တင်မောင်က–

"တင်တင် မနေ့ကပြတဲ့ ကွန်ပိုဇေရှင်း ကောင်းကောင်းနားလည်ရဲ့လား"

"ဟင့်အင်း မလည်ဘူး"

"ဒါဖြင့် မရေးရသေးဘူးပေါ့"

"မရေးရသေးဘူး"

'သိပ်ခက်တာပဲ တင်တင်ဟာ ကောင်းကောင်းလည်းစာမကျက်ဘူး။ ဒေါ်ပုတို့အိမ်ချည်းသွားနေတယ် ထင်ပါရဲ့"

"ဒေါ်ပုအိမ် ကျွန်မက ဘာပြုလို့သွားရမှာလဲ"

"မသွားရင်လည်း ပြီးရောပေါ့ဗျာ၊ ဒီက သွားသလားလို့ပါ။ အေး– နောက်တစ်ခါစာမရရင်တော့ အရိုက်ပဲ"

(ခွတ်ခမ်းစူလျက်)"ဟုတ်တယ်... ရိုက်ရမယ်။ သူက မွေးထားတော လိုက်လို့"

ထိုည လူခြေတိတ်ချိန်၌ ဦးသာခွန်းသည် ဖနီးသည်ဒေါ်ရွှင်အား–

"ဘယ်နှယ့်လဲ မရှင်၊ ကျုပ်ကြံလိုက်တာ နေရာကျတယ် မဟုတ်လား။ အပျိုပေါက်ကလေး၊ အရွယ်ရောက်လာတယ်ဆိုတာ သူတို့စိတ်ထဲကို အချစ်စိတ် မဝင်ပါနဲ့ဆိုလို့ မရဘူး။ မိဘကဘယ်လိုပဲပာန့်တား၊ ဒီဘက်က မဝင်ရရင် ဟိုဘက် ကနေ ဝင်မယ်ဆိုတာလိုပေါ့။ လူ့စိတ်ဆိုတာ ချုပ်ချယ်လို့ ရတာ မဟုတ်ဘူး။ တစ်နေ့နေ့ အရွယ်ရောက်ရမယ်။ ရောက်ရင် ဒီစိတ်မျိုးဝင်ရမယ်။ ဝင်ရင် ပထမ ဆုံးနီးစပ်ရာနဲ့ ဖြစ်တတ်တယ်။ ဒါတွေကို မိဘတွေကြိုပြီးသိဖို့လိုတယ် မဟုတ် လား"

"ဟုတ်ပါတယ်"

"ဒါကြောင့် ကျုပ်စီမံလိုက်တာ၊ အခုတော့ အတော်နီးစပ်သွားပြီ မဟုတ် လား။ ဒီသူငယ်ကို ကျုပ်သဘောကျနေတာ ကြာလှပြီမရှင်ရဲ့။ ပြီးတော့ တစ်ခု သတိထားဖို့ကလည်း သူတို့ချင်းတစ်ယောက်နဲ့တစ်ယောက် ထိစပ်ခါမှ မတွေ့ဘူး



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဘူးဘဲနဲ့ မြုန်းဆို တစိမ်းပြင်ပြင်ကြီး တချို့က ပေးစားလေ့ရှိတယ်။ အဲဒီမှာ တွေ့ပါမကြိုက်ဘူး။ သူတို့ချင်း နီးစပ်ပေစေ။ သူတို့ချင်းတစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိလာပေစေ။ သူတို့ချင်း တစ်ယောက်အကြောင်းတစ်ယောက်သိပေစေ။ အဲဒီလိုမှ အချစ်စစ်အချစ်မှန်ရပြီး နိုင်မြဲကြတာကို။ ကိုင်း–ဒါပြောတာ မင်းသဘော မကျဘူးလား မင်းနဲ့ဒါနဲ့တုန်းက ကြည်ပါလား"

"အို–ကိုကလည်း အသက်ကြီးကာမှ သူငယ်ပြန်မနေစမ်းပါနဲ့ အိပ်မှာ အိပ်ပါ"

◆ ◆ ◆

မတင်မေသည် မိမိအပေါ်တွင် အစ်ကိုကြီးကဲ့သို့လည်းကောင်း၊ ဆရာကဲ့သို့လည်းကောင်း၊ ညဉ့်တိုင်းလိုလိုပင် အင်္ဂလိပ်စာသာမက အခြားဗဟုသုတဖြစ်ဖွယ်တို့ကို သွန်သင်ပြသလျက်ရှိသော မောင်တင်မောင်အပေါ်တွင် အတော်အတန်မေတ္တာစိတ်ရှိခဲ့သည်မှန်သော်လည်း မောင်စိန်ထွန်း၏ ညွတ်ကွင်းအတွင်း မှလုံးဝရုန်းထွက်ခြင်း ငှာမတတ်နိုင်သေးချေ။

မောင်စိန်ထွန်းထံသို့ စာ ၂ စောင်မျှပြန်ပြီးဖြစ်ရာ ဒုတိယစာတွင် မိမိ၏အချစ်ကို ဝန်ခံလိုက်မိပြီဖြစ်လေသည်။

တစ်ခါတစ်ရံ မတင်မေသည် အချစ်နှင့်ပတ်သက်၍ မိမိ၏စိတ်ကို ခွဲခြားရန် မရှိရာ၏။ မောင်စိန်ထွန်းမှာ မတင်မေအား ရှေးဦးစွာ"စ"မိသူဖြစ်သည့်ပြင် ဒေါ်ပုကလည်း စပ်ကြားမှ "အလျော်အလုံ" ကောင်းလှသဖြင့် မောင်စိန်ထွန်းဘက်သို့ ခပ်ပါပါရှိခဲ့၏။ သို့သော်တစ်ခါတစ်ရံ မိမိအား ညစဉ်အင်္ဂလိပ်စာများ သင်ကြားပြသလျက်ရှိသော မောင်တင်မောင်မှာ ရုပ်ရည်လည်းမည့်သည့် ပြင် ပညာတတ် သူဌေးသားတစ်ယောက်ဖြစ်ကြောင်း သိရသဖြင့် မောင်တင်မောင်ဘက်သို့ပါခဲ့၏။ မိခင်ကြီး မကြာမကြာ ပြောလေ့ရှိသော "ညည်းကိုတော့ မောင်တင်မောင်နဲ့ အခုသိတင်းကျွတ်ရင် နေရာတကျဖြစ်ဖို့ ညည်းအဖေက စီမံ ထားပြီ"ဟု ပြောသောစကားများကို ကြားယောင်ကာ အကယ်၍ မောင်တင်မောင်နှင့်ရလျှင် အဘယ်မျှလောက် ပညာတိုးတက်၍ အဘယ်မျှလောက် ဗဟုသုတ ရှင် ဖြစ်စုံလာမည်ကို စဉ်းစားမိ၏။

တစ်ခါတစ်ရံလည်း ဒေါ်ပုပြောလေ့ရှိသော "မတင်မေ–ညည်းစိတ်ကူး ထဲမှာ လူဆိုတာ ကိုယ်နဲ့တန်းတူ၊ ကိုယ့်အထက်ကျတဲ့ လူကိုယူလို့ ကိုယ်နိုင် နိုင်ကျွမနေရဘူး။ ကိုယ့်ထက်ပစ္စည်းဥစ္စာနည်းချင်နည်းပေစေ၊ ကြရည်မှုရည် ပြည့်စုံတဲ့ ယောက်ျားမျိုးယူမှ။ မောင်စိန်ထွန်းတို့များ ဘယ်လောက်တော်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



အမေအမေ မရှိတာတောင် သူ့ဒူးသူချွန်လုပ်စားနေတယ်။ ဘတ်စ်ကားပြေးတာ တစ်နေ့ဘယ်လောက်ဝင်တယ် ထင်သလဲ။ အခေါ်သာ ကားသမားအခေါ်ခံရတာ ငွေကရိုက်ယူသလိုရတယ်။ ညည်းနဲ့များရရင် ညည်းလက်ညှည်းခြေချည်းပါအေး ပြီးတော့လည်း ဒီလိုဟာမျိုးယူမှ ကိုယ်ကနိုင်ရမှာ။ ကိုယ်က နွဲ့ဆိုးဆိုးရမှာ သူ့မြေးသားယူလို့ မယားငယ်တွေလျှောက်ယူနေပြီး နောက်ဆုံးဘယ်သူဘာပြောပြော ကိုယ်သာစိတ်ဆင်းရဲရမှာ။ ကြီးကြီးပြောတာ စဉ်းစားကြည့်လေ"အစရှိသော ဆွယ်လုံးများကို ကြားယောင်လျက်ရှိခဲ့လေသည်။

အချစ်၏ ရေချိန်မှာ တစ်ခါတစ်ရံ မောင်စိန်ထွန်းဘက်သို့သာလျက် တစ်ခါတစ်ရံလည်း မောင်တင်မောင်ဘက်သာ၍နေရကား မတင်မေမှာ စိတ်မဝေခွဲနိုင်အောင်ပင် ရှိခဲ့၏။

သို့သော် "အချစ်" သည်အချစ်မျှသာဖြစ်၍ ပေါင်းသင်းရယူရန်အလုပ်မှာ ကိုယ်ထိလက်ရောက် ကြံစည်ခြင်းပေါ်၌ တည်ရှိလေရာ မောင်စိန်ထွန်းသည် ရသမျှသော ငွေကလေးများကို စုဆောင်းကာ မတင်မေအား သူငယ်ချင်းအပေါင်းအဖော်များ၏ အကူအညီဖြင့် တစ်ခါတည်းခိုးယူရန် ကြံစည်လျက်ရှိလေ၏။ အသက်အရွယ် မပြည့်သေးသောအဖြစ်ကိုလည်းကောင်း၊ မိဘဂုဏ်ကိုထောက်ထားရန်သော်လည်းကောင်း မောင်စိန်ထွန်းသည် တစ်စုံတစ်ရာ မစဉ်းစားဘဲ "နောင်ခါလာနောင်ချေး" သဘောထားကာ စွန့်စားကြံစည်ခြင်းဖြစ်လေသည်။

ဤသို့ခိုးယူသွားပြီးနောက် အကြင်လင်မယားဘဝသို့ ရောက်သောအခါ မိဘတို့မည်သည် ပထမမည်မျှပင် စိတ်ဆိုးမည်ဖြစ်သော်လည်း မျက်နှာမများလိုသောသဘောဖြင့်လည်းကောင်း၊ သမီး၏အချစ်ကိုထောက်ထားသဖြင့်တစ်ကြောင်း မည်သည့်နည်းနှင့်မျှ ခွဲမည်မဟုတ်ကြောင်း တင်ကြိုသိရှိပြီးဖြစ်လေသည်။

တစ်နေ့သော ညနေစောင်း၌ ဆီဒင်ကားဟောင်းကလေးတစ်စီးသည် တိုက် ၂ လုံးကြားတစ်ခုမှ ဦးသာခွန်းတို့နေသော လမ်းထိပ်သို့ ထွက်ခဲ့ပြီးလျှင် လမ်းကျယ်ကြီးသို့ ရောက်သောအခါ မြောက်ဘက်သို့ ကွေ့၍ထွက်သွားလေ၏။ ကားပေါ်၌ မတင်မေသည် ရှောစောင်ကလေးတစ်ထည်ကို ခေါင်းမြီးခြုံ၍ မောင်စိန်ထွန်းနှင့်အတူပါ၍ သွားလေ၏သည်။

ကားကလေးသည် ဟံသာဝတီလမ်းသို့ ရောက်၍ တစ်ခုသောပေါင်းကူးတံတားကြီးအနီးသို့ ရောက်သောအခါ လမ်းဘေးသို့ဆိုက်ပြီးနောက် မောင်စိန်ထွန်းသည် မတင်မေအား ဟောင်းနွမ်းသော အိမ်ကလေးတစ်ခုသို့ ခေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေး၌ကား အသက်(၆၀)ကျော်ခန့်ရှိ အဘွားအိုကြီးတစ်ယောက်သည် ထမင်းဟင်းချက်လျက်ရှိ၏။ အိမ်မှာ တစ်ထပ်မျှသာရှိသော အိမ်ကလေးဖြစ်ရာ ဝါးကြမ်းများခင်းထားသော အောက်ထပ်၌ အခန်းကလေးတစ်ခုသာ ရှိလေသည်။ ထမင်းချက်နေသော အဘွားကြီးသည် မောင်စိန်ထွန်းအား သီးကြိုးချွတ်ဆက်ကာ နေရာထိုင်ခင်းများပေးပြီးနောက် နောက်ဖေးဆောင်သို့ ပြန်၍ဝင်သွားလေ၏။

မတင်မေမှာ အချစ်၏ လှုံ့ဆော်မှုကြောင့်တစ်ကြောင်း၊ အချစ်၏ တိုက်တွန်းမှုကြောင့်တစ်ကြောင်း၊ ဒေါ်ပု၏တိုက်တွန်းမှုကြောင့်တစ်ကြောင်း မောင်စိန်ထွန်းသွေးဆောင်ရာသို့ လိုက်ပါလာခဲ့ရာ သေးငယ်ကျဉ်းမြောင်းသော အိမ်ကလေးနှင့် ညစ်ညမ်းပေကျံသော ပတ်ဝန်းကျင်ကို မြင်ရသောအခါ စိတ်ပျက်စပြု၍လာ၏။

မောင်စိန်ထွန်းသည် ထမင်းချက်နေသော အမယ်ကြီးလက်သို့ ငွေစက္ကူတစ်ချပ်ကို ထည့်လိုက်ပြီးနောက် ၎င်း၏နား,နားသို့ကပ်၍ တစ်စုံတစ်ရာ တီးတိုးပြောသည်ကို ခပ်လှမ်းလှမ်းမှ မြင်လိုက်ရ၏။ ၎င်းနောက် မတင်မေရှိရာသို့ ပြန်လာ၍—

"စိတ်မညစ်ပါနဲ့တင်ရဲ့၊ အခုညတော့ ဒီလိုပေါ့ နက်ဖြန်ကျတော့ မြို့ထဲမှာ အခန်းကောင်းကောင်းတစ်ခုငှားမှာပေါ့ ဟုတ်လား"

မတင်မေသည် စကားပြန်၍ မပြောချေ။ မျက်ရည်စများကို အကျီလက်ဖြင့် အခြားဘက်သို့လှည့်၍ တို့လေ၏။ ကားကလေးသည် မရပ်သေးဘဲ ရှိနေလေရာ မောင်စိန်ထွန်းသည် မတင်မေအား ယုယချော့မော့ခဲ့ပြီးလျှင် အရေးကြီးသောကိစ္စတစ်ခုရှိသဖြင့် သွားရောက်ရမည့်အကြောင်း မကြာမီပြန်၍ လာခဲ့မည့်အကြောင်းကို မှာထားပြီးလျှင် ထိုကားကလေးနှင့်ပင် ထွက်သွားလေ၏။

မတင်မေသည် မိမိလိုက်လာမိသည်ကို နောင်တရစပြုလေ၏။ ၎င်းနောက်အမယ်ကြီး ညွှန်ပြသည့်အတိုင်း မိမိ၏အထုပ်ကလေးနှင့် မောင်စိန်ထွန်း၏ သားရေသေတ္တာကလေးတစ်ခုကို အခန်းတွင်းသို့ သွင်းလေ၏။

အခန်းကလေးမှာ ကျဉ်းမြောင်းသော်လည်း မီးရထားသံလမ်းဘက်သို့ မျက်နှာမူ၍နေသော ပြတင်းပေါက်ကလေးမှာ အလင်းရောင်ကိုအတွင်းသို့ အတော်အတန် ဝင်စေ၏။ အခန်းတွင်း၌ကား ချေးညှော်များ အလိမ်းလိမ်းဖြင့် အရောင်ပင်မပေါ်တော့ဘဲ ဟောင်းနွမ်းလျက်ရှိသော ခြင်ထောင်တစ်လုံး၊ ၁၀ပြူး၂ချပ်နှင့်အလားတူ ခေါင်းအုံး ၂ လုံးရှိလေသည်။ အခန်း၏ ထောင့်တစ်ထောင့်၌ကား



www.burmeseclassic.com

www.burmeseclassic.com



စားပွဲဝိုင်းကလေးတစ်ခုပေါ်တွင် စာအုပ်ဟောင်းများ ဖရိုဖရဲကြဲလျက်ရှိ၏။

မကြာမီအဖွားကြီးသည် အခန်းတွင်းသို့ ဝင်လာပြီးနောက်–

"သမီး ဖျင်းမနေနဲ့နော်၊ သမီးတို့စားရအောင် ငါရေချိုးအိုးကလေးတည်နေတယ် ကြားလား"

"ကျွန်မ မစားတော့ပါဘူးအဘွား"

"အို–မဟုတ်တာပဲ ထမင်းမစားပဲ နေလို့ဖြစ်ပါ့မလား။ မောင်စိန်ထွန်းကလည်းကွယ် ဘယ်များသွားနေသလဲ မပြောတတ်ပါဘူး"

"ကျွန်မ ထမင်းမဆာတော့ပါဘူး အဘွားရယ်"

"ဪ–သမီးဖျင်းရင် ခေါင်းရင်းက စားပွဲဝိုင်းကလေးပေါ် ဝတ္ထုစာအုပ်တွေရှိတယ်၊ ယူဖတ်ပါလား"

"ဟုတ်ကဲ့"

"အရင်တုန်းက ဒီအခန်းမှာ မြေးမကလေးနဲ့ အဘွားနဲ့အတူအိပ်တာပေါ့။ အခုတော့ ယောကျ်ားနောက် ကောက်ကောက်ပါအောင် လိုက်သွားလိုက်တာ (၃) လလောက်ရှိပြီ၊ အခုထိ အဘွားမှာ မျက်ရည်နှင့်မျက်ခွက်"

အဘွားကြီးသည် စကားကို လွှတ်ခနဲပြောရာမှ မှားမှန်းသိဟန်ဖြင့် ရှေ့သို့မဆက်ဘဲ–

"ဝတ္ထုစာအုပ်တွေ ယူဖတ်နေလေ စိန်ထွန်းလည်း အခုပဲပြန်လာမှာပေါ့" ဟုပြောကာ မီးဖိုဆောင်ဘက်သို့ လှည့်၍ထွက်သွားလေ၏။

မတင်မေသည် အမယ်ကြီးနောက်ဆုံးပြောလိုက်သော စကားကို စဉ်းစားရင်း ကျွန်ရစ်လေ၏။ အဘွားကြီး၏မြေးမှာ ယောကျ်ားနောက်သို့ လိုက်သွားသဖြင့် အဘွားကြီးမှာ (၃)လတိုင်အောင်ပင် မျက်ရည်နှင့်မျက်ခွက်ရှိနေက မိဘအရင်းအချာများမှာ မည်ကဲ့သို့ ရှိနေမည်ကို တွေး၍ကြည့်မိ၏။

မတင်မေသည် မောင်စိန်ထွန်း၏ သားရေသေတ္တာကို အိပ်ရာခေါင်းရင်း၌ စင်မြင့်ပေါ်တင်လိုက်ရာ သေတ္တာမှာသော့ခတ်၍ မထားသဖြင့် အဖုံးပွင့်ထွက်သွားပြီးလျှင် အဝတ်အစားအချို့သည် အပြင်ဘက်သို့ ထွက်ကျလာလေ၏။ ပစ္စည်းများအားလုံးကို သိမ်း၍ သေတ္တာအတွင်းသို့ ပြန်ထည့်ပြီးနောက် မောင်စိန်ထွန်း၏ အကျီအိတ်တစ်ခုအတွင်းမှ ထွက်ကျလာသော စာရွက်ခေါက်ကလေးတစ်ခုကို ပြန်၍မထည့်မီ ဖတ်၍ကြည့်မိ၏။ စာပါရှိသည်မှာ–

စိန်ထွန်း–



www.burmeseclassic.com

www.burmeseclassic.com



မင်းယူသွားသော လက်ပတ်နာရီကို အမြန်ပြန်ပေးစေလိုပါသည်။ အိမ်က နေ့တိုင်းမေးနေပါသည်။ သူငယ်ချင်း ဆက်ဆက်ပြန်ပေးပါ။

မောင်ကျော်

မတင်မေသည် စာရွက်ခေါက်ကလေးကို ပြန်၍ထည့်လိုက်ပြီးနောက် တစ်ခဏမျှ တွေဝေ၍ စဉ်းစားလျက်ရှိ၏။

"ဒီလူဟာ လူကြွားနဲ့တူတယ်။ သူများလက်ပတ်နာရီတောင် ငှားပတ်တယ်။ မရှက်ဘူးထင်ပါရဲ့ အမြန်ကျတော့ မေးကြည့်ရဦးမယ်"

ဟု တစ်ကိုယ်တည်းရေရွတ်ကာ စားပွဲပိုင်းပေါ်မှာ စာအုပ်တစ်အုပ်ကို စိတ်ပြေလက်ပျောက်စေရန် ယူ၍ဖတ်လေ၏။ စာအုပ်မှာ ကာလပေါ်ဝတ္ထုစာအုပ်ကလေးတစ်အုပ်ဖြစ်၍ အဖုံးနှင့်ပထမစာရွက် သုံးလေးရွက်မရှိတော့ချေ။ သို့သော် အပေါ်ဆုံးစာရွက်မှ လျှောက်၍ဖတ်သောအခါ အောက်ပါအတိုင်း ဇာတ်လမ်းအတိုချုပ်ကို သိရှိရလေသည်။

"အသက် ၂၀ ရှက်ရှိ မိန်းမတစ်ယောက်သည် သဘောကောင်းသော ယောက်ျားတစ်ယောက်နှင့် ရရှိပြီးနောက် ရန်ကုန်မြို့လယ်တွင် အခန်းတစ်ခု ငှား၍နေရာမှ ယောက်ျားသည် မကျန်းမမာဖြစ်လာပြီးလျှင် အလုပ် (၃) လမျှ ခွင့်ယူပြီးနောက် နောက်ဆုံးအလုပ်မှထွက်ရလေရာ နေ့စဉ်စားသောက်ရန်ပင် မလုံမလောက်ရှိခဲ့၏။ တစ်နေ့သ၌ ဘုရားပွဲတော်တစ်ခုတွင် ထိုမိန်းမသည် ယောက်ျားတစ်ယောက်နှင့် တွေ့ပြီးလျှင် ထိုယောက်ျားသည် အပျိုကလေးနှင့် မြှားသော ထိုမိန်းမကိုသွေးဆောင်ပြီးလျှင် နောက်တစ်နေ့ညနေ နေဝင်ရီတရော အချိန်တွင် မြို့အစွန်ကျသော အိမ်တစ်အိမ်သို့ ခေါ်သွား၏။ ထိုအိမ်၌ရှင်လင်မယားမှာလည်း ယောက်ျားသည် မကျန်းမာဘဲ အိပ်ရာထဲမှ မထနိုင်ရှာဘဲရှိ၏။ သို့သော်ထိုမိန်းမသည် ယောက်ျားအားဆေးတိုက်ခြင်း၊ နှိပ်နယ်၍ပေးခြင်း၊ အသားအယာပွေ့ထူ၍ အစားအစာများခွံ့ပေးခြင်း၊ နောက်ဖေးအညစ်အကြေးတို့ကို သန့်စင်၍ပေးခြင်း၊ အစရှိသော ဝတ်ကြီးဝတ်ငယ်တို့ကို ပြုရှာ၏။ လိုက်လာမိသော မိန်းမသည် ထိုအချင်းအရာကို မြင်သောအခါ ကြီးစွာသော နောင်တတရားဖြစ်ပြီးလျှင် တစ်နာရီအတွင်း၌ပင် မိမိနေအိမ်သို့ ပြန်၍ပြေးခဲ့ကြောင်းများ ပါရှိလေသည်။

ထိုဝတ္ထုကို ဖတ်ပြီးသည်နှင့် တပြိုင်နက် မတင်မေသည် ဦးနှောက်ထဲသို့ ကြည်လင်သန့်ရှင်းသော အလင်းရောင်တစ်ခုသည် ရုတ်တရက် ဝင်၍လာ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"ဟုတ်ပြီ ဟုတ်ပြီ ဒီဝတ္ထုထဲကအတိုင်းပဲ။ ငါမိဘစကားနားမထောင်ခဲ့တာမှားပြီ။ ဒါကြောင့် မေမေက ငါဝတ္ထုဖတ်ရင် ဘယ်လိုဝတ္ထုမျိုးရွေးဖတ်ရတယ်ဆိုတာ နည်းလမ်းညွှန်ပြတာကို... ကိုင်း-ကိုင်း..."

"သူပြန်မလာခင် ပြေးမှတော်မယ်။ ပြေးမယ်ဆို ငါဘယ်ကိုပြေးမလဲ"

"ဩော်... ဟိုဘက်က မီးရထားလမ်းပဲ၊ မီးရထားလမ်းအတိုင်း စွတ်ပြေးရင် ရန်ကုန်ဘူတာကြီးရောက်ရင်ရောက်၊ မရောက်ရင် ကြည့်မြင်တိုင်ရောက်မလား။ ဟယ်-ရောက်ချင်ရာရောက်ပေ့စေ။ ရထားလမ်းအတိုင်း လျှောက်ပြေးရင် အနည်းဆုံး မီးရထားပုလိပ်နဲ့တော့ တွေ့မှာပဲ။ အကျိုးအကြောင်း ပြောပြရင် သူတို့ကလည်း ကူညီမှာပေါ့"

ဟု စိတ်ကူးကာ မိမိ၏အထုပ်ကလေးကိုပိုက်လျက် အိမ်ကလေးပေါ်မှ ခြေသံမကြားအောင် ရထားလမ်းဘက်သို့ ဆင်းခဲ့လေသည်။

ရထားလမ်းအတိုင်း ခြေဦးတည့်ရာ ပြေးခဲ့ပြီးနောက် ခရီးတစ်ဖာလုံခန့်လောက်ရောက်သောအခါ အချိန်မှာ မီးထွန်းချိန်ရှိနေပြီဖြစ်၍ မတင်မေသည် ဟံသာဝတီဘူတာကလေးသို့ ရောက်လာခဲ့ပြီးလျှင် ကံအားလျော်စွာ ရာဇဝတ်အုပ်တစ်ယောက်နှင့် တွေ့ရလေ၏။ မတင်မေသည် ၎င်းအားအကျိုးအကြောင်းပြောပြသောအခါ ထိုရာဇဝတ်အုပ်မှာ ဦးသာဒွန်းထံမှ ငွေများပင်ချေးငှားဖူးသူဖြစ်သည့်အတိုင်း မတင်မေအား ကားတစ်စီးငှား၍ ၎င်းအိမ်ရှိရာ သွန်မဆင်လမ်းသို့ပြန်၍ ပို့လေ၏။

မောင်စိန်ထွန်း၏ ခိုးယူခြင်းမှာ အိမ်မက်သာသာမျှသာဖြစ်၍ အချည်းနှီးရှိခဲ့ရာ ဦးသာဒွန်း၊ ဒေါ်ရှင်တို့သည်လည်း မောင်စိန်ထွန်းအပေါ်တွင် ရန်ကိုပြန်၍တုံ့နှင်းခြင်း မပြုဘဲ နေကြ၏။ အိမ်နီးခြင်းမဟုမှာ မျက်နှာပူသဖြင့် နောက်တစ်နေ့၌ပင် မည်သည့်အရပ်သို့ပြောင်းသွားသည် မသိရချေ။

တစ်လခန့်မျှ ကြာလတ်သော် မောင်တင်မောင်နှင့် မတင်မေတို့၏ မင်္ဂလာသတင်းများကို သတင်းစာများထဲတွင် တွေ့ရလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ကြို့က်ဒေါင်းမြို့

အောက်တွင်ရေးသားဖော်ပြအံ့သော အဖြစ်အပျက်များမှာ မိတ်ဆွေတစ်ဦးက ကျွန်ုပ်နှင့် မိတ်ဆက်ပေးသဖြင့် ယခုမှသိရသော ကိုဘသက်ဆိုသူ၏အဒေါ် "ဒေါ်ခင်မကြီး"၏အတ္ထုပ္ပတ္တိများဖြစ်၏။

ကိုဘသက်သည် သူ၏အဒေါ် မသေဆုံးမီက ရေးသားသွားသော စာရွက်များကို ကျွန်ုပ်ထံယူလာပြီးလျှင် မဂ္ဂဇင်းတစ်စောင်စောင်တွင် ထည့်သွင်းပေးပါရန် ကျွန်ုပ်အား မေတ္တာရပ်ခံတိုက်တွန်းလေသည်။

ဒေါ်ခင်မကြီးသည် လွန်ခဲ့သော အောက်တိုဘာလက စိတ်ကျန်းမာရေးဆေးရုံ၌ ရာဇဝတ်ပြစ်မှု ကျူးလွန်သော စိတ်မနှံ့သူများထားရာ အခန်းတစ်ခန်း၌ မိမိ၏လည်ပင်းကို မိမိလှီးဖြတ်သေဆုံးသွား၏။ အသုံးပြုသောလက်နက်မှာ မှန်သေတ္တာဖုံးကို ဓားကဲ့သို့ထက်အောင်သွေးထားသည့် သံဖြူစတစ်ခုဖြစ်လေသည်။

ဒေါ်ခင်မကြီးသည် လင်ယောကျ်ားဖြစ်သူ "ဦးဘဒန်အား ဓားနှင့်ထိုးပြီးနောက် ဦးခေါင်းကိုတူဖြင့် စိစိညက်ညက်ကြေအောင် ထုနှက်ရိုက်သတ်သဖြင့် ပြစ်မှုထင်ရှားသည့်အတိုင်း အပြစ်ပေးခြင်း ခံရ၏။ သို့သော် ဒေါ်ခင်မကြီးမှာ ထိုအခါက စိတ်မနှံ့ကြောင်း တွေ့ရှိရလေရာ စိတ္တဇဆေးရုံသို့ ပို့လိုက်ရလေသည်။

စိတ်မနှံ့ကြောင်း ပို၍ထင်ရှားပုံမှာ ဒေါ်ခင်မကြီးသည် ဦးဘဒန်အားသတ်ပြီးနောက် အိမ်၌အလှမွေးထားသော ကြောင်အမွေးဖွားကြီးကိုလည်း ဦးဘဒန်အား သတ်သည့်နည်းအတိုင်း ဦးခေါင်းကို ကြေမွသွားအောင် ရိုက်သတ်လိုက်သောအချက်ပင်ဖြစ်လေသည်။

ကိုဘသက်၏ ယူဆချက်မှာ သူ၏အဒေါ် ဒေါ်ခင်မကြီးသည် သရာဝန်၏ ထွက်ချက်အထောက်အထားအရ ရုံးတော်ကယူဆသည့်အတိုင်း စိတ်မနှံ့သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မဟုတ်ကြောင်း။ သေသည်အထိ စိတ်ကောင်းသူတစ်ယောက်ဖြစ်သည်ကို သူမသေမီက ရေးခဲ့သောစာရွက်များကိုကြည့်ခြင်းအားဖြင့် ခန့်မှန်းသိရှိနိုင်ကြောင်း။ သို့ဖြစ်၍ သူ့အဒေါ်ရေးခဲ့သော စာရွက်များကို ကျွန်ုပ်မှတစ်ဆင့်လူအများသိအောင်တိုင်းပြည်သို့ တင်ပြလိုကြောင်း။ ဤသို့ပြုလုပ်ခြင်းဖြင့် သူ့အဒေါ်၏ ဂုဏ်ကိုဆယ်ရာလည်းရောက်မည်ဖြစ်ကြောင်းဖြင့် ပြောပြလေသည်။

စိတ်ကျန်းမာရေးဆေးရုံမှ အစောင့်များက ဒေါ်ခင်မကြီးမသေမီ ကိုဘသက် အမည်ကိုခေါ်လျက်–

"ဟဲ့–ဘသက်၊ အိမ်မှာ ကြွက်ခေါင်းဖြူတွေရှင်မသားနဲ့ ခေါင်းကိုကြေမွသွားအောင် ရိုက်သာသတ်" ဟု ပြောသွားကြောင်းဖြင့် ပြောပြကြ၏။

ဒေါ်ခင်မကြီးမှာအမှုစစ်ဆေးနေစဉ် အချိန်သစ်ချိန်လုံး စကားလုံးမျှ မပြောခဲ့ချေ။ စိတ်ကျန်းမာရေးဆေးရုံသို့ ရောက်သောအခါ၌လည်း စကားမပြောဘဲ ရှိနေရာ သေခါနီးတွင်မှ ဤကဲ့သို့ ထူးထူးဆန်းဆန်း ပြောသွားသည်မှာ အံ့ဩဖွယ်ကောင်းကြောင်း။ ထိုစကားများမှာထူးဆန်း၍ အရူးစကားဟုပင် ဆိုလောက်သော်လည်း သူ၏အဒေါ်ရေးခဲ့သော စာရွက်များကိုဖတ်ကြည့်က ယင်းစကားများနှင့်ကိုက်ညီသည့် အဖြစ်အပျက်များကို တွေ့ရလိမ့်မည်ဖြစ်ကြောင်းနှင့်လည်း ပြောပြသေး၏။

ဦးတခန့်မှာ ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒ ပါမောက္ခတစ်ဦးဖြစ်၍ ထိုအခါက ရူပဗေဒစမ်းသပ်မှုတစ်ခုကို စမ်းသပ်ရှာဖွေလျက်ရှိလေသည်။ သို့နှင့် ဦးဘခန့်သည် ငွေ ၁၀၀၀ဝိကို ဘဏ်တိုက်မှ ထုတ်ပြီးလျှင် အလုပ်မှလည်း အခွင့် (၂) လယူ၍ ဗိုဗိုနေအိမ်နောက်ဖေးခန်းရှိ အလျားပေ ၄၀၊ အနံ ပေ ၂၀ ရှိ ဓာတ်ခွဲခန်းတွင် လိုအပ်သော သံကိရိယာများကို ကံထရိုက်တစ်ဦး ငှားရမ်းတပ်ဆင်၍ လုပ်ကိုင်ခဲ့၏။

ဒေါ်ခင်မကြီးနှင့် ဦးဘခန့်တို့ အကြောင်းပေါ်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ မျှကြာရှိခဲ့ပြီဖြစ်ရာ သားသမီးဟူ၍ တစ်ယောက်တလေမျှ မထွန်းကားခဲ့ဘူးသော်လည်း တစ်ယောက်အကြောင်းကို တစ်ယောက်ကောင်းစွာသိပြီးလျှင် အလွန်ချစ်ခင်ကြင်နာသော လင်မယားဖြစ်လေသည်။ ဦးဘခန့်သည် အင်္ဂလန်နှင့် အမေရိကတိုက်ရှိ ကမ္ဘာကျော်တက္ကသိုလ်ကြီးများ၌ ယင်းပညာရပ်များကို ထူးချွန်ကမ်းခပ်ကောင်းစွာ ဘွဲ့ကြော်အောင်မြင်ခဲ့၏။ မြန်မာပြည်သို့ ပြန်ရောက်၍ တက္ကသိုလ်တွင် အလုပ်လုပ်သောအခါ၌လည်း တစည်တပန်းတည်းအား စိတ်ရှည်



www.burmeseclassic.com

www.burmeseclassic.com



လက်ရှည်သင်ကြားပြသည်ဖြင့် ယင်းပညာရပ်မှာ တတွေ့သဘောအရ သိရှိနားလည်ခြင်းထက် လက်တွေ့သဘောအရ သိရှိနားလည်ခြင်းက ပို၍ခရီးရောက်ကြောင်းဖြင့် မကြာခဏပြော၏။

ကိုဘသက်သည် သူ၏ဦးလေးနှင့် အဒေါ်အကြောင်းကို အထက်ပါအတိုင်း စကားပလ္လင်ခံ၍ ပြောပြပြီးနောက် ဒေါ်ခင်မကြီးရေးသားခဲ့သော စာရွက်များကို ကျွန်ုပ်အားပေးအပ်လေသည်။

ကျွန်ုပ်သည် ဒေါ်ခင်မကြီးရေးထားသော စာရွက်များကို ဖတ်ကြည့်ရာ အကယ်၍ ဒေါ်ခင်မကြီးသည် စိတ်မနှံ့သူတစ်ယောက်ဖြစ်က ယောကျ်ားဖြစ်သူ ဦးဘဒန်အား သတ်ပြီးနောက် ဤမျှလောက်ဆန်းဆန်းပြားပြား အဖြစ်များကို ကြံဖန်၍ ရေးနိုင်မည်မဟုတ်ဟု တစ်ထစ်ချမှတ်ယူလိုက်ပြီးလျှင် ကိုဘသက်နှင့် သဘောချင်းတိုက်ဆိုင်မိ၏။ ဤမျှသာမက ဒေါ်ခင်မကြီးသည် မိမိကိုယ်တိုင်သတ်ထားသော ဦးဘဒန်၏အလောင်းအနီး၌ရှိစဉ် ဤအဖြစ်အပျက်များကို အစအဆုံးရေးနိုင်ခြင်းမှာလည်း၊ သာမန်မိန်းမတစ်ယောက် မဆိုထားဘိ၊ ယောကျ်ားရင့်မကြီးတစ်ယောက်ပင် ဤမျှလောက် သတ္တိကောင်း၍ စိတ်ကိုတင်းနိုင်ပါမည်လောဟု စဉ်းစားမိ၏။

ဒေါ်ခင်မကြီး ရေးသားထားပုံမှာ လူတစ်ယောက်အား မှာကြားထားခဲ့ခြင်းမဟုတ်ဘဲ သူ့မျက်စိထဲတွင် မြင်သမျှ တွေ့သမျှကို ရိုးရိုးစင်းစင်း ရေးသားထားရာ ကျွန်ုပ်သည် ဒေါ်ခင်မကြီး၏ "မူ"ကိုမပျက်စေဘဲ စကားချော၍ ဖတ်၍ကောင်းရုံမျှသာ ပြင်ဆင်ရေးသားခြင်းဖြစ်ပါကြောင်း။

"တရေးသူ"

◆ ◆ ◆

ကျွန်မနဲ့ ကိုဘဒန်တို့ဟာ အိမ်ထောင်ကျခဲ့ကြတာ အခုအချိန်မှာ အနှစ် ၂၀ ကျော်ပြီ။ တစ်ခါမှ ခွန်းကြီးခွန်းငယ် တစ်ယောက်နဲ့တစ်ယောက် ပြောခဲ့ရဖူးတယ်မရှိဘူး။ သူဟာ ကျွန်မစိတ်ထဲက အကြံသိသလား မပြောတတ်ဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်မက လိုချင်တာမပြောရသေးဘူး။ သူက ဝယ်ပြီးပြီ။ ကျွန်မသည်းဒီအတိုင်းပဲ။ သူဟာ ဘာစားချင်တယ်ဆိုတာ မပြောရသေးဘူး။ ကျွန်မက ချက်ပြီးပြီ။ သူဟာ ဘာကိုစားချင်တယ်။ ဘယ်အဝတ်ကိုမှ ဝတ်ချင်တယ် ဒီအချိန်၌ ဘာကိုအလိုရှိတယ်။ ဒီအခါ ဘာကိုတောင့်တတယ်ဆိုတာ ကျွန်မစိတ်က



www.burmeseclassic.com

www.burmeseclassic.com



သိနေတယ်။ အဲဒါဘာကြောင့်လဲ မပြောတတ်ဘူး။ တစ်ယောက်နဲ့ တစ်ယောက် ချစ်လွန်းအားကြီးတော့ တစ်ယောက်စိတ် တစ်ယောက်သိနေတယ် ထင်ပါရဲ့။

လင်မယားနှစ်ယောက်ဟာ တစ်ညခွဲပြီး မအိပ်ဖူးဘူး။ ခရီး ၁ ရက် ၂ ရက်သွားကြလို့ ခွဲအိပ်ကြရရင် ပြောလို့မဆုံးနိုင်ဘူး။ ဒီလောက်ပဲ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်ကြပါတယ်။

ရတုန်းကလည်း လူကြီးတွေကလည်း သဘောတူ, ကျွန်မတို့ချင်းလဲ ချစ်သိုတော့ ဘာပြောစရာရှိလဲ။ ဒါကြောင့် ကျွန်မတို့လင်မယားဟာ တစ်ယောက်အကြောင်းတစ်ယောက်သိပြီး အစွမ်းကုန်ပြုစုကြတယ်။ ချစ်ခင်တယ်။ ကြင်နာတယ်။ ယုယတယ်။ တစ်ယောက်အကြောင်း တစ်ယောက်ကောင်းကောင်းကြီးနားလည်တယ်။ တစ်ယောက်အပေါ်တစ်ယောက် ထိန်ချန်မှုမရှိဘူး။ လျှို့ဝှက်မှုမရှိဘူး။

ဒါပေမဲ့ အလုပ်နဲ့ ပတ်သက်လာရင်တော့ ကိုဘဒန်ဟာ သိပ်ပြီးစည်းကမ်းကြီးတယ်၊ ကျွန်မကို ဘယ်တော့မှ အသိမပေးဘူး။ သိဖို့ရာလည်း ကျွန်မအလုပ်မဟုတ်ဘူးလို့ ပြောတယ်။ မှန်လည်း မှန်တာပဲ။ မိန်းမဟာ ယောကျ်ားအလုပ်လုပ်တာ ဘာမှသိဖို့မလိုဘူး။ ဘာမှလည်း ဝင်ရောက်စွက်ဖက်ဖို့ မလိုဘူး။ နိုင်ငံခြားသားတွေဟာ ဒီနေရာမှာ အင်မတန်တော်တယ်။ အင်မတန်စနစ်ရှိတယ်။ အိမ်ထောင်ရေးကတခြား၊ အလုပ်ကတခြား ခွဲခြားသိတတ်တယ်။ ခွဲခြားထားတယ်။

ကိုဘဒန်ဟာ ဒီလိုနေရာမှာ အနောက်နိုင်ငံခြားသား တစ်ယောက်ထက်တောင် စနစ်ကျသေးတယ်။ သူအလုပ်လုပ်နေတဲ့အခါ သူ့အခန်းကို ဘယ်သူမှလာတာမကြိုက်ဘူး။ တခြားသူသာမဟုတ်ဘူး၊ ကျွန်မလာတာလည်း မကြိုက်ဘူး။

ကိုဘဒန်ဟာ နောက်ဆုံးအခေါက် ဘိလပ်က ပြန်လာမှစာအုပ်တွေကို ဖတ်ရုံတင်မကဘူး။ လက်တွေ့စမ်းသပ်တဲ့အလုပ်မှ ပိုပြီးခရီးရောက်တယ်ဆိုပြီး သူ့စာတင်ခွဲခန်းမှာ တကုပ်ကုပ်နဲ့ အချိန်ကုန်တာပဲ။ အဲဒီသူနောက်ဆုံးသွားတဲ့အခေါက်မှာ ဂျာမနီတို့ ပြင်သစ်တို့ ရုရှားတို့လည်းရောက်ခဲ့တယ် ပြောတယ်။ သူပြန်ရောက်တဲ့အချိန်ကစပြီး သူဟာ အရင်ကထက်ပိုပြီး အလုပ်လုပ်တယ်ထင်ရတယ်။ ကျောင်းက အလုပ်သာမဟုတ်ဘူး။ သူ့ဘာသာသူ တွေးတောကြံစည်မှုတွေလုပ်ရမယ်၊ စွန့်စွန့်စားစား အလုပ်မျိုးတွေ လုပ်ရမယ်၊ ဒါမှလည်း လူမျိုးတစ်မျိုးဟာ ပညာရပ်တစ်ခုခုမှာ တိုးတက်ထွန်းကားမှုရှိမယ်လို့ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



တဖတ်တောများလည်း အရင်ကလို ၁၁ နာရီ၊ ၁၂ နာရီမအိပ်ဘဲ တစ်ခါတစ်လေ နာရီပြန်တစ်ချက်၊ နှစ်ချက်အထိ ဖတ်တယ်။ ကျွန်မက ဒီလောက်ဖတ်ရင် ကျန်းမာရေးထိခိုက်မယ့်အကြောင်းပြောတော့ ငါဟာ ဒီလောက်အသက်မကြီးသေးပါဘူးကွာ။ ပြီးတော့ ငါ့ရုပ်ရည် အနေအထားနဲ့ ပင်ကိုအင်အားလည်း ငါကောင်းတဲ့လူတစ်ယောက်ပဲ၊ ကိစ္စမရှိပါဘူးလို့ပြောတယ်။ ဒီတော့ ကျွန်မလည်း ဘာမှ မပြောနိုင်တော့ဘူး။

စာတ်ခွဲခန်းထဲမှာ ထားဖို့ဆိုပြီး သူနောက်ဆုံး သံလှောင်ချိုင့်ကြီး တစ်ခု လုပ်တယ်။ လှောင်ချိုင့်ကြီးဟာ ၅ပေကျော်ကျော်လောက်မြင့်ပြီး ၃ ပေခွဲလောက် ကျယ်တယ်။ လူတစ်ယောက်ကောင်းကောင်းဝင်နိုင်တယ်။ ဘေးက ဇိုက်ထားတဲ့ သံချောင်းတွေကလည်း သံမဏိချောင်းတွေ၊ တစ်ခုနဲ့တစ်ခုစေ့နေတာပဲ။ သံချောင်းတွေကိုတောင် အရောင်တင်ထားလိုက်သေးတယ်။ ဝင်ဖို့တံခါးကလည်း လုပ်ထားလိုက်တာ သိပ်သေချာတာပဲ။ ဒီလှောင်ချိုင့်ကြီးကို ကံထရိုက်က လုပ်ယူလာပြီး သူ့စာတ်ခွဲခန်းထဲမှာတပ်ဆင်ပေးရတယ်။ ဒီလှောင်ချိုင့်ကြီး တပ်တာတစ်ပဲ နေ့ဝက်လောက်ကြာတယ်။

အဲဒီလှောင်ချိုင့်ကြီးတပ်ပြီးတဲ့နောက် လျှပ်စစ်စာတ်ကြိုးတွေ၊ မီးလုံးတွေဖန်ပြွန်ချောင်းတွေ၊ ရေနွေးပြွန်တွေ တပ်ဆင်နေတာ ၃ ရက်လောက်ကြာတယ်။ ဒီကတည်းကစပြီး ကိုဘဒန်ဟာ တစ်နေ့လုံးလိုလို စာတ်ခွဲခန်းမှာချည်း အချိန်ကုန်နေတော့တာပဲ။ တစ်ခါတလေထမင်းကိုတောင် သူ့အခန်းကို လိုက်ပြီးပို့ရတယ်။ လက်ဖက်ရည်ကိုလည်း ဟိုမှာပဲယူသောက်တယ်။ သူက လုပ်စရာရှိရင် သူများထက် ထူးထူးကဲကဲ လုပ်တတ်ပြီး စိတ်ဝင်စားတဲ့နေရာမှာလည်း ဘာတစ်ခုမှ သတိမရတော့ဘဲအဲဒီဟာ တစ်ခုတည်း စိတ်ဝင်စားနေတော့တာပဲ။ အနောက်နိုင်ငံမှာ တချို့လောကစာတ်သရာကြီးတွေ ရူးသွားတယ်ဆိုတာ ဒီဟာမျိုးဟာပဲ ထင်ပါရဲ့လို့ ကျွန်မအောက်မေ့မိတယ်။

နောက်တစ်ပတ်လောက်အကြာမှာ ဦးဘဒန်ဟာ စာတ်ခွဲခန်းထဲမှာ တစ်နေ့ကို အနည်းဆုံး ၁၂ နာရီ- ၁၆ နာရီအထိ မထွက်ဘဲနေတယ်။

အဲဒီနေ့က နာရီပေါင်း ၂၀ လောက်ကြာနေတယ်။ ဒါကြောင့် ဒီတစ်ခါ တော့ ကျွန်မစိုးရိမ်လာမိတယ်။ အရင်က ဒီလောက်ကြာအောင် တစ်ခါမှ မနေဖူး ဘဲကိုး။ သူအလုပ်လုပ်နေတုန်း နှောင့်ယှက်တာ ဘယ်နည်းနဲ့မှမကြိုက်ဘူးဆိုတာ ကျွန်မသိပါတယ်။ နို့ပေမဲ့ ဒီလောက်အချိန်ကြာလို့မှ ထွက်မလာတော့



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တကြီး ဖြစ်လာမိတယ်။ ဒီတော့ ကျွန်မလည်းအရဲစွန့်ပြီး ပထမတံခါးခေါက်လိုက်တယ်။ အထဲက ဘာသံမှမကြားရဘူး။ ဒါနဲ့ တံခါးရွက်နားကပ်ပြီး နားထောင်ကြည့်တယ်။ ခဏကြာတော့ ရှပ်ရှပ်သံတစ်ခုကြားရပြီး ဖန်ခွက်ချင်းရိုက်မိသံလိုကြားရတယ်။ ရှပ်ရှပ်သံကြားရတယ်ဆိုတာဟာ တစ်စုံတစ်ယောက်ဟာ အထဲမှာစမ်းတစ်ဝါးဝါး သွားလာလှုပ်ရှားနေတဲ့ အသံမျိုးပဲ။ ဒါနဲ့ ကျွန်မက "ကိုဘဒန်၊ အို... ကိုဘဒန် ရှင်အထဲမှာရှိရဲ့လား"လို့ မေးလိုက်တယ်။

အဲဒီလိုမေးလိုက်တော့ တရှပ်ရှပ်ကြားရတဲ့အသံဟာ တံခါးဆီကို တဖြည်းဖြည်း ရွေ့လျားလာသလို ကြားရပြီး အတွင်းက တံခါးသော့ကို ဖွင့်လိုက်တဲ့ အသံကြားရတယ်။ ဒီနောက် အသံဟာ တဖြည်းဖြည်းနောက်ပြန်ဆုတ်သွားတော့ ကျွန်မလည်း သာပြီးစိုးရိမ်မိတယ်။ ဒီနောက် တံခါးလက်ကိုင်ဖုကိုလှည့်ပြီးအခန်းထဲ ကျွန်မဝင်သွားတယ်။

ကိုဘဒန်ဟာ ကျွန်မဝင်သွားတဲ့ တံခါးပေါက်ဘက်ကျောပေးပြီး ကုလားထိုင်တစ်လုံးပေါ် ထိုင်နေတာတွေ့ရတယ်။ သူ့လက်နှစ်ဖက်ဟာ နားရွက်နှစ်ဖက်ကိုအုပ် နားထင်ကိုညှပ်ပြီး ကိုင်ထားတယ်။ ဒီတော့ ကျွန်မက "ကိုဘဒန်–ဘာ ဖြစ်လို့လဲ ဒီလောက်ကြာအောင် အခန်းထဲမှာအောင်းနေရတာလဲ ဟင်"လို့ မေးလိုက်တယ်။ နို့ပေမဲ့ သူဟာ ကျွန်မမေးတာ ဘာမှပြန်မပြောဘူး။ နားမကြားသလိုပဲ။ ဒီတော့ ကျွန်မကထပ်ပြီး "ကိုဘဒန်ဘာဖြစ်လို့လဲ" လို့ထပ်မေးလိုက်တယ်။

ဒီအခါသူဟာ ကျွန်မဘက်ကို လှည့်မကြည့်ဘဲ စားပွဲပေါ်က စာရွက်ကလေးတစ်ရွက် ကျွန်မဘက်ကို ထိုးပေးလိုက်တယ်။ စာရွက်ကလေးပေါ် ရေးထားတဲ့စာ ဖတ်ကြည့်လိုက်တော့ ကျွန်မဟာ အင်မတန်ကြောက်သွားမိတယ်။ သူ့စာမှာပါတာက–

"ငါ့ဖို့ ငှက်ပျောသီးနှစ်လုံးနဲ့ ရေတစ်ခွက်မြန်မြန်ယူခဲ့။ အခန်းထဲကို ဘယ်သူမှမဝင်စေနဲ့၊ ဘယ်သူမဆို ဘယ်သူမှမဝင်စေရဘူးနော်"

ကိုဘဒန်ထိုင်နေပုံမှာ အရင်ကလို မတ်မတ်မဟုတ်ဘူး။ ပခုံးနှစ်ဖက်ကြားထဲ နှိမ့်ဝင်နေသလို အောက်မေ့ရတယ်။ သူဟာ ကျွန်မပြောမယ့် အရေးကို ကြိုတင်ပြီးသိသလိုပဲ။ ချက်ချင်းအမူအရာကို တစ်မျိုးပြောင်းလိုက်တာ ကျွန်မသိတယ်။ သူ့ကို မေးလို့လည်းရမှာမဟုတ်ဘူး။ သူပြောတဲ့အတိုင်း ဒါမဆို ကျွန်မယုံကြည်တယ်။ သူပြောတဲ့စကားလည်း ဘယ်တုန်းကမှ မယိမ်းခဲ့ဘူး။ ဒီတော့ သူအမိန့်ပေးတဲ့အတိုင်း ကျွန်မလုပ်ရုံပဲရှိတော့တယ်။ ကျွန်မဟာ သူနိုင်



www.burmeseclassic.com

www.burmeseclassic.com



စေသမျှ လုပ်ရမယ့်သူပဲ။ လုပ်ဖို့တာဝန်လည်းရှိတယ်။ ကျွန်မတို့ နှစ်ပေါင်း ၂၀ ကျော်တောင် ပေါင်းသင်းလာပြီဟာပဲ။ တစ်ယောက်အကြောင်းတစ်ယောက် နားလည်တယ်။ တစ်ယောက်စိတ်ကြိုက်တစ်ယောက်သိတယ်။ တစ်ယောက်ဝမ်းထဲမှာ ရှိတာတောင် တစ်ယောက်က သိသလိုပဲ။

ဒါနဲ့ ကျွန်မလည်း သူ့ကို ဘာမှ ပြန်မမေးဘဲ နိုင်းတဲ့အတိုင်း ငှက်ပျောသီးနဲ့ရေယူရအောင် အိမ်ပြန်သွားတယ်။ ပြန်ရောက်တော့ စက္ကူရွက်ကလေး တစ်ခုပေါ်မှာ စာရေးထားတာ တွေ့ရပြန်တယ်။ အဲဒီစာကတော့–

"ငါစမ်းသပ်လုပ်ကိုင်နေတဲ့ လျှောင်ချိုင့်ကြီးတပ်ထားတဲ့ ရုပ်ပြောင်းစက်ဟာ တစ်နေရာက မတော်တဆ ချွတ်ယွင်းသွားတယ်။ ဒါကြောင့် ငါ့မှာ မျက်စိလည်း မမြင်ရတော့ဘူး။ စကားလည်း မပြောနိုင်တော့ဘူး။ ငါစားဖို့သောက်ဖို့တော့ ငါ့ဆီယူခဲ့မှပဲ။ ငှက်ပျောသီးနဲ့ရေနဲ့ကလွဲရင် ဘာမှမယူခဲ့နဲ့။ ခင်မကြီး ငါ့ကို ကူညီပါကွယ်။ ဘဝခြားနေသလို ငါဖြစ်နေပြီ။ မင်းတစ်ယောက်ပဲ ငါအားကိုးစရာရှိတယ်။ ငါက မင်းကိုယုံကြည်သလို မင်းကလည်းငါ့ကိုယုံကြည်ပါ။ ငါ့ရဲ့ ညွှန်ကြားချက်တွေကို တစ်သဝေမတိမ်းလိုက်နာပါ။ အိမ်မှာ ကြွက်ထောင်ချောက်တွေရှိတယ်။ တစ်အိမ်လုံး နေရာအနှံ့အပြားချထားပါ။ အပြင်ကို အိမ်ကကြွက်တွေ ထွက်မပြေးနိုင်အောင် အပေါက်တွေမှန်သမျှ ပိတ်ဆို့ထားပေးပါ။ ဒီကြွက်ထောင်ချောက်တွေကိုလည်း တစ်နာရီတစ်ခါ မင်းကိုယ်တိုင်စစ်ဆေးပါ။ ခေါင်းပိုင်းမှာ ဖြူနေတဲ့ ကြွက်ခေါင်းဖြူတစ်ကောင်တွေ့ရင် မလွှတ်စေနဲ့၊ ငါ့ဆီကို အမြန်ဆုံး ယူခဲ့ပါ"

ကျွန်မလည်းစာကိုဖတ်ပြီး အံ့အားသင့်နေမိတယ်။ ဝမ်းနည်းသလိုဖြစ်ပြီး ခေါကြက်သေသေတောင် သွားမိတယ်။ ဒီစာဟာ ကျွန်မလက်ထဲရောက်မရောက် သူစမ်းကြည့်တယ်။ ပါးစပ်က စကားမပြောနိုင်လို့သာ အင်မတန် ပြောချင်တဲ့ လက္ခဏာပဲ၊ ဘယ်လိုများဖြစ်သွားရရှာသလဲ မပြောတတ်ပါဘူးရှင်။ ကျွန်မစိတ်ထဲ ယူကျုံးမရ ဖြစ်သွားမိတယ်။ ဝမ်းထဲကဆို့လာမိတယ်။ ဒီတော့မှ သူ့မျက်နှာကို ကျွန်မသေသေချာချာ ကြည့်မိတယ်။ သူ့မျက်နှာမှာ အဝတ်အိတ်ကလေးနဲ့ စွပ်ထားတော့ ထူးထူးဆန်းဆန်းတွေ့ရတယ်။ အဝတ်အိတ်ကလေးက အိတ်ရှည်ကလေး။ ကြိုးက လည်ပင်းကိုခပ်တင်းတင်းကလေး ပတ်ချည်ထားတယ်။

ကျွန်မ ဘာမှမတတ်နိုင်ဘူး။ ဘယ်လိုမှလည်း မလုပ်နိုင်ဘူး။ သူ့စကား



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ရုံပဲ၊ သူပြောတဲ့အတိုင်း လုပ်ရုံပဲ။ သူ့စာထဲမှာပါတဲ့ ထူးထူးဆန်းဆန်း ကြွက်ခေါင်းဖြူကို ဖမ်းဖို့တော့မလွယ်ဘူး။ အိမ်မှာ အလှမွေးထားတဲ့ "စုတ်ဖွား" ဆိုတဲ့ကြောင်ကြီးက သူမျက်စိအောက်ရောက်လာရင် ဘယ်ကြွက်မှချမ်းသာ မပေးဘူး။ နို့ပေမဲ့ ကျွန်မလည်း ချက်ချင်းပဲအိမ်ပြန်ပြီး ကြွက်ထောင်ချောက် တွေပြင်ပြီး တစ်အိမ်လုံး နေရာအနှံ့အပြားပဲ နေရာတကျ ချထားလိုက်တယ်။ အိမ်အပြင်နံရံမှာရှိတဲ့ အပေါက်တွေလည်း ကြွက်လွတ်မသွားအောင် အစေခံတွေ ကိုအပိတ်ခိုင်းတယ်။ အဲဒီလို သူ့အမိန့်ကို တစ်သဝေမတိမ်း လိုက်ခဲ့ပါတယ်။

အစေခံတွေကိုလည်း ဘယ်သူမှာ ဓာတ်ခွဲခန်းဆီမသွားစေရဘူး။ အစားအစာကိုလည်း ကျွန်မကိုယ်တိုင် သွားပို့တယ်။ နံ့သာပု ငှက်ပျောသီး၊ ရေချိုင့်ကိုပဲပို့တယ်။

တစ်နာရီတစ်ခါ သူပြောတဲ့အတိုင်း လှောင်ချိုင့်တွေကို ကြွက်မိမမိ လျှောက်ပြီးကြည့်တယ်။ တချို့လှောင်ချိုင့်မှာ ကြွက်ကလေးတစ်ကောင်, နှစ် ကောင်မိပါရဲ့၊ နို့ပေမဲ့ အိမ်ကြွက်ဝမ်းဖြူကလေးတွေပါ။ နှုတ်သီးမည်းကလေး တွေနဲ့။ အဲဒီလိုကြွက်မိတိုင်း သူ့ဆီသွားပြီး သူအလိုရှိတဲ့ ကြွက်ခေါင်းဖြူ မမိသေး တဲ့အကြောင်း ကျွန်မကပြောရတယ်။

ဒီလိုနဲ့ ၃ ရက်ကြာသွားတယ်။ ငှက်ပျောသီးနဲ့ ရေကိုတော့ ကျွန်မ မှန်မှန်ပို့ရတယ်။ ဒါနဲ့ တတိယမြောက်တဲ့နေ့ရောက်တော့ အိမ်က မီးဖိုခန်းထဲမှာ ထမင်းချက်တဲ့ မိန်းမကြီးကို စီမံခန့်ခွဲနေတုန်း ကြောင်အိမ်နောက်မှာထားတဲ့ ထောင်ချောက်မှာ ကြွက်တစ်ကောင်မိပြီး တံခါးကျသံကြားရတော့ ကျွန်မလည်း သွားကြည့်မိတယ်။ ကြွက်ကလေးတစ်ကောင်မိနေတာ ထူးထူးခြားခြား ခေါင်းပိုင်း က ဖြူနေတာတွေ့ရတယ်။ ထောင်ချောက်ကိုမြှောက်, မှောင်ထဲကြည့်တဲ့အခါ မျက်လုံးကလေး ပြူးကြောင်ကြောင်နဲ့ ကျွန်မကိုတောင် ကြည့်နေသေးတယ်။ အသက်ဘေးကို ကြောက်ရှာလွန်းလို့ အငြိမ်မနေဘူး။ အတင်းပြေးလွှားတိုးဝှေ့ နေတာဘဲ။

ဒါနဲ့ ကျွန်မလည်း သေသေချာချာ မြင်ရအောင် လှောင်ချိုင့်ကို တတ် မီးရောင်အောက်ယူလာပြီး ကြည့်တဲ့အခါကျမှ ကျွန်မ မျက်လုံးမျက်ဆန်ပြူးပြီး အသည်းနှလုံးဟာ ရင်ဝတက်ဆောင့်လိုက်သလို ဖြစ်သွားပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကြွက်ကလေးဟာ သာမန်ကြွက်ကလေးတစ်ကောင်ဖြစ်ပြီး ကိုယ်ပေါ်မှာ ညိုမှောင်တဲ့ အမွေးအမှင်တွေ ဖုံးနေပေမဲ့ ခေါင်းပိုင်းက လူရဲ့ခေါင်းဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာရော, နှာခေါင်းနေပုံ, ပါးစပ်, နားရွက်ကစပြီး ကျွန်မယောကျ်ား ကိုဘဒန်ရဲ့ မျက်နှာပဲ။ သူ့မျက်နှာကို သေးအောင်လုပ်ပြီး ကြွက်ရဲ့ခေါင်းမှာ တပ်ထားသလို ပါပဲ။ ဒီတော့မှ အဖြစ်အပျက်ကို နည်းနည်း ကျွန်မရိပ်စားမိလာတယ်။ ဒီလောက် တောင် ထူးထူးဆန်းဆန်း ကြွက်ကလေးရဲ့ ခေါင်းဖြူနေတာက လက်စသတ် တော့ ကိုဘဒန်ရဲ့ခေါင်းက ဆံပင်ဖြူတွေကိုရှင်း ကျားသားမိုးကြီးတွေးလို့တောင် မကြည့်ဝံ့ပါဘူး။ ဒါနဲ့ လှောင်အိမ်ကို သူ့ဆီကို ကျွန်မ ချက်ချင်း အပြေးအလွှား ယူသွားတယ်။

ကိုဘဒန်ဟာ သူ့ဓာတ်ခန်းထဲက ကုလားထိုင်မှာ အရင်ကနည်းအတိုင်း မြင့်တက်နေတဲ့ ပန်းနုစ်ဖက်ကြားမှာ ခေါင်းကလေးငုံ့ပြီး ထိုင်ခံနေတာ တွေ့ရတယ်။ ကျွန်မလည်း ဝမ်းသာအားရ "ကိုဘဒန်–ရှင်လိုချင်တဲ့ ကြွက်ခေါင်းဖြူကလေး မိလာပြီ" လို့ ပြောလိုက်တယ်။

"ဒီလိုပြောလိုက်တော့ သူဟာ ဝမ်းသာအားရနဲ့ နေရာက ခုန်ထလိုက်ပြီး လှောင်အိမ်ကလေး လက်နဲ့ဝမ်းပြီး သူ့ရှေ့စားပွဲပေါ်သေသေချာချာ တင်ထားလိုက် တယ်။ ဒီနောက် စာရွက်ကလေးယူပြီး ကျွန်မကို စာရေးပြီးပြန်ပြတယ်။

"ငါဟာ ရှပဓာတ်ပြောင်း လှောင်ချိုင့်ကြီးထဲကို အခုဝင်တော့မယ်။ လှောင်ချိုင့်ထဲရောက်တာနဲ့ တစ်ပြိုင်နက် ကြွက်လှောင်အိမ်ကို အဲဒီလှောင်ချိုင့် ကြီးထဲ ထိုးသွင်းလိုက်၊ ပြီးတော့ ကြွက်ကလေးကိုလွှတ်လိုက်၊ လွှတ်ပြီးတာနဲ့ တစ်ပြိုင်နက်ကြွက်လှောင်အိမ်ကို အပြင်ဆွဲထုတ်လိုက်။ အဲဒါ အရေးကြီးဆုံးပဲ။ ဓာတ်ပြောင်းလှောင်ချိုင့်ထဲမှာ ငါနဲ့ကြွက်ပဲရှိရမယ်။ တခြားသာဝတ္ထု ပစ္စည်းမှ မရှိရဘူး။ အဲဒါ သတိထား။ ကြွက်လှောင်အိမ်ကို ချက်ချင်းပြန်ဆွဲထုတ်ဖို့မမေ့စေနဲ့"

ကိုဘဒန်ဟာ သူရေးတဲ့စာကို ကျွန်မဖတ်ရဲ့လား။ နားထောင်ရဲ့လား ဆိုတာ စောင့်နေတဲ့လက္ခဏာပဲ။ ကျွန်မက နားလည်ကြောင်းပြောလိုက်တယ်။

ဒီလိုပဲပြောလိုက်ရော ကိုဘဒန်ဟာ လက်နဲ့ဝမ်းပြီး ဓာတ်ပြောင်းလှောင် ချိုင့်ကြီးရှိတဲ့ နေရာကို တဖြည်းဖြည်းသွားတယ်။ ကျွန်မလည်း ကြွက်လှောင်အိမ် ကလေးကိုင်ပြီး သူ့လက်ကိုတစ်ဖက်က ဆွဲလိုက်သွားတယ်။

ကျွန်မလက်တွေဟာ တဆတ်ဆတ်တုန်ပြီး ရင်လည်းတဒိတ်ဒိတ်ခုန် နေတာပဲ။ သူ့ခေါင်းကို အဝတ်အိတ်အောက်မှာ ဘယ်လိုပုံသဏ္ဌာန်ရှိတဲ့ခေါင်း ရှိတယ်ဆိုတာ ကျွန်မတွေးမိတယ်။ အရင် ပထမကလည်း ရှပ်အကြောင်းအထဲ လုပ်တဲ့နေရာမှာ မတော်တဆ ချွတ်ယွင်းချက်ရှိလို့ အခုလိုဖြစ်လာရတယ်။ အခု



www.burmeseclassic.com

www.burmeseclassic.com



တခါမှာရင်တော့ ကိုဘဒန်ဟာ လူကိုယ်နဲ့ကြွက်ခေါင်းရှိတဲ့ သတ္တဝါကြီးတစ်မျိုးများ ဖြစ်သွားမလား။ အို–ကျွန်မ စဉ်းစားတောင် မကြည့် ဝံ့ဘူး။

သူပြောတဲ့စကားထောက်တော့ ရုပ်ဓာတ်ပြောင်းလဲပေးတဲ့ ဓာတ်လှောင်ချိုင့်ကြီးထဲဝင်တဲ့အခါ တခြားဘာဝတ္ထုပစ္စည်းမှ ကြားထဲမှာ မရှိရဘူးဆိုတာ ကျွန်မနားလည်ထားတယ်။ ဒါကြောင့် ကျွန်မက "ကိုဘဒန်–ရှင့်ခေါင်းမှာစွပ်ထားတဲ့ အဝတ်အိတ်ကို ဖြုတ်လိုက်ဦးလေ မဟောက်လို့ဒီအဝတ်အိတ်က အနှောင့်အယှက်ပေးနေဦးမယ်" လို့ ပြောလိုက်မိတယ်။

ဒီလို ပြောလိုက်တာ သူကြားသလား၊ မကြားဘူးလားတော့ မသိဘူး။ နို့ပေမဲ့ ဓာတ်လှောင်ချိုင့်ကြီးထဲလည်း ဝင်မိရော သူခေါင်းမှာ စွပ်ထားတဲ့ အဝတ်အိတ်ရှုံကြီး သူတဖြည်းဖြည်းလျော့ပြီး ဖြုတ်ချလိုက်တယ်။ ဒီအခါ ကျွန်မလည်း ဓာတ်လှောင်ချိုင့်ကြီးထဲကို ကြွက်လှောင်အိမ်ကလေး ထိုးသွင်းလိုက်တယ်။ သွင်းပြီး ကြွက်လှောင်အိမ်က တံခါးကို တဖြည်းဖြည်း မပြီးဖွင့်လိုက်တဲ့အခါ ကြွက်ခေါင်းဖြူကလေးဟာ လှောင်ချိုင့်ကြီး နောက်ပိုင်းကို ခုန်ပေါက်ပြေးဝင်သွားတာ တွေ့လိုက်ရတယ်။

ဒီအခါမှ ကျွန်မလည်း ကိုဘဒန်မျက်နှာကို သေသေချာချာ ကြည့်မိတာကိုး၊ နှာခေါင်းက ရှည်ရှည်မည်းမည်း ကြွက်နှာခေါင်းကြီး။ မျက်လုံးနှစ်လုံးကလည်း ဘာမှမမြင်ရဘဲ ဖြူးကြောင်ကြောင် ကြွက်မျက်လုံး၊ လက်စသတ်တော့ ကိုယ်က ကိုဘဒန်ရဲ့ကိုယ်၊ ခေါင်းက သူ့ခေါင်းနေရာမှာ ပကတိကြွက်ခေါင်းကြီးပါပဲ။ ကျွန်မဟာ တစ်မိနစ်လောက် သတိလစ်သွားသလို ထင်ရတယ်။ မမြင်ဖူး မကြားဖူးတာကို ကိုယ်တိုင်ဒိဋ္ဌတွေ့နေရတော့ လစ်ခနဲဖြစ်သွားမိတယ်။

ဖြန်းဆိုပြန်လည်သတိရမိရော ကျွန်မထဘီနားကဖြတ်ပြီး ကြောင်လိုလိုသတ္တဝါနတစ်ခုဟာ ဓာတ်လှောင်ချိုင့်ကြီးထဲကို ရှောခနဲဝင်သွားတာ မြင်လိုက်ရတယ်။ အိမ်က "စုတ်ဖွားကြီး" နဲ့တူပါရဲ့။

ဒီနောက် သူဟာ ဓာတ်လှောင်ချိုင့်ကြီးကို အတွင်းက ပိတ်လိုက်တယ်။ အထဲက မီးလုံးတွေဟာလည်း ဖွင့်ချည်ပိတ်ချည်, လင်းချည်မှောင်ချည်ဖြစ်လာပြီး လျှပ်စစ် မြွှန်တွေဆက်ထားတဲ့စက်ဆီက တရှီးရှီးအသံတွေ ကြားရတယ်။ အထဲမှာ အပြောင်းအလဲတစ်ခုခုရှိနေပြီဆိုတာ ကျွန်မတွေးမိတယ်။

ဒီနောက် အတန်ကလေးကြာတော့ စက်သံရပ်သွားပြီး အတွင်းက တံခါးဖွင့်သံကြားရတော့ ကျွန်မလည်း ကိုဘဒန်ကို ကူညီပြီးတံခါးဖွင့်ပေးတယ်



www.burmeseclassic.com

www.burmeseclassic.com



အထဲမှာတော့ မှောင်နေတာပဲ။ အကယ်၍ သူ့ရဲ့စမ်းသပ်မှုဟာလဲ မအောင်မြင်ဘူးဆိုရင် သူဟာသူ့ရုပ်ကြီးကို ဘယ်နည်းနဲ့မှကျွန်မမြင်စေချင်မှာ မဟုတ်ဘူးဆိုတာသိတယ်။ ကျွန်မတို့အချင်းချင်း နားလည်မှုဟာ အင်မတန်ကြီးတာပဲ။ တစ်ယောက်စိတ်ကို တစ်ယောက်က မပြောဘဲနဲ့ သိနေသလိုပဲ။ ဒီတော့ ကျွန်မလည်း သူ့ခေါင်းစွပ်ကြီးကို အပြင်က လှမ်းပေးလိုက်တယ်။ သူလည်း ချက်ချင်းပဲ ခေါင်းကိုစွပ်ချလိုက်တယ်။

ဒီလိုစွပ်ချလိုက်တုန်း မွဲပြာပြာအကောင်လေး တစ်ကောင်ဟာ ဓာတ်လှောင်ချိုင့်ကြီးထဲက အတင်းလျောထွက်ပြီး အပြင်ခန်းထဲပြေးသွားတယ်။ အဲဒီအချိန်မှာ စုတ်ဖွားကြီးလည်း ကြွက်ကလေးနောက်က မရှေးမနှောင်းလိုက်လာပြီး ကြွက်ကလေးနောက်ကို တရကြမ်းလိုက်တော့တာပဲ။ လက်စသတ်တော့ ကြွက်ထောင်ချောက်ကလေး အဖုံးကိုဖွင့်လွှတ်တုန်းက စုတ်ဖွားကြီးဟာ အနံ့ရပြီး ဓာတ်လှောင်ချိုင့်ကြီးထဲ နိုးဝင်သွားတာနဲ့ တူပါတယ်။ ကြွက်ကလေးက အပြင်ထွက်ပြေးလာတော့ သူလည်းအပြင်ထွက်ပြီး လွတ်ပေါက်ရှာနေတဲ့ ကြွက်ကလေးကို တရကြမ်းလိုက်တော့တာပါပဲ။ စုတ်ဖွားကြီးကို ကြည့်လိုက်တော့ ကျွန်မသိပ်ပြီး အံ့အားသင့်သွားမိပြန်တယ်။ သူ့ခေါင်းဟာ ကြောင်ခေါင်းမဟုတ်တော့ဘဲ ကြွက်တစ်ကောင်ရဲ့ခေါင်းကြီးဖြစ်နေပါတယ်။

ဒီအခါ ကျွန်မလည်း အတိုင်းမသိ ဝမ်းသာသွားတယ်။

ဒီအချိန်မှာ ခေါင်းစွပ်အောက်က ကိုဘဒန်အသံထွက်လာတယ်။

"ခင်မကြီး–မီးဖိုခန်းထဲ မြန်မြန်သွားပြီး မီးသွေးခွဲတဲ့တူကြီး သွားယူစမ်းရေ"

ဒီတော့ ကျွန်မကလည်း ဝမ်းသာအားရဖြစ်ပြီး တစ်ပိဿာလောက်အလေးချိန်ရှိတဲ့တူကြီးကို အပြေးအလွှား သွားမယူပြီးလာခဲ့တယ်"

ပြန်ရောက်တော့ စုတ်ဖွားကြီးဟာ ကြမ်းပြင်ပေါ်မှာ သွေးအိုင်တစ်ခုထဲ ကျပြီး သေနေတာတွေ့ရပါတယ်။

ကိုဘဒန်လည်း ဘာမှမပြောဘူး။ ကျွန်မလက်ထဲက တူကြီးယူပြီး သေနေတဲ့ ကြောင်ခေါင်းကိုတစ်ချက်ထဲ တည်းထုချလိုက်တာ မှုံသဏ္ဍာန်တောင် မပေါ်လောက်အောင် ကြေမွသွားတော့တာပါပဲ။

အဲဒီလိုတူနဲ့လည်း ထုပြီးရော သူကျွန်မဘက်ကို လှည့်ပြီး–

"ခင်မကြီး– ဖို့ကိုလည်း မင်းဒီအတိုင်း အခုလုပ်ရမယ်၊ နားလည်လား"

www.burmeseclassic.com



လို့မေးလိုက်တယ်။

ကျွန်မဟာလည်း သူပြောတဲ့စကားကို ကောင်းကောင်းကြားပြီး နားလည်လျက်သားနဲ့ နားမလည်သလိုဖြစ်သွားတယ်။ မျက်စိတွေပြာသွားပြီး နားလည်း ကန်းသွားသလို ဖြစ်သွားတယ်။ ကိုဘဒန်ရဲ့ ကိုယ်ပေါ်မှာရောက်နေတဲ့ ကြွက်ခေါင်းကြီးဟာ ရုတ်ဖွားဆီရောက်သွားတာ မြင်လိုက်ရတော့ သူ့ရဲ့ စမ်းသပ်မှုဟာ အောင်မြင်ပြီလို့ ကျွန်မက တွက်လိုက်တာကို။ ပြီးတော့ ခေါင်းစွပ်ကြီး အောက်ကနေပြောတဲ့ သူ့အသံကြားလိုက်ရတော့ ကိုဘဒန်ဟာ နဂိုရုပ်ပြန်ရပြီလို့ ကျွန်မယူဆလိုက်တာကို။

ကျွန်မက ဒီအကြောင်းတွေ သူ့ကိုတိုးတိုးပြောပြတယ်။ ကျွန်မအသံကိုလည်း တတ်နိုင်သလောက် မတုန်အောင်ထိန်းထားပြီး လေအေးနဲ့ ပြောလိုက်တယ်။

ဒီတော့ ကိုဘဒန်ဟာ ခေါင်းစွပ် စွပ်ထားတဲ့ သူ့ခေါင်းကြီးခါပြီး "စမ်းသပ်မှုအောင်မြင်တာ မဟုတ်ဘူး ခင်မကြီး။ ဒီတော့ အခုအဆုံးသတ်ရုံပဲရှိတယ်"

ဒီတော့ ကျွန်မလည်း ခြေမကိုင်မိလက်မကိုင်မိဖြစ်ပြီး ဒီစမ်းသပ်မှုကို ဆက်လုပ်ဖို့ ကြွက်ခေါင်းဖြူကို တစ်သက်လုံးပဲ လိုက်ရှာရသည်ဖြစ်စေ လိုက်ရှာပေးပါ့မယ်လို့ အမျိုးမျိုးတောင်းပန်တယ်။ ကျွန်မဟာ သူ့အပေါ်ဘယ်လောက်ချစ်တယ်ဆိုတာ သူသိတာပေါ့။ သူအသိဆုံးပဲ။ ကျွန်မဟာ ဒီကြွက်ခေါင်းဖြူကို ရှာမယ့်အရေး သူဘယ်လိုတားဆီးပေမယ့် မရဘူးဆိုတာ သူသိတယ်။ ဒီလို စဉ်းစားနေတဲ့အချိန်မှာ သူလည်းခေါင်းက ခေါင်းစွပ်ကိုချွတ်လိုက်ပြီး ကျွန်မဘက်ကိုတည့်တည့်ကြီး မျက်နှာမူလိုက်တယ်။

မေးစေ့ရယ်, ပါးစပ်ရယ်က ကိုဘဒန်ရဲ့နဂိုအတိုင်းပဲ။ နှာတံကောက်ကလေးတောင်ပုံသဏ္ဌာန်က ဒီအတိုင်းပါပဲ။ နို့ပေမဲ့ နှာခေါင်းပေါက်နားရောက်တော့ မည်းမည်းကြီးဖြစ်ပြီး တကယ့်ကြွက်နှုတ်သီးကြီးလို ဖြစ်နေတယ်။ မျက်လုံးကလည်းကြွက်မျက်လုံးလို ပြူးပြီးအပြင်ထွက်နေတယ်။ နားရွက်ကတောင်အပြင်ထွက်ပြီး ကြွက်မွေးတွေဖုံးလို့။

ကိုဘဒန်ဟာ စကားပြောနိုင်ပေမဲ့ ကြွက်တစ်ပိုင်းဖြစ်နေတဲ့ ဒီမျက်နှာကြီးကို ကျွန်မကြည့်ရက်နိုင်တော့ဘူး။ ဒီအတိုင်းဆိုရင် ဘယ့်နှယ်လုပ်ပြီး နေထိုင်နိုင်တော့မလဲ။

ကျွန်မလည်း ဒီအကြောင်းတွေ စဉ်းစားပြီ စိတ်ထဲမှာ ရူးမတတ်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီလိုနေတုန်း ကိုဘဒန်ဟာ ကြောင်ကိုသူထိုးသတ်လိုက်တဲ့ ဓားမြှောင်ကိုယူပြီး သူ့လက်ဝဲဘက်ရင်အုံ သူ့နှလုံးသားရှိမယ့်နေရာလောက်ကို တစ်ခါတည်း စိုက်ချလိုက်တာပဲ။ ကျွန်မလက်ပေါ်မှာပဲ အသက်ပျောက်သွားရှာတယ်။ သူနောက်ဆုံးပြောသွားတဲ့စကားက–

"ခင်မကြီး မင်းဘာလုပ်ရမယ်ဆိုတာ မင်းသိပါတယ်ကွယ်" တဲ့။

သူဘာလုပ်စေချင်တယ်ဆိုတာ ကျွန်မသိပါတယ်။

ကျွန်မလက်တွေ တုန်နေပြီ။ ကျွန်မစိတ်ဟာလည်း ကယောင်ချောက်ချားဖြစ်နေပြီ။ ရှုးပြီ... ရှုးပြီ... ကျွန်မရှုးပြီ။ တူကြီးကိုမလိုက်ပြီး ကိုဘဒန်ရဲ့ကြွက်တစ်ပိုင်း လူတစ်ပိုင်း ခေါင်းကြီးကို တအားလွှဲပြီး တစ်ချက်တည်းထုလိုက်တော့တာပဲ။ မှုန်မှုန်ညက်ညက် ကြေမွသွားအောင် တအားလွှဲပြီး ထုလိုက်တယ်။

(ဤနေရာတွင် ဒေါ်ခင်မကြီး၏စာသည် အဆုံးသတ်သွား၍ နောက်ဆုံးတစ်ပိုဒ်ကိုပင် လက်ရေးများမပီသသဖြင့် အတော်စပ်ဟပ်စဉ်းစား၍ ဖတ်ယူရ၏။ စာရေးသူ)

◈ ◈ ◈

ကိုဘသက်၏ ဆက်လက်ပြောပြချက်အရ သိရသည်မှာ ကိုဘဒန်နှင့် ဒေါ်ခင်မကြီးတို့မှာ သားသမီးအမွေစား အမွေခံမရှိသဖြင့် ဤအိမ်ကြီးကို ကိုဘသက်က အမွေအဖြစ် ဆက်ခံရရှိခဲ့၏။

ဒေါ်ခင်မကြီး စိတ်ကျန်းမာရေးဆေးရုံ၌ ရှိနေစဉ်အတွင်း အိမ်ကြီးကို ၄ လခန့်မျှ ပိတ်၍ထားရလေရာ ဒေါ်ခင်မကြီးဆုံးပြီးနောက် တစ်နေ့တွင် ကိုဘသက်သည် အိမ်ကြီးကိုနေရန် သွားရောက်ကြည့်ရှုလေသည်။

အခန်းများနှင့်တကွ အိမ်၏အနေအထားကို နာရီဝက်ခန့်မျှ ကြည့်ရှုပြီး နောက်ပြန်တော့မည်ဟု တံခါးကိုပိတ်လိုက်စဉ် တံခါးကြားရှိ အပေါက်ငယ်တစ်ခုမှ ကြွက်ကလေးတစ်ကောင် ထွက်လာပြီးလျှင် "ကြွက်လျှောက်" ပေါ်သို့ တက်၍ပြေးသွားပြီးနောက် ထုပ်နှင့်မျက်နှာကြက်စပ်ကြားတွင် ပျောက်၍ သွားလေ၏။ ကြွက်ကလေးမှာ ညိုမည်းရောင်ရှိသော သာမန်ကြွက်ကလေးဖြစ်သော်လည်း ဦးခေါင်းတစ်ခုလုံး ဆွတ်ဆွတ်ဖြူလျက်ရှိနေသဖြင့် ကိုဘသက်သည် ထိုအိမ်တွင်မနေတော့ဘဲ တစ်ခါတည်းရောင်းချပစ်ရန် သံနူးသွန်းချလိုက်လေသတည်း။

(၁၉၉၉ [illegible])

www.burmeseclassic.com

www.burmeseclassic.com

# ကြောင်နက်ရှန့်ဖွယ်

လောကတွင် သက်ရှိသတ္တဝါတိုင်း၌ အသိဉာဏ်တရားဟူ၍ရှိရာ အသိဉာဏ်ချင်းကွာခြားမှုသာလျှင် လူနှင့်တိရစ္ဆာန်တို့စပ်ကြား၌ တည်ရှိသော ပေါင်းကူးတံတားကြီးဖြစ်ပေသည်။ သို့သော် ထိုပေါင်းကူးတံတားမှာ အချို့နေရာ၌တိုရှ၍ အချို့နေရာ၌ ရှည်လျားလေသည်။ ဥပမာအားဖြင့် အချို့ ကြောင်, ခွေး, မျောက်စသော တိရစ္ဆာန်တို့မှာ အလွန်ပါးနပ်သော အသိဉာဏ်များရှိ၍ အချို့လူများမှာ "လူ"ပင်ဖြစ်သော်လည်း အလွန်ထုံထိုင်းသော အသိဉာဏ်ရှိလေသည်။ သို့ဖြစ်ရကား ဆိုခဲ့ပြီးဖြစ်သည့်အတိုင်း အလွန်ထုံထိုင်း၍ အသိဉာဏ်နည်းပါးလှသော "လူ"နှင့် ပါးနပ်လိမ္မာသော တိရစ္ဆာန်တို့စပ်ကြားရှိ ပေါင်းကူးတံတားမှာ အတိုဆုံး ဖြစ်ပေတော့သည်။

အိပ်ခြင်း၊ စားခြင်း၊ မေထုန်မှီဝဲခြင်းတို့ကိုသာ သိဘာဝ်သဖြင့် တိရစ္ဆာန်ဟုခေါ်ရသော်လည်း၊ အချို့တိရစ္ဆာန်တို့၌ ပါးနပ်ဖျတ်လတ်ခြင်း၊ လိမ္မာရေးခြားရှိခြင်း၊ အကင်းပါးခြင်းတို့မှာ လူသတ္တဝါတမျှ ရှိနေကြသည်ဟု ဆိုရပေမည်။ ယင်းတို့၏ ချစ်ခြင်းမေတ္တာသည်လည်းကောင်း၊ မုန်းတီးသောစိတ်သည်လည်းကောင်း၊ ရန်ငြိုးသိုတတ်ခြင်းသည်လည်းကောင်း၊ သစ္စာတရားသည်လည်းကောင်း လူတို့ထက်ပင် အချို့နေရာ၌ သာလွန်ကြောင်း တွေ့ရလေသည်။

အထူးသဖြင့် ခွေးလိမ္မာများသည် မိမိတို့သခင်အပေါ်၌ လူတို့ထက်ပင် ပို၍စောင့်ရှောက်တတ်ကြောင်း၊ သစ္စာရှိကြောင်းကို ကျွန်ုပ်တို့သည် ပုံဝတ္ထုပေါင်းများစွာ၌ ဖတ်ဖူးကြ၏။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း တစ်ခါတစ်ရံ၌ တွေ့ကြုံဖူး၏။ ယင်းတို့သည် လူတို့ကဲ့သို့ စိတ်ကောက်ခြင်း၊ သစ္စာဖောက်ခြင်းမရှိဘဲ မိမိတို့သခင်၏ ကျေးဇူးကို အမြဲစောင့်သိရှိသောကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ငြိုးထားခြင်းနှင့် ပတ်သက်၍ကား ကျွန်ုပ်တို့များစွာ မကြားဘူးချေ။ အောက်တွင်ရေးသားဖော်ပြအံ့သော သုတေသနအရာရှိဝစ်ခိုလ်ကလေး မောင်သင်းမောင် တွေ့ကြုံခဲ့သည့် အကြောင်းအရာများမှာမူ ထူးခြန်းသော သာဓကတစ်ခုဖြစ်၍ ကျွန်ုပ်သည် စာဖတ်ပရိတ်သတ်အား တင်ပြခြင်းသာ ဖြစ်ပါကြောင်း။

◆ ◆ ◆

လွန်ခဲ့သော သုံးနှစ်ခန့်က ဗမာ့တပ်မတော် သုတေသနဌာနတွင် အမှုထမ်းလျက်ရှိသော ဗိုလ်ကြီးမောင်သင်းမောင်သည် ဇနီးဖြစ်သူ မသန်းလှနှင့်အတူ တစ်နေ့သ၌အလုပ်ဝတ္တရားဖြင့် အမရပူရမြို့သို့ ရောက်ရှိခဲ့ပြီးလျှင် မောင်သင်းမောင် ၏မိတ်ဆွေ မောင်ကျော်သောင်းဆိုသူအိမ်၌ တည်းခိုလျက်ရှိကြလေသည်။ ဗိုလ်ကြီးသင်းမောင်မှာ အလုပ်ဝတ္တရားနှင့် လာရခြင်းဖြစ်သော်လည်း၊ မန္တလေး၊ အမရပူရ၊ အင်းဝနှင့် စစ်ကိုင်းတောင်ရိုးရှိ ဘုရားပုထိုးများကို မဖူးမျှော်ဘူးသော မိမိ၏ဇနီးသည် မသန်းလှအား ခေါ်ခဲ့ခြင်းဖြစ်၏။

ဗိုလ်ကြီးသင်းမောင်နှင့် ကိုကျော်သောင်းတို့မှာ ငယ်စဉ်ကပင် ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြ၍ ကိုကျော်သောင်းမှာ မြေတိုင်းစာရေးဘဝမှ တဖြည်းဖြည်းတိုးတက်ခဲ့ပြီးလျှင် အရာရှိတစ်ယောက်ပင်ဖြစ်၍ နေခဲ့လေပြီ။ ကိုသင်းမောင်မှာမူ စစ်ဘက်သို့ဝင်ရောက်ခဲ့ရာ ရှေးဟောင်းပစ္စည်းများကို စုဆောင်းခြင်း၊ တတ်ပုံရိုက်ခြင်းတို့၌ ဝါသနာထုံ၍ ဥပစာအထက်တန်းကိုလည်း အောင်မြင်ပြီးဖြစ်သည့်အတိုင်း တပ်မတော်သုတေသနဌာနတွင် သုတေသနအရာရှိအဖြစ်ဖြင့်လည်းကောင်း၊ ရာထူးအဆင့်အတန်းအားဖြင့် “ဗိုလ်ကြီး”အဖြစ်လည်းကောင်း အမှုတော်ကို ထမ်းရွက်နေသူဖြစ်၏။ အတိတ်ကိုပြန်၍ ရေးသားရလျှင် ထိုအချိန် မတိုင်မီ ၁၅ နှစ်ခန့်လောက်က မောင်ကျော်သောင်းနှင့် မောင်သင်းမောင်တို့သည် ရန်ကုန်မြို့ရှိ အစိုးရအထက်တန်းကျောင်း တစ်ကျောင်းတွင် တစ်ခန်းတည်း “သော်ဒါ” ကျောင်းသားများဖြစ်ကြ၍ တစ်ယောက်နှင့်တစ်ယောက် အတော်ပင် ရင်းနှီးချစ်ခင်ခဲ့ကြလေသည်။

သွားအတူလာအတူ လည်ပတ်လျှင်အတူ ဖြစ်ခဲ့ကြသည့်အတိုင်း ထိုအခါက စိန့်မေရီကျောင်းသူဖြစ်သော မသန်းလှအား နှစ်ယောက်အတူပိုး၍ ပိုးပန်းမိခဲ့ကြ၏။

မောင်ဇကာင်းကျော်မှာ ရှပ်ချောခြင်း၊ အပြောကောင်းခြင်း၊ အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



အသင်းဆုံခြင်း၊ လောကွတ်ပျူငှာခြင်း စသည်တို့ကြောင့် ကျောင်းတွင် ထင်ရှားသူတစ်ယောက်ဖြစ်ရာ မောင်သင်းမောင်မှာမူ ရိုးသားဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်း၊ ခွန်အားဗလနှင့် ပြည့်စုံကာစားခုန်စားဘက်တွင် ဖိသနှာထုံခြင်း၊ သူရသတ္တိပြည့်စုံခြင်းစသည်တို့ဖြင့် လူသိများသူတစ်ယောက်ဖြစ်ခဲ့လေသည်။

မောင်သောင်းကျော်မှာ ပုပုပြတ်ပြတ်ဖြစ်၍ အသားဖြူပြီးလျှင် မိန်းကလေးတစ်ယောက်၏ မျက်နှာကဲ့သို့ နုနယ်လှပ၏။ မောင်သင်းမောင်မှာမူ အရပ်အမောင်း မြင့်မားရှည်အုပ်ကျယ်ပြီးလျှင် ခိုင်ခံ့သော မေးရိုးကြီးများရှိ၏။ နုနယ်လှပခြင်းမရှိသော်လည်း၊ ခန့်ညားသော မျက်နှာပေါက်ရှိ၍ ယောကျ်ားပီသသောအမူအရာရှိလေသည်။ စိတ်နေစိတ်ထားအားဖြင့်လည်း မောင်ကျော်သောင်းမှာ အချို့နေရာများ၌ မိန်းမကဲ့သို့ "မိန်းမလို မိန်းမရ" ပြုလုပ်တတ်ပြီးလျှင် မောင်သင်းမောင်က ဘွင်းဘွင်းသမားတစ်ယောက်ဖြစ်ခဲ့၏။

ခင်မင်သော သူငယ်ချင်းများပင် ဖြစ်လင့်ကစား "အချစ်"နှင့် ပတ်သက်က သဘောကွဲလွဲခြင်း၊ အကောက်ကြံတတ်ခြင်းများ ရှိကြသည့်အတိုင်း မောင်ကျော်သောင်းနှင့် မောင်သင်းမောင်တို့မှာ ထိုအခါမှစ၍ ခပ်တန်းတန်း နေထိုင်ခဲ့ကြ၏။

မောင်သင်းမောင်သည် စက်ဘီးစီးရာတွင် အလွန်မြန်၍ ကျင်လည်သောသူတစ်ယောက်ဖြစ်လေရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အားကစားအသင်းကြီးက ကျင်းပပြုလုပ်မည်ဖြစ်သော လူကြီးတန်းစက်ဘီးအမြန်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုးစားလျက်ရှိ၏။ အနားယူ၍ အင်အားမွေးမြူကာ မိမိ၏စက်ဘီးကိုလည်း လေးလံသည့်အပိုကိရိယာများကို ဖြုတ်ပြီးလျှင် ပေါ့ပါးနိုင်သမျှ ပေါ့ပါးအောင်လုပ်ကာ ဆီများထည့်လျက်ရှိ၏။

ပြိုင်ပွဲမှာ ညနေ ငါးနာရီတွင် ဘီအေအောကွင်း၌ ကျင်းပပြုလုပ်မည်ဖြစ်၍ မောင်သင်းမောင်သည် ထိုနေ့၌ နံနက်စာကို စောစောစားပြီးလျှင် နေ့လယ်၌ ကြက်ဥလေးလုံးနှင့် နွားနို့ငါးဆယ်သားကို သောက်လိုက်ပြီးနောက် နှစ်ခြိုက်စွာအိပ်စက်လေ၏။

အိပ်ရာမှနိုးသောအခါ ၄ နာရီနှင့် ၁၅ မိနစ်ပင် ရှိခဲ့လေပြီး သို့ ရေမိုးချိုးပြီးနောက် စပို့ရှပ်အပြာနုရောင်နှင့် ဘောင်းဘီအဖြူကို ဝတ်ကာ ဘီအေအောကွင်းသို့ လာခဲ့လေ၏။ ကွင်းထဲသို့ မောင်သင်းမောင် ရောက်လာသည်ကိုမြင်သောအခါ ကျောင်းသားများသည် လက်ခုပ်လက်ဝါးတီး၍ အားပေးကြ



www.burmeseclassic.com

www.burmeseclassic.com



၏ အဘယ်ကြောင့်ဆိုသော် မောင်သင်းမောင်အား ထိုပွဲနှစ်ပွဲအနိုင်ရမည်ဟု တစ်ပေးထားသူများ အတော်ပင်များပြားသောကြောင့်ပေတည်း။ ထိုပွဲသို့ မြို့ပေါ်ရှိကျောင်းအသီးသီးမှ ကျောင်းသူများလည်း ဆရာမများနှင့်အတူ လာရောက်ကြည့်ရှုကြရာ ထိုအထဲတွင် မသန်းလှတို့ လူသိုက်လည်း ပါဝင်လေသည်။ တစ်သိသူငယ်ချင်းများက မသန်းလှအား တစေ့တစောင်း ကြည့်ကြရာ အချို့ကလည်း "သူနဲ့မဟုတ်ပါဘူးအေ ကိုကျော်သောင်းကြီးနဲ့ပါ" ဟုမကြားတကြား ပြောကြသဖြင့် မသန်းလှမှာ မျက်နှာကို မထားတတ်အောင် ရှိနေခဲ့လေသည်။

ထိုပွဲ၌ ယှဉ်ပြိုင်သူရှစ်ဦးရှိရာ မောင်သင်းမောင်သည် တာထွက်တွင် အခြားသူများနောက်မှ ထွက်ခဲ့သော်လည်း နှစ်ပတ်မျှ စီးမိသောအခါ တတိယသမားကို ကျော်လွန်၍ ဒုတိယအဖြစ်သို့ပင် ရောက်ရှိနေခဲ့လေပြီ။ ထိုအခါ ကျောင်းတစ်ကျောင်းလုံးက ဝိုင်း၍သြဘာပေးလျက်ရှိ၏။ သုံးပတ်ရောက်သောအခါ မောင်သင်းမောင်သည် ပထမသမားနှင့် "အမြီးကိုက် ခေါင်းကိုက်" ရှိ၍နေပြီဖြစ်ရာ ကျောင်းသားများသည် ယခင်ကထက် ဆူညံစွာ သြဘာပေးကြပြန်၏။ လေးပတ်သို့ ရောက်သောအခါ မောင်သင်းမောင်၏စက်ဘီးမှာ ခြေမကုန်သေးဘဲ ပထမလူ၏ ရှေ့သို့စက်ဘီးတစ်စီးစာမျှ ကျော်လွန်နေပြီဖြစ်ရကား ဤသို့ဖြင့် ပေါင်းဆယ်ခုနှစ်ကြိတ်အနယ် ဆက်လက်စီးသွားလျက်ရှိစဉ် မောင်သင်းမောင်၏ စက်ဘီးမှာ ရုတ်တရက် လက်ယာဘက်သို့ အနည်းငယ်စောင်းသွားပြီးနောက် မောင်သင်းမောင်သည် စက်ဘီးပေါ်မှ ရုတ်တရက် ခုန်ဆင်းလိုက်ရလေသည်။ သို့သော် အရှိန်အားကြီးလွန်းသဖြင့် မြေပေါ်သို့ ဒူးထောက်လဲသွား၏။ ထိုအခါ ဒိုင်လူကြီးနှင့်တကွ ကျောင်းသားများပါ ဝိုင်းအုံရောက်လာကြ၍ အကျိုးအကြောင်း မေးမြန်းရာစက်ဘီး၏နောက်ဘီးမှာလုံးဝလေမရှိတော့ကြောင်း တွေ့ရ၏။ မောင်သင်းမောင်မှာလည်း ဒူးအနည်းငယ်နာသွားသဖြင့် သူငယ်ချင်းများက တွဲယူကာ အမှုဆောင်လူကြီးများမဏ္ဍပ်သို့ ပို့ကြရလေသည်။

နောက်တနင်္ဂနွေနေ့၌ မောင်သင်းမောင်နှင့် မသန်းလှတို့သည် တစ်နေရာတွင် နှစ်ယောက်တည်းတွေ့ဆုံကြရာ မသန်းလှက ယမန်နေ့က စက်ဘီးပြိုင်ပွဲတွင် မောင်သင်းမောင်မှာ များစွာကံဆိုးသဖြင့် ရှုံးရခြင်းဖြစ်ကြောင်း။ အကယ်၍သာ စက်ဘီးမပေါက်က မုချပထမရွှေမည်ဖြစ်ကြောင်း။ မိမိကိုယ်တိုင်လာရောက်ကြည့်သည့်နေ့တွင်မှ ဤကဲ့သို့ဖြစ်ရသည်ကို ဝမ်းနည်းကြောင်းဖြင့် ပြောပြလေ၏။

"ကျုပ်ကံဆိုးလို့ ... ဟုတ်စ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ကိုသင်းမောင် ကံကဆိုးလို့အခုလို နိုင်မယ့်ဆဲဆဲ လမ်းခုလတ်မှာလာပြီး စက်ဘီးပေါက်ရတာပေါ့"

"ကံ မဟုတ်ဘူးလုရေ... ဉာဏ်ဖျ"

"ရှင်... ဘာ"

"ကိုသင်းမောင် ရှုံးတာမြင်ချင်တဲ့ လူတစ်ယောက်ရဲ့ ဉာဏ်... လုရဲ့ သူက စက်ဘီးကို တွယ်အပ်နဲ့တိတ်တိတ်စိုက်ထားတယ်"

"ဒါဖြင့် အစက ဘာဖြစ်လို့မသိလဲ"

"အပ်နဲ့ စိုက်လိုက်တော့ ရုတ်တရက်လေမထွက်သေးဘူးပေါ့။ သူ့ဟာနဲ့ သူ ပထမပိတ်နေတာပေါ့။ နောက် ခရီးအတော်ရှည်လာတော့မှ အပေါက်က တဖြည်းဖြည်းကျယ်လာပြီး ခံလုံးကလေးတာရှိလုံး နင်းမိတဲ့အခါကျတော့မှ နောက်ဘီးဟာ တစ်ခါတည်းပြားသွားတော့တာပဲ"

"ကြံကြံဖန်ဖန်လုပ်ရက်ပလေတယ်နော်။ ဘယ်သူလဲကိုသင်းမောင်"

"မသိချင်ပါနဲ့တော့ လုရယ်။ သိရင် လုအလကား စိတ်မကောင်း ဖြစ်နေပါဦးမယ်"

"ထားပါဦး။ ဒီတော့ ရှင်ဘယ့်နှယ်ပြန်လုပ်သလဲ"

"ဘယ့်နှယ်မှမလုပ်ပေါင်ဗျာ။ ဒီအတိုင်းနေလိုက်တာပေါ့။ သူ့အကြောင်း သိရရင်ပြီးတာပဲ။ ပြီးတော့ လူကကိုယ်နဲ့အင်မတန်ခင်မင်ရင်းနှီးတဲ့လူ ဖြစ်နေတယ်"

"လုတို့လိုတော့ မခံဘူး။ သိတာနဲ့တစ်ချက်တည်း လက်သီးနဲ့မျက်နှာ တည့်တည့်ပြန်ထိုးမှာပဲ။ ကိုယ့်ဂုဏ်ကိုထိခိုက်တဲ့အလုပ်မဟုတ်လား ကိုသင်းမောင်"

"ကျုပ်ထိုးရင် ဒီအကောင်သေသွားမှာပေါ့။ စိတ်ယုတ်မာရှိတဲ့လူ နောက် ကိုမပေါင်းဘဲနေရုံ ရှိတာဘဲ။ ဂုဏ်တွေပကာသနတွေ ကိုယ်ဒီလောက် မမက်မော လှပါဘူးလုရယ်။ ကိုယ်မက်မောတာ လောကမှာ တစ်ခုပဲရှိတယ် ဘာလဲသိလား"

"မသိပေါင်"

"မောဒီလုလေ လုဒါဒီဟာတစ်ခုတည်းကိုပဲ ကိုသင်းမောင်လိုချင်တယ်"

ဤမျှနှင့် စကားပြတ်ပြီးလျှင် လူချင်းခွဲခွာခဲ့ပြီးနောက် တစ်ပတ်ခန့်ကြာ သောအခါ မောင်သင်းမောင်၏ စက်ဘီးမှာ ပြိုင်ပွဲရှိသည့် နေ့တစ်နေ့လုံး သူ၏ အခန်းထဲတွင် သော့ခတ်၍ထားရာ မောင်ကျော်သောင်းတစ်ယောက်သည်း၍သာ သော့တူရှိကြောင်း။ ထို့ပြင် နောက်ဘီးတာယာထဲ၌ စူးဝင်နေသောအပ်မှာလည်း မောင်ကျော်သောင်း သုံးနေသည့်တွယ်အပ်ဘူးထဲမှ အပ်မျိုးဖြစ်သည်ကို အပ်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



...ွင်အစိမ်းရောင်သံချေးကလေးများ တက်နေသည်ကို တွေ့ရသဖြင့် မောင်ကျော်သောင်းမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ မဖြစ်နိုင်ကြောင်းနှင့် မောင်သင်းမောင်၏အခြားမိတ်ဆွေ သူငယ်ချင်းများထံမှ မသန်းလှကြားသိရတော့၏။

ဤသို့ဖြင့် နောက်ဆုံး၌ အစဉ်းစားအလွန်ကြီးလှသော မလှသန်းသည် ...ယ်မှန်းသည်ရွေးချယ်ရာ၌ ရုပ်ချောအပြောကောင်းဖြစ်သော "မောင်ကျော်သောင်းအားမရွေးချယ်ဘဲ စိတ်သဘောထားကြီး၍ သည်းခံတတ်သူသာလျှင် မိမိ၏ ရာသက်ပန် အားကိုးဖွယ်ဖြစ်ကြောင်းနှင့် မိမိ၏စိတ်ကိုပိုင်းဖြတ်ကာ မောင်သင်းမောင်အား ရွေးချယ်ခဲ့ခြင်းဖြစ်လေသည်။

ယင်းသည်ကား ဤဝတ္ထုအစတွင် ဖော်ပြခဲ့သော ဇာတ်ကောင်များ၏အတိတ်ရာဇဝင်ဖြစ်တော့၏။ သို့သော် ဆယ့်ငါးနှစ်အချိန်သည်ကား လူတို့၏ ...န္ဓာရုပ်ကိုသာမက အတွင်းစိတ်ဓာတ်များကိုပင် ပြောင်းလဲနိုင်သည့်အချိန်ဖြစ်သဖြင့် သူငယ်ချင်းနှစ်ယောက်တို့မှာ ကျောင်းနေစဉ်က ဖြစ်ပျက်ခဲ့သည့် မပြောလောက်သော ဖြစ်မှုကလေးများကို မေ့လျော့ပျောက်ပျက်တန်လောက်သော အချိန်ပင်ဖြစ်တော့၏။

ပထမ၌ မသန်းလှက ကိုကျော်သောင်းအိမ်တွင် မတည်းခိုလိုကြောင်းနှင့် ပြောဆိုရာ မောင်သင်းမောင်က "အစကတည်းက သူ့အိမ်မှာတည်းမယ် ...ခဲ့ရေးလိုက်တဲ့ စာက လွန်ခဲ့ပြီလှရဲ့၊ ပြီးတော့ ရက်လည်းသိပ်ကြာမှာ မဟုတ်ဘူး။ တစ်ခုကလည်း ကိုယ်နဲ့ကျောင်းနေဖက် သူငယ်ချင်း။ တစ်ယောက်က ...ပေါ်မှာ လူကဲ့တဲ့ဖြစ်နေလို့မှ ကိုယ်ကမတည်းရင် ဘယ်ကောင်းမလဲ။ ဟို ...သူတုန်းက အကြောင်းတွေဆိုတာက ပြီးတာပြီးပါစေတော့လှရယ်။ ငယ်ငယ်က ...ဘ်လိုက်မာန်ပါ ဖြစ်ကြပျက်ကြတဲ့ ကိစ္စတွေဟာ ဒုတိယကမ္ဘာစစ်ကြီးနဲ့အတူ ...ပါသွားပါပြီ။ ကိုယ်ကလည်းမေ့ပြီ၊ သူလည်းမေ့ရောပေါ့" ဟုပြောကာ မိမိ၏ဇနီး ...သည်အား နှစ်သိမ့်စေ၏။

ကြေးတိုင်အရာရှိ မောင်ကျော်သောင်းသည် မိမိနှင့်ကျောင်းနေဖက် ...ဆိုခန်းတည်းအတူနေဖူးသော မောင်သင်းမောင်ဇနီးမောင်နှံတို့အား လိုလေသေး ...ကောင်းစွာပြုစုလေ၏။ မောင်ကျော်သောင်းမှာ ထိုအချိန်အထိ အိမ်ထောင် ...သေးဘဲ လူပျိုကြီးလုပ်၍နေသူဖြစ်ရာ အိမ်နီးပါးချင်း မိန်းမကြီးတစ်ယောက် ...လစာအဖြစ် ငွေထားသဖြင့် ထိုမိန်းမကြီးက ထမင်းဟင်းများကို ချက်ပြုတ် ...ကျွေးခြင်း၊ အိမ်ထောင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ မောင်သင်းမောင်သည် ဆေးတံသောက်ဆေးတစ်ဘူး ဝယ်လိုသဖြင့် အပြင်သို့ထွက်သွားရာ မသန်းလှသည် အိမ်နောက်ဖေးရှိ တွင်းတွင် အဝတ်များကို လျှော်ဖွပ်ရင်းကျန်ရစ်ခဲ့လေသည်။ ထိုအချိန်၌ ကိုကျော် သောင်းသည် ရေတွင်းအနီးကုက္ကိုပင်ရင်းတွင် ခင်းထားသည့် နှံရှည်တစ်ခုပေါ် ရောက်လာပြီးနောက် မသန်းလှအား စကားစမြည်ပြောဆိုလျက်ရှိရာ မသန်း သည်သစ်ကိုင်းတစ်ခုပေါ်တွင် တင်ထားသော မျက်နှာသုတ်ပုဝါကို လှမ်းယူ ကိုယ်ပေါ်သို့ခြုံထားလိုက်ပြီးနောက် ကိုကျော်သောင်းအား စကားလက်ခံပြော လျက်ရှိ၏။

သောင်း။ ။"အော် ဒါထက် မသန်းလှကို မေးရဦးမယ်။ ကျွပ် ကျောင်းမှာနေကြတုန်းက နောက်ဆုံးနှစ်ဟာ အပျော်ဆုံးနော်။ ကျွပ်တို့ ဂ မှာရုပ်ရှင်အတူတူ သွားကြည့်ကြတာတွေ၊ ကန်တော်ကြီးမှာ သွားပြီးလှေ ကြတာတွေ လှေကိုကျွပ်က မှောက်ပစ်မယ်လုပ်တော့ ကိုသင်းမောင်က ကျွပ် အော်ကြီးဟစ်ကြီးနဲ့ စိတ်ဆိုးတာ မှတ်မိသေးရဲ့လား"

သန်း။ ။"မှတ်မိပါတယ်"

"ကျွပ်ဖြင့် ဒီဟာတွေကို မကြာမကြာ စဉ်းစားမိတယ်။ မသန်းလှရော

"ကျွန်မလည်း တစ်ခါတစ်ခါတော့ အမှတ်ရပါတယ်။ နို့ပေမဲ့ ထောင်ရဲ့တာဝန်က တစ်ဖက်၊ ပြီးတော့ နှစ်ကာလည်းကြာသွားပြီး မဟုတ်လ ဒီတော့ အိပ်မက်လိုရေးရေးလောက်ပဲ ရှိတော့တယ်"

"ဟုတ်တာပေါ့လေ မသန်းလှတို့ကတော့ ပျော်ပျော်ပါးပါးနဲ့ နေ ရတာကိုး။ ကျွပ်က တစ်ကိုယ်တည်းလဲဖြစ်ပြန်၊ ရှေးဟောင်းနှောင်းဖြစ်ကို သတ တတ်တဲ့ လူမျိုးလဲဖြစ်ပြန်ဆိုတော့ ဘယ်တော့မှ မမေ့နိုင်ဘူး။ မျက်စိထဲမ မကြာပေါ်လာတော့တာပဲ"

"ကိုကျော်သောင်းလဲ မိန်းမတစ်ယောက် ခေါင်းခေါက်ယူနိုင်သ ရှင့်၊ အရာရှိရင့်မကြီးတစ်ယောက် လုပ်နေတာ ခြေနဲ့တခါယမ်းရင်တစ်သန် လဲဟုတ်ကဲ့"

"တော်ပါဗျာ၊ ဒီအညာသူတွေလည်း ကျွပ်မကြိုက်ချင်ပါဘူး။ ကျွ စိ နဲ့တွေ့တာ တစ်ယောက်မှ မရှိဘူး။ ဒါထက် ကိုသင်းမောင်က လ အတော်ရနေပြီထင်တယ်..."

"သိပ်မများလှပါဘူးရှင်၊ တော်ရုံလောက်ပါပဲ။ မ သခင် လူတန်



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်သွားကြဖို့ပဲ ရှာကြံကြရတာပဲမဟုတ်လား ကိုကျော်သောင်းရဲ့။ စိတ်ချမ်းသာရင်ပြီးကြတာပဲ"

"အဲဒီ စိတ်ချမ်းသာမှုပြောတာပေါ့ မသန်းလှရဲ့။ ကျုပ်တို့တော့ ဒီဘဝမှာ စိတ်ချမ်းသာမှုရတော့မယ် မထင်ပါဘူးဗျာ။ ကိုသင်းမောင်ဟာ အင်မတန်ကံကောင်းတဲ့ လူတစ်ယောက်ပဲနော်"

"ရှင်ဘာကိုဆိုလိုတာလဲ"

"ရာထူးဌာနန္တရလဲ ကောင်းတယ်။ ကိုယ်ချစ်တဲ့လူကိုလည်းရပြီး စိတ်ချမ်းချမ်းသာသာနေရတယ်။ ကိုင်း–ဘာလိုသေးလဲ"

မသန်းလှသည် ယခင်ကျောင်းနေစဉ်က မိမိအား ကိုကျော်သောင်း ပိုးပန်းခဲ့ဖူးသော အကြောင်းများကို ပြန်လည်သတိရမိသဖြင့် မျက်လွှာကိုအောက်သို့ ချလိုက်၏။

"ဒီဟာကတော့ ကိုယ့်ဖူးစာနဲ့ကိုယ်ဆိုတာလို ဖြစ်လာကြတာကို ကိုကျော်သောင်းရဲ့"

ကိုကျော်သောင်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက် "အင်း–ဖူးစာဆိုတာလည်း ဟုတ်တာပေါ့လေ။ ဒါပေမဲ့ လူတွင်ပါလို့ ဖြစ်ရတာလည်းရှိတာပဲ"ဟုမသန်းလှ မကြားတကြား ပြောလိုက်၏။ ထို့နောက် ဆက်လက်၍–

"ဟိုအရင် ကျောင်းနေတုန်းက အကြောင်းတွေများ စဉ်းစားမိတဲ့အခါ အိပ်မက်လိုလို, ဘာလိုလိုအောက်မေ့မိတယ်။ တစ်ခါတလေ တကယ်အိပ်မက်များဖြစ်ရင် ကောင်းမှာပဲလို့ ဆုတောင်းမိတယ်"

"ဘာဖြစ်လို့လည်း ကိုကျော်သောင်းရဲ့"

"အိပ်မက်ဆိုတာ တကယ်မှမဟုတ်ပဲ၊ အိပ်ရာကနိုးတော့ ပျောက်သွားသာ။ အခုတော့"

"ဟို ငယ်ငယ်တုန်းက အကြောင်းတွေ မေ့ပစ်လိုက်ပေါ့ ကိုကျော်သောင်းရယ် အချိန်လည်းကြာလှမပဲ"

"မသန်းလှတို့ကတော့ မေ့နိုင်တာပေါ့။ ကျုပ်ဖြင့်သေတောင် မမေ့ဘူး။ ဒါကြောင့် ငါ့အဖြစ်အပျက်ဟာ အိပ်မက်ပဲဖြစ်ပါတော့လို့ တစ်ခါတလေ ဆုတောင်းမိတယ်လို့ ပြောတာပေါ့"

မသန်းလှသည် အဝတ်များငုံ၍ ဖွပ်လျှော်နေရသော်လည်း စိတ်ထဲက ငယ်စဉ်က အဖြစ်အပျက်များ ပြန်၍ သတိရမိ၏။ မောင်ကျော်သောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



မောင်သင်းမောင်တို့ နှစ်ယောက်စလုံး မိမိအား ပိုးပန်းပုံ၊ မိမိကိုယ်တိုင် မောင်ကျော်သောင်းဘက်သို့ ပါတော့မည်ဆဲဆဲဖြစ်ပုံ၊ နောက်ဆုံးတွင်မှ မောင်ကျော်သောင်း၏ အကျင့်စာရိတ္တများကို ကောင်းစွာမကျေနပ်သဖြင့် ရုပ်ရည်အသင့်အတင့်ရှိသော်လည်း သဘောထားပြည့်ဝသော မောင်သင်းမောင်အပေါ်သို့ မိမိ၏မေတ္တာကိုပုံ၍ အပ်ခဲ့ပုံများကို သတိရမိ၏။

မောင်ကျော်သောင်းသည် နှုတ်မှဆက်လက်၍ မပြောတော့ဘဲ စိတ်ထဲတွင် ကျိတ်၍ပြောမိ၏။

"မှားတယ် မှားတယ်၊ ငါ့ကိုယ်ကမှားတယ်။ မသန်းလှဟာ ခုထက်ထိ ငါ့အပေါ်မေတ္တာမပျက်ရှာသေးဘူး။ မိန်းမဆိုတာ သူတို့ကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်အရယူ၊ ကိုယ့်လက်ထဲပိုင်မိရင် ထင်သလိုလုပ်နိုင်တာပဲ။ ဘယ်လိုပဲ မချစ်ဘူးပြောပြော၊ ကိုယ့်လက်ထဲရောက်ရင် သဘာဝအတိုင်း ချစ်လာရမယ်။ အခုကိစ္စတော့လွန်ပြီ၊ နို့ပေမဲ့ နည်းတစ်ခုတော့ရှိရဲ့ အချစ်နှစ်ခုရဲ့စပ်ကြားမှာ ချောင်းတစ်ချောင်းခြားနေတယ်။ ဒီတော့ ဘာလုပ်ရမလဲ ဒီချောင်းကိုဖြတ်ကျော်နိုင်အောင် တံတားကောင်းကောင်းဆောက်ပေးရမယ်။ အဲဒါအရေးကြီးတယ်၊ ချောင်းကို တစ်နည်းနည်းနဲ့ဖြတ်ချရမယ်။ တံတားဆောက်ဖို့က ငါ့တာဝန်၊ တံတားဆောက်ပြီးရင် ဟိုဘက်ကမ်းမှချရောက်မယ်။ ဆောက်မယ်၊ ဆောက်မယ်၊ ဒီတံတားဆောက်မယ်"

သို့စဉ်းစားရင်း မောင်ကျော်သောင်းသည် နောက်သို့လှည့်လိုက်ရာ ဆေးတံသောက်ဆေးဘူးကို လက်ကကိုင်လျက် ဝင်းပေါက်မှဝင်လာသော မောင်သင်းမောင်ကို မြင်လိုက်ရသဖြင့် ရုတ်တရက် မျက်နှာပျက်သွားသော်လည်း ချက်ချင်းယင်ကျေးခြေဆည်လိုက်လေသည်။

"ဘာတွေများ မသန်းလှနဲ့စကားကောင်းနေကြတာလဲဗျ ကိုကျော်သောင်း" ။"ဘာရယ်လို့ မဟုတ်ပါဘူးဗျာ ဟိုကျောင်းနေကြတုန်းက"

"အော်... ရန်ကုန်မှာ ကျောင်းနေကြတုန်းကဟာတွေ ဟုတ်စ"

(စကားမဆုံးမီ မသန်းလှကဖြတ်၍) "အဲဒီတုန်းက တစ်ခါကန်တော်ကြီးသွားပြီး လှေလှော်ကြတယ်မဟုတ်လား ကိုသင်းမောင်ရဲ့၊ ဒီတုန်းက ကိုကျော်သောင်းက ကစားပြီး လှေကိုမှောက်ပစ်မယ်လုပ်တာ ကိုသင်းမောင်ကအဲဟုတ်စိတ်ဆိုးတာတွေ ပြန်ပြောပြီး ကျွန်မတို့ ရယ်နေကြတယ်"

"အော် ... ဒီရှေးဟောင်းနှောင်းဖြစ်တွေလား။ ဒီလူ ခုထက်ထိ



www.burmeseclassic.com

www.burmeseclassic.com



ဒီဟာတွေ မမေ့သေးဘဲကိုး"

"ဘယ်မေ့နိုင်မလဲဗျား ကျုပ်ကခံရတဲ့လူပဲ"

မောင်ကျော်သောင်း ပြောလိုက်သောစကားမှာ အပေါ်ယံကြားရခြင်းထက် အောက်တွင်ပို၍နက်နဲသော အဓိပ္ပာယ်ရှိဟန်တူလေသည်။ သို့သော် မောင်သင်းမောင်ကား ဆိုလိုရင်းအဓိပ္ပာယ်ကို မသိရှာချေ။

"ဒီတုန်းက ကျုပ်က အော်ကြီးဟစ်ကျယ်လုပ်တာ၊ ခုထက်ထိ ခင်ဗျား ကစိတ်ဆိုးတုန်းပဲလား။ ဒီလိုဆိုရင်အခုကျုပ်တောင်းပန်ပါတယ်ဗျာ... ဟုတ်လား"

မောင်ကျော်သောင်းသည် ပြုံးလိုက်၏။ သို့သော် အတော်ပင် ကြိုးစား၍ ပြုံးရသောအပြုံးမျိုး ဖြစ်လေသည်။ မောင်သင်းမောင်မှာ ခုံရှည်ပေါ်တွင် ထိုင်ကာ ဆေးဘူးကိုဖွင့်ပြီးနောက် ဆေးတံကို ဆေးထည့်လျက်–

"ဒါထက် အိုင်ဆေး–ကိုကျော်သောင်း၊ ခင်ဗျားပြောတဲ့ အင်းဝမျှော်စင်ကြီးကိုလိုက်ပို့မယ်ဆိုဗျ။ ဘယ်တော့ပို့မှာလဲ"

(အတန်ငယ်စဉ်းစားလျက်)"ပို့တာပေါ့ဗျာ မအားလို့ပါ။ ကျုပ်ရုံးအားတဲ့ နေ့ ပို့ပါမယ်၊ ကျုပ်စီစဉ်ပါဦးမယ်"

မောင်သင်းမောင်သည် ဆေးတံကိုမီးညှိပြီးနောက်–

"ခင်ဗျားပြောတဲ့အတိုင်းဆိုရင် သိပ်ပြီးစိတ်ဝင်စားစရာကောင်းတဲ့ နေရာပေါ့ဗျာ။ ဒီလိုနေရာမျိုးကို ကျွန်တော်တို့စစ်ဘက်က မှတ်တမ်းတင်ထားဖို့ ကောင်းတယ်။ ပစ္စည်းတွေ ဘာတွေရှိရင်လည်း ကျွန်တော်တို့ မော်ကွန်းတိုက်မှာ သိမ်းဆည်းထားဖို့ ကောင်းတာပေါ့။ နေပါဦး... ဒီနေရာကို ခင်ဗျားဘယ်လိုတွေ့တာလဲ"

"အရင်တုန်းက ဒီမြို့တိုက်မှာ အစောင့်လုပ်တဲ့ အဘိုးကြီးနဲ့တွေ့လို့ သိတာပေါ့ဗျာ။ နို့မဟုတ်ရင် ကျုပ်လည်းသိမှာ မဟုတ်ဘူး။ မျှော်စင်ကြီးက မြို့ တော့မလိုဖြစ်နေတော့ ကြောက်တာနဲ့ ဘယ်သူမှလဲ ဝင်မကြည့်ဝံ့ဘူးဗျ။ ဒါနဲ့ ဒီအဘိုးကြီးက မျှော်စင်ကြီးအောက်မှာ မြေတိုက်တစ်ခုရှိတဲ့အကြောင်း၊ ဒီမြေတိုက် ကိုဂျပန်များတွေ့ပြီး သူတို့လက်ထက်က စစ်ဘက်ဆိုင်ရာ အကျဉ်းသားတွေကို စစ်တဲ့အခါ ညှဉ်းပန်းနှိပ်စက်ဖို့ကိရိယာတွေထားပြီး အသုံးပြုဖူးတဲ့အကြောင်း၊ လူသတ်တဲ့နေရာအဖြစ်နဲ့လဲ ကင်ပေတိုင်က အသုံးပြုဖူးတဲ့အကြောင်း ပြောထားတိုဗျ။ ဒါနဲ့ ကျုပ်လည်းရှာရှာဖွေဖွေသိချင်တာနဲ့ အဘိုးကြီးနဲ့အတူ ဒီမြေတိုက် ခေါက်လိုက်ကြည့်ဖူးတယ်။ လူကိုညှဉ်းတဲ့ စက်ကိရိယာများတွေ လူသတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာတွေ တွေ့ခဲ့တာပေါ့ဗျာ။ ဒီဟာပါပဲ''

'ဒါဖြင့် ဒီမြေတိုက်ရှိတာ လူတွေ မသိကြဘူးပေါ့''

''တချို့လဲ သိချင်သိမှာပေါ့ဗျာ၊ နို့ပေမဲ့ သူရဲခြောက်တယ်ဆိုပြီး ဘယ်သူမှ မသွားဝံ့ကြဘူး။ ကိုင်းလေ-သွားကြတာပေါ့ ကျုပ်စိုက်လိုက်ပို့ပါ့မယ်''

''ကျေးဇူးပါပဲ ကိုကျော်သောင်းရယ်'

''ဒီကနေ့ သောကြာနေ့မဟုတ်လား''

''ဟုတ်တယ်''

''သန်ဘက်ခါ တနင်္ဂနွေနေ့ ကျုပ်အားတယ်၊ သွားကြမလား''

''ကျွန်တော်က လူအားပဲဗျာ၊ ဘယ်နေ့မဆိုသွားဖို့ အသင့်ပါပဲ''

◆ ◆ ◆

တနင်္ဂနွေနေ့သို့ ရောက်သောအခါ မောင်ကျော်သောင်း၊ မောင်သင်း မောင်နှင့် မသန်းလှတို့သည် လွယ်အိတ်တစ်လုံးစီလွယ်ကာ လွယ်အိတ်များတွင် စားသောက်ဖွယ်များ၊ အနည်းငယ်ထည့်၍ စစ်ကိုင်းတံတားကြီးအရှေ့ဘက်ထိပ်ရှိ သမြေတန်းခံတစ်ကိုဖြတ်၍ မြစ်ငယ်မြောက်ဘက်ကမ်းမှ အင်းဝမြို့ဘက် အိုးထုပ်တန်းဆိပ်သို့ ကူးခဲ့ကြလေ၏။

ရှေးဦးစွာ အင်းဝမြို့တွင် ထင်ရှားသော နန်းမတော်မယ်နု တည်ဆောက်ခဲ့သော အုတ်နန်းကျောင်းတော်ကြီးသို့ ဆိုက်ရောက်လာကြလေသည်၊ ၎င်းမှာ ကျောင်းတော်ကြီးဟုပင် ခေါ်ရသော်လည်း တည်ဆောက်ပုံနှင့်တကွ ပြာသာဒ်ဆောင်နှင့် တံတိုင်းအကာအရံတို့မှာ ဘုန်းကြီးကျောင်းနှင့်မတူဘဲ နန်းတော်နှင့် တူလေသည်။ တိုက်အတွင်းသို့ ဝင်မိကြသောအခါ သမံတလင်းပေါ်၌လည်းကောင်း၊ ဂူနှင့်မှန်ပေါက်ကလေးများအတွင်း၌လည်းကောင်း၊ လင်းနို့ချေးများ ဖြင့်ပြည့်လျက်ရှိရာ အလယ်ဆောင်၌မူ ရာဇပလ္လင်တစ်ခုရှိလေသည်။

မသန်းလှမှာ လင်းနို့ချေးနံ့ကို မခံနိုင်သဖြင့် နှာခေါင်းကို လက်ကိုင်ပဝါဖြင့်ပိတ်ကာ အခြားဘက်သို့ ရောက်အောင်ရှေ့မှ ပြေးလျက်ရှိရာ ယောကျ်ားနှစ်ယောက်ကမူ နောက်မှခြေလှမ်းမှန်မှန်ဖြင့်လိုက်ပါလျက်ရှိ၏။

အလယ်ခန်းမဆောင်မှာ အလွန်မှောင်ကျလျက် တစ်နေရာ၌ ရာဇပလ္လင်တစ်ခုရှိရာ သူငယ်ချင်းနှစ်ယောက်သည် ရာဇပလ္လင်ကို ခေတ္တကြည့်ပြီးနောက် လင်းနို့ချေးစော်နံ့လှသည်နှင့် စကားများစွာမပြောနိုင်ဘဲ အပြင်သို့ ထွက်ကြ၏။

အပြင်သို့ရောက်၍ သစ်ပင်ရိပ်တစ်ခုအောက်၌ ထိုင်ကာ မသန်းလှထည်

www.burmeseclassic.com



နှံပေးသော လက်ဖက်ရည်ကို ဆင်းဒဝစ်(အသားသွတ်မုန့်)များနှင့် မြိန်ရှက်စွာ တားရင်း မောင်သင်းမောင်က–

"နေပါဦး ကိုကျော်သောင်းရဲ့ နန်းမတော်မယ်နုဆောက်တဲ့ အုတ်တိုက် ကျောင်းက ဘုန်းကြီးကျောင်းနဲ့ မတူဘဲ နန်းတော်ကြီးနဲ့တူနေပါကလား"

"ဒီလိုလေဗျာ... နန်းမတော်မယ်နုအကြောင်း ခင်ဗျားလဲ ရာဇဝင် ဖတ်ဖူးမှာပေါ့မှာ။ သူ့အချစ်ပေါင်းမောင်အိုကို တိတ်တဆိတ်မင်းမြှောက်ဖို့ အကြံ နဲ့ဒီအုတ်နန်းတော်ကြီးကို ဆောက်ရောဆိုပါတော့ဗျာ။ ဒီအခါတုန်းက ဒီလိုစကား ...ချ လျှာအဖြတ်ခံရမှာစိုးလို့ ဘယ်ပြောဝံ့မလဲ။ နောက်ဒီအကြောင်း ဘုရင့်ရွှေနား တော်ပေါက်သွားလို့ မယ်နုကိုမေးတဲ့အခါ မယ်နုက မဟုတ်ရတဲ့အကြောင်း။ မလို ...ဒုတ္တိကုန်းချောစကားဖြစ်တဲ့အကြောင်း။ ဆရာတော်ဦးဗုဒ်ကို လှူဒါန်းရန်သာဖြစ် ...ကြောင်း သံတော်ဦးတင်သတဲ့ဗျ။ ဒီနောက် ချက်ချင်းပဲ ဆရာတော်ဦးဗုဒ်ကိုပင့် ...ဦး ရေစက်ချလိုက်သတဲ့ ကိုသင်းမောင်ရဲ့။ နန်းဦး သိဟာသနပလ္လင်လို့ မှန်းထား ...တဲ့ပလ္လင်ဟာ "ရာဇပလ္လင်" မလုပ်ရတော့ဘဲ "ဓမ္မပလ္လင်" ဖြစ်သွားရတာပေါ့"

မောင်သင်းမောင်သည် သူ၏ သုတေသနမှတ်တမ်း၌ မောင်ကျော် ...သောင်း ပြောသောစကားများကို တစ်လုံးမကျန် ရေးမှတ်လေသည်။

"အုတ်နန်းတော့ကိုလည်း အုတ်ကျောင်းတော်လို့ နာမည်ပြောင်းလိုက် ...တဲ့ဗျ"

"အင်မတန်တတ်နိုင်တဲ့ မယ်နုပေါ့ဗျာ"

"မိန်းမများဟာ ငယ်ချစ်ကို မမေ့နိုင်ကြဘူးနော်"

"အင်း..."

မောင်ကျော်သောင်းသည် တစ်စုံတစ်ရာကို တွေးတောနေသည့်ဟန်ဖြင့် ...နိုင်လျက်ရှိရာမှ သက်ပြင်းတစ်ချက်ချလိုက်၏။ ထို့နောက် သူ၏နဖူးမှ ချွေး ...တ်ကြီးများကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်လေသည်။ သူ၏မျက်နှာမှာ ...နှင့်ငယ်နီမြန်းကာ တစ်စုံတစ်ရာကို ကြောက်ရွံ့ထိတ်လန့်နေသကဲ့သို့ ရှိ၏။ ...ဖြင့် မောင်သင်းမောင်က–

"ဘယ့်နှယ်လဲ ကိုကျော်သောင်း။ ခင်ဗျား နေမကောင်းဘူးလား မျက်နှာ ... နီရဲလို့"

"ဟုတ်တယ်ဗျာ၊ နည်းနည်းခေါင်းကိုက်သလို ဖြစ်လာလို့"

"လင်းနို့ချေးစော်နံလို့ ထင်ပါရဲ့ဗျာ။ လှရေ စမဲလင်းဆော့...



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ကိုင်း–ချာ–ဒီဟာလေးနည်းနည်းရှုလိုက်စမ်းပါ"

မောင်ကျော်သောင်းသည် မသန်းလှပေးသော စမဲလင်းဆေး နှာခေါင်းကိုရှုလိုက်ပြီးနောက် အတန်ငယ်စိတ်သက်သာရာရဟန်ဖြင့်–

"ကိုင်း–မျှော်စင်စောင့်တဲ့ အဘိုးကြီးကို ကျုပ်သွားပြောလိုက်ဦးမယ်။ ခင်ဗျားတို့မသွားခင် ကျုပ်သွားပြီး ချိန်းထားဦးမှဗျ၊ နို့မှသူစောင့်နေမယ်"

"ခဏနေပါဦးလားဗျာ၊ နည်းနည်းသက်သာအောင်"

"ပျောက်သွားပါပြီဗျ၊ ကိုင်း–ကျုပ်သွားမယ်"

ထို့နောက် မောင်ကျော်သောင်းသည် မျှော်စင်ဘက်သို့ခပ်သုတ်သုတ် ထွက်သွားလေသည်။

◆ ◆ ◆

တစ်နာရီခန့်ကြာသောအခါ မောင်ကျော်သောင်းသည် မော်ကြီးပန်းကြီး ပြန်ရောက်လာလေသည်။

"ကြာလှချေကလားဗျ၊ ကိုကျော်သောင်း–ခင်ဗျားပြောတဲ့အဘိုးကြီး ဆိုတာတွေ့ခဲ့လား"

"တွေ့ခဲ့ပါတယ်ဗျာ၊ လိုက်ပြဖို့လည်း ချိန်းခဲ့ပါပြီ၊ ပြီးတော့ အောက် မြေတိုက်သွားတဲ့ တံခါးသော့ခလောက်က သူ့ဆီမှာရှိတယ်ဗျ"

"အစောင့်ဆိုတာ အစိုးရက လခပေးထားတာလား"

"အဆုံးမတော့ ဒုံရဝမ်ပေါ့ဗျာ၊ သူက ဂျပန်လက်ထက်ကတည်းက ဒီမျှော်စင်ကြီးမှာနေတဲ့ ဂျပန်တွေလက်အောက်မှာ အလုပ်လုပ်လာခဲ့တာ စစ်ပြီးတဲ့နောက် အင်္ဂလိပ်လက်ထက်ရောက်လာတဲ့ အခါမှာလည်း ဒီအနီးအနားမှာပဲ သူကကပ်နေတော့ အဘိုးကြီးကိုလည်း သနားတာနဲ့ ရှေးဟောင်းပစ္စည်း ထိန်းသိမ်းမှု ကျောက်စာဘက်ဌာနက ဆက်လက်ပြီး သူ့ကိုထားတယ်"

"ဟုတ်ကဲ့–ဒါဖြင့် ကျွန်တော်တို့ကို လိုက်ပြဖို့ ဒီလူကြီးကို ချိန်းပြီး ပေါ့"

"ဟုတ်တယ်လေ– ဒါကြောင့် သွားတာပဲ၊ ဒီလူကြီးက ဂျပန်လက်ထက် တစ်လျှောက်လုံး ဂျပန်တွေလက်အောက်မှာ အလုပ်လုပ်လာခဲ့တော့ သူတွေ့ မြင်ဖူးခဲ့တဲ့အဖြစ်တွေ ခင်ဗျားမေးရင် ပြောပြပါလိမ့်မယ်ဗျာ၊ အင်္ဂလိပ် သတင်းပို့နေတဲ့လူတွေ၊ သစ္စာဖောက်တဲ့လူတွေ၊ ထွက်ပြေးတဲ့ စစ်သား စစ်ပစ္စည်းကို ခိုးရောင်းတဲ့ သူခိုးတွေကို ဘယ်လိုညှဉ်းတယ် သူတို့ ဘယ်

www.burmeseclassic.com



အစည်းအဝေးတွေ လုပ်တယ်ဆိုတာ"

"အို–ဒီဟာတွေ ကျွန်တော်သိပ်ပြီး စိတ်ဝင်စားတာပေါ့ဗျာ"

"ကိုင်းလေ–စိတ်ဝင်စားရင် သူ့တွေ့တဲ့အခါ သဘောရှိမေးပေတော့"

လက်ဖက်ရည်များသောက်ကြပြီးနောက် သုံးယောက်သားတို့သည် မျှော်စင်သို့ မသွားမီ အုတ်နန်းကျောင်းတော်ကြီး အပေါ်ထပ်သို့ နောက်ဆုံးတက်၍ ကြည့်ရာ နေရောင်ထိုးလျက်ရှိသော အရှေ့ဘက်ပြာသာဒ်ဆောင် ဝရန်တာသို့ ရောက်၍လာကြလေ၏။

ဝရန်တာသို့ရောက်သောအခါ တစ်နေရာ၌ မောင်ကျော်သောင်းသည် အောက်သို့ငုံ့ကြည့်နေသဖြင့် မောင်သင်းမောင်နှင့် မသန်းလှတို့ကလည်း လိုက်၍ ကြည့်ကြလေသည်။ ထိုနေရာမှာ အမြင့်ဆုံးသော နေရာဖြစ်၍ ပေသုံးဆယ်ခန့် မြင့်သည်။ မတ်စောက်သော အုတ်နံရံအောက်၌ကား ကြောင်နက်မကြီးတစ်ကောင်သည် ကြောင်ကလေးနှင့် ကစားလျက်ရှိနေသည်ကို တွေ့မြင်ရလေသည်။ ကြောင်မကြီးမှာ အလွန်ထွားကျိုင်း၍ ကြောင်ကလေးမှာ မိခင်၏ လှုပ်ယမ်းလျက်ရှိသော အမြီးကို ခုန်ပေါက်ကစားလျက်ရှိ၏။ မောင်ကျော်သောင်း၏ လက်ထဲ၌ကား ခဲတစ်လုံးကို ကိုင်ထားလေသည်။

ထိုအခါ မသန်းလှသည် ကြောင်မကြီးနှင့် ကြောင်ကလေးကစားနေသည်ကို စိတ်အားထက်သန်စွာ ကြည့်ရှုနေမိ၏။

"ချစ်စရာကောင်းလိုက်တာနော်... ကိုသင်းမောင် ကြည့်ပါဦး–ဟော ဟော အမေကြီးက ပြန်ခုတ်တယ်"

သင်း။ ။"ဟုတ်ပါရဲ့ ကြောင်မကြီးက ထွားလိုက်တာကွယ်။ တော ကြောင်ကြီးများလား မသိဘူး။ ဟော့လု ဘာလုပ်မလို့လဲ"

ဟု ကိုကျော်သောင်းအား လှမ်း၍ကြည့်ရင်း စကားတစ်ဆက်တည်း မေးလိုက်လေသည်။

သောင်း။ ။"ဟောဒီခဲကို ကျုပ်အောက်ပစ်ချလိုက်မယ် ကိုသင်းမောင် နှစ်ကောင်စလုံး ခဲကိုလိုက်ခုတ်လိမ့်မယ် မယုံရင်ခင်ဗျားကြည့်နေ"

"မလုပ်ပါနဲ့ရှင် မတော်လို့ခေါင်းပေါ်ကျရင် သေနေပါဦးမယ်"

"ဟုတ်ပါရဲ့ဗျာ၊ ကိုကျော်သောင်းကလဲ မတော်တဆ ထိမိခဲ့ရင် သေမှာဗျ။ ခင်ဗျားခဲက နည်းတာမဟုတ်ဘူး"

"မထိပါဘူးဗျာ... ပြောနေကြရော... ဟော... လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အလို… "

"အလိုလေး သေပါပြီရှင်… ကြောင်ကလေးထိသွားပြီရှင့်၊ ခေါင်းပေါ်မှတည့်တည့်ကျတာ"

"ဖြစ်မှဖြစ်ရလေဗျာ၊ ကိုကျော်သောင်းကလည်း ဟုတ်ပါရဲ့။ ကြောင်ကလေးလဲသွားပြီ၊ မထတော့ဘူး"

"ကြည့်ပါဦး ကိုသင်းမောင်ရယ်၊ အမေကြီးက ကြောင်ကလေးခေါင်းကို လျှာနဲ့လျက်ပေးနေတယ်။ အို သနားစရာ ကောင်းလိုက်ပါဘိနော်"

"ထိသွားရင်လည်း ဘယ်တတ်နိုင်မလဲဗျာ။ တိရစ္ဆာန်ပဲ သေချင်သေပေါ့။ သေလည်းဘာကိစ္စရှိတာလိုက်လို့"

ထိုခဏ၌ ကြောင်မကြီးသည် ကြောင်သေကလေးကို လျှာနှင့်လျက်လျက်ရှိရာမှ အပေါ်သို့မော်၍ကြည့်ရာ လူများကိုမြင်သွားသဖြင့် တဖျောင်ဖျောင်မြည်ကာ အုတ်နံရံကို ကုတ်ဖဲ့တွယ်တက်လေ၏။ သို့သော် အတွယ်အတာ မရှိသောအုတ်နံရံကို တက်၍မရချေ။ သို့နှင့်ပင် ဒေါသထွက်လျက်ရှိသော ကြောင်မကြီးသည် အမြီးကိုထောင်ကာ အမွေးများထောင်၍ ထလာသည့်တိုင်အောင် အော်မြည်ပြီးလျှင် တွယ်တက်ရန်ကြိုးစားပြန်လေသည်။ ထိုအခါ ကိုသင်းမောင်က-

"ကြည့်စမ်း ကိုကျော်သောင်း။ ကြောင်မကြီးမာန်ဖီနေလိုက်တာ၊ သူ တတ်နိုင်ရင် ဘယ့်နှယ်များလုပ်မလဲမသိဘူး"

"ဟုတ်ပါရဲ့ရှင်၊ လူဖြင့် သိမ်ကြောက်တာပဲ။ ဟော ဟော-ထက်ပြန်ပြီ ဟော-ပြန်ကျသွားတယ်။ သနားစရာနော်"

သောင်း။ ။"လာကြပါဗျာ၊ တိရစ္ဆာန်သေတာ ဒီလောက်အရေးစိုက်မနေစမ်းပါနဲ့.. "

လှ။ ။"ကြည့်ပါဦး ခုန်တက်ပြန်ပြီ၊ ကြောက်စရာကြီး ကိုကျော်သောင်းကိုများမိရင် အတင်းကုတ်ကိုက်လုပ်မှာပဲ… "

သင်း။ ။"ဟုတ်တယ် ကိုကျော်သောင်း။ ကြောင်ကြီးကြည့်ရတာ ခင်ဗျားအပေါ် မကျေဘူးဗျ"

သောင်း။ ။"မကျေကော ဘာဖြစ်သလဲဗျာ၊ ကိုင်း-လာကြပါဗျ မျှော်စင်က အဘိုးကြီးစောင့်နေတာ ကြာလှရော့မယ်… "

သို့နှင့် သုံးဦးသားတို့သည် ထိုင်နေရာမှ အနောက်ဘက်သို့ လှည့်၍ ဆင်းခဲ့ကြပြီးလျှင် မျှော်စင်ရှိရာသို့ သွားကြလေ၏။ မသန်းလှသည် ကြောင်မ



www.burmeseclassic.com

www.burmeseclassic.com



ကြီးအကြောင်းကိုပင် လမ်းတစ်လျှောက်လုံး ပြောချနေသဖြင့် မောင်သင်းမောင်က စကားလက်စပြတ်စေရန် မောင်ကျော်သောင်းအား...

"ဒီအစောင့်ကြီးက ဘယ်မှာနေသလဲဗျ"

"မျှော်စင်ကြီးနဲ့ သိပ်မဝေးလှပါဘူးဗျာ။ တဲကလေးနဲ့နေတယ်။ အသိုးကြီးက အသက်အရွယ်လည်းကြီး မလုပ်နိုင်, မကိုင်နိုင် ရှာတော့ပါဘူး။ သူများပေးတာကမ်းတာကလေးနဲ့ စားပြီးနေရှာရပါတယ်"

"ဂျပန်လက်ထက်က ကင်ပေတိုင်အောက်မှာ လုပ်မှုတယ်ဆိုတော့ အတော်အတွေ့အမြင်ရတော့ များမှာပဲ"

"ဒါပေါ့ဗျာ၊ ဒါကြောင့် ဒီမြေတိုက်ရှိတာ ကျုပ်တို့သိရတာပေါ့ဗျ၊ ဟော-ပြောရင်းဆိုရင်း မျှော်စင်ကြီးရောက်လာပြီ၊ ကြည့်ပါလား ကိုသင်းမောင်ရဲ့၊ မျှော်စင်ကြီးဟာ ဘယ်လောက်စောင်းနေသလဲဆိုတာ"

"ဟုတ်ပါရဲ့၊ ကျွန်တော့်စိတ်ထင် ဒီဂရီသုံးဆယ်ထက်မနည်းဘူး။ ပြိုတော့မလိုပဲနော်"

ထိုအခါ မသန်းလှက ကြားဖြတ်၍-

"ကျွန်မတို့ ဒီအထဲဝင်ကြမှာလား ကိုသင်းမောင်"

"အေးလေ-ဝင်ကြမှာပေါ့ ဘာဖြစ်လို့လဲ"

"ကြောက်စရာကြီး ကိုသင်းမောင်ရယ်၊ လှတော့ သိပ်ကြောက်တာပဲ"

"လှကလည်း ကိုယ်အပါသားနဲ့။ ကိုကျော်သောင်းလည်းပါမယ်။ ပြီးတော့ လိုက်ပြတဲ့အဘိုးကြီးတောင်ပါဦးမယ်"

"ပြိုများကျမှဖြင့်"

"အို-လှကလည်း မဟုတ်တာ"

ထိုအခါ ကိုကျော်သောင်းက စီးကရက်ကို မီးညှိလျက် "ဘုရားဖူးတွေလည်း ဒီလိုပဲ ဝင်ထွက်နေကြတာပဲ မသန်းလှရဲ့၊ ကြောက်စရာမရှိပါဘူး။ ဟော... ဟိုမှာ ထိုင်စောင့်နေတဲ့ အဘိုးကြီးဟာ ကျုပ်တို့ကို လိုက်ပြမယ့်အဘိုးကြီးပဲ"

မျှော်စင်နှင့် မနီးမဝေး သစ်ပင်ရိပ်တစ်ခုအောက်တွင် လူတစ်ယောက်သည် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်၏။ သို့ပင် ရပ်လိုက်စေကာမူ အရပ်မှာ ၄ ပေ ၈ လက်မခန့်သာရှိ၍ ဖင်းခါးကျောမှအဖုကြီးတစ်ဖုသည် စုတ်ပြတ်လျက်ရှိသော အကျီင်္ခါးကျောပြင်ပေါ်သို့ တစ်မိုက်ခန့်မျှ ထိုးထွက်လျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာသေးငယ်၍ မေးရိုးကြီးများသည် ဖောင်းကြွလျက်ရှိသော ပါးစပ်ကလေး ရှေ့သို့ချွန်ထွက်လျက်ရှိရာ လူ၏မျက်နှာထက် မျောက်၏မျက်နှာနှင့်ပို၍ တူနေလေသည်။ အရေများမှာ နွံ့တွလျက်ရှိနေပြီဖြစ်၍ အသက် ၆၀ ထက်နည်းမည် မဟုတ်ပေ။ သို့သော် အင်္ကျီလက်တိုအောက်မှ ထွက်၍နေသော လက်တံကြီးမှာ သဘာဝထက်ပို၍ ရှည်သကဲ့သို့ရှိနေပြီးလျှင် အရပ်နှင့်စာလျှင် ကြီးမားတုတ်ခိုင်လှ၏။

မသန်းလှမှာ မောင်သင်းမောင်၏ လက်မောင်းကို ဆုပ်ကိုင်ကာ "လူကြီးက ကြောက်စရာကောင်းလိုက်တာနော်" ဟုပင်တိုးတိုးပြောလိုက်မိလေသည်။

ထိုအခါ မောင်ကျော်သောင်းမှာ ရှေ့သို့မှသွားသဖြင့် ထိုလူကြီး၏အနီးသို့ မရောက်မီ ခပ်လှမ်းလှမ်းမှနေ၍–

"ဘိုးရွှေကုန်း... လာ... လာ ဟောဒီမှာ ဧည့်သည်တွေပါလာပြီ။ ခင်ဗျားလိုက်ပြရမှာ သူတို့ပဲ"

(သေးငယ်သောအသံဖြင့်)"ဟုတ်ကဲ့ဆရာ ... ကျွန်တော်စောင့်နေပါတယ်"

"သော့ကောပါရဲ့လား"

"ပါပါတယ်ဆရာ"

"ဖယောင်းတိုင်ကောယူခဲ့သေးလား"

"ယူခဲ့ပါတယ်ဆရာ"

ထိုနောက် ခါးကုန်းသောအဘိုးကြီးသည် ရှေ့မှလမ်းပြခေါ်ဆောင်သွားသဖြင့် သုံးဦးသားတို့လည်း မျှော်စင်ကြီးထဲသို့ လိုက်ပါသွားကြရလေ၏။ မျှော်စင်ကြီးမှာ မောင်သင်းမောင်၏ ခန့်မှန်းချက်အတိုင်း အမြင့်သို့ ဒီဂရီ ၃၀ ခန့် ယိမ်းယိုင်လျက်ရှိနေသော်လည်း အတွင်းမှ နံရံနှင့်တိုင်များမှာမူ ခိုင်ခံ့စွာ ရှိနေသည်ကို တွေ့ရ၏။ အတွင်း၌ကား အဝတ်အတန် မှောင်လျက် ကြမ်းပြင်နှင့် နံရံများပေါ်တွင် ဖုန်များနှင့် ပြည့်နှက်ကာ ရှိနေလေသည်။

ကုန်း။ ။"အပေါ်ထပ်ကို ပထမတက်ကြည့်ကြစို့လားဆရာ"

သောင်း။ ။"ဟုတ်တယ် ကိုသင်းမောင်၊ အပေါ်ထပ်ကို ပထမသော် ကြမယ်"

လှ။ ။"ကျွန်မတော့ မတက်ချင်တော့ဘူး။ အောက်မှာ နေရစ်ခဲ့မယ်"

ဤသို့ဖြင့် ယောကျ်ားသုံးယောက်တို့သည် အပေါ်ထပ်သို့ တက်ကြလေ

www.burmeseclassic.com



၏။ လှေကားမှာ အတော်ပင် ယိုင်နေပြီဖြစ်သော်လည်း ကောင်းစွာနိုင်ခံသေး သဖြင့် မောင်သင်းမောင်သည် ဘိုးရွှေကုန်းနောက်မှ လိုက်ပါတက်သွားလေသည်။

ဘိုးရွှေကုန်းမှာ အသက်နှင့်မလိုက်အောင် ပေါ့ပါးဖျတ်လတ်စွာ တက် သွားသဖြင့် အံ့ဩမိသေး၏။ ထို့နောက် မောင်သင်းမောင်က–

"ဂျပန်လက်ထက်က ဘကြီးဒီမှာအလုပ်လုပ်ဖူးတယ်နော်"

"ဟုတ်တယ် မောင်"

"ဒီမှာ ကင်ပေတိုင်တွေချည်းပဲလား"

"စစ်ဘက်ကလည်းနေတယ်၊ မျှော်စင်ဆိုတော့ သူတို့အပေါ်ကို ကြည့် ချင်တဲ့နေရာကြည့်နိုင်တယ်။ လေယာဉ်ပျံအလာကို အချက်ပေးနိုင်တယ်။ ဒါပေါ့ မောင်ရယ်"

"ဟုတ်တာပေ့ါ။ အောက်ထပ်ကို ဘာအတွက်သုံးသလဲ ဘကြီးရဲ့"

"တစ်ဖက်က အလုပ်ရုံကလေးဆောက်ထားပြီး တစ်ဖက်က အချုပ် ခန်းလုပ်ထားတယ်"

"အတွင်းခန်းကကော"

"အဲဒီအတွင်းခန်းမှာပေါ့မောင်ရဲ့၊ လူတစ်ယောက်ကို မပေါ်ပေါ်အောင် စစ်နိုင်တဲ့ ကိရိယာတွေ ထားတာ"

"မြေတိုက်ဆိုတာလား"

"ဟုတ်တယ်၊ အခုတော့ အပေါ်ထပ်မှာ ဘာမှမရှိတော့ပါဘူး။ အောက် ထပ်မှာ နည်းနည်းပါးပါးတော့ ရှိပါသေးရဲ့"

အပေါ်ထပ်တွင် ခေတ္တမျှလှည့်ပတ်ကြည့်ရှုကြပြီးနောက် အောက်ထပ်သို့ ပြန်၍ဆင်းခဲ့ကြလေ၏။ အောက်ထပ်သို့ ရောက်သောအခါ တံခါးပေါက်အနီးတွင် ချဉ်းရိစွာ စောင့်ဆိုင်းနေသော မသန်းလှအားတွေ့ရလေသည်။

လှ။ ။"ကိုင်း... ပြီးကြပြီမဟုတ်လား"

သင်း။ ။"မြေတိုက်ဆိုတာ ဝင်ကြည့်ဦးမယ်လေ"

လှ။ ။"ဟင့်အင်း... မလိုက်ချင်ဘူး။ လှကြောက်တယ်"

သင်း။ ။"ဘာဖြစ်လို့ ကြောက်ရမှာလဲ လှရဲ့... အားလုံးသွားကြ မှာပဲ"

သောင်း။ ။"ဟုတ်သားပဲဗျာ၊ လိုက်ခဲ့ပေါ့ဗျာ"

သို့စကားပြောလျက်ရှိကြစဉ် ဘိုးရွှေကုန်းသည် တံခါးနှင့်အဝေးကျွမ်းပြန်



www.burmeseclassic.com

www.burmeseclassic.com



သော မျှော်စင်ကြီး၏ နံရံတစ်ခုရှိရာသို့ သွားသဖြင့် မောင်သင်းမောင်နှင့် မောင်ကျော်သောင်းတို့ လိုက်ပါသွားလေရာ မသန်းလှမှာ စိတ်မပါသော်လည်း တစ်ယောက်တည်း မနေခဲ့လိုသောကြောင့် ၎င်းတို့နောက်မှ လိုက်ပါသွားရလေသည်။

အားနေ့စ်ဖက်ရှိ နံရံများ၌ကား ဖုန်များ၊ ပင့်ကူမြွေများတို့သည် နံရံကို မမြင်နိုင်လောက်အောင်ပင် ထူထပ်စွာရှိနေကြကုန်၏။ ရှေ့ဘက်ရှိနံရံတစ်နေရာ၌ ဘုန်းကြီးပုံပြာသာဒ်များတွင် တွေ့မြင်လေ့ရှိသော အပေါ်တားပန်းချီကားချပ်ပေါင်းတစ်ခုရှိရာ ၎င်းမှာလည်း ဖုန်များထူထပ်စွာ တက်နေသဖြင့် အရုပ်ပင် မပေါ်တော့ချေ။ ကားမှာ စုတ်ပြတ်နေပြီးလျှင် တစ်ဖက်သို့စောင်းနေ၏။

ဘိုးရွှေကုန်းသည် ထိုကားကိုအောက်သို့လျှောချလိုက်ရာ ကား၏နောက်၌ကား သော့ခလောက်တစ်ခု ခတ်ထားသော အပေါက်ငယ်တစ်ခုကိုတွေ့သဖြင့် သူ၏ အိတ်ထဲတွင်ပါလာသော သော့တစ်ချောင်းဖြင့် ဖွင့်လေ၏။ သော့ပွင့်သွားသောအခါ လေးထောင့်အပေါက်ငယ်တစ်ခုပေါ်လာ၍ ဘိုးရွှေကုန်းသည် ထိုအပေါက်ငယ်မှ လက်လျှိုပြီးလျှင် ပျဉ်ချပ်တစ်ချပ်ကို ဆွဲနုတ်လေရာ ထောင်လိုက်စီ၍ထားသော ပျဉ်ချပ်များမှာ အံဆိုများဖြစ်သဖြင့် တစ်ခုပြီးတစ်ခု နုတ်ယူရရှိလေသည်။ ထိုအခါ လူတစ်ယောက်ဝင်သာရုံမျှ အပေါက်ငယ်တစ်ခု ဖြစ်လာ၍ ဘိုးရွှေကုန်းက ဖယောင်းတိုင်တစ်တိုင်ကို ထွန်းညှိလျက် ရှေ့ဆုံးမှဝင်သွားသော မောင်ကျော်သောင်းသည် ဖိုးရွှေကုန်းနောက်မှလိုက်လေရာ မောင်သင်းမောင်နှင့် မသန်းလှတို့လည်း မောင်ကျော်သောင်းနောက်မှ လိုက်ကြလေသည်။

တံခါးဝကိုကျော်မိသည်နှင့် တစ်ပြိုင်နက်လင်းနို့ချေးနံ့များသည် ဖုန်နံ့များနှင့်ရောစပ်ကာ အတွင်းသို့ ဝင်ရောက်လာသူများအား ဆီးကြိုနုတ်ဆက်လေသည်။

ထိုခဏ၌ မသန်းလှ၏ ခြေထောက်များကို တစ်စုံတစ်ခုသည် ပြင်းထန်စွာတိုးဝှေ့သွားလေရာ မသန်းလှသည် "အောင်မလေး" ဟုဟစ်အော်ကာ နံဘေးသို့ ဖယ်လိုက်ရ၏။ တိုးဝှေ့ဖြတ်ပြေးသွားသောအရာသည်ကား အခြားမဟုတ်၊ ကြောင်နက်ကြီးတစ်ကောင်ဖြစ်လေသည်။ ယခင်က အုတ်နန်းတော်ကြီး၌ တွေ့ခဲ့သော ကြောင်နက်ကြီးနှင့်ပင်တည်း။ ကြောင်ကြီးသည် မသန်းလှ၏ ကိုယ်ကိုတိုးဝှေ့ပြီးနောက် ထုပ်တန်းတစ်ခုပေါ်သို့ ခုန်တက်ကာ မှောင်မိုက်ရာသို့ပျောက်ကွယ်သွားလေသည်။

"အောင်မယ်လေး-ကြောင်နက်ကြီး၊ ကြောင်နက်ကြီး၊ ကိုသင်းမောင်



www.burmeseclassic.com

www.burmeseclassic.com



အုတ်ကျောင်းကြီးမှာ လှတို့တွေ့ခဲ့တဲ့ ကြောင်ကြီးနဲ့တူတယ်"

"အေးကွယ်–ဟုတ်ချင်ဟုတ်မှာပေါ့၊ လာလေလှ၊ သူတို့ရှေ့ရောက်သွားပြီ"

မှောင်ထဲတွင် မျက်စိကျင့်သားရလာသဖြင့်လည်းကောင်း၊ ဖယောင်းတိုင်မီးမှအလင်းရောင်ဖြင့်လည်းကောင်း၊ အတော်အတန် ထင်ရှားစွာ မြင်ရှုလာရ၏။ တစ်ဖက်တစ်ချက်ရှိ နံရံများမှာ ထုထဲသော သစ်သားချပ်ကြီးများဖြင့် ပြုလုပ်ထားဟန်တူ၍ အနှစ်နှစ်အလလက ချေးညှော်များ၊ ဖုန်များ၊ ကြွပ်ဖိုးများ၊ ပင့်ကူအိမ်ကြီးများမှာ မြင်၍မကောင်းအောင်ရှိတော့၏။ သို့သော် ကြမ်းပြင်မှာ ကျောက်ပြားချပ်ကြီးများဖြင့် ခင်းထားလေသည်။ ထိုအချိန် လင်းနို့တစ်ကောင်သည် မောင်သင်းမောင်၏ ပခုံးအစွန်းတစ်ဖက်ကိုလာ၍ ကပ်သဖြင့် မောင်သင်းမောင်ကလန့်၍ လက်ဖြင့်ပုတ်ချလိုက်လေသည်။ မောင်ကျော်သောင်းက နောက်သို့လှည့်လျက် "ဘယ့်နယ့်လဲဗျ၊ စစ်ဗိုလ်ကြီးဆိုပြီး လင်းနို့ကိုကြောက်နေရသလား ဟဲ ဟဲ"

"ကြောက်တယ်လို့တော့ မဟုတ်ပါဘူးဗျာ။ ဖြုန်းခနဲဆိုတော့ လန့်သွားတယ်"

"နောက် ဒီထက်ကြောက်စရာကောင်းနေတာတော် တွေ့ရလိမ့်ဦးမယ်... "

(မသန်းလှကကြားဖြတ်၍)"ဟော–ဒါထက် အခုတင်က ကိုကျော်သောင်း မြင်လိုက်လား... "

"ဘာလဲ မသန်းလှရဲ့"

"ကြောင်နက်ကြီးတစ်ကောင် ဒီအခန်းထဲကို ပြေးဝင်တယ်။ ကျွန်မတို့တွေ့ခဲ့တဲ့ ကြောင်နက်ကြီးနဲ့တူတယ်"

"ဝင်ပြေးတော့ ဘာဖြစ်သလဲဗျာ၊ မသန်းလှကလည်း ကြောင်ကို ချည်းစိတ်စွဲနေတာပဲ"

"မဟုတ်ဘူး... ကျွန်မသိပ်ကြောက်တာပဲ"

"ကြောင်ကို ကြောက်စရာလားဗျ။ နောက်တစ်ခါတွေ့ရင် သေနတ်နဲ့ကိုပစ်သတ်မယ်"

ပေသုံးဆယ်ခန့်မျှ ဝင်မိသောအခါ၌ကား သံဖြင့် ပြုလုပ်ထားသော တိုင်ကြီးတစ်တိုင်ကို တွေ့ရ၍ တိုင်၏အထက် လက်ခုပ်တစ်ဖောင်သာသာခန့် မြင့်သောနေရာတွင် တိုင်ကိုစွပ်၍ပြုလုပ်ကာ အလယ်၌ "ပုလိ"ဘီးဘောလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ခုကိုတင်ထားခဲ့၏ ရင်းဘီး၌ သံကြိုးတစ်ချောင်းတပ်ထားရာ သံကြိုး၏အမျှားကို တိုင်၏အခြားဘက်၌ရှိသော ကျောက်ပြားကြီးတစ်ချပ်၌ တပ်ဆင်ထားသည့် သံကွင်းကြီးတစ်ခုနှင့် ဆက်ထားလေသည်။ သံကွင်းတပ်ထားသော ကျောက်ပြားမှာ အခြားကျောက်ပြားများထက်ကြီးလျက် လေးထောင့်ပတ်လည်ခန့်ရှိလေသည်။ ကြိုး၏အရင်းမှာမူ လက်ကိုင်သည့်နေရာတွင်ပြတ်လျက် ဘီး၏အောက်တွင် နှစ်တောင်ခန့်သာ ထွက်လျက်ရှိ၏။

လုပ်ထားပုံမှာ အလွန်နက်သော ရေတွင်းများ ရေငင်ရာတွင် လွယ်ကူစေရန်သံတိုင်နှင့် ဘီးတပ်ထားသကဲ့သို့ ကျောက်များကလေးခန့်ရှိသည့် ကျောက်ပြားကြီးကိုလည်း အပေါ်သို့မတင်ရာ၌ အားရှိရှာဆွဲနိုင်ရန် "ဘီးတိုင်" တပ်ထားခြင်းဖြစ်လေသည်။ သံကြိုး ပူလီဘီးများနှင့် သံတိုင်များမှာ သံချေးများပင် အထပ်လိုက်တက်လျက်ရှိနေလေပြီ။ ဘိုးရွှေကုန်းသည် သံတိုင်နှင့် ဘီးများကို မြင်နိုင်စေရန် ဖယောင်းတိုင်မီးကို မြှောက်ပြလျက်ရှိလေ၏။ အခန်းမှာ ကျဉ်းမြောင်း၍ ရှည်လျားသော အခန်းတစ်ခုဖြစ်၍ လင်းနို့ချေးနှင့် ဖုန်မှုန့်များကြောင့် အသက်ရှူ ကျပ်မတတ် ရှိနေကြရာ ဘိုးရွှေကုန်းသည် လက်ယာဘက်နံရံရှိရာသို့ သွားရောက်ကာ လက်ခုပ်တစ်ဖောင်ခန့် မြင့်သောနေရာတွင် အံထိုးပြတင်းပေါက်ကလေးတစ်ခုကိုသွား၍ ဖွင့်လိုက်သောအခါမှ လေနှင့်အလင်းရောင်ကလေးတစ်ခု တိုးဝင်လာလေသည်။

တိုင်၏ လက်ဝဲဘက် ထောင့်တစ်ခု၌ကား သံဘီးအကျိုးအပဲ့များ၊ သွပ်ကြိုးခွေအပြတ်များ၊ အပေါက်ဖောက်ထားသည့် ထိပ်တုံးနှင့်တူသည့် သစ်သားတုံးကြီးများ ရှိနေရာ ယင်းတို့မှာ လူကိုညှဉ်းသည့် ကိရိယာတို့မှဖြတ်ထားသည့်ပစ္စည်းအချို့ ဖြစ်ဟန်တူ၏။ အခန်းကြီးမှာ ဆိုးဝါးသော အနံ့အသက်များ အပြင်ဆိတ်ငြိမ်ခြင်း၊ ကြောက်မက်ဖွယ်ကောင်းခြင်းတည်းဟူသော တွေးထင်ဖွယ် အရိပ်အရောင်များဖြင့် ဖုံးလွှမ်းနေသကဲ့သို့ ထင်ရလေသည်။

မောင်သင်းမောင်က မောင်ကျော်သောင်းအား...

"ဘယ်မလဲဗျ၊ လူကိုညှဉ်းတဲ့ စက်ကိရိယာတွေဆိုတာ"

"အောက်ထပ်မှာလေ... အောက်မှာမှ မြေတိုက်ရှိတာ"

"သြော်–ဟုတ်လား"

"သိပ်ကြောက်စရာကောင်းတဲ့ နေရာကြီးပျို့၊ ဒါထက် မေးပါဦး ဘကြီး ဘိုးရွှေကုန်းရဲ့၊ ဒီဟာကြီးက ဘယ်လိုဖွင့်ရလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကုန်။ ။"အရင်တုန်းကတော့ ကြိုးအများမှာ လက်ကိုင်ရှိတယ်သေရာ ရဲ့ အဲဒီလက်ကိုင်ကနေပြီး လှုန့်ယောက်ခွဲလိုက်ရင် ကွင်းတစ်ထားတဲ့ ကျောက် ပြားကြီး အပေါ်မလာတယ်"

"ဪ–မြေတိုက်က အဲဒီက ဆင်းရသလား"

"ဟုတ်တယ်"

ထိုအခါ ကိုကျော်သောင်းက ကြားဖြတ်၍–

"အောက်ထပ် မြေတိုက်ထဲမှာမှ စက်ကိရိယာတွေထားတယ် ကိုသင်း မောင်ရဲ့။ ကိုင်း–ဘိုးရွှေကုန်းပြောလိုက်စမ်းပါဦး။ ဘာတွေရှိလဲလို့"

"အခုတော့ သိပ်မရှိပါဘူးခင်ဗျာ။ လက်ကိုင်လှည့်ရတဲ့ ဒလိမ့်တုံးကြီး တစ်ခုပဲကျန်တော့တယ်။ အဲဒါကလူကိုခြေနှစ်ဖက်, လက်နှစ်ဖက် အပေါ်နဲ့အောက် ချည်ပြီး တဖြည်းဖြည်းဆွဲဆန့်တဲ့စက်ပေါ့။ ဝက်အူခုံးထစ်လောက် လှည့်လိုက် ရင် ဘယ်သူမှမခံနိုင်ဘူး... "

သောင်း။ ။"ကိုင်းဗျာ–ကျုပ်တို့ဆင်းကြည့်ကြမှာပဲ။ မေးနေလို့ အပို ပေါ့... မသန်းလှကော လိုက်ဦးမလား... "

လှ။ ။"ဟင့်အင်း မလိုက်တော့ဘူး။ ရှင်တို့ချည်သွားကြ အလိုလိုမှ ကြောက်စရာကောင်းတဲ့အထဲမှာ အောက်ဆင်းရင် သာကြောက်စရာကောင်းမှာ ပေါ့"

သင်း။ ။"ဟုတ်တယ် ကိုကျော်သောင်းရဲ့၊ ကျွန်တော်တောင် မကြောက်ဘူးဆိုပေမဲ့ ရင်ထဲကတုန်သလိုလိုဖြစ်နေတယ်။ အရင်တုန်းက တစ်ခါ မှမဖြစ်ဘူးပါဘူး။ ဒီလို... "

သောင်း။ ။"စိတ်ထင်လို့ပါဗျာ။ မဟုတ်တာပဲ စစ်မိုလ်လုပ်နေပြီး ကြောက်စကားမပြောစမ်းပါနဲ့"

သင်း။ ။"ကြောက်တာမဟုတ်ဘူးဗျ ရင်ထဲက တစ်မျိုးကြီးပဲ။

သောင်း။ ။"ကိုင်းဗျာ–ခင်ဗျား ဒီလောက်ပြောလှတယ်၊ ကျုပ်ကရှေ့ ကဆင်းပေါ့မယ်... "

သင်း။ ။"ဒါထက် ဘိုးရွှေကုန်းတစ်ယောက်တည်း ဆွဲတင်နိုင်ပါ့မလား ကိုကျော်သောင်း"

သောင်း။ ။"နိုင်ပါတယ်၊ ဒီအဘိုးကြီးက လှုန့်ယောက်ရဲ့ ...ရှိတယ်"

မောင်သင်းမောင်သည် ကြမ်းပြင်ပေါ်တွင် ရှထားသော မှတ်ပုံးသေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



မှသားရေကြိုးကို ပန်းတွင်ချိတ်လိုက်လေ၏။

ထိုအချိန်၌ "ညောင်... ညောင်" ဟူသောအသံကိုကြားသဖြင့် အသံလာရာအရပ်သို့ ကြည့်လိုက်ကြရာ ကြောင်နက်ကြီးသည် လေပေါက်အတွင်းသို့ ဝင်ကာ ထုပ်တန်းတစ်လျှောက် လျှောက်သွားပြီးနောက် ဘီးတပ်ထားသော သံတိုင်နှင့် တည့်တည့်လောက်ရှိသော နေရာတစ်ခုတွင် ဆောင့်ကြောင့်ထိုင်လျက်ရှိနေလေသည်။ ကြောင်နက်ကြီးကား လျှို့ဝှက်သော အခန်းကြီးအတွင်း၌ လူတို့၏ အပြုအမူကို စောင့်ကြည့်နေခြင်းပင် ဖြစ်လေသလော၊ ၎င်း၏ မျက်လုံးဝါကြီးများမှာ အလင်းရောင်တွင် တစ်ခါတစ်ရံ တဝင်းဝင်းတောက်ပလျက်ရှိလေသည်။

လှ။ ။"ဟိုမှာ–ဟိုမှာ၊ ကြောင်ကြီးရောက်လာပြန်ပြီ ကိုသင်းမောင်၊ ကျုန်မ ဒီအကောင်ကြီးသိပ်ကြောက်တာပဲ"

သင်း။ ။"မကြောက်ပါနဲ့လှရဲ့ ... သူ့ဘာသာသူနေတာပဲ"

ထိုအခါ ဘိုးရွှေကုန်းကဝင်၍ ကြောင်ကြီးမှာ ဒုတ်နန်းတော်နှင့် မျှော်စင်ကြီးကို ကူးသန်းကျက်စားနေသော တောကြောင်ကြီးဖြစ်ကြောင်း၊ မိမိမွေးထားသည့်ကြက်ကလေးများကိုပင် နိုးယူစားသောက်လေ့ရှိကြောင်း ပြောဆိုလေသည်။

ထိုအချိန်၌ ကြောင်နက်ကြီးသည် ညောင်ခနဲအော်လိုက်ပြန်ရာ မသန်းလှသည် မောင်သင်းမောင်၏ ခါးကိုဖက်ထားလိုက်လေသည်။

မောင်ကျော်သောင်းသည် ကျောက်ပြားကြီး၌ တပ်ထားသော သံကွင်းကိုစေ့စေ့ကိုင်၍ ကြည့်ပြီးနောက် ကျောက်ပြားထိပ်၌ မတ်တတ်ရပ်ကာ ဘိုးရွှေကုန်းအား–

"ကိုင်း... ဘိုးရွှေကုန်း ဆွဲတော့ဗျို့"

ထိုအခါ ဘိုးရွှေကုန်းသည် ခါးတောင်းကိုမြောင်အောင်ကျိုက်လျက် သံတိုင်၏အနီးတွင်ရပ်ကာ စက်သီးဘီးလုံးမှ တစ်ဖက်သို့ကျနေသော သံကြိုးစကို မိမိလက်လှမ်းမီအောင် ဆွဲယူလေ၏။

သောင်း။ ။"ကိုင်း... ကျုပ်အရင်ဆင်းမှာ့မယ် ကိုသင်းမောင်၊ ကျုပ်နောက်ကသာ ခင်ဗျားလိုက်ခဲ့၊ နို့ပေမဲ့ အောက်ရောက်လို့ ကျုပ်ကခေါ်လိုက်မှလိုက်ခဲ့နော် နားလည်လား" /

သင်း။ ။"ဟုတ်ကဲ့၊ နားလည်ပါပြီဗျာ"

ထိုအချိန်တွင် ထုပ်တန်းပေါ်တွင်ထိုင်နေသော ကြောင်ကြီးသည် ညောင်ခနဲ တစ်ချက်မြည်လိုက်ပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သောင်း။ ။"ကိုသင်းမောင် ခင်ဗျားသေနတ် ကျွပ်ခဏပေးစမ်းပါ။ တစ်ခါတည်း ကျွပ်ပစ်သတ်စမ်းပါရစေ"

"မလုပ်ပါနဲ့ဗျာ အရေးထဲမှာ ကိုကျော်သောင်းကလည်း"

လှ။ ။"ဟုတ်သားပဲရှင့် တစ်ကောင်သတ်လို့ ရှင်ကအားမရသေးဘူးလား"

ဘိုးရွှေကုန်းသည် သံကြိုးကိုဆွဲ၍ပြနေလေပြီ။ သံကြိုးအဖျား၌ လက်ကိုင်ရန် တစ်စုံတစ်ရာမရှိသဖြင့် သူသည် လက်နှစ်ဖက်ဖြင့် သံကြိုးစမှတစ်ထွာခန့်နေရာတွင် ဆုပ်ကိုင်လျက်ရှိ၏။ အသက်ပင်ကြီးသော်လည်း လက်မောင်းအိုးကြီးများမှ ကြွက်သားကြီးများသည် တင်းတင်းရင်းရင်းဖြစ်ကာ အားရဖွယ်ကောင်းလှပေ၏။

သင်း။ ။"ဘယ့်နှယ်လဲ ဘိုးရွှေကုန်းရပ်ါမလား။ ကျွန်တော် ကူရဦးမလား..."

ကုန်း။ ။"ရပါတယ်ဆရာ..."

သောင်း။ ။"နေပါစေဗျာ ကိစ္စမရှိပါဘူး။ သူလုပ်နေကျပါ။ ကိုင်း– ဆွဲ–ဆွဲလေ"

အဘိုးကြီးသည် ကြိုးစကို တအားကုန်ဆွဲလေ၏။ ကျောက်ပြားကြီးသည်တရွေ့ရွေ့ကြွတက်လျက်ရှိ၏။ ကျောက်ပြား၏အရင်းတွင် မရွေ့လျားစေရန် သံဝင်ရိုးတစ်ချောင်းကာစ်၍ တုပ်နှောင်ထည့်ထားသဖြင့် ထင်သလောက်လေးလံခြင်းကို မဖြစ်စေဘဲ လူတစ်ယောက်တည်းအားဖြင့် ဆွဲတင်နိုင်ရန် စီမံထားသည့်လက္ခဏာရှိလေသည်။

ကျောက်ပြားကြီးသည် တဖြည်းဖြည်းကြွတက်လျက်ရှိရာ အပေါက်သည်လက်လေးသစ်ခန့်မှ တစ်မိုက်ခန့်အထိလည်းကောင်း၊ တစ်မိုက်မှ တစ်ထွာတစ်ထွာမှတစ်တောင် စသည်ဖြင့် တဖြည်းဖြည်းကျယ်၍ လာတော့၏။

အောက်၌ကား တစ်တောင်ခန့်မျှသာ ကျယ်သည့်သစ်သားလှေကားတစ်ခုကိုမြင်ရလေသည်။

မောင်ကျော်သောင်းသည် မီးညှိထားသော ဖယောင်းတိုင်ကိုကိုင်လျက် ကျောက်ပြားချပ်ကြီးသည် ၄၅ ဒီဂရီခန့်ရောက်သည်နှင့် တစ်ပြိုက်နက်ထိုသို့ အတန်ငယ် နောက်သို့ယို့ကာ လှေကားထစ်များကို ဆင်းသက်စပြုလေ၏။

သောင်း။ ။"ဆွဲပါဦး ဘိုးရွှေကုန်းရဲ့၊ မဝင်သာသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကုန်။ ။"ဟုတ်ကဲ့ဆရာ"

ဘိုးရွှေကုန်း၏ လက်မောင်းကြွက်သားကြီးများသည် တရွေ့ရွေ့လည်၍ ထတ်လာ၏။ သံတိုင်၌တပ်ထားသော မူလီ"ဘီး"သည် လေးပုံတစ်ပုံခန့်လည်၍ သွားလေရာ ကျောက်ပြားချပ်ကြီးသည်လည်း လေးလက်မခန့် မြင့်တက်သွားပြန်လေသည်။ မောင်ကျော်သောင်းသည် နောက်တစ်ထစ်ဆင်းလိုက်၏။

ထိုခဏ၌ ညောင်–ညောင်–ညောင် ဟုကြောက်နက်ကြီးအော်သံကို သုံးကြိမ်ဆက်၍ ကြားလိုက်ရသဖြင့် ကြောက်နက်ကြီးလျှောက်နေသော ထုပ်တန်းပေါ်သို့အားလုံးပင် လှမ်း၍ကြည့်လိုက်မိကြ၏။ ကြောင်နက်ကြီးသည် ထိုင်နေရာမှ အမွေးများထောင်၍ထလာသည့်တိုင်အောင် ကျောကြီးကုန်းလျက်ရှိ၏။ မျက်လုံးကြီးနှစ်လုံးမှာ မီးပွင့်ကြီးများကဲ့သို့ တဝင်းဝင်းရှိနေ၏။

မောင်ကျော်သောင်းသည် နောက်တစ်ထစ်ဆင်းလိုက်ပြန်ရာ ကိုယ်အပေါ်ပိုင်းလောက်သာ ကျန်တော့၏။ ထိုခဏ၌ ကြောက်နက်ကြီးသည် ခါးကိုကုန်းသည်ထက်ကုန်းအောင် ပြုလုပ်ကာ နောက်ဆုံးဟစ်အော်ပြီးနောက် လွှားခနဲအောက်သို့ ခုန်ချလိုက်တော့၏။ ၎င်းသည် ဘိုးရွှေကုန်း၏ ဦးခေါင်းတည့်တည့်ပေါ်သို့ ခုန်ချလိုက်ပြီးလျှင် ပခုံးပေါ်၌ တွယ်ကပ်ကာ မျက်နှာကိုပါးစပ်ဖြင့် ကိုက်ရင်း မျက်လုံးများကို လက်သည်းများဖြင့် ကုတ်ခြစ်လျက်ရှိရာ ဘိုးရွှေကုန်းသည် လက်ဖြင့်ဆွဲထားသော သံကြိုးစကို ယောင်၍လွှတ်ချလိုက်တော့၏။

ယင်းသို့ လွှတ်ချလိုက်သည်နှင့် တစ်ပြိုင်နက် ကျောက်ပြားကြီးသည် ကိုယ်အထက်ပိုင်းမျှသာကျန်သော မောင်ကျော်သောင်းအား တစ်ခါတည်း ရိုက်ချပိတ်သွားလေရာ မောင်ကျော်သောင်းသည် အရှိန်ပြင်းစွာဖြင့် မြေတိုက်အတွင်းသို့ကျသွားလေတော့သတည်း။

ယင်းအဖြစ်အပျက်များကား ဤစာဖတ်ရသလောက်ပင် မကြာလှချေ။ မောင်သင်းမောင်သည် တွင်းဝတွင် ရပ်လျက်ရှိရာမှ နောက်သို့လန့်၍ခုန်လိုက်၏။ မသန်းလှကမူ ငယ်သံပါအောင် အော်လိုက်လေသည်။ သတိရသည်နှင့် တစ်ပြိုင်နက်မောင်သင်းမောင်သည် ထိုအချိန်တွင် ဘိုးရွှေကုန်းကိုယ်ပေါ်မှာ ခုန်ချလိုက်ပြီးဖြစ်သောကြောင်နက်ကြီးအား ပစ္စတိုနှင့် တစ်ခါတည်း ပစ်သတ်လိုက်လေတော့၏။

◈ ◈ ◈

ဘိုးရွှေကုန်း၏မျက်နှာမှာ ရုပ်ရာမရှိအောင် ကုပ်ခြစ်ရာများဖြင့်ပြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမှ သွေးများထွက်လျက်ရှိတော့၏။ ထို့နောက် မောင်သင်းမောင်သည် ဘိုးရွှေကုန်းအကူအညီဖြင့် ကျောက်ဖျာကို သံကြိုးဘီးဖြင့် မ,ကာ အနီးမှသစ်သားတို့, သစ်သားစများကို ယူပြီးလျှင် ကျောက်ပြားကြီးအောက်မှ ခုထားပြီးနောက် မြေတိုက်အောက်သို့ ဆင်းသက်ကြည့်ရှုကြရာ မောင်ကျော်သောင်းကား အသက်မရှိတော့ချေ။ အပေါ်မှရိုက်ခတ်ချလိုက်သော ဒဏ်ရာဖြင့်လည်းကောင်း၊ အောက်သို့အကျတွင် မြေတိုက်အတွင်းမှ ကျောက်တုံးများနှင့် ရိုက်ခတ်မိသော ဒဏ်ရာဖြင့်လည်းကောင်း၊ ဦးခေါင်းမှာ စိစိညက်ညက်ကြေလျက်ရှိသည်ကို တွေ့ရလေတော့၏။

မောင်သင်းမောင်သည် ဘိုးရွှေကုန်းအား ရွာသို့လွှတ်၍ ရွာခေါင်းကို တိုင်စေပြီးလျှင် ၎င်းမှတစ်ဆင့် လူလွှတ်၍ ဌာနသို့တိုင်ကြားစေ၏။ ရဲအရာရှိများ ရောက်လာသောအခါ အလောင်းကိုမြေတိုက်အတွင်းမှ ခဲယဉ်းစွာ ထုတ်ယူကြပြီးလျှင် ဆေးရုံသို့ပို့ကြ၏။ ဘိုးရွှေကုန်းကိုလည်း ဆေးရုံသို့ပို့ကြလေသည်။

အသုဘကိစ္စ၌ မောင်သင်းမောင်ကပင် မောင်ကျော်သောင်း၏ ဆွေမျိုးညာတိများ၊ မိတ်သင်္ဂဟများအကူအညီဖြင့် ကိစ္စပြီးမြောက်သည်အထိ ကြီးကြပ်ဆောင်ရွက်ရလေသည်။

အသုဘကိစ္စရက်များ အတွင်း၌ ဘိုးရွှေကုန်းမှာ ဆေးရုံသို့တက်နေရသဖြင့် မလာရောက်နိုင်ချေ။

တစ်ပတ်ခန့်မျှကြာ၍ မောင်သင်းမောင်သည် အလုပ်ကိစ္စများ အားလုံးပြီးသည့်နောက် ရန်ကုန်သို့ပြန်ရန် စီစဉ်လျက်ရှိစဉ် ငှက်ပျောနိုင်ကြီးတစ်နိုင်ကို ထမ်း၍ဝင်လာသော ဘိုးရွှေကုန်းကို တွေ့ရသဖြင့် လင်မယားနှစ်ယောက်စလုံး ပင်ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်သီးကြိုကြလေ၏။

သင်း။ ။"အလကားခုကွရှာပြီး ယူလာတယ် ဘိုးရွှေကုန်းရယ်။ ဒါထက် ဘယ်နေ့က ဆေးရုံက ဆင်းလာသလဲ"

"နှစ်ရက်ရှိပါပြီ ဆရာ၊ အနာလဲပျောက်ပါပြီ။ ဒါနဲ့ ဆရာတို့ပြန်တော့မယ်ဆိုတာ မနေ့က ကြားတာနဲ့ လာခဲ့တာပါပဲဆရာ"

"ခုကွရှာလို့ ဘိုးရွှေကုန်းရယ်..."

"သြော်-ဒါထက် ဆရာ့ကိုစကားတစ်ခွန်း ပြောရအောင် ကျွန်တော် လာတာဆရာရဲ့၊ အဲဒီစကားပြောပြီးတဲ့အခါမှာသာ ကျွန်တော်ကို ဆရာငြိမ်းချင်စမ်း... ဒါမှမဟုတ်လို့ သေနတ်နဲ့ ကြောင်ကြီးပစ်သတ်သလို သတ်ချင်သတ်"

www.burmeseclassic.com



"ဘာပြောတယ်ဗျ"

"ကျွန်တော် ဒီစကားကိုပြောတဲ့အခါမှာ ကျွန်တော့်ကို ဆရာသဘော အတိုင်းလုပ်ပါလို့ ပြောတာပါ"

"ဘာစကားလဲ၊ ဒီအဘိုးကြီး ရူးနေပြီထင်တယ်"

"ကျွန်တော် မရူးပါဘူးဆရာ၊ ဆရာ့အသက်ကို ကျွန်တော်ပြစ်မှားမိတဲ့ အတွက် ဒီငှက်ပျောနိုင်နဲ့ လာကန်တော့ခြင်းဖြစ်ပါတယ်"

"ခင်ဗျား ပြောတဲ့စကားတွေ ကျွန်တော်နားမလည်ပါဘူး ဘိုးရွှေကုန်းရယ်"

"ကျွန်တော် ဆရာ့အသက်ကို ပြစ်မှားမိတယ် ဆရာရဲ့၊ ဆရာသူငယ် ချင်း ကိုကျော်သောင်းဟာ ဆရာ့ကိုသတ်ဖို့အကြံနဲ့ မြေတိုက်ကို တမင်တကာ ခေါ်လာတာ"

"အလို–ကိုကျော်သောင်းဟာ ကျွန်တော့်ကိုသတ်ဖို့ကြံတယ် ဟုတ်လား ဘိုးရွှေကုန်း"

"ဟုတ်ပါတယ် ဆရာ... အမြင်မှာ သူ့ပယောဂမပါဘူးထင်အောင် နည်းတစ်မျိုးနဲ့ ကြံစည်တာပါ၊ မြေတိုက်ထဲကို သူကအရင်ဆင်းမယ်။ နောက် ဆရာက ဆင်းလိုက်တဲ့အခါ လှေကားလေးထစ်ဆင်းမိတာနဲ့ တစ်ပြိုက်နက် စက် သီးတပ်ထားတဲ့သံကြိုးကို မတော်တဆ လက်ကလွှတ်သွားတဲ့အနေနဲ့ ကျွန်တော် ကလွှတ်ချလိုက်ရမယ်။ ဒီတော့ ဆရာသေသွားတောင် မသင်္ကာစရာ သူ့အပေါ် အကြည်ညိုမပျက်အောင် ကြံတဲ့နည်းပေါ့ဆရာ။ ကျွန်တော့်မှာ သူ့တပည့်ဖြစ်ပြီး သူ့ကျေးဇူးနဲ့လည်းမကင်း။ နောက်ထပ်ငွေသုံးရာလည်း လက်ငင်းပေးဦးမယ်ဆို တော့ လောဘနိုင်ငံကိုလိုက်ပြီး ကျွန်တော်လည်း သဘောတူမိပါတယ်ဆရာ။ ဆရာ့ကို ကျွန်တော်မုန်းတဲ့ စိတ်နည်းနည်းကလေးမှ မရှိပါဘူး။ အခုတော့ ဆရာ့ ကိုကြံစည်တာ သူ့ကိုယ်ကို ပြန်ထိသွားတော့ ကျွန်တော့်မှာ ဝန်ထုပ်ဝန်ပိုးကြီး တစ်ခုခေါင်းပေါ်က ကျသွားသလိုပါပဲ။ နို့ပေမဲ့ ဒီအကြောင်းကို ကျွန်တော့်ဝမ်း ထဲမြိုထားရတာ နေလို့မဖြစ်ဘူး ဆရာ၊ အိပ်တောင်မပျော်ဘူး။ အခုတော့ ဆရာတို့ လင်မယားရှေ့မှာ ကျွန်တော်အန်ထုတ်လိုက်ရလို့ ကျွန်တော့်ရင်ထဲက အလုံးကြီး ကျသွားပြီ။ ကိုင်း–ကျွန်တော့်ကိုဖမ်းပါတော့ဆရာ၊ ဆရာ့သဘောအတိုင်း ကျွန်တော့်ကို အပြစ်ပေးပါတော့"

မောင်သင်းမောင်သည် ဘိုးရွှေကုန်း၏ စကားများကို မျက်မှိုးမြှုကာ နားထောင်လျက်ရှိရာမှ အဆုံးသတ်တွင် မျက်ရည်များတဖြိုင်ဖြိုင်ကျ၍လာကာ



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းကိုငုံ့လိုက်၏။ ထို့နောက် ဖျတ်ခနဲပြန်၍ခေါင်းထောင်လိုက်လေသည်။ ဘိုးရွှေကုန်း၏ စကားများကား မောင်သင်းမောင်၏ အသည်းနှလုံးကို အရည်ပျော်၍သွားစေဘိသကဲ့သို့ရှိ၏။

"ကျော်သောင်း... ကျော်သောင်း... သူငယ်ချင်း။ မင်းသိပ်ပြီး အကြွေးတင်စက်ပါကလားကွယ်... ဘိုးရွှေကုန်း... "

"ဆရာ..."

"ခင်ဗျားကိုကျုပ်တယ်လို့မှ မလုပ်ချင်ဘူး။ ခင်ဗျား ကျုပ်ခွင့်လွှတ်တယ်"

"ကျေးဇူးတင်ပါတယ် ဆရာ။ ကျွန်တော့်အသက်ဟာ ဆရာလက်ထဲမှာ ဓိရှိနေပါတယ်"

"ခင်ဗျားဖော်ပြောလို့ ကျုပ်သိရတာ ခင်ဗျားကိုတောင် ကျုပ်ကကျေးဇူးတင်ရဦးမယ်။ အခုတော့ မိုက်တဲ့လူဟာ သူ့အပြစ်နဲ့သူခံသွားပြီ"

"ဟုတ်ပါတယ် ဆရာ"

"ကိုင်း ကိုင်း။ ဒီအကြောင်း ဘယ်သူ့မှမပြောဘဲ စိတ်အေးလက်အေး သာပြန်ပေတော့၊ ကျုပ်တို့လည်း နက်ဖြန်ရန်ကုန်ပြန်ကြမယ်"

"ကောင်းပါပြီဆရာ၊ ဆရာ့ကျေးဇူးကို ဒီတစ်သက်ဘယ်တော့မှ ကျွန်တော် မမေ့တော့ပါဘူး"

လင်မယားနှစ်ယောက်တို့သည် ဘိုးရွှေကုန်းပြန်သွားသည်ကို မျက်စိတစ်ဆုံးကြည့်၍ ကျန်ရစ်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ကြွက်ဖိုးခစ

ယောကျ်ားပျိုတစ်ယောက်သည် မိမိနှင့် မှုယ်တူရွယ်တန် မိန်းမပျို တစ်ဦးတစ်ယောက်အား မိမိချစ်ကြိုက်ကြောင်းကို နှုတ်အားဖြင့် ပြောဆိုခြင်း မပြုဝံ့သော်လည်း၊ မျက်စိအားဖြင့်ကား စတင်ပြောဆိုရန် မခဲယဉ်းပေ။ ပထမ မျက်လုံးချင်း 'ချစ်ကြိုက်စကား' ပြောဆိုကြပြီးနောက် တွေ့ကြုံဖန်များ၍ တစ်စ တစ်စ ရင်းနှီးလာကြသောအခါ၊ ချစ်စကား ကြိုက်စကားများကို တိုက်ရိုက်ပင် မပြောဆိုဝံ့စေကာမူ သွယ်ဝိုက်သောနည်းအားဖြင့် ပြောဆိုတတ်ကြလေသည်။ ဤကား ဓမ္မတာပေတည်း။

သို့သော် ယောကျ်ားပျိုတစ်ယောက်သည် မိမိနှင့် ရွယ်တူရွယ်တန် မဟုတ်ဘဲ မိမိထက် အသက်ကြီးသော မိန်းမပျိုတစ်ယောက်အား နှုတ်အားဖြင့် သော်လည်းကောင်း၊ အမူအရာအားဖြင့်သော်လည်းကောင်း စတင်ပြောဆိုရန် ကား ခဲယဉ်းလှပေ၏။ မည်သို့ပင် ရင်းနှီးသည်ဖြစ်စေ မိန်းမပျိုသည် မိမိအောက် အသက် အတော်အတန်ငယ်သော ယောကျ်ားအား မောင်ကလေးတစ်ယောက် ကဲ့သို့ သဘောထားခဲ့ပါမူ ယောကျ်ားပျိုမှာ မိမိချစ်ကြိုက်ကြောင်းကို နှုတ်ဖြင့်မဆို ထားဘိ၊ အမူအရာနှင့်ပင် စတင်ပြောဆိုရန် ခဲယဉ်းလေသည်။

ရှုံးစာရေး မောင်ဝင်းမြသည် အသက် ၂၀ မျှသာ ရှိသေး၍ ပြည်ကြီး ဇာတိုက်တန်း၌ နေထိုင်သူတစ်ယောက်ဖြစ်ရာ ငုံးနှင့် တစ်လမ်းတည်း နေသော လှလှဆိုသူ ဆေးလိပ်ခုံပိုင်ရှင်တစ်ဦးနှင့် မောင်ရင်းနှမပမာ အကျွမ်းတဝင် ဖြစ်ခဲ့ ကြလေသည်။ မောင်ဝင်းမြသည် အားလပ်သောအချိန်များ၌ လှလှ၏အိမ်သို့ သွားရောက်ပြီးလျှင် ရယ်စရာမောစရာများကို ပြောဆိုခြင်း၊ ဇာတ်ရုပ်တပြစ်ရွယ် ပုံတိုပတ်စ ကလေးများကို ပြောဆိုခြင်း၊ မြို့ပေါ်မှ နောက်ဆုံးသတင်းများကို

www.burmeseclassic.com



ခွေးနွေးခြင်း၊ သတင်းစာများကို ဖတ်ပြခြင်းစသည်တို့ဖြင့် တစ်ယောက်နှင့်တစ်ယောက် ပိုမိုရင်းနှီးခဲ့လေရာ လှလှမှာ မောင်ဝင်းမြ မလာသောနေ့များ၌ ပျင်းရိငြီးငွေ့သကဲ့သို့ ရှိပြီးလျှင် မောင်ဝင်းမြလာတတ်သော လမ်းဘက်သို့ပင် မကြာခဏမျှော်၍ ကြည့်မိ၏။

ဤသို့ မျှော်နေဆဲ မောင်ဝင်းမြ ရောက်လာသောအခါများ၌ လှလှမှာ ရာနိုင်နှုန်း ၅၀မျှ ချစ်သွေးပါသော အမူအရာဖြင့် "ဟော့ မောင်ဝင်းမြ ဒီကနေ့ ဘယ်များအလည်ကြွနေသလဲကွယ့်၊ အခုတင်ကပဲ လက်ဖက်သုပ်ပြီး စားကြလို့ မင်းကိုတောင် မျှော်မိသေးတယ်။ နောက်ကျတဲ့လူ ငတ်တာပဲ ကောင်းတယ်ဟော့"ဟု ပြောတတ်၏။ ထိုအခါများ၌ မောင်ဝင်းမြကလည်း ၂၅ ရာနိုင်နှုန်းခန့် မေတ္တာဓာတ်ပါသည့် မျက်လုံးများဖြင့် ကြည့်ကာ "စေတနာရှိရင်လည်း ချန်ထားလိုက်ရောပေါ့ မမလှရဲ့"ဟု ပြန်၍ ပြောတတ်လေသည်။

လှလှမှာ မောင်ဝင်းမြအပေါ်တွင် မောင်အရင်းတစ်ယောက်ထက် အတန်ငယ်ပို၍ ထူးခြားသော မေတ္တာဓာတ်တစ်မျိုးဖြင့် ချစ်ကြောင်းကို မိမိကိုယ်တိုင်သိရှိပြီးဖြစ်သော်လည်း မည်သည့်အခါမျှ ဣန္ဒြေပျက်လောက်အောင် အရောဝင်သည်မရှိဘဲ မှန်မှန်ပင် ရယ်လိုက်မောလိုက် ကျီစားလိုက်ဖြင့် ပြောဆိုလေ့ရှိသည်ဖြစ်ရာ မောင်ဝင်းမြကလည်း လှလှအပေါ်တွင် အစ်မရင်းတစ်ယောက်ထက် အနည်းငယ်ပို၍ ထူးခြားခြင်းရှိသော်လည်း မည်သည့်အခါမျှ မလေးမစားပြုလုပ်ခဲ့သည် မရှိပေ။

လှလှမှာ ပစ္စည်းဥစ္စာ အတော်အတန် ကြွယ်ဝချမ်းသာသူတစ်ယောက်ဖြစ်၍ 'ကုမ္ပဏီ'ဟူသော အမည်ဖြင့် ဆေးလိပ်လုပ်ငန်းကို ဖွင့်လှစ်လုပ်ကိုင်လျက်ရှိရာ လှလှဆေးပေါ့လိပ်များမှာ ပြည်မြို့၌သာ မဟုတ်ဘဲ ပေါင်းတည်၊ နတ္တလင်း၊ ဒီးကုန်း အစရှိသော သာယာဝတီမြို့နယ်များသို့တိုင်အောင် ကျော်ကြားလျက်ရှိရကား လှလှကုမ္ပဏီမှာ တစ်နေ့တခြား ကြီးပွား၍ လာခဲ့လေ၏။ မိဘများသေဆုံးပြီးနောက် အစ်မဖြစ်သူ မြမြတစ်ယောက်သာလျှင် အားကိုးအားထားပြုရန် ကျန်ရစ်ခဲ့ရှာ၏။ မြမြမှာ အသက် ၃၅ နှစ်မျှ ရှိပြီဖြစ်သော်လည်း အိုးအိမ်မထူသေးဘဲ အပျိုကြီးဘဝနှင့် ရှိနေခဲ့ရာ မိမိကိုယ်ကိုအရွယ်လွန်ပြီဟု ယူဆလျက် ညီမကလေး လှလှ၏ အိမ်ထောင်ရေးအတွက်သာ ကြောင့်ကြပူပန်ရှာ၏။ လှလှကလည်း အကယ်၍ မိမိအိမ်ထောင်ပြုချေက ဉာဏ်ပညာအမြော်အမြင်နှင့် မပြည့်စုံသော ယောကျ်ားကို တွေ့ခဲ့ပါမူ အစ်မဖြစ်သူနှင့် မတည့်ရည်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေးမိ၏။ အသက် ၂၅ နှစ်မျှ ရှိသော မိန်းမတစ်ယောက်မှာ မိမိ၏ အိမ်ထောင်ရေးအတွက် အတော်အတန် ဆင်ခြင်တုံတရားနှင့် ပြည့်စုံပြီဖြစ်ရကား လှလှမှာ ဤသို့ စဉ်းစားတွေးတောရင်းနှင့်ပင် ဤအသက်သို့တိုင် ရောက်ခဲ့လေရာ ခေတ်ဝတ္ထုများကို ဖတ်ခြင်းဖြင့်လည်းကောင်း၊ ရုပ်ရှင်ဇာတ်လမ်းများကို ကြည့်ခြင်းအားဖြင့်လည်းကောင်း၊ သတင်းစာဂျာနယ် မဂ္ဂဇင်းများ၌တွေ့ရသော ဖဟုသုတများဖြင့်လည်းကောင်း၊ အိမ်ထောင်ရေးကိစ္စများတွင် 'အခြင်း'သည် 'အဆင်း'ထက် အဖိုးတန်ကြောင်း တဖြည်းဖြည်း သိရှိ၍ လာခဲ့ရကား တစ်ခါတစ်ရံ အားကိုးရာ အားကိုးကြောင်း အိမ်ထောင်ဖက်ကို မရှာတော့ဘဲ အပျိုကြီးဘဝနှင့်ပင် အရိုးထုတ်ပါတော့မည်ဟု စိတ်ကူးမိရှာ၏။

မောင်ဝင်းမြမှာ ရုပ်ရည်အားဖြင့် အသင့်အတင့်မျှရှိ၍ အသားမှာလည်း 'အသားလတ်'ဟု ခေါ်လောက်သော အသားမျိုးသာဖြစ်ရာ မျက်နှာမှာမူကား ကြည်လင် အေးမြသော အမူအရာရှိ၍ စူးရှသော မျက်လုံးများ ရှိလေသည်။ အထူးအားဖြင့် ၎င်း၏ မျက်လုံးများမှာ တစ်စုံတစ်ခု ပြုလုပ်မည်ဆိုက လွယ်လွယ်ကူကူ မပြုလုပ်တတ်ဘဲ စဉ်းစားဉာဏ်ကို ရှေးရှုထားတတ်သော အရှိန်အဝါနှင့် ပြည့်စုံသည်ဟု ဆိုရပေမည်။

◆ ◆ ◆

တစ်နေ့သော ည ၇ နာရီအချိန်လောက်တွင် မောင်ဝင်းမြသည် လှလှတို့အိမ်သို့ ရောက်လာရာ လှလှကပင် စတင်နှုတ်ဆက်လျက် "ဘယ့်နှယ်လဲဟေ့ မောင်ဝင်းမြ၊ ဒီကနေ့ ဘာသတင်းများ ထူးသေးသလဲ"

"သတင်းစာကို ပြောတာလား မမလှ"

"အေးလေ ဟုတ်ပါတယ်။ မင်းက သတင်းထူး ကြားတတ်လွန်းလို့"

"မထူးလှပါဘူး မမလှရယ်။ နို့ပေမဲ့ နေဦး။ ညောင်လေးပင်မှာ မစားကောင်းတဲ့ မှိုကို ချက်စားမိလို့ သားအဖ သားအမ သုံးယောက် သေသွားသတဲ့"

(ရယ်မောလျက်) "အောင်မယ်လေး။ ဒါများ သတင်းထူးလားကွယ် မောင်ဝင်းမြရယ်"

"မမလှတို့ အဲဒါခက်တာပဲ။ ဒီလိုသတင်းမျိုးဟာလည်း ဗဟုသုတ တစ်မျိုးပေါ့ မမလှရဲ့၊ စားတဲ့သောက်တဲ့နေရာမှာ လူများသတိထားကြဖို့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ဒါတော့ ဒါပေါ့။ နို့ နေပါဦး။ မင်းသောယာဝတီ ပြောင်းရမယ်ဆိုတဲ့ ကိစ္စကော"

"အဲဒါ ကျွန်တော် စဉ်းစားနေတယ် မမလှရဲ့"

"အေးလေ မင်းကတော့ ဘာမဆို စဉ်းစားတာပဲ။ ဖိုးမောင်က အသက် ၂၀ ရှိသေးလို့သာ၊ အသက် ၄၀ လောက်များရှိရင် စဉ်းစားလို့ လက်စသတ်မှာ မဟုတ်တော့ဘူး"

"စဉ်းစားရတာပေါ့လေ။ မမလှကလည်း ဘယ်အရာမျိုးမဆို စဉ်းစဉ်းစားစားလုပ်ရင် မမှားနိုင်ဘူးမဟုတ်လား။ တကယ်လို့ မှားတယ်ထားဦး။ ဂလိမ့်ဂလဲ မဖြစ်နိုင်ဘူးပေါ့။ ကျွန်တော် စဉ်းစားတာက ကိုယ့်အိုးကိုယ့်အိမ်နဲ့ ခွဲသွားပြီး လုပ်ရမယ်ဆိုတော့ ကိုယ့်အတွက် ထမင်းလခကတစ်မျိုး ကုန်မယ်။ မိဘနဲ့ ဝေးတယ်ဆိုတော့ ဆုံးမပဲ့ပြင်မဲ့လူနဲ့ ဝေးရင် မကောင်းဘူး။ ဒါကြောင့် ဒီမှာ ၁၀၀ ကျပ်နဲ့ လုပ်နေတာဟာ ဟိုမှာ ၁၂၀ ကျပ်ထက် တွက်ခြေရှိမယ် မဟုတ်လား။ နို့ပြီးတော့ မမလှတို့နဲ့လည်း ခွဲသွားရမယ်"

"အောင်မယ်လေး မောင်ဝင်းမြရယ်။ အခုမှ ချွဲမနေစမ်းပါနဲ့"

"ချွဲတာမဟုတ်ပါဘူး မမလှရဲ့။ ကျွန်တော်က တကယ်ပြောနေတာပါ။ ကျွန်တော်က စိတ်ထဲမှာ ခွဲကြည့်တယ်။ တကယ်လို့ သာယာဝတီရုံးများ ရောက်သွားရင် အခုလိုမမလှတို့ဆီ လာမလည်ရတော့ သိပ်ပျင်းမှာပဲလို့"

"တော်စမ်းပါကွယ်"

"အဟုတ်ပြောတာပါ မမလှရဲ့"

ထိုအချိန်၌ အစ်မကြီးဖြစ်သူ မမြသည် နောက်ဖေးခန်းမှ လက်ဖက်သုပ် ပန်းကန်ပြားကို ကိုင်၍ ရောက်လာလေရာ စကားလက်စပြတ်သွားလေ၏။ တစ်ခဏမျှကြာလျှင် အသက် ၁၄ နှစ်ခန့်ရှိ အစေခံမကလေးသည် လက်ဖက်ရည်ပွဲကို ယူလာခဲ့လေ၏။

"ဟော့–မောင်ဝင်းမြ သောက်ဟော့"

"ဟုတ်ကဲ့ မမြ"

"နေပါဦး။ မင်းသောယာဝတီပြောင်းရမလိုလို ကြားပါတလား"

"ပြောင်းဖြစ်မယ် မထင်ပါဘူး မမြရယ်။ အခုတောင် ဒီအကြောင်းတွေ မမလှနဲ့ ပြောနေရသေးတယ်"

"ကောင်းပါလေရဲ့ကွယ်။ တကယ်များ ပြောင်းဖြစ်ရင် ဖိုးမောင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို အစ်မကြီးတို့က သိပ်လွမ်းနေမှာပဲကွယ့်"

"ကျွန်တော်က သာပြီး လွမ်းဦးမယ် အစ်မကြီးရေ့"

"မင်းလည်း အရွဲ့တတ်သားပါကလား"

လှ။ ။"အရွဲ့တော့ နံပါတ်ဝမ်းပေါ့ မမြ"

မြ။ ။"ရည်းစားနဲ့များတွေ့ရင် သည့်ထက် ရွဲ့ဦးမယ်"

ဝင်း။ ။"ကျွန်တော့်မှာ ရည်းစားမရှိသေးပါဘူး ခင်ဗျာ"

လှ။ ။"တကယ်လားကွယ်"

ဝင်း။ ။"အဟုတ်ပြောတာပါ မမလှရဲ့"

လှ။ ။"မင့် ဘုရားစူး"

ဝင်း။ ။"ကျွန်တော် မကျိန်တတ်ပါဘူး၊ နို့ပေမဲ့ ဘုရားကို စူး"

မြ။ ။"တော်ကြပါကွယ်၊ ဟော့ မောင်ဝင်းမြ၊ နက်ဖြန် ရေကျော်ဘကြီးလုပ်ဖို့ စာကလေးတွေ သွားယူစမ်းပါကွယ်။ ပြီးတော့လည်း ပခုက္ကူကို တင်ထားတဲ့ ဆေးလိပ်သေတ္တာ မရသေးဘူးလို့ စာရေးတယ်ကွယ့်။ ဒီကိစ္စကိုလည်း ရောဝတီ တိုက်ဝင်ပြီး မင်းမေးခဲ့စမ်းပါ။ ကြားလား၊ ငါ့မောင်"

"ဟုတ်ကဲ့၊ မေးခဲ့ပါ့မယ် မမြ"

ဟုဆိုကာ အတော်ညဥ့်နက်လာသည်နှင့် မောင်ဝင်းမြလည်း ညီအစ်မ နှစ်ယောက်အား နှုတ်ဆက်၍ ပြန်သွားလေ၏။

◆ ◆ ◆

နောက်တစ်နေ့ နံနက်စောစော ၆ နာရီ အချိန်လောက်တွင် အသက် ၁၄ နှစ်ခန့်ရှိ မိန်းကလေးတစ်ယောက်သည် လှလှဆေးလိပ် ကုမ္ပဏီဘက်မှ လျှောက်လာ၍ မောင်ဝင်းမြ အိမ်ထဲသို့ ပျာယီးပျာယာ ဝင်လာခဲ့လေ၏။

"ဟဲ့ စောရီ၊ နင့်ကြည့်ရတာ သုတ်သီးသုတ်ပျာနဲ့ ဘာများ ဖြစ်လာတာလဲ"

"အစ်ကိုကြီး၊ အိမ်ကို အခု ခဏ မြန်မြန်လာပါဦးတဲ့"

"ဘာဖြစ်လို့လဲ"

စောရီသည် အနီးသို့ တိုးလာ၍ လေသံဖြင့် ပြောလေ၏။

"ဘယ်သူ့မှ မပြောနဲ့ဦးနော်၊ မမလှ ဝိန်ဆံထိုး ပျောက်သွားလို့"

"ဘယ်တုန်းကလဲ"

"မနေ့ညကပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သလဲ မှုန်မှုန်လင်းလင်းများ ပြောစမ်းပါဦး တောင်ရှယ်။ ဘာလဲ အိမ်ကို သူခိုးဖောက်လို့လား"

"မဖောက်ပါဘူး အစ်ကိုကြီးရဲ့"

"ဒါဖြင့် ဘယ်လိုပျောက်ပုံလဲ စောရီ"

"အို–အစ်ကိုကြီးကလည်း ဟိုကျတော့ မမလှတို့က ပြောပြလိမ့်မယ် ပေါ့။ မျက်နှာသာ မြန်မြန်သစ်စမ်းပါ"

မောင်ဝင်းမြသည် မျက်နှာကို ကပျာကယာသစ်ပြီးနောက် မျက်နှာသုတ်ပဝါကြီးကို ခေါင်းပတ်ကာ လှလှတို့အိမ်သို့ လိုက်သွားလေ၏။

အိမ်သို့ရောက်သောအခါ လှလှသည် တံမြက်စည်းလှဲလျက်ရှိလေရာ အစ်မဖြစ်သူ မြမြမှာ ဆေးပေါ့လိပ်ကြီး တစ်လိပ်ကို သောက်ကာ အိမ်ခေါင်းရင်း စက်တွင်ထိုင်၍ ညီမအား မြည်တွန်တောက်တီးလျက် ရှိနေလေ၏။

"ညည်း ဂရုမစိုက်လို့ ဖြစ်ရတာပါအေ"

"ဒါကတော့ မေ့နေတာကိုး မမမြရဲ့။ ကျွန်မကလည်း ဆက်ပြီး တံဆိပ်ကပ်နေတော့ မေ့သွားတာပဲ"

"အဲဒီလို မေ့တာကို ပြောတာပေါ့။ ဆံထုံးကို အယားပျောက်ပြီး ခေါင်းမှာ ချက်ချင်းပြန်စိုက်ရတယ်"

မောင်ဝင်းမြဝင်လာသောအခါ စကားပြောရပ်သွား၍ မြမြသည် မှုန်ရှုသော မျက်နှာဖြင့် မောင်ဝင်းမြအား သီးကြိုနှုတ်ဆက်လေ၏။

"လာပေါ့ မောင်ဝင်းမြ"

"နေပါဦး။ ဘယ်လိုဖြစ်ကြတာလဲ ပြောစမ်းပါဦး"

"ဒီလိုကွယ့်၊ မနေ့ညက မင်းနဲ့ စကားပြောနေတုန်းက လှလှ ခေါင်းမှာ ဆံထုံးရှိတယ်။ မင်းလည်း မြင်မှာပေါ့"

"အမြင်သားပဲ မမမြ"

"မနေ့က ဦးဖိုးစံ အလှူသွားကြတော့ ဆံထုံးကို ထုတ်ထိုးတယ်ကွယ့်။ အလှူက ညနေမှပြန်လာပြီး ချက်ချင်း ပြန်မသိမ်းဘူး။ မမြကလည်း သတိမပေးမိဘူး။ ဒါနဲ့ မနေ့ညက မင်းရောက်လာလို့ လက်ဖက်သုပ်စားကြပြီး မင်းပြန်သွားတော့ အထက်ကိုမို့ ဆေးလိပ် အရေးကြီးတာနဲ့ ဝိုင်းပြီး ဆေးလိပ် တံဆိပ်ကပ်နေကြတယ်ကွယ့်။ ဒါနဲ့ ၁၀ နာရီထိုးလောက်ကျတော့ မမြလည်း အိပ်ချင်တာနဲ့ အိမ်ပေါ်တက်သွားရော၊ မင့် မမလှနဲ့ စောရီကျန်ခဲ့တယ်။ ညည်တော့ သူက တံဆိပ်ကပ်ရင်း ခေါင်းယားတာနဲ့ ခေါင်းက ဆံထုံးဖြုတ်ပြီး

www.burmeseclassic.com



အလသာသမျှောက်၊ ရောက်ပြီး ဆံထုံးမှာ ပြန်မထိုးဘဲ ဖျာပေါ်မှာ ချထားတာပေါ့ ကွယ်။ နောက်သူတို့ ဘယ်အချိန်အိမ်ပေါ် တက်လာကြတယ် မသိပါဘူး။ ဒီဟာ မနက်ကျတော့ သတိမရသေးဘူးကွယ့်။ စောရီက မနက်စောစောက ရေနွေး အိုးတည်ပြီး ခါတိုင်းလို တံမြက်လှဲတာပေါ့။ သည်တော့မှ မင့်မမလှကလည်း အိပ်ရာကထလာပြီး တံမြက်လှဲတုန်းက ဆံထိုးမတွေ့ဘူးလားလို့ စောရီကို မေး တော့မှ သိကြတာပါပဲ"

ထိုအချိန်၌ စောရီသည် အိမ်နောက်ဖေးသို့ လက်ဖက်ရည်ယူရန် သွားနေသဖြင့် မောင်ဝင်းမြလည်း လေသံဖြင့် – "ဒီကောင်မလေးကိုရော ထင်သလား"

"သူ့တော့ မထင်ပါဘူးကွယ်။ သူလည်း တို့နဲ့နေလာတာ အခါလည် ကျော်ပါပြီ။ ဘာတစ်ခုမှ တစ်စွန်းတစ်စ မပျောက်ဖူးပါဘူး"

"နေပါဦး။ အရင်တစ်ခါလည်း လက်စွပ်တစ်ကွင်း ပျောက်ဖူးတယ်ဆို"

"အေး ဟုတ်တယ်၊ ဒါပေမဲ့ လက်စွပ်ပျောက်တာက တစ်နှစ်ကပဲ မောင်ဝင်းမြရဲ့။ သည်တုန်းက စောရီ မရောက်သေးပါဘူး"

"ဦးလေးမြစ်ကော ဘယ်မှာအိပ်သလဲ"

"ခါတိုင်း သူအိပ်တဲ့နေရာမှာပေါ့ကွယ်။ သူလည်း မတွေ့မိပါဘူးတဲ့။ သူက မင်းသိတဲ့ အတိုင်းပဲ မနက်ကျရင် သူ့အိပ်ရာ သူလိပ်ပြီး ထသွားတာပဲ။ အိမ်မှာ အစောင့်အရှောက်မရှိလို့သာ ထားရတာ။ ဘာမှ ကူဖော်လောင်ဖက် ရတာ မဟုတ်ပါဘူး"

"ဆံထိုးက ဘယ်နှစ်ရတီ ရှိသလဲ မမမြ"

"နည်းသလားကွယ်၊ ၁၀ ရတီ နည်းနည်း ကျော်သေးတယ်။ စိန်က ရှေးစိန်ဆိုတော့ အပြစ်အနာအဆာလည်း ကင်း။ အပါးအဝိုင်းလည်း ဖြစ်တော့ အခု တန်ဖိုးနဲ့တော့ ၂၅၀၀ိ ကျော်ပေါ့။ မနေ့က အလှူလုပ်တဲ့ ဦးဖိုးစံကတော့ ၂၀၀၀ိ နဲ့ သူ့ပေးပါလို့ တစ်ခါပြောဖူးသေးတယ်။ မမမြက ရောင်းရမှာ နမြော ပြီး ဒီအိမ်ကြီး ပြင်ဆောက်ဖို့ လိုတော့မှ ငွေမပျောက်ပျက်ရအောင် တစ်ခါ တည်း ရောင်းတော့မယ်လို့ စိတ်ကူးထားတာ။ မောင်ဝင်းမြရေ အခုတော့ မင့် မမလှလှ သတိလစ်မှုနဲ့ ဆုံးပြီ မောင်ရေ ဆုံးပြီ"

"ဟုတ်တယ်၊ အိမ်ကလည်း ပြင်မှပဲ"

"ဒီနှစ်မိုးတွင်းတော့ မနည်းဖာထေးနေရတယ် မောင်ဝင်းမြရဲ့။ တိုင် တွေလည်း တစ်တိုင်မှ မကောင်းတော့ဘူး။ ခြစားနဲ့ ကြွက်ကိုက်နေပြီပဲ။ ကြွက် တွေဆိုတာလည်း ပေါလိုက်တာ လွန်လို့"



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ လက်ဖက်ရည်ပွဲ ရောက်လာ၍ မြမြနှင့် မောင်ဝင်းမြတို့သည် လက်ဖက်ရည်များကို သောက်လျက်ရှိကြရာ လူလှမှာ လက်ဖက်ရည်ဝိုင်းသို့ မဝင်ဘဲ ခေါင်းကိုက်သည်ဟုဆိုကာ အခန်းထဲသို့ ဝင်သွားပြီးလျှင်မီးပိုခန်းသို့ သွားလေ၏။

မောင်ဝင်းမြလည်း အိုမင်း ဟောင်းနွမ်းလှသော အိမ်ကြီးကို ကြည့်ကာ တစ်စုံတစ်ခုကို စဉ်းစားလျက်ရှိရာမှ "အရင်တစ်ခါ ပျောက်တာက ရွှေလက်စွပ်နော် မမြ"

"အေး ဟုတ်တယ်။ အဲဒီတုန်းကတော့ နောက်ဖေးမီးဖိုဆောင်အဝမှာ မမြက လက်စွပ်ကို ဟင်းနဲ့ ကိုင်မိလို့ တိုက်ဆေးမယ် အလုပ်မှာ အိမ်ရှေ့က ညီ့သည်လာတာနဲ့ မေ့သွားတယ်။ သည်တုန်းက မမြအပြစ်"

(ပြုံးလျက်)"အရင်ဟာက မမြအပြစ်၊ အခုဟာက မလှအပြစ်ဆို တော့ ဘဲစားဘဲခြေပေါ် မမြရဲ့၊ ထေမိရာပေါ့"

"မင်းကလည်းကွယ် အရေးထဲရွှစ်မနေစမ်းပါနဲ့"

မြမြသည် ဆေးပေါ့လိပ်ကြီးကို ဖွာလျက်ရှိလေရာ မောင်ဝင်းမြလည်း စီးကရက်တစ်လိပ်ကို သောက်ကာ စိတ်ကူးထုတ်လျက်ရှိလေ၏။ ထို့နောက် "စောရီကို ရေချိုးခိုင်းပြီး ဈေးခဏလွှတ်လိုက်စမ်းပါ မမြ"

"ဘာပြုလို့လဲ၊ မင်းက စောရီချည်း ထင်နေတာပဲကွယ်။ ဒီကောင်မ ကလေး ဟုတ်မယ် မထင်ပါဘူး။ ယူလည်း မယူဝံ့ပါဘူး"

"သူ့ကိုကော ရှာဖွေကြည့်ပြီးပလား"

"ဒီလိုတော့ မကြည့်ရသေးဘူး။ အေးလေ-ရှာကြည့်ချင်လည်း ကြည့် သေးတာပေါ့။ လူဆိုတာ ပစ္စည်းနဲ့ စပ်လာရင် လုပ်ချင်လည်း လုပ်တတ်တာပဲ"

မောင်ဝင်းမြအကြံပေးသည့်အတိုင်း မြမြသည် စောရီကို ခေါ်၍ စောစော ရေမိုးချိုးစေပြီးလျှင် ဈေးကြီးသို့သွား၍ ကြက်သွန်နှင့် အာလူးဝယ်ရန် စေလွှတ်လိုက်လေ၏။ ရေချိုးသွား၍ အခန်းတွင်း၌ အကျီများကို ချွတ်ထားခဲ့ သောအခါ မောင်ဝင်းမြလည်း မြမြတို့ ညီအစ်မအား အခွင့်တောင်းပြီးလျှင် စောရီ၏ အကျီများကို ဘော်လီအကျီမကျန် ကြည့်ရှုလေ၏။ စောရီ ပြန်လာ၍ အဝတ်အစား လဲပြီးလျှင် ဈေးသို့ သွားသောအခါ သုံးယောက်တို့သည် စောရီ၏ သေတ္တာကလေးကို မွှေနှောက်ရှာဖွေပြန်လေ၏။ သို့သော် တစ်စုံတစ်ရာမျှ မတွေ့ကြ ရချေ။

ဝင်း ။ "ဆံထိုးက ထိပ်မှာ ဝက်အူရစ်နဲ့ မဟုတ်လား မမြ"

မြ ။ "အေး ဟုတ်တယ်။ ထိပ်ဖူးကို ဖြုတ်လို့ ရတယ်ပဲ။ နေပါဦး



www.burmeseclassic.com

www.burmeseclassic.com



သူ့အကျီကို ကြည့်တာက ဘာလဲ"

"အိတ်ထဲမှာ ထည့်ထားပြီးမှ တခြားမှာ သွားပြီးပဲ ဝှက်ထားသလား အစကတည်းက အိတ်ထဲကို မထည့်ဘူးလားဆိုတာ သိရတာပေါ့ မမြရဲ့"

"ဒီကောင်မလေးတော့ ဟုတ်မယ် မထင်ပါဘူးကွယ်"

"ကျွန်တော်လည်း အခုတော့ မထင်တော့ပါဘူး။ ဒီလိုကိုး မမြရဲ့၊ ဒီအိမ်မှာ လူလေးယောက်ရှိတယ် မဟုတ်လား။ အဲဒီ လေးယောက်အနက်က မမြတို့ ညီအစ်မ နှစ်ယောက်ကို ထုတ်လိုက်၊ ဦးလေးမြစ်နဲ့ စောရီပဲ ရှိတယ်။ သည်တော့ သူတို့နှစ်ယောက်မှာ ဦးလေးမြစ်က နောက်မှလည်း ထတယ်၊ ခွေမျိုးလည်း တော်တယ်ဆိုတော့ သူ့ကို ထုတ်လိုက်ဦး။ ဘယ်သူ ကျန်သလဲ စောရီပဲ ရှိတော့တယ် မဟုတ်လား။ သူက သူစိမ်းလည်း ဖြစ်တယ်၊ ညမှာ ဆေးလိပ်အတူတူ တံဆိပ်ကပ်ကြတုန်းက မမလှ ဆံထုံးကို ဖျာပေါ်မှာ ချထားခဲ့တာ မြင်ခြင်းမြင်ရင် သူက သာပြီး မြင်နိုင်မယ်။ မနက်ကျတော့လည်း သူပဲ အိပ်ရာက အစောဆုံးထပြီး တံမြက်လှဲတယ်ဆိုတော့ သူတစ်ယောက်ပဲ ဖြစ်နိုင်မယ်လို့ ယူဆရမယ်မဟုတ်လား။ အခုတော့ သူ့သေတ္တာလည်း ရှာပြီးပြီ၊ သူ့အကျီလည်း ကျွန်တော်မြင်ရလို့ ကျေနပ်ပါပြီ"

"ဒါကြောင့် သူ့ကိုတော့ မထင်ပါဘူးလို့ မမြက အစက ပြောတာပေါ့"

"အိမ်ကိုလည်း ရှာပြီးပြီနော်"

"ရှာတာမှ ခေါင်းတောက်နေပါပြီ။ မောင်ဝင်းမြရယ်၊ မြေကြီး လှန်မရှာတာ တစ်မည်ပါပဲ"

ထိုနောက် မောင်ဝင်းမြသည် ထိုည မြမြတို့ အိမ်သို့ လာရောက်အိပ်ရန် မြမြထံ အခွင့်တောင်းပြီးလျှင် အိမ်သို့ ပြန်ခဲ့လေ၏။

◆ ◆ ◆

ထိုနေ့ညနေ၌ မောင်ဝင်းမြသည် ရုံးမှ ပြန်လာပြီးနောက် ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် စီးကရက်များကို တစ်လိပ်ပြီးလျှင် တစ်လိပ်သောက်၍ နေလေ၏။ ၁ နာရီခန့်မျှ ကြာသော်အခါ မိမိ ထင်သည်အတိုင်း ဖြစ်တန်ရာပါဟု တစ်မိုက်ခန့်ရှိသော ထင်းရှူးသားကလေး တစ်ချောင်းကို စိန်ခံထိုးကလေးကဲ့သို့ မောင်းချွန်းဖြင့် လှီးဖြတ်ပြီးနောက် အကျီအိတ်ထဲသို့ ထည့်ထားလိုက်လေ၏။

ည ၇ နာရီ ထိုးလတ်သော် မောင်ဝင်းမြသည် လှလှတို့အိမ်သို့ ရောက်လာပြီးနောက် "ဒီကနေ့ည ကျွန်တော်အောက်ထပ်မှာ အိပ်ပါ့မယ် မမြ"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ပါ မောင် အိပ်ပါ၊ ဘာများ စုံထောက်ဦးမလို့လဲ"

"ဦးလေးမြစ်လဲ အခုည အိမ်ပေါ် တက်အိပ်ပါစေ"

(လှောင်ပြောင်သည့် ဟန်ဖြင့်) "အိပ်ပါစေ့မယ် မောင်"

မောင်ဝင်းမြသည် လှလှတို့ ညီအစ်မ နှစ်ယောက်နှင့်တကွ ဦးလေးမြစ်ကိုပါ အိမ်ပေါ်သို့ ခပ်စောစောတက်စေပြီးလျှင် ဆံထိုးပုံကလေးကဲ့သို့ ပြုလုပ်ထားသော ထင်းရှူးသားကလေးကို ကော်ခပ်ထူထူသုတ်ပြီးနောက် သမန်နေ့ညက စိန်ဆံထိုးချထားသည်ဆိုသော နေရာတွင် ချထား၏။ အနီး၌ ဆေးလိပ်တံဆိပ် စက္ကူများကိုလည်း ဖရိုဖရဲ ဖြစ်အောင် ကြဲချထားလေသည်။

ထို့နောက် လက်ဆွဲမှန်အိမ်တစ်လုံးကို မီးခပ်မှိန်မှိန် ထွန်း၍ သင်ဖြူးထိပ်တစ်လိပ်အတွင်းသို့ ဝင်ပြီးသော် တစ်စုံတစ်ခုကို စောင့်ဆိုင်းလျက်ရှိနေလေ၏။

လူခြေတိတ်ချိန်သို့ ရောက်မှသလျှင် ကြွက်တစ်ကောင်သည် အိမ်၏ အလယ်တိုင်တစ်တိုင်အနီးမှ ထွက်ပေါ်လာပြီးနောက် ပြူးကျယ်သော မျက်လုံးအလေးများဖြင့် တောင်မြောက် လေးပါးကို ကြည့်ကာ ဆေးလိပ်တံဆိပ်ကလေးများ ကြဲဖြန့်ထားသော နေရာသို့ ရောက်လာလေ၏။ ၎င်းသည် တစ်ခဏမျှသို့မှ ဤမှ ပြေးလွှားသွားပြီးသော် တစ်ဖန် ဆံထိုးကလေးထားသော နေရာအနီးသို့ ချဉ်းကပ်လာပြီးလျှင် ဆံထိုးပုံ ထင်းရှူးသားကလေးကို တစ်ခဏမျှ အနံ့ခံပြီးနောက် လျင်မြန်စွာ ချီပြေးလေ၏။ ထိုကြွက်ကလေးသည် ၎င်း မှလာထွက်ပေါ်သောသော တိုင်အနီး၌ပင် ပျောက်သွားသဖြင့် မောင်ဝင်းမြသည် မှန်အိမ်မီးကို ကိုင်ပြီးသော် တိုင်ဆီသို့ လာခဲ့လေ၏။ ထိုတိုင်ကြီး၌ လူ၏ လက်ခုပ်တစ်ဖောင်နှင့် ဖြင့်သောနေရာတွင် အပေါက်တစ်ခုကို တွေ့ရသဖြင့် မောင်ဝင်းမြလည်း တိုင်၏ အပေါ်ပိုင်းသို့ လက်ဖြင့် ခေါက်ကြည့်ရာ လိုဏ်သံပါ၍ နေသည်ကို တွေ့ရသောကြောင့် အပေါ်ထပ်သို့ လှမ်း၍ လွှနှင့် ဆောက်များကို တောင်းယူပြီးလျှင် တိုင်ခေါင်းဆုံးမည် ထင်ရသော နေရာကို မှန်း၍ လွှဖြင့် အနည်းငယ် တိုက်ဖြတ်လေ၏။ ထို့နောက် လွှဖြင့် ဖြတ်ပြီးသောနေရာကို ဆောက်ဖြင့်ရိုက်၍ ထုတ်လေရာ အတွင်းမှ ကြွက်တစ်ကောင်သည် အပေါက်ပွင့်သွားသည်နှင့် တစ်ပြိုင်နက် အောက်သို့ ခုန်ချထွက်ပြေးသွားသည်ကို မြင်လိုက်ရလေ၏။

အတွင်း၌ကား စက္ကူစုတ်များ၊ အမှိုက်သရိုက်များဖြင့် ပြည့်နှက်လျက်ရှိသော ကြွက်သိုက်ကြီးတစ်ခုကို တွေ့ရှိရလေရာ အမှိုက်များကို မီးညှပ်ဖြင့် ထုတ်ယူသောအခါ ထင်းရှူးသား ဆံထိုးပုံကလေးကိုလည်းကောင်း၊ ယနေ့ညက ပျောက်သွားသော ၁၀ ရတီကျော်ခန့်ရှိ စိန်ဆံထိုးကိုလည်းကောင်း တွေ့ရလေ၏။ ထို့ထက်ပင် အံ့ဩဖွယ်ကောင်းသော အရာတစ်ခုမှာ ဖောင်တစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



တော်က ပျောက်ဆုံးမှုသည်ဆိုသော မြမြ၏ ရွှေလက်စွပ်ကလေးကိုပင် ထိုကြွက်သိုက်ကြီး၏ အောက်ဆုံး၌ တွေ့ရှိရလေသတည်း။

အပေါ်ထပ်မှဆင်းလာသော မြမြနှင့် လှလှတို့မှာ ထိုအခြင်းအရာများကို မြင်ရသောအခါ အံ့သြ၍ မဆုံးနိုင်အောင် ရှိကြလေ၏။ မြမြက မောင်ဝင်းမြ၏ ပခုံးကို အားရဝမ်းရ ပုတ်လျက် –

"ငါ့မောင်က လက်စသတ်တော့ စုံထောက်ပါကလား"

"ဒါပေါ့ မမမြရဲ့၊ စာအုပ်တွေ အများကြီးဖတ်ထားတဲ့ ဦးနှောက်ဟာ ဒီလို နေရာမျိုးမှာ အသုံးချရတာပေါ့"

"တော်တယ်ဟေ့ ငါ့မောင်က ဘယ်လိုများ ဉာဏ်ရသလဲမပြောတတ်ဘူး"

"ဆေးလိပ်တံဆိပ်ကပ်တုန်း ဆံထိုးကို လက်နဲ့ ကိုင်တယ်ဆိုကတည်းက ဆံထိုးကို မုချကော်ပေရမယ်။ ကော်နံ့ရတဲ့ ဆံထိုးကို ဒီလောက် ကြွက်ပေါ နေတဲ့ အိမ်မှာ ကြွက်ချီသွားမယ်ဆိုရင် ဖြစ်နိုင်မှာပေါ့ မမမြရဲ့။ အဲဒီလို စဉ်းစား နေတုန်း မမမြ အရင်တစ်ခါ ရွှေလက်စွပ်ကလေး ပျောက်သွားတယ်ဆိုတော့ ကျွန်တော်လည်း ငါထင်တဲ့အတိုင်း ဖြစ်မှာပဲလို့ ကြွက်ကို တစ်ခါတည်း တရားခံ စွဲတာပဲ"

"မင်း စိတ်ကူးတာ မှန်တယ်ဟေ့၊ လက်စသတ်တော့ ကိုရွှေကြွက် တို့ လက်ချက်ကိုးကွယ့်"

"ကြွက်ဆိုတာ ဘာကိုပဲဖြစ်ဖြစ် ချီသွားရင် သူ့အသိုက်ထဲ ချီသွား တတ်တာပဲ။ ဒီတော့ အသိုက်နေရာကို သိဖို့လိုတယ်။ ကိုင်း–အခုတော့ ထင်းရှူး သားကလေး တော်သုတ်ပြီး မနေ့ကနေရာမှာ ချထားပြီး တစ်ခါတည်း ချောင်းခဲ့ တာ တရားခံလည်း သိ၊ ပစ္စည်းလည်း ပြန်ရပြီ မဟုတ်လား"

"ငါ့မောင် တော်ပါပေတယ်"

"ကိုင်း–တော်တယ်, မတော်ဘူး လုပ်မနေနဲ့ ဘာဆုချမလဲဆိုတာသာ ပြောပေတော့"

"ဒါတော့ မင့် မလှကိစ္စပဲ။ သူ ကြည့်ပြီး ဆုံးဖြတ်လိမ့်မယ်။ မနက် တော့ အိပ်ချင်လှပြီ"

မြမြသည် ပစ္စည်းများကို သိမ်းယူ၍ အပေါ်ထပ်သို့ တက်သွားလေ၏။ မောင်ဝင်းမြနှင့် လှလှတို့သာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ငေး၍ ကျန်ရစ်ခဲ့ကြလေ၏။

"ဘယ့်နှယ်လဲ မလှ၊ ဘာဆုပေးမလဲ"

"ငါ့မောင်လိုချင်တဲ့ ဆုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝင်းမြွမှာ နှုတ်ဖြင့်ပြန်၍မူ မပြောဝံ့သော်လည်း လှလှ၏ ချစ်ဖွယ်ကောင်းသော ကိုယ်ကလေးကို မချင့်မရဲကြည့်၍ နေလေ၏။

"ပြောပါကွယ့်၊ ဘာဆုလိုချင်သလဲလို့"

"လိုချင်တာကတော့ ကျွန်တော် –"

"ဟင်းနော်၊ မင်းလည်း မရိုးတော့ဘူး ထင်တယ်။ ကဲ–ကဲ၊ မောင်ဝင်းမြွ အိမ်ပြန်တော့လေ၊ ညဉ့်နက်လှပြီ"

(ခေါင်းငုံ့လျက်) "ကျွန်တော် တစ်သက်လုံး မမလှတို့ကို အခုလိုပဲ စောင့်ရှောက်ပြီး နေချင်တော့တာပဲ။ အဲဒါ ကျွန်တော် လိုချင်တဲ့ ဆုပဲ မမလှ"

"ကိုင်းကွယ်–မင်းလိုချင်တာ မမလှသိပါပြီ"

မောင်ဝင်းမြွသည် အရဲစွန့်ကာ လှလှ၏လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်လေ၏။ လှလှသည် မျက်လုံးကလေးများ မှေးကာ ငြိမ်သက်လျက် ရှိတော့၏။ ၎င်းနောက် တစ်ကိုယ်တည်း ရေရွတ်ပြောဆိုဘိသကဲ့သို့ "ကြြော်–ဘယ်လိုဖူးစာများ ဖန်တီးလာလို့ တွေ့ရတယ် မပြောတတ်ဘူးနော်"

"ဘာပြောတယ် မမလှ"

"ရှေးက ဘယ်လိုဖူးစာမျိုးများ လာဆုံတယ်မသိဘူးလို့၊ မင်းနဲ့ တွေ့ရတာ"

"ဘယ်လိုဖူးစာရမလဲ မမလှရဲ့၊ ကြွက်ဖူးစာပေါ့"ဟု မောင်ဝင်းမြွက ဖြိန်၍ ပြောလိုက်လေသတည်း။

[illegible]

www.burmeseclassic.com

www.burmeseclassic.com

# ရွှေခြံချင်းဖူးစာ

မှုန်မွှားသော မိုးမွှားကလေးမှ အစပြု၍ မိုးသည် တစ်ရွာလုံး ကျွတ်အောင် လောင်ကျွမ်းနိုင်သကဲ့သို့ သေးနုပ်သည်ထင်ရသော အကြံဉာဏ်ကလေးများမှလည်း ကြီးမားသော အကျိုးအာနိသင်များ ထွက်ပေါ်လာနိုင်လေသည်။

လူတိုင်းတွင် စိတ်ကူးဉာဏ်ကူးများရှိကြပါ၏။ သို့သော် အချို့သူများ၏ စိတ်ကူးစိတ်သန်းများသည် လူသာမန်တို့ တွေးတောကြံဆသော အတိုင်းအတာ နယ်နိမိတ်ကို ကျော်လွန်ကာ ခဲခက်နက်နဲသော ဒေသအထိ ပေါက်ရောက်အောင် တွေးတောကြံဆတတ်လေသည်။ ထိုသူများသည် အမြင်၌လည်းကောင်း အကြား၌လည်းကောင်း အခြားသူများထက် ပိုမိုထက်သန်လျက် ဖဟုသုတ ဉာဏ်အမြော်အမြင် ဆင်ခြင်တုံတရားတို့နှင့် တွဲဖက်လိုက်သောအခါ နက်နဲသော အရာတစ်ခုကို ရှင်းလင်းအောင် ပြုလုပ်နိုင်လေသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ ၁၀ နှစ်လောက်က ပြည်မြို့ အစိုးရအထက်တန်းကျောင်း သတ္တမတန်းတွင် မောင်ထိန်ဝင်းဆိုသူ သူငယ်တစ်ယောက်သည် အလွန်စာကျက်ပျင်း၍ အတန်းထဲတွင် အညံ့ဆုံး သူငယ်တစ်ယောက်ဖြစ်၏။ သို့သော် အကွရာသင်္ချာ၌ကား သူမတူအောင် ထူးချွန်သူ ဖြစ်၏။ တဖက်တွင် ဖျင်းသလောက် အားကစားဘက်၌ ထူးချွန်၏။ အလွန်တရာ သွက်လက်ဖျတ်လတ်ပြီးလျှင် ကျောင်း၌ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း လုပ်ကိုင်ဆောင်ရွက်ရမည့် ကိစ္စများ၌ မောင်ထိန်ဝင်းသာလျှင် တာဝန်ယူပြုလုပ်တတ်လေသည်။ သို့နှင့် ဆရာမက မောင်ထိန်ဝင်းအား "မင်းဟာ သင်္ချာမှာ တော်သလောက် ရဲ့ တစ်ဝက်လောက် တခြားဘာသာတွေများ တော်မယ်ဆိုရင် စကောလားရှစ်တောင် ရနိုင်မယ်ကွယ်"ဟု တစ်ခါတစ်ရံ ညည်းတွားပြောဆိုလေ့ရှိ၏။

တစ်နေ့သ၌ ဆရာမသည် ကျောင်းသို့ အချိန်နောက်ကျမှ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရာ မောင်ထိန်ဝင်းကို စားပွဲအနီးသို့ ခေါ်ပြီးနောက်–

"ဟော့–မောင်ထိန်ဝင်း"

"ခင်ဗျာ ဆရာမ"

"မောင်ထိန်ဝင်းကို ဆရာမတိုင်ပင်စရာတစ်ခု ရှိတယ်ဟေ့"

"ဘာကိစ္စလဲ ဆရာမ"

"ကိစ္စက ရယ်စရာလည်းကောင်း။ စိတ်ညစ်စရာလည်းကောင်း ဆိုတာလို "

"ပြောပါဦး ဆရာမရဲ့"

"ဒီလိုကွယ့်၊ ဆရာမတို့အိမ်မှာ ၈ လက်မပတ်လည် ရေတွင်းပေါင်းကလေးတစ်ခုရှိတယ်ကွယ့်။ ပတ်ပတ်လည် ပျဉ်ပြား ကာထားရတဲ့ ရေတွင်းကလေးမျိုးလေ။ မင်းသိတယ် မဟုတ်လား"

"ဟုတ်ကဲ့–ကျွန်တော် မြင်ဖူးပါတယ် ဆရာမ"

"ရေတွင်းကလေးက အောက်မှာ ကျောက်ပြားတစ်ခုခံနေလို့ ဆက်တူးလို့ မဖြစ်တဲ့အဆုံး လက်လျှော့လိုက်ကြရတာပေါ့ကွယ်။ အခု နွေအခါဆိုတော့ ရေတစ်စက်မှ မရှိပါဘူး။ ကောနေပါပြီ"

"ဟုတ်ကဲ့"

"အင်း–ပြောရဦးမယ်၊ ဒီကနေ့မနက် ဆရာမ ရေချိုးတော့ ဆပ်ပြာခွက် တင်တဲ့ စင်ကလေးပေါ်မှာ ဆပ်ပြာခွက် တင်ထားတယ်၊ လက်စွပ်ကိုတော့ ဆပ်ပြာခွက်ဘေးမှာ ချွတ်တင်ထားတယ်။ ဒါနဲ့ ရေချိုးပြီး ဆပ်ပြာခွက် ဆွဲယူလိုက်တဲ့အခါ လက်စွပ်ကို တိုက်မိပြီး လက်စွပ်ဟာ အဲဒီရေတွင်းကလေးထဲ ကျသွားပါလေရော မောင်ထိန်ဝင်းရယ်"

"ဟင်"

"ဆရာမက လက်စွပ်ကိုအရင်ယူဖို့ဟာ မယူဘဲမေ့နေလို့ ဆပ်ပြာခွက်နဲ့တိုက်ကျသွားတာပေါ့ကွယ်၊ အဲဒါကြောင့် ဆရာမ ဒီကနေ့ကျောင်း နောက်ကျနေတာကွယ့်"

"လေးထောင့်ရေတွင်းကလေးက ရေမရှိဘူး ဟုတ်လား ဆရာမ"

"အင်း ... ရေတစ်စက်မှ မရှိပါဘူး။ ဒီတွင်းကလေး ရေမထွက်လို့ ဒိုးပစ်ဖို့ဟာ ဖို့ပဲမဖို့ပစ်နိုင်ဘူး"

"နေ့လယ် ကျောင်းဆင်းရင် ကျွန်တော် လိုက်ကြည့်ဦးမယ် ဆရာမ"

"အေးကွယ်–အိမ်က အမေကြီးလည်း မသိစေချင်ဘူး။ မောင်ထိန်ဝင်း ညာဏ်ထုတ်စမ်းပါဦးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ် ကျောင်းဆင်းသောအခါ မောင်ထိန်ဝင်းသည် ဆရာမအိမ်သို့ လိုက်သွားလေ၏။ ရေတွင်းကလေးကို ဝါးခြမ်းဖြင့် ထောက်ကြည့်ရာ ၈ တောင်ခန့် နက်သည်ကိုတွေ့ရ၍ ဆရာမပြောသည်အတိုင်း ရေတစ်စက်မျှမရှိချေ။

မောင်ထိန်ဝင်းသည် တစ်ခဏမျှ စဉ်းစားပြီးနောက် ဦးခေါင်းကို တစ်ချက်ဆတ်၍ အကြံရသည့်ဟန်ဖြင့် –

"ကျွန်တော်ရအောင် လုပ်ပေးမယ်"

"အေးကွယ်–ငါ့တပည့် အကြံထုတ်စမ်းပါ"

"ဒီကနေ့ညနေ နေ့ဝက် ကျွန်တော့်ကိုခွင့်ပေးပါ ဆရာမ"

"အေးကွယ်–ပေးတာပေါ့"

နေ့ဝက် ခွင့်ရသောအခါ မောင်ထိန်ဝင်းသည် အိုးများဖုတ်သော 'ကင်းချောင်း'ရွာသို့ စက်ဘီးဖြင့်သွား၍ ရွှံ့စေးတစ်ပိဿာခန့်ကို ယူခဲ့၏။ ထို့နောက် ၁၀ တောင်ခန့်ရှိသော ကြိုးတစ်ချောင်းကိုလည်း ဈေးမှ ဝယ်ခဲ့၏။ ထိုနေ့မှာ ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့ဆုံသောနေ့ဖြစ်၍ ဆရာမ၏မိခင်ကြီးမှာ ဥပုသ်စောင့်သွားသဖြင့် မောင်ထိန်ဝင်းသည် အေးအေးဆေးဆေး အလုပ်လုပ်ရန် အချိန်ရလေသည်။

ပထမ၌ မောင်ထိန်ဝင်းသည် ရွှံ့စေးကို ၇ လက်မ ပတ်လည်ခန့်ရှိ လေးထောင့်သဏ္ဌာန် ရွှံ့တုံးတစ်ခု ပြုလုပ်၏။ ထိုသို့ ပြုလုပ်ရာ၌ အတွင်း၌တွင် အလျား တစ်မိုက်သာသာခန့်ရှိ သစ်သားချောင်းနှစ်ချောင်းကို ကြက်ခြေခတ်ခံပြီးသော် ထိုကြက်ခြေခတ်၌ သွဝယ်လာသော ကြိုးစတစ်ဖက်ကို ချည်ထားသည်။ ထို့နောက် အပြင်မှ ရွှံ့စေးကို အထက်တွင် ဖော်ပြသည့်အတိုင်း ၇ လက်မပတ်လည် အမြင့်တစ်ထွာခန့် ရွှံ့တုံးပြုလုပ်၏။ ထိုအခါ ကြိုးစသည် အပေါ်တည့်တည့်မှ ထွက်လာတော့၏။ ထိုအခါ မောင်ထိန်ဝင်းသည် အပေါ်မှ ကြိုးတန်းလန်းထွက်နေသော ရွှံ့တုံးကို နံဘေးမှ ဘီလပ်မြေမှုန့် အနည်းငယ် ပက်၍ ပေးပြန်၏။

ထို့နောက် မောင်ထိန်ဝင်းသည် ရေတွင်းနံဘေးတွင် တိုင်ကလေးနှစ်တိုင်စိုက်၍ တန်းထိုးပြီးသော် တန်းအလယ်တည့်တည့်တွင် စက်သီးတပ်၍ ရွှံ့တုံးကို ရေတွင်းထဲသို့ တဖြည်းဖြည်း လျှောချလေရာ မြေကြီးနှင့် တစ်ပေခန့် အကွာသို့ ရောက်သောအခါ တစ်ခါတည်း ဆောင့်၍ ချလိုက်၏။

တစ်နာရီခန့်မျှကြာ၍ ရွှံ့ခပ်ထပ်ထပ်ရှိမည့်အချိန်တွင် ရွှံ့တုံးကို အပေါ်သို့ ဆွဲတင်လေသည်။ ပထမအကြိမ်တွင် အမှိုက်သရိုက်နှင့် ကျောက်စရစ်ခဲကလေးများ ပါလာ၏။ မောင်ထိန်ဝင်းသည် ရွှံ့တုံးကို ရေအနည်းငယ်ဖြင့် ဖြန်း၍



www.burmeseclassic.com

www.burmeseclassic.com



နဲ့ကာ ယခင်က နည်းတူ ပြုလုပ်ပြီးနောက် ဒုတိယအကြိမ် ချပြန်၏။ ထိုအကြိမ်၌ကား မြကို စိန်လုံးကလေးများဖြင့် ရံထားသော စိန်ခြယ်လက်စွပ်ကလေးသည် ရွှဲစေးနှင့်ကပ်၍ ပါလာလေသည်။

ဆရာမမှာ မောင်ထိန်ဝင်းအား ကျေးဇူးတင်၍ မဆုံးနိုင်အောင် ရှိပြီးလျှင် ရွှေတောင် ပိုးလုံချည်တစ်ထည်ကို ဆုအဖြစ် ပေးလေသည်။

◈ ◈ ◈

ထိုအခါက မောင်ထိန်ဝင်းမှာ ၁၅ နှစ်သားမျှသာ ရှိသေး၏။

ကျောင်းဆက်လက်နေခဲ့၍ ၁၀ တန်းအောင်ပြီးနောက် မောင်ထိန်ဝင်းသည် မိဘများ အလုပ်ဖြစ်သော ကုန်သေးရောင်းချခြင်းအလုပ်ကို မိဘများနှင့် အတူလုပ်ရ၏။ ကုန်သေးပစ္စည်းဆိုသည်မှာ ဗလာစာအုပ်, ကျောက်သင်ပုန်း, ခဲတံ, ကျောက်တံ, ဖန်လက်ကောက်, ပုတီး, နားတောင်းကလေးများ, ထိုအချိန်က တောရွာရှိ အပျိုကြိုက် မျက်နှာချေ, မှန်, ဘီး, လက်ကိုင်ပုဝါစသော မိန်းမအသုံးအဆောင်များ။ ကလေး ကစားစရာ အချို့မှစ၍ အသေးအဖွဲ တိုလီမိုလီပစ္စည်းကလေးများ ပါဝင်လေသည်။ ထိုပစ္စည်းများကိုပင် ထိုအချိန်က ပြည်မြို့တွင် ကြုလယာကုလားများ လက်ဝါးကြီးအုပ်လျက်ရှိရာ မောင်ထိန်ဝင်း၏ မိဘများမှာ ကုလားများထံမှ ဖောက်သည်ယူပြီးလျှင် သံဈေးကြီးအတွင်း၌ ဆိုင်တစ်ဆိုင်ခင်း၍ ရောင်းချလျက်ရှိ၏။ မောင်ထိန်ဝင်းကမူ ယင်းပစ္စည်းများကို သေတ္တာများဖြင့် တင်ကာ အထက်မြို့ကျေးရွာများသို့ လိုက်လံရောင်းချရ၏။

သို့သော် မောင်ထိန်ဝင်းကား ဤအလုပ်၌ စိတ်မပါလှချေ။ ဂျပန်မှ လာသော အရုပ်ကလေးတစ်ခုကို ဝယ်၍ ရောင်းချမည့်အစား အလားတူ အရုပ်ကို ကိုယ်တိုင်လုပ်နိုင်လျှင် ပို၍ အမြတ်အစွန်းမရပါလောဟု တွေးမိ၏။ သို့နှင့် ကလေးကစားစရာ အရုပ်ကလေးများကို စမ်းသပ်ပြုလုပ်ရာ နိုင်ငံခြားဖြစ်ကဲ့သို့ သေသပ်ခြင်းမပင် မရှိလှသော်လည်း ဆင်တူရိုးမှား၊ အခြေသို့ကား လိုက်နိုင်၍ လာသည်ကို တွေ့ရ၏။ ဤသို့ဖြင့် မောင်ထိန်ဝင်း၏ လက်ရာကို လူတိုင်းပင် နှစ်ကျူးလျက်ရှိကြ၏။ အမှန်အားဖြင့်သော် မောင်ထိန်ဝင်းမှာ ရောင်းဝယ်ဖောက်ကားသောအလုပ်ထက် ဉာဏ်ဖြင့်စေစားရသောအလုပ်၊ စွန့်စားရသော အလုပ်ကို ပို၍ နှစ်သက်လေသည်။

တစ်နေ့သ၌ မောင်ထိန်ဝင်းသည် အိမ်နီးချင်း ကျောင်းနေဖက် သူငယ်ချင်းဖြစ်သူ မောင်ခင်မောင်နှင့်အတူ အထက်မင်းလှခရိုင် ကျောင်းရဲရွာမှ

www.burmeseclassic.com

www.burmeseclassic.com



ကုန်ရုံးရှောင်ရျှ၍ အပြန်တွင် 'ပြလို' ခေါ် ရွာကလေးရှိ ဖောက်သည်တစ်ဦးနှင့် ကုန်အရောင်းအဝယ် စကားပြောရန် ဆင်းသက်ခဲ့၏။

မိမိတို့ဆိုင်တွင် ဝယ်နေကျ ဖောက်သည် ဦးဖိုးကြူးဆိုသူထံ တစ်ညဉ့် အိပ်မှုတည်းခိုလျက်ရှိရာ ဦးဖိုးကြူးမှာလည်း မြို့ကမိတ်ဆွေတစ်ယောက် ရောက်လာသဖြင့် တောရွာတွင် ရနိုင်သမျှစားကောင်းသောက်ဖွယ်တို့ဖြင့် ဧည့်ခံလေသည်။

ပြလို ရွာကလေးမှာ လူနေအိမ်ခြေနည်းပါးလှ၏။ သူကြီးတစ်ပိုင်မျှသော ရွာကလေးဖြစ်၍ ရွာသူရွာသားများမှာလည်း တောင်လုပ်လယ်သမား လက်လုပ် လက်စားနှင့် ဈေးသည်များဖြစ်ကြသည့်အတိုင်း အလွန်ရိုးသား ဖြောင့်မတ်သော ရှေးလူကြီးများ ဖြစ်လေသည်။

ညစာစားသောက်ကြပြီးနောက် အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်ကာ လက်ဖက်ရည်ကြမ်းသောက်လျက်ရှိစဉ် ဦးဖိုးကြူးက သူ၏ ဇနီး ဒေါ်မြို့သို့ လှမ်း၍–

"ဒါထက် မမြိုင်၊ ကိုလူထွားသမီးလေး ခြေချင်းပျောက်တာ ဘယ့်နှယ်လဲဟေ့၊ ဘာသတင်းများ နောက်ထပ်ကြားသေးသလဲ"

"မကြားပါဘူးတော်၊ ပျောက်တာပျောက်တာပေါ့၊ ဘယ်တော့ပြန်ရမှာလဲ၊ ယူတဲ့လူက နည်းတယ်တောင် အောက်မေ့ဦးမယ်"

ကြူး။ ။ "နို့ပေမဲ့ ချမ်းသာတဲ့လူမို့ တော်ပါသေးကွယ်၊ ဘယ် လောက်သား ရှိသတဲ့လဲကွယ့်"

မြိုင်။ ။ "မနည်းဘူးတော့၊ တစ်ဆယ်သားရှိသတဲ့။ နဖြောစရာတော့ မရှိဆင်းရဲတဲ့လူဆို မခက်ပါလား။ ဒီကောင်မကလေးကိုကလည်း ရုပ်တစ်တင် နိုင်ပါတယ်တော်"

ဤသို့ လင်မယားနှစ်ယောက် ပြောဆိုနေကြသည်ကို သူငယ်ချင်း နှစ်ယောက် နားထောင်လျက်ရှိရာမှ မောင်ထိန်ဝင်းက –

"ဘယ်လိုဖြစ်တာလဲ ဦးရဲ့၊ ပြောစမ်းပါဦး"

ကြူး။ ။ "ဒီကနေ့ မနက်ပေါ့ ကိုထိန်ဝင်းရယ် ကျုပ်တို့ရွာ အရှေ့ဖျားက ကိုလူထွားသမီး တောခင်ဆိုတဲ့ ကလေးမလေး မြစ်ကို အဖော်မိန်းမတစ်ယောက်နဲ့ ရေဆင်းချိုးတယ်၊ အဝတ်လျှော် ရေမိုးချိုးပြီး ကမ်းပေါ်ပြန်တက်အလာမှာ ကျောက်ခဲတုံးပေါ် ချွတ်ထားခဲ့တဲ့ ခြေချင်းမှကျန်ရစ်ခဲ့တာပေါ့။ ဒါနဲ့ အိမ်ရောက်လို့ အဝတ်တွေ ဘာတွေလှန်း၊ အဝတ်လဲပြီး သနပ်ခါးလိမ်းတော့မှ သတိရတာကိုး ကွယ့်။ ပြန်ရှာတော့ ဘယ်ရတော့မလဲကွယ်၊ ရေချိုးဆိပ်က တယ်ပြီး လူပြတ်လှ တယ်လို့မှ မရှိဘဲ"

www.burmeseclassic.com



ဝင်း။ ။ "သူ့အဖော်မိန်းမက ဘယ်ကလဲ"

ကြူး။ ။ "အိမ်နီးချင်းပေါ့ကွယ်၊ နို့ပေမဲ့ သူကအဖော်က သူ့ရွှေက အရင်တက်နှင့်သတဲ့ မောင်ထိန်ဝင်းရဲ့"

ဝင်း။ ။ "ဒါဖြင့် ဒီမိန်းမထင်ဖို့ အကြောင်းမရှိဘူးပေါ့ခင်ဗျာ။ ဒီရေဆိပ်မှာ ဒီရွာကလူတွေပဲ ရေချိုးတယ် မဟုတ်လား"

ကြူး။ ။ "ဟုတ်တယ်၊ ဒီရွာကလူတွေချည်းပဲ"

ဝင်း။ ။ "လှေတွေ ဘာတွေများကော ရှိသလား"

ကြူး။ ။ "မရှိပါဘူး မောင်ထိန်ဝင်းရယ်၊ အခုတလော အရောင်းအဝယ်ကပါးလို့ ဘယ်လှေမှလည်း မဆိုက်ပါဘူး။ ဗြော်–တစ်ခုရှိသေးတယ်၊ စောခင် ခြေချင်းပျောက်လို့ သူ့အဖေ ကိုလူထွားရော, အရပ်လူကြီး ကိုသာအောင်တို့ရော ရေဆိပ်လာရှာသေးသတဲ့ ဘယ်တွေ့တော့မလဲ။ ဒီနောက် စုံစမ်းတော့ အနောက်ပိုင်းက မိရွှေဆင်တို့ လူသိုက်ရေချိုးပြီး တက်သွားတယ်ဆိုတာ သိရတယ်ဆိုပဲ"

ထိုအခါ ဦးဖိုးကြူး ဇနီးဒေါ်မြိုင်က ဖက်ဖြူဆေးလိပ်ကို မီးငြှိရင်း သူ့ခင်ပွန်းအား–

"ကျုပ်တော့ မဟုတ်ကာမှ လွဲရော၊ မိရွှေဆင့်တို့ ထင်တာပဲ၊ မိန်းမက အလည်ပဲ ကိုဖိုးကြူးရဲ့" .

ကြူး။ ။"မပြောပါနဲ့ကွယ်၊ ဒီလို မထင်ကောင်းပါဘူး"

မြိုင်။ ။ "အို–ငရဲကြီးချင် ကြီးပေစေ၊ ဒီကောင်မလို့ တပ်အပ်ပြောချင်တာပဲ၊ ပြီးတော့ သူနဲ့ ပေါင်းနေတဲ့ မိသန့်ကလည်း အလည်တော့"

ကြူး။ ။"နို့ပေမဲ့ သက်သေကလည်း မရှိ၊ ပစ္စည်းလည်း လက်ဆုပ်လက်ကိုင်မတွေ့တော့ အခုကုလားဥပဒေက အခက်သားပဲကွယ့်"

မြိုင်။ ။"သူ့အိမ်နင်းရှာရင် တွေ့ချင်တွေ့မှာပေါ့ ကိုဖိုးကြူးရဲ့"

ကြူး။ ။ "သူကြီးက ဒီလိုလည်း မလုပ်ချင်ဘူးကွယ့်၊ တွေ့ရင်တော်ပါရဲ့၊ မတွေ့တော့ မျက်နှာမွဲလို့ အရှာခံရတယ်ဆိုပြီး တစ်သက်လုံး ပြောလို့ပြီးမှာ မဟုတ်ဘူး"

မြိုင်။ ။ "ချောက်လှန့်ပြီး ပုလိပ်စစ် စစ်ရင်ကော"

ကြူး။ ။ "ဒီလိုလည်း ဥပဒေက မလုပ်ရဘူးကွယ့်"

ဒေါ်မြိုင်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် ဆေးလိပ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



သာ တဝင်းဝင်း ဖွာလျက် ရှိလေ၏။

မောင်ခင်မောင်မှာ အမဲခြောက်ဖုတ်နှင့် ပဲလှော်,လက်ဖက်များကို တွင်တွင်ကြီးစားကာ လက်ဖက်ရည်ကြမ်းကို သောက်လျက်ရှိလေရာ မောင်ထိန်ဝင်းတစ်ယောက်သာ အိမ်ရှင်များ ပြောနေသော စောခင်၏ ရွှေခြေချင်းပျောက်မှုတွင် စိတ်ဝင်စားလျက် ရှိလေ၏။

ဝင်း။ ။ကျွန်တော် တစ်ခု အကြံပေးချင်တယ်ခင်ဗျား၊ အကြံပေးတယ်ဆိုတာက နည်းနည်းစမ်းသပ်ကြည့်ချင်တယ်၊ အောင်မြင်မယ် မအောင်မြင်ဘူးဆိုတာတော့ ဒီဌမပြောနိုင်ဘူးပ ခင်ဗျာ''

ကြူး။ ။''အို–ဒီလိုဆိုရင်ကောင်းတာပေါ့၊ ကိုထိန်ဝင်းတို့က မြို့ကြီးသားတွေဆိုတော့ ဗဟုသုတနဲ့ ပြည့်စုံပါတယ်၊ ဘယ်လိုလုပ်ချင်လို့လဲ''

''ရွာထဲက လူတွေကို တစ်နေရာ စုမပေးနိုင်ဘူးလား''

''သူကြီးအမိန့်နဲ့ဆိုရင် ရပါတယ်၊ ဘာလုပ်မလို့လဲ''

''ကျွန်တော်က ဆေးကလေးဝါးကလေး ဝါသနာပါလို့ စမ်းကြည့်မှာဦးရဲ၊ ဦးကိုမေးရင် ကျွန်တော်ဟာ ယောထဲက ပညာသင်ပြန်လာတဲ့ ရှမ်းဆရာကလေးလို့ ပြောပေါ့''

''ပြောပါ့မယ် ကိုထိန်ဝင်းရယ်၊ ကိုထိန်ဝင်းရုပ်က ရှမ်းနဲ့လည်း တူပါတယ်''

''ဒါဖြင့် ဦးက ဒီအကြောင်း သူကြီးပြောပေတော့ ကျွန်တော် ပြည်မြို့ကကုန်သည်တစ်ယောက်ဆိုတာ ဘယ်သူမှ မသိစေနဲ့နော်''

''မသိစေရပါဘူး မောင်ရယ်၊ ပစ္စည်းများ ပြန်ရရင်လား ဦးလူထွားကမှချ ကျေးဇူးဆပ်ပြီးသားပဲ''

''အို–ကျေးဇူးတွေ ဘာတွေ ကျွန်တော် သဘောမထားပါဘူးဦးရယ်ကျွန်တော့်ဆေးကို စမ်းချင်တာ တစ်ခုပါပဲ''

''ကိုင်း ဒါဖြင့် ကိုလူထွားနဲ့–တိုင်ပင်ပြီး သူကြီးကို နက်ဖြန်မနက်ဦးပြောမယ်''

''ပြောပေတော့ ခင်ဗျား၊ နက်ဖြန်ညနေလောက် တစ်နေရာမှာ လူစုပြီးပေးရင် ပြီးတာပါပဲ။ ရွာသားတွေ ကျွန်တော့်အစွမ်းသိရအောင် နည်းနည်းပြချင်တယ်။ ကျွန်တော့်ဆေးက တခြားမဟုတ်ဘူး ဦးရေ၊ ပစ္စည်းတကယ်ယူတဲ့လူကို မြွေနဲ့ တိုက်တာပဲခင်ဗျ''

''အို–သိပ်စွမ်းပါကလား၊ ဦးလည်း ငယ်ငယ်တုန်းကတော့ ကြားဖူးတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ကြားဖူးရုံတင်မကဘူး။ ကိုယ်တွေ့ ခင်ဗျ"

"ကိုင်း–ဒါဖြင့် နက်ဖြန်မနက်ထမင်းစားပြီး ကျွန်တော် ဆေးခြောက်လေး ဘာလေးရှာရအောင် ထွက်ရဦးမယ်။ ညနေ ၄ နာရီလောက် အရောက်ပြန် ရောက်တဲ့အခါသာ ရွာသားတွေ စုဆောင်းပြီး ဖြစ်အောင်လုပ်ပေးပါတော့ ခင်ဗျာ"

"စိတ်ချပါ ကိုထိန်ဝင်း။ ကျုပ်ပြောရင် သူကြီးက မငြင်းပါဘူး။ ပြီး တော့ ကိုလူထွားကလည်း မျက်နှာရှိတဲ့ လူတစ်ယောက်ပဲ"

ထိုနောက် ကိုထိန်ဝင်းက သူ၏ဆေးတောင့်ကလေးကို မြေခြွဖြစ်အောင် စီရင်၍ လွှတ်လိုက်နိုင်ကြောင်း။ ထိုအခါ ဆေးစီရင်ထားသော တိုက်မြေသည် ဤမျှလောက် သေးငယ်သော ရွာကလေးမှလူများထဲတွင် သူ့နံကို ကောင်းစွာ ရှာဖွေ၍ ကိုက်သတ်နိုင်ကြောင်းဖြင့် ပြောပြလျက် ရှိလေ၏။

◆ ◆ ◆

နောက်တစ်နေ့နံနက် ဆွမ်းခံဝင်ချိန်မှစ၍ ရွာထဲတွင် ဥဩဩာသယ့ သတင်းဖြစ်လျက် ရှိလေ၏။ ထိုသတင်းမှာ သူကြီး၏ အမိန့်ဖြင့် တစ်အိမ်တစ် ယောက်ကျ ညနေ ၄ နာရီအရောက် သူကြီးအိမ်ရှေ့ရှိ ကွက်လပ်သို့ လာရောက် ရမည်ဟူသော သတင်းဖြစ်လေသည်။ ယင်းကိစ္စမှာ ကိုလူထွားသမီး စောခင် ခြေချင်းပျောက်မှုနှင့် ပတ်သက်ကြောင်း။ မြောက်ပိုင်းမှ ဦးဖိုးကြူး့ ဒေါ်မြင့်တို့ အိမ်သို့ ရှမ်းဆရာကလေးတစ်ယောက် ယမန်နေ့က ရောက်ရှိလာရာ ဦးလူထွား နှင့် စကားစပ်မိသဖြင့် စောခင်၏ ခြေချင်းကို ပြန်ရရန် ၎င်းရှမ်းဆရာကလေး ကို ငှားရမ်းထားကြောင်း။ မည်သို့ မည်ပုံပြုလုပ်မည်ကို မသိရသေးကြောင်း သည်ဖြင့်လည်း၊ ရွာသားအချင်းချင်း ပြောဆိုလျက် ရှိကြကုန်၏။

ထိုနေ့နံနက် စားသောက်ပြီးနောက် မောင်ထိန်ဝင်းသည် သူငယ်ချင်း မောင်ခင်မောင်အား မှာကြားရန် ရှိသမျှကို တီးတိုးမှာကြားပြီးလျှင် ခမောက် တစ်ရှုနှင့် လွယ်အိတ်တစ်လုံးကို လွယ်ကာ နောက်ချေးပေါက်မှ ထွက်သွားလေ ၏။

စောခင် ခြေချင်းပျောက်မှုနှင့်ပတ်သက်၍ ထိုနေ့၌ ရွာထဲတွင် ဟုန်ရွတ်သဲသဲ ရှိနေကြကုန်၏။ သုံးနာရီကျော်ကျော်လောက်မှစ၍ ရွာသားအချို့ သည် သူကြီးအိမ်အနီးသို့ ရောက်လာကာ အချို့ရင်းနှီးသူများလည်း သူကြီး အိမ်အတွင်းသို့ဝင်၍ ထိုင်ကြ၏။ အချို့လည်း အိမ်ရှေ့ကွပ်ပျစ်များ၌လည်း ကောင်း အချို့လည်း အိမ်နီးပါးချင်း အသိအကျွမ်းများ အိမ်တွင်လည်းကောင်း တစ်ယောက်တစ်တွဲ, သုံးယောက်တစ်တွဲရောက်လာကြ၏။ ၄ နာရီထိုးပြီး ၁၀ မိနစ်ခန့်အလိုလောက်တွင်မူ သူကြီးအိမ်၌လည်းကောင်း။ ပတ်ဝန်းကျင် အိမ်နီး



www.burmeseclassic.com

www.burmeseclassic.com



နားချင်များ အိမ်များ၌လည်းကောင်း၊ သူကြီးအိမ်ရှေ့ ကွက်လပ်၌လည်းကောင်း၊ သစ်ပင်ရိပ်များအောက်၌လည်းကောင်း၊ လူများ ပြည့်လျှက်ရှိနေလေပြီ။

တစ်အိမ်တစ်ယောက်မျှသာ လာရောက်ရန် ဆင့်ခေါ်ခြင်း ဖြစ်သော်လည်း အချို့မှာ ရှမ်းဆရာလေး၏ ဆေးစီရင်ပုံကို အဆန်းတကြယ်မြင်ရလိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် တစ်အိမ်တစ်ယောက်သာမက နှစ်ယောက်သုံးယောက်ပင် လာရောက်ကြည့်ရှုကြရာ အထက်တွင် ဖော်ပြသည့်အတိုင်း လူများ စည်ကားပြည့်နှက်နေခြင်းဖြစ်လေသည်။ မိန်းမများက ယောက်ျားများထက်ပင် ပို၍ များပြားတော့၏။

သို့သော် ရှမ်းဆရာဆိုသူကား ၄ နာရီထိုးပြီးသည့်တိုင်အောင် ပေါ်မလာသေးချေ။

၄ နာရီထိုးပြီးနောက် ၁၅ မိနစ်ခန့်ကြာလတ်သော် ခွပ်ကျယ်အင်္ကျီအံပြူလက်ရှည် ခပ်ညစ်ညစ်၊ ရှမ်းဘောင်းဘီရှည်အနက် ခပ်စုတ်စုတ်ကို ဝတ်လျက် ဦးခေါင်း၌ မျက်နှာသုတ်ပဝါဟောင်းတစ်ထည်ကို ပေါင်းထားသည့် လူတစ်ယောက်သည် လွယ်အိတ်ဟောင်း တစ်လုံးကိုလွယ်ကာ လူအုပ်ထဲသို့ စွတ်၍ ဝင်သွားသဖြင့်—

"ဆရာဆိုတာ သူပဲ ထင်တယ်ဟေ့"

"ဟုတ်လိမ့်မယ်ကွယ့်၊ သူနဲ့ တူတယ်"

"ဟုတ်တယ် ... ဟုတ်တယ်" စသည်ဖြင့် အချင်းချင်း တီးတိုးပြောသံများ ပေါ်ထွက်လာကာ လူအုပ်ကြီးသည် ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့၏။

ရှမ်းဆရာလေးသည် ဦးဖိုးကြူးအား ပြုံးလျက် နှုတ်ဆက်လိုက်ပြီးလျှင် သူကြီးနှင့် ဆယ်အိမ်ခေါင်းအရပ်လူကြီးများ ထိုင်နေသည့်ဘက်သို့ လှည့်၍ ဦးခေါင်းကို ညွှတ်လိုက်၏။ မကြာမီပင် သူကြီးအိမ် အပြင်ဖက် ကွပ်ပျစ်ပေါ်တွင် ဖျာချောများခင်း၍ ငှက်ပျော၊ အုန်းများပါသော ကန်တော့ပွဲတစ်ခုကို အုပ်တစ်ခုဖြင့် ထည့်၍ တင်ထား၏။ ကွပ်ပျစ်ပေါ်တွင် သူကြီး၊ ဆယ်အိမ်မှူး၊ ဦးလူထွားနှင့် မောင်ခင်မောင်တို့ နောက်နားက ထိုင်ကြ၏။ ဆရာလေးသည် အပြင်သို့ ထွက်လာကာ နာရီဝက်ကြာမျှ ပုဆစ်တုပ်ရှိခိုး ပူဇော်ပသပြီးနောက် သူကြီးက ရွာသူရွာသားများအား စကားအနည်းငယ်စ၍ ပြောလေ၏။ သူကြီး၏ စကားများမှာလည်း အလွန်ရိုး၍ ချွေးဆန်လှသည်။

"ကိစ္စကတော့ ကိုလူထွားသမီး စောခင်ရဲ့ ရွှေခြေချင်းပျောက်တဲ့ကိစ္စပါပဲဗျာ။ ကိုဖိုးကြူးအိမ်ကို ဟောဒီက ရှမ်းဆရာလေးလည်း ရောက်ကို အခန့်သင့်ရောက်လာတာနဲ့ သူ့အတတ်နဲ့ ရအောင် လုပ်ပေးနိုင်တယ်လို့ ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုလှထွေးလည်း စိတ်ကျေနပ်အောင် လုပ်ရတာပါပဲ”

ဆရာလေးသည် ကန်တော့ပွဲကို ပသကန်တော့ပြီးနောက် စကားစ၍ ပြောရာ လူအုပ်ကြီးမှာ မီးကို ရေဖြင့် ဖျန်းလိုက်သကဲ့သို့ ငြိမ်သက်သွားလေသည်။

“ဆရာပြောချင်တာက ရေဆိပ်မှာ မစောခင်ခြေကျင်း မေ့ကျန်ရစ်တာ တစ်ယောက်ယောက်က ယူသွားတယ်။ ကျိုးယိုးထားတာ ဖြစ်ချင်လည်း ဖြစ်ပါလိမ့်မယ်။ ဆရာတော့ ဒီလိုပဲ အောက်မေ့တာပဲ။ ရေဆိပ်မှာ တခြားရွာက လူတွေလည်းလာပြီး ရေမချိုးတော့ ကိုယ့်ရွာထဲက လူများပဲ စောခင်ပစ္စည်းကို ကျိုးစားထားသလားလို့ ဦးလှထွေးကတော့ အောက်မေ့နေတယ်။ ဒီတော့ ယူထားရင်လည်း ပြန်ပေးလိုက်ကြပါ။ ဆရာစိတ်ကူးရတာကတော့ မြွေမသေ တုတ်မကျိုးဆိုတာလို တစ်ယောက်နဲ့တစ်ယောက် မျက်နှာမပျက်ရအောင်, အရှင်းရှင်းလည်း, မျက်နှာမပူမှအောင် ရှေးထုံးစံအတိုင်းပဲ။ သူကြီးအိမ်ရှေ့မှာ အခုညပဲ နီးရှိုင်ပတ်နဲ့ ဖွဲနည်းနည်းပုံထားပြီး ဒီဖွဲပုံထဲကို တစ်အိမ်ဖွဲတစ်တောင်းကျစီ လာလောင်းကြပါ။ ယူတဲ့လူကလည်း ပစ္စည်းကို ဖွဲထဲထည့်ပြီး လာလောင်းရုံပါပဲ။ ဒီလိုဆိုရင် ပစ္စည်းလည်းပြန်ရ ယူတဲ့လူလည်း ဘယ်သူဘယ်ဝါ မသိရတော့ တစ်ယောက် တစ်ယောက် မျက်နှာပူစရာမရှိကြတော့ပါဘူး။ ဆရာ စိတ်ကူးလို့ ရတာကတော့ ဒီနည်းအကောင်းဆုံးပါပဲ။ သူကြီးကိုယ်တိုင် ဆယ်အိမ်ခေါင်း ဦးဖြိုးနဲ့ စောင့်နေပါလိမ့်မယ်”

ဤနေရာသို့ရောက်လျှင် ဆရာလေးသည် စကားကို ခေတ္တရပ်လိုက်ပြီးနောက် အတန်ငယ်မာကြောသော အသံဖြင့် –

“ဆရာက မေတ္တာရပ်ခံတာပဲ။ ဒါနဲ့မှ ပြန်မပေးဘူးဆိုရင်တော့ ဆရာ့ကို အခိုးမခိုနဲ့။ ဆရာ့ ကိုယ်စားလှယ်ကလေး ဒီည လွှတ်ရလိမ့်မယ်။ ဆရာ့ရဲ့ ဆေးတန်ခိုးပြချင်လို့ ခေါ်တာပါပဲ၊ တခြားမဟုတ်ပါဘူး”

မောင်ထိန်ဝင်းသည် တင်ပျဉ်ခွေထိုင်လျက်ရှိရာမှ ပုဆစ်တုပ်ကာ လက်အုပ်ချီလိုက်ပြီးနောက် “ဉုံဗုဒ္ဓသဒ္ဓေ၊ သာရိပုတ္တော၊ ဒက္ခိဓော၊ ဓါမအံသေ၊ မောဂ္ဂလာနော”ဟူသော ဂါထာကို ခပ်ကျယ်ကျယ်ရွတ်လိုက်၏။ လက်ဝဲဘက် လက်ကောက်ဝတ်၌ ပတ်ထားသော စိပ်ပုတီးကို လည်ပင်းတွင် စွပ်လိုက်၏။ တဖန် နားရိုက်ခန်း၌ နတ်များကိုပသကာ ရွတ်ဖတ်သရဇ္ဈာယ်လျက် ငြိမ်နေ၏။

လွယ်အိတ်စုတ်ထဲမှ အနီရောင် ဆေးအုပ်ကလေးကို ထုတ်ကာ သူကြီးအိမ်မှ ဖန်းကန်ပြားတစ်ချပ်ကို တောင်းပြီးနောက် လက်သန်းများသော ရှိ ဆေးတောင့်ကလေးတစ်တောင့်ကို ဆေးအုပ်ထဲမှ ထုတ်ယူ၍ ထိုနောက်



www.burmeseclassic.com

www.burmeseclassic.com



ဆေးတောင့်ကို ပန်းကန်ပြားအလယ်၌ ထားပြီးသော် မီးခြစ်ဖြင့် ဆေးတောင့်အများကို မီးရှို့လေ၏။ ပထမ မီးခြစ်ဆံ ငြိမ်းသွား၏။ ဒုတိယတစ်ကြိမ် ညှိပြန်၏။ ထိုအခါ၌ကား ဆေးတောင့်အများမှ မီးခိုးများအူ၍ ထွက်ကာ ဆေးတောင့်ကလေး၏ ပြာများသည် အောက်သို့မကျဘဲ အပေါ်သို့ တစ်ထွာခန့်မျှ တွန့်လိမ်ကွေးကောက် တက်လာပြီးလျှင် ပါးမှုန်းတောင်လျက်ရှိသော မြွေရုပ်သဏ္ဌာန်ပေါ်ထွက်လာလေ၏။

ရွာသူရွာသားများသည် တစ်ယောက်ထက်တစ်ယောက် ရှေ့သို့ရောက်အောင် တိုးဝှေ့ကြည့်ကြ၏။ မိန်းမများစု၍ နေသော နေရာများမှ ဟယ်ခနဲ ဟာခနဲ အသံများ ထွက်ပေါ်လာ၏။ နေဝင်စပြုလာပြီဖြစ်၍ မှောင်ရိပ်များပင် သန်းလာခဲ့လေပြီ။

မောင်ထိန်ဝင်းက ပန်းကန်ပြားကို မြှောက်၍ ပြပြီးနောက် –

"ဆရာ အခုတင်က ပြောတဲ့အတိုင်း ပစ္စည်းကို ပြန်မထားရင်တော့ ဒီမြွေကို လွှတ်ရမှာပဲ၊ ဆရာကိုယ်တိုင် မရှာပေမဲ့ ဒီမြွေက လိုက်ရှာပါလိမ့်မယ်။ ပစ္စည်းမယူတဲ့လူက ဘာမှကြောက်စရာမရှိဘူး။ ဥပမာ ယောကျ်ားနဲ့မိန်းမ ယှဉ်အိပ်နေဦးတော့ ယောကျ်ားမကောင်းရင် ယောကျ်ားထိမှာပဲ၊ မိန်းမ မကောင်း မိန်းမထိမယ်၊ ဒါပဲ။ ဆရာပြောတာ ရှင်းပါတယ်"

ရှမ်းဆရာလေးသည် နောက်ဆုံးစကားများကို ခပ်ကျယ်ကျယ်အော်၍ ပြောပြီးနောက် လက်တစ်ဖက်ကို အပေါ်သို့ မြှောက်ကာ လေထဲတွင် တစ်ပတ်နှစ်ပတ်မျှ ဝှေ့ယမ်းလိုက်၏။

ထိုခဏ၌ "မြွေ ... မြွေ ... မြွေ"ဟု ဆရာလေးထိုင်နေသော ကွပ်ပျစ်အောက်မှ မြွေတစ်ကောင် ထွက်လာပြီးလျှင် ကွင်းပြင်ထဲသို့ ဖြတ်၍ ပြေးရာ လူအုပ်ကြီးသည် ရုတ်ရုတ်သဲသဲ တစ်ယောက်နှင့်တစ်ယောက် တိုးရှောင်တိုးဝှေ့ကာ နောက်သို့ ဆုတ်သွားကြ၏။ မိန်းမများ၊ကလေးများ လဲကျကုန်ကြလျက် ငြိုးတည်ရာ ထွက်ပြေးကြကုန်၏။ အတန်ငယ်ငြိမ်သွားသောအခါ ရှမ်းဆရာကလေးသည် လက်ကိုဝှေ့ယမ်းလိုက်ရာ သူကြီးက ယခုပင်လျှင် ဤကွင်းပြင်၌ အောက်ခံခွဲများပုံထားမည်ဖြစ်ကြောင်း၊ တစ်အိမ်လျှင် ခွဲတစ်တောင်းကျ လာ၍ လောင်းကြရမည့်အကြောင်း ဟစ်အော်ပြောဆိုပြီးလျှင် အခမ်းအနားပြီးသွားလေသည်။

◆ ◆ ◆

ခွဲပုံကို ဆယ်အိမ်မှူးကိုယ်တိုင် ကြပ်မတ်ကာ ယုံကြည်စိတ်ချရသော ရွာသား နှစ်ယောက်စီ မိုးလင်းသည်အထိ စောင့်ကြပ်နေကြ၏။ ရွာသူကြီးအိမ်၌



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ညည့်နက်သန်းခေါင်အထိ ဒိမ်းဇာတ်ဇာတ်ဖောတာ်ဆိမ်ကြွင်း ဖွဲတစ်ထောင်ကျော် လာရောက်လောင်းထည့်ကြ၏။ နံနက် ၆ နာရီလိုသောအခါ ရွာလူကြီးနှင့် ဦးလှထွား၊ ဦးဖိုးကြြူး ဆယ်အိမ်မှူးတို့သည် ဖွဲပုံကို ရှာဖွေကြရာ ရွှေချိန် ၁ဝ သားခန့်ရှိ စောခင်၏ ရွှေခြေချင်းကို ဝိတ်ကြိုးကလေးဖြင့် တစ်ဖက်စီတွဲ၍ ချည်နှောင်ထားသည်ကို တွေ့ရလေသည်။

ဦးလှထွားကား ထ၍ ခုန်တော့မတတ် အူမြူး၍ သွားတော့၏။ ရှမ်းဆရာလေး၏ သတင်းမှာ တစ်ရွာလုံး ကျော်ကြားသွားတော့၏။

ထိုည၌ ၇ နာရီလောက်တွင် ဦးလှထွားလင်မယားသည် သမီး စောခင်ကိုပါ ခေါ်၍ ဦးဖိုးကြူးနေအိမ်သို့ လာရောက်ပြီးလျှင် ရှမ်းဆရာလေး (မောင်ထိန်ဝင်း)အား ပိုးလုံချည်တစ်ထည်, ငွေ ၅ဝ ကျပ်နှင့် ကန်တော့ရာ စောခင်က လူကြီးများ ပြောသည့်အတိုင်း မောင်ထိန်ဝင်းအား လက်အုပ်ချီ၍ ကန်တော့၏။ မောင်ထိန်ဝင်းက မှင်သေသေဖြင့် စောခင်အား ဆုများပေး၏။ ဦးဖိုးကြူးနှင့် ဒေါ်မြိုင်တို့က လက်ဖက်ရည်ကြမ်း ပိုင်းဖြင့် ဧည့်ခံကာ မောင်ထိန်ဝင်း၏ အစွမ်းတန်ခိုး အာနိသင်များကို ပြောဆိုချီးကျူးလျက် ရှိကြကုန်၏။ ဧည့်သည်များ ပြန်သွားသောအခါ မောင်ထိန်ဝင်းက အိမ်ရှင်ဦးဖိုးကြူးနှင့် ဒေါ်မြိုင်တို့အား ငွေ ၂ဝ ကန်တော့လိုက်ရာ အဘိုးကြီး, အမယ်ကြီးမှာ မောင်ထိန်ဝင်း လိမ္မာရေးခြားရှိပုံကို ချီးမွမ်း၍ မကုန်နိုင်ဖြစ်ကာ ဆုမွန်များပေးကြ၏။

အားလုံးကိစ္စများ ချောမောပြီး ဖြစ်သည့်အတိုင်း မောင်ထိန်ဝင်းနှင့် မောင်ခင်မောင်တို့သည် နောက်တစ်နေ့နံနက်၌ပင် တစ်ယောက်စီ ခွဲ၍ အိမ်မှ နှမ်ပျောက်ထွက်ကာ သရက်မြို့သို့ အရုဏ်သဘောကလေးဖြင့် မြည်မြို့သို့ လိုက်ပါသွားခဲ့ကြ၏။

သဘောထွက်သောအခါ မောင်ထိန်ဝင်းသည် သဘောသူ့ပိုင်း ဒုတိယအခန်းတွင်းရှိ အိပ်ရာပေါ်တွင် ပက်လက်လှန်ကာ ဆေးပြင်းလိပ်ခဲလျက်ရှိလေရာ မောင်ခင်မောင်က ခုတင်ပေါ်၌ တင်ပါးလွှဲထိုင်ကာ စီးကရက် သောက်လျက်ရှိ၏။

ခင်။ ။"ကျုပ်တို့တော့ နှစ်ရက်နောက်ကျသွားတာပဲနော် ကိုထိန်ဝင်း၊ နှမ်းခင်ထားခဲ့ ငွေ ၅ဝ နဲ့ ပိုးလုံချည်တစ်ထည် အဖတ်တင်လို့ တော်ပါသေးရဲ့ဗျာ"

ဝင်း။ ။"ငွေ ၅ဝ ပဲ ကျုပ်ယူမယ်၊ လုံချည်က ခင်မောင်ရဲ့ ကျွန်ုပ်ထားတယ်"

"အလုပ်က ခင်များ အလုပ်ပဲဗျား ကျွန်တော်နဲ့မှ မဆိုင်ဘဲ မယူပါရ



www.burmeseclassic.com

www.burmeseclassic.com



အဲနဲ့ ခင်ဗျားထဲ ဝင်ပါ"

"ဘယ့်နှယ် မဆိုင်ရမှာလဲဗျ။ ကျုပ်က လက်ချောက်ပြီး ရှမ်းပြလိုက်တုန်း ခင်ဗျားက ဖမ်းလာတဲ့ မြက်ရှောတလေး လွှတ်လိုက်တာ သိပ်ယုတ္တိရှိတာ မဲဗျို့၊ အချိန်လည်း တစ်ခါတည်း ကိုက်သွားတာပဲ"

"အင်းလေ ... ဆရာနိုင်းတော့ တပည့်က ကြံဖန်ပြီး လုပ်ရတာပေါ့။ လွယ်အိတ်ထဲမှာ ဇီနုပ်သေတ္တာအလွတ်နဲ့ ထည့်ယူလာပြီး ကွပ်မျက်အောက် အမှတ်တမဲ့ထိုးထား။ အချိန်ကျတော့ လူတွေမမြင်အောင် အဖုံးဖွင့် လွှတ်လိုက်ရုံပဲ ဒါက မခက်ပါဘူး"

"အဲဒါနဲ့ပဲ ခင်ဗျားလုံချည်တစ်ထည်တန်နေပြီး ခင်ဗျားသေးတောင့် ကလေးက ဘာကြောင့် မြွေဖြစ်တာလဲဗျ။ ပြောစမ်းပါဦး"

"ဟဲ ဟဲ ဟဲ၊ အဲဒါ ဂျပန်ကလာတဲ့ ကလေး ကစားစရာကလေးဗျ ကျုပ်တို့ ပြည်မြို့တောင် မရောက်သေးဘူး။ ရန်ကုန်က ကျုပ်ဝယ်လာတာ တစ်တောင့်တစ်ကျပ်ပေးရတယ်"

"တော်လည်း တော်တဲ့လူဗျာ၊ ရွာသူရွာသားတွေကလည်း ခင်ဗျား လုပ်သမျှ ယုံကြည်တာပဲဗျို့"

"ရွာကလူတွေက လူရိုးတွေ မဟုတ်လား ကိုခင်မောင်ရဲ့။ ပြီးတော့ ကျုပ်တို့ ဗမာတွေကလည်း ရှေးမိရိုးဖလာ စုန်းနတ်တစ္ဆေ၊ အစိမ်းတိုက်၊ အင်း အိုင်လက်ဖွဲ့တွေ ယုံကြည်ကြတယ်။ ဒီတော့ ကျုပ်လုပ်တာနဲ့ ကိုက်နေတာပေါ့။ တစ်ခုရှိတာက ဒီလိုလုပ်တဲ့အခါ မှင်သေအောင်လုပ်ဖို့ အရေးကြီးတယ် ကိုခင်မောင်၊ အင်မတန် စိတ်အားထက်သန်နေတဲ့ လူတစ်ယောက်ရဲ့ စိတ်ဓာတ်အင်အားဟာ စိတ်ပျော့သူ ၁၀၀ ရဲ့ စိတ်ဓာတ်အင်အားကို လွှမ်းမိုးနိုင်တယ်ဗျ"

"တော်လည်း တော်တဲ့လူဗျာ၊ ဖြီးလည်းဖြီးနိုင်တဲ့လူပဲ အံ့ရော။ ဒါထက် ကျုပ်မြင့် စောခင်လေးမျက်လုံးက ခင်ဗျား ကြည့်တာမရိုးဘူးထင်တယ် ဆရာရေ့"

"အေးဗျ၊ ဆံထောက်ကြီးဖားဖား၊ အသားက ဝင်းဝင်း၊ ကိုယ်လုံးကိုယ်ပေါက်ကလေး တင်းတင်းနဲ့ အင်း-နို့ပေမယ့် ဝေးပါတယ်ဗျာ၊ တစ်ယောက်နဲ့ တစ်ယောက် ရုပ်ဝေးရွာဝေးနေကြတာ လူချင်းလည်း ရှုမြင်ဖူးကြတာ မဟုတ်လား ကိုခင်မောင်ရဲ့"

"ဘာဖြစ်လို့ ဝေးရမှာလဲဗျ မကြာရင်သာ ဝေးတာပါ။ ကြံချင်ရင် အနီးကလေးပေါ့။ ဦးဖိုးကြူက ဆက်သွယ်ပြောလိုက်ရင် ကလေးရော၊ သူ့မိဘတွေရော ညီတ်ခနဲ ပါလာပြီးသားပါ ဆရာ။ တောသူပေမဲ့ အတော်ချောတဲ့

www.burmeseclassic.com



ကလေးမရို့"

"နွားရေးပုံထဲကလေမဲ့ တစ်ခါတစ်ရံ ကြာပန်းပွင့်တတ်တယ်ဆို မဟုတ်လား ကိုခင်မောင်"

"ဟုတ်ပါ့ဗျား မြို့သူက အရွံ့ပေးရမဲ့ ရွှံ့ကလေးပါ"

"ဒီမှာကိုခင်မောင်၊ အဲဒီ မုန့်ပျားသလက်ဟာ ကျွဲပ်မှတ်ခမ်းနာနဲ့ တည့်ပါ့မလား ဟား ... ဟား ... ဟား"

နောက် ၆ လခန့်အကြာ၌ ဦးဖိုးကြူး၊ ဒေါ်မြိုင်တို့မှတစ်ဆင့် စေ့စပ်ဆက်သွယ်ချက်အရ မောင်ထိန်ဝင်းနှင့်မစောခင်တို့သည် ကောင်းမွန်စွာ လက်ထပ်လိုက်ကြလေသည်။

အဆက် ၆။ ၁၉၆၀ ဒီဇင်ဘာလ ရွှေတောင်ရိုးရွာကြီး

www.burmeseclassic.com